

စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ
စိုက်ပျိုးထုတ်လုပ်ခြင်း

# ပို့ပိုးသူ လက်စွဲစာစဉ်

ရခိုင်ဆောင်းသီးနှံစီမံကိန်း
လယ်သမားကွင်း သင်တန်းကျောင်း
ဇွန်လ၊ ၂၀၂၀ ခုနှစ်။

RAKHINE WINTER CROPS PROJECT

NEW ZEALAND
FOREIGN AFFAIRS & TRADE
Aid Programme

မာတိကာ | စာမျက်နှာ


| | | |
|---|---|---|
| အပိုင်း (၁)။ လယ်သမားကွင်းသင်တန်းကျောင်း အစီအမံနှင့် စီမံခန့်ခွဲခြင်း။ | | ၉ |
| ၁။ မိတ်ဆက် | | ၉ |
| ၂။ စီးပွားဖြစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ စီးပွားဖြစ် ကွင်းသီးနှံစိုက်ပျိုးခြင်း အစီအစဉ်နှင့် ရလဒ်များကို အကဲဖြတ်ခြင်း၏ ရည်မှန်းချက်များ။ | | ၉ |
| ၃။ လယ်သမားကွင်းသင်တန်းကျောင်းသင်တန်းနှင့် ကြီးကြပ်ကွပ်ကဲမှုပုံစံ။ | | ၉ |
| ၄။ လယ်သမားကွင်းသင်တန်းကျောင်း ပံ့ပိုးကူညီခြင်း နည်းစဉ်များ။ | | ၉ |
| ၅။ ကျေးရွာအစုအဖွဲ့နှင့် တစ်ရွာချင်းစီ ချဉ်းကပ်မှုပုံစံ။ | | ၁၀ |
| ၆။ မွမ်းမံသင်တန်းများ။ | | ၁၀ |
| ၇။ ဆောင်းနှင့် မိုးရာသီသင်တန်း။ | | ၁၀ |
| ၈။ သရုပ်ပြပစ္စည်းများ ပံ့ပိုးခြင်းနှင့် အထောက်အပံ့များ။ | | ၁၁ |
| ၉။ ကျား၊မ ပါဝင်ခြင်း။ | | ၁၁ |
| ၁၀။ နေရာနှင့် သင်တန်းအချိန်။ | | ၁၁ |
| ၁၁။ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း။ | | ၁၁ |
| ၁၂။ လက်စွဲစာစောင် ပြုစုခြင်း လုပ်ငန်းစဉ်။ | | ၁၁ |
| **အပိုင်း (၂)။ နိဒါန်း** | | ၁၃ |
| ၂.၁။ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများသင်တန်း | | ၁၃ |
| ၂.၂။ စာစဉ်နှင့်လက်တွေ့စာအုပ်အကြောင်း။ | | ၁၃ |
| ၂.၃။ သင်ကြားခြင်းနှင့် ပံ့ပိုးကူညီခြင်း။ | | ၁၃ |
| အပိုင်း (၃)။ ကျေးရွာလူထုကို စည်းရုံးလှုံ့ဆော်ခြင်း။ | | ၁၅ |
| ၃.၁။ ပါဝင်သူများအား ဆက်သွယ်ခြင်း။ | | ၁၅ |
| ၃.၂။ ခရီးအတွက်ပြင်ဆင်ခြင်း။ | | ၁၅ |
| ၃.၃။ ပထမအကြိမ် စည်းရုံးလှုံ့ဆော်ရေးအစည်းအဝေး – စီမံကိန်းအကြောင်း အကျဉ်းချုံး ရှင်းပြခြင်း။ | | ၁၆ |
| လုပ်ဆောင်ချက် ၁။ | ရခိုင်ဆောင်းသီးနှံ စီမံကိန်းအကြောင်း၊ စီမံကိန်း၏စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် | ၁၆ |
| လုပ်ဆောင်ချက် ၂။ | လယ်သမားကွင်းသင်တန်းကျောင်း (FFS) အကြောင်းရှင်းပြခြင်း။ | ၁၇ |
| လုပ်ဆောင်ချက် ၁။ | CV/CFC ပုံစံကို ပြန်လည်သုံးသပ်ပြရန်။ | ၁၈ |
| လုပ်ဆောင်ချက် ၂။ | လယ်သမားကွင်းသင်တန်းကျောင်း ပြန်လည်သုံးသပ်ရန်။ | ၁၈ |
| လုပ်ဆောင်ချက် ၃။ | စိတ်ပါဝင်စားသူများကို ရွေးချယ်ခြင်း။ | ၁၉ |
| အပိုင်း ၄။ လယ်သမားကွင်းသင်တန်းကျောင်း(FFS) သင်ခန်းစာများ။ | | ၂၃ |
| သင်ခန်းစာအခန်း (၁)။ | စီးပွားဖြစ် လယ်သမားကွင်းသင်တန်းကျောင်း **(FFS)** နှင့် သီးနှံရွေးချယ်ရေးမှု (ကျေးရွာအုပ်စုများမှ တက်ရောက်သော ခေါင်းဆောင်လယ်သမား – ၂၅ ဦးသာ) | ၂၃ |
| လုပ်ဆောင်ချက် ၁။ | တစ်ဦးနှင့်တစ်ဦးမိတ်ဖွဲ့ရန် | ၂၃ |
| လုပ်ဆောင်ချက် ၂။ | သင်တန်းသားများ လက်စွဲ စာအုပ်ကို လေ့လာရန်။ | ၂၃ |
| လုပ်ဆောင်ချက် ၃။ | စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး (CV/CFC) မျှော်မှန်းရလဒ်များ။ | ၂၄ |
| လုပ်ဆောင်ချက် ၄။ | စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ၏ အဓိပ္ပာယ် ကိုရှင်းပြပါ။ | ၂၅ |
| လုပ်ဆောင်ချက် ၅။ | လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း။ | ၂၉ |
| လုပ်ဆောင်ချက် ၆။ | သီးနှံရွေးချယ်ခြင်းမှု။ | ၃၀ |
| လုပ်ဆောင်ချက် ၇။ | ရွေးချယ်ရေးမှု အသေးစိတ်။ သီးနှံ ပြက္ခဒိန်၊ မျိုးကွဲများ၊ သီးလှည့်စိုက်ပျိုးခြင်းနှင့် ဈေးနှုန်း အခြေအနေများ။ | ၃၁ |
| လုပ်ဆောင်ချက် ၈။ | ဈေးကွက်လိုအပ်ချက်ကို စိုက်ပါ | ၃၆ |
| လုပ်ဆောင်ချက် ၉။ | ရောင်းဝယ်မှုသဘောတူညီချက်များ။ | ၃၆ |
| လုပ်ဆောင်ချက် ၁၀။ | သဘောတူညီမှုပြုလုပ်ခြင်း။ | ၃၇ |
| လုပ်ဆောင်ချက် ၁၁။ | သင်တန်းတွင်လိုက်နာရန် အခြေခံစည်းကမ်းများ။ | ၃၈ |
| လုပ်ဆောင်ချက် ၁၂။ | သင်ခန်းစာကို သုံးသပ်ရန်။ | ၃၉ |
| လုပ်ဆောင်ချက် ၁၃။ | အကျဉ်းချုပ်ပါ နောက်သင်ခန်းစာများအတွက် အချိန်၊နေရာ၊နှင့် သင်တန်းကို ဘယ်သူလာသင့်သလဲ။ | ၃၉ |

| | | |
|---|---|---|
| သင်ခန်းစာအခန်း (၂)။ | သီးနှံ ဝယ်သူဦးဆောင်သောအလုပ်ရုံ အစည်းအဝေး | ၄၁ |
| လုပ်ဆောင်ချက် ၁။ | ဆွေးနွေးပွဲ မစမီ ဦးစွာ ပထမ လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များ | ၄၁ |
| လုပ်ဆောင်ချက် ၂။ | အလုပ်ရုံ အစည်းအဝေးတွင်ဆွေးနွေးရန်မေးခွန်းများ | ၄၂ |
| လုပ်ဆောင်ချက် ၃။ | အလုပ်ရုံ အစည်းအဝေးအကျဉ်းချုပ် | ၄၃ |
| လုပ်ဆောင်ချက် ၄။ | သင်ခန်းစာကိုသုံးသပ်ပါ။ | ၄၃ |
| လုပ်ဆောင်ချက် ၅။ | နောက်သင်ခန်းစာ အတွက် အချိန်၊နေရာ၊အကြောင်းအရာ။ သင်တန်းကို ဘယ်သူလာသင့်သလဲ။ | ၄၃ |
| | | |
| သင်ခန်းစာအခန်း (၃)။ | သီးနှံရွေးချယ်ခြင်း သင်ခန်းစာ အဆက်။ | ၄၄ |
| လုပ်ဆောင်ချက် ၁။ | သင်ခန်းစာ ၁နှင့်၂ကိုအကျဉ်းချုံးပြန်လည်ဆွေးနွေးရန်။ | ၄၄ |
| လုပ်ဆောင်ချက် ၂။ | သီးနှံရွေးချယ်ခြင်းမှသင်ခန်းစာအဆက်၊ မြေနေရာရွေးချယ်ခြင်း။ | ၄၅ |
| လုပ်ဆောင်ချက် ၃။ | မြေဆီလွှာလက္ခဏာနှင့်ထိန်းသိမ်းစောင့်ရှောက်မှု။ | ၄၆ |
| လုပ်ဆောင်ချက် ၄။ | လုပ်သားရရှိနိုင်မှု။ | ၅၁ |
| လုပ်ဆောင်ချက် ၅။ | ရေလိုအပ်မှု။ | ၅၂ |
| လုပ်ဆောင်ချက် ၆။ | အမြတ်ရရှိမှုနှင့်မရှုံးမမြတ် (အရင်းကျေ) စိစစ်ချက်။ | ၅၄ |
| လုပ်ဆောင်ချက် ၇။ | ကျားနှင့်မအပေါ်အကျိုးသက်ရောက်မှု။ | ၅၆ |
| လုပ်ဆောင်ချက် ၈။ | ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု။ | ၅၇ |
| လုပ်ဆောင်ချက် ၉။ | နည်းပညာဗဟုသုတ။ | ၅၈ |
| လုပ်ဆောင်ချက် ၁၀။ | သွင်းအားစုရနိုင်မှု။ | ၅၈ |
| လုပ်ဆောင်ချက် ၁၁။ | ဆုံးရှုံးနိုင်မှုဖြစ်နိုင်ချေ။ | ၅၈ |
| လုပ်ဆောင်ချက် ၁၂။ | သီးနှံရွေးချယ်ခြင်းအကျဉ်းချုပ်။ | ၅၉ |
| လုပ်ဆောင်ချက် ၁၃။ | သင်ခန်းစာကိုအကျဉ်းချုံးရန်။ | ၆၀ |
| လုပ်ဆောင်ချက် ၁၄။ | သင်ခန်းစာကိုသုံးသပ်ရန်။ | ၆၀ |
| လုပ်ဆောင်ချက် ၁၅။ | နောက်သင်ခန်းစာအတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာ နှင့် အချိန် နှင့် ဘယ်သူလာမလဲ အသိပေးပါ။ | ၆၁ |
| | | |
| သင်ခန်းစာအခန်း (၄)။ | စိုက်ပျိုးရေ ရရှိရေးနှင့် သွင်းအားစု လိုအပ်ချက်များ။ | ၆၁ |
| လုပ်ဆောင်ချက် ၁။ | ပြီးခဲ့သည့်သင်ခန်းစာခေါင်းစဉ်ကို ပြန်လည်သုံးသပ်ခြင်း။ | ၆၁ |
| လုပ်ဆောင်ချက် ၂။ | မိုးရေရရှိမှု မြေမျက်နှာပြင်နှင့် မြေအောက်ရေရရှိမှုနှင့်ပင်လယ်။ | ၆၁ |
| လုပ်ဆောင်ချက် ၃။ | ရေရရှိမှုအတွက်တည်ဆောက်ပုံနှင့် လိုအပ်သောပစ္စည်းများ။ | ၆၂ |
| လုပ်ဆောင်ချက် ၄။ | ရေစုပ်စက်ရွေးချယ်မည့်အကြောင်းစဉ်းစားရန်။ | ၆၃ |
| လုပ်ဆောင်ချက် ၅။ | ရေသွင်းနည်းများ။ | ၆၅ |
| လုပ်ဆောင်ချက် ၆။ | ဘေကာအစက်ချစနစ်။ | ၆၈ |
| လုပ်ဆောင်ချက် ၇။ | စိုက်ပျိုးရေသွင်းအားစု အမှာပုံစံ။ | ၇၃ |
| လုပ်ဆောင်ချက် ၈။ | တစ်နေ့တာလုပ်ငန်းများကို နိဂုံးချုပ်ပါ။ | ၇၄ |
| လုပ်ဆောင်ချက် ၉။ | ပြန်လည်သုံးသပ်ခြင်း။ | ၇၄ |
| လုပ်ဆောင်ချက် ၁၀။ | နောက်သင်ခန်းစာခေါင်းစဉ်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူ။ | ၇၄ |
| | | |
| သင်ခန်းစာအခန်း (၅)။ | သွင်းအားစုတွက်ချက်ခြင်းနှင့် ပျိုးမြေပြုလုပ်ခြင်း။ | ၇၅ |
| လုပ်ဆောင်ချက် ၁။ | သင်ခန်းစာ အခန်း ၄ နှင့်သင်ခန်းစာခေါင်းစဉ်ကိုသုံးသပ်ရန်။ | ၇၅ |
| လုပ်ဆောင်ချက် ၂။ | မြေနေရာ အကွက်ချခြင်း။ | ၇၆ |
| လုပ်ဆောင်ချက် ၃။ | မျိုးစေ့အမျိုးအစား။ | ၇၇ |
| လုပ်ဆောင်ချက် ၄။ | မျိုးစေ့အရည်အသွေး။ | ၇၈ |
| လုပ်ဆောင်ချက် ၅။ | လယ်သမားတစ်ဦးချင်းစီ အတွက်သွင်းအားစု တွက်ချက်ခြင်း။ | ၈၁ |
| လုပ်ဆောင်ချက် ၆။ | သွင်းအားစု အရည်အသွေးနှင့် ရနိုင်သောနေရာ။ | ၈၄ |
| လုပ်ဆောင်ချက် ၇။ | သွင်းအားစုအရည်အသွေး။ | ၈၅ |
| လုပ်ဆောင်ချက် ၈။ | စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များ ဦးစီးခေါင်းဆောင်သော အလုပ်ရုံ အစည်းအဝေးအတွက် ပြင်ဆင်ခြင်း။ | ၈၆ |
| လုပ်ဆောင်ချက် ၉။ | ပျိုးမြေပြုလုပ်ခြင်း။ | ၈၇ |
| လုပ်ဆောင်ချက် ၁၀။ | ကွင်းဆင်းခြင်းလုပ်ငန်း။ | ၈၈ |
| လုပ်ဆောင်ချက် ၁၁။ | သင်ခန်းစာကိုအကျဉ်းချုံးပြီးဆွေးနွေးပေးပါ။ | ၈၈ |

လုပ်ဆောင်ချက် ၁၂။ သင်ခန်းစာကိုပြန်လည်သုံးသပ်ပါ။ ၈၈
လုပ်ဆောင်ချက် ၁၃။ နောက်သင်ခန်းချိန် အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့် အချိန်ကိုအသိပေးပါ။ ၈၉

သင်ခန်းစာအခန်း (၆)။ စိုက်ပျိုးရေးပစ္စည်းအရောင်းကိုယ်စားလှယ်များ ဦးဆောင်သော အလုပ်ရုံအစည်းအဝေး။ ၈၉
လုပ်ဆောင်ချက် ၁။ အလုပ်ရုံအစည်းအဝေးမစတင်မီကြိုတင်ပြင်ဆင်ရန်။ ၈၉
လုပ်ဆောင်ချက် ၂။ အလုပ်ရုံအစည်းအဝေးတွင်မေးရန်မေးခွန်းများ ၈၉
လုပ်ဆောင်ချက် ၃။ အစည်းအဝေးကိုအကျဉ်းချုံးပါ။ ၈၉
လုပ်ဆောင်ချက် ၄။ အစည်းအဝေးကိုသုံးသပ်ရန်။ ၉၀
လုပ်ဆောင်ချက် ၅။ နောက်သင်ခန်းစာခေါင်းစဉ်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူ။ ၉၀

သင်ခန်းစာအခန်း (၇)။ ကြွက်ဖျက်ဆီးမှု ကာကွယ်နှိမ်နင်းခြင်း။ ၉၁
လုပ်ဆောင်ချက် ၁။ ပြီးခဲ့သည့်သင်ခန်းစာခေါင်းစဉ်ကို ပြန်လည်သုံးသပ်ခြင်း။ ၉၁
လုပ်ဆောင်ချက် ၂။ ကြွက်များကို အမျိုးအစား ခွဲခြားခြင်း။ ၉၁
လုပ်ဆောင်ချက် ၃။ ကြွက်ဖျက်ဆီးပုံ မည်သို့ ကာကွယ်နှိမ်နင်းမည်နည်း။ ၉၆
လုပ်ဆောင်ချက် ၄။ ကွင်းလုပ်ငန်း။ ၉၇
လုပ်ဆောင်ချက် ၅။ နိဂုံးချုပ်။ ၉၇
လုပ်ဆောင်ချက် ၆။ တနေ့တာအစီအစဉ်များကို အကျဉ်းချုပ်ပါ။ ၉၇
လုပ်ဆောင်ချက် ၇။ လာမည့်သင်ခန်းစာများ ခေါင်းစဉ်၊ အချိန်၊ နေရာနှင့်လာမည့်သူ။ ၉၇

သင်ခန်းစာအခန်း (၈)။ သီးနှံမှတ်တမ်းစာအုပ်သင်တန်းနှင့်မြေဆွေးပြုလုပ်ခြင်း။ ၉၈
လုပ်ဆောင်ချက် ၁။ ယခင်အခန်း(၇)မှ သင်ခန်းစာခေါင်းစဉ်များကိုပြန်သုံးသပ်ပါ။ ၉၈
လုပ်ဆောင်ချက် ၂။ သီးနှံမှတ်တမ်းစာအုပ်ဘာကြောင့်လိုသလဲ။ ၉၉
လုပ်ဆောင်ချက် ၃။ စိုက်ဘောင်များအကွက်ချခြင်းမှတ်တမ်း။ ၁၀၁
လုပ်ဆောင်ချက် ၄။ GAP သီးနှံကြီးထွားမှု အချက်အလက် မှတ်တမ်း။ ၁၀၁
လုပ်ဆောင်ချက် ၅။ လုပ်အားမှတ်တမ်း။ ၁၀၂
လုပ်ဆောင်ချက် ၆။ အခြားသီးနှံများအတွက် သီးသန့်မှတ်တမ်းများ လုပ်ဆောင်ခြင်း။ ၁၀၃
လုပ်ဆောင်ချက် ၇။ ထုတ်လုပ်မှုမှတ်တမ်း။ ၁၀၃
လုပ်ဆောင်ချက် ၈။ အသုံးစရိတ်မှတ်တမ်း။ ၁၀၄
လုပ်ဆောင်ချက် ၉။ ဝင်ငွေမှတ်တမ်း။ ၁၀၅
လုပ်ဆောင်ချက် ၁၀။ အမြတ်။ အရှုံး။ ၁၀၆
လုပ်ဆောင်ချက် ၁၁။ အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း။ ၁၀၇
လုပ်ဆောင်ချက် ၁၂။ သင်ခန်းစာကိုအကျဉ်းချုံးပါ။ ၁၁၁
လုပ်ဆောင်ချက် ၁၃။ သင်ခန်းစာကိုသုံးသပ်ပါ။ ၁၁၁
လုပ်ဆောင်ချက် ၁၄။ နောက်သင်ခန်းစာခေါင်းစဉ်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူ။ ၁၁၁

သင်ခန်းစာအခန်း (၉)။ မစိုက်ပျိုးမီ ပြင်ဆင်ခြင်း။ ၁၁၂
လုပ်ဆောင်ချက် ၁။ ယခင် သင်ခန်းစာ ခေါင်းစဉ်ကိုသုံးသပ်ရန်။ ၁၁၂
လုပ်ဆောင်ချက် ၂။ မြေပြုပြင်ခြင်း။ ၁၁၂
လုပ်ဆောင်ချက် ၃။ စည်းရိုးကာခြင်း။ ၁၁၅
လုပ်ဆောင်ချက် ၄။ မြေအောင်းရောဂါများကာကွယ်ရန်။ ၁၁၆
လုပ်ဆောင်ချက် ၅။ ပျိုးဥယျာဉ်ပြင်ဆင်ခြင်း။ ၁၁၇
လုပ်ဆောင်ချက် ၆။ ကွင်းလက်တွေ့ / (မိုးရွာလျှင်အခန်းတွင်း) ၁၂၂
လုပ်ဆောင်ချက် ၇။ အကျဉ်းချုပ်။ ၁၂၂
လုပ်ဆောင်ချက် ၈။ သုံးသပ်ခြင်း။ ၁၂၂
လုပ်ဆောင်ချက် ၉။ နောက်သင်တန်းချိန်အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်ကို အသိပေးပါ။ ၁၂၃

သင်ခန်းစာအခန်း (၁၀)။ စိုက်ဘောင်ပြုလုပ်ခြင်းနှင့် အပင်အာဟာရဓါတ်များ။ ၁၂၄
လုပ်ဆောင်ချက် ၁။ ပြီးခဲ့သည့်သင်တန်းမှ ဆွေးနွေးထားခဲ့သည့် သင်ခန်းစာနှင့် နောက်သင်ခန်းစာ ခေါင်းစဉ် များကို ပြန်လည်သုံးသပ်ရန်။ ၁၂၄

| | | |
|---|---|---|
| လုပ်ဆောင်ချက် ၂။ | ဘောင်အမြင့်များပြုလုပ်ခြင်း။ | ၁၂၄ |
| လုပ်ဆောင်ချက် ၃။ | ပင်ကြားတန်းကြား အကွာအဝေး။ | ၁၂၆ |
| လုပ်ဆောင်ချက် ၄။ | မြေသြဇာအမျိုးအစားနှင့် ၄င်းတို့၏အသုံးဝင်ပုံ။ | ၁၂၇ |
| လုပ်ဆောင်ချက် ၅။ | သီးနှံစိုက်ပျိုးနည်းလမ်းညွှန်ချက်များ။ | ၁၃၆ |
| လုပ်ဆောင်ချက် ၆။ | သင်ခန်းစာကိုအကျဉ်းချုံးပါ။ | ၁၃၆ |
| လုပ်ဆောင်ချက် ၇။ | သင်ခန်းစာကိုသုံးသပ်ခြင်း။ | ၁၃၆ |
| လုပ်ဆောင်ချက် ၈။ | နောက်သင်ခန်းစာချိန်အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာနှင့်အချိန်ကိုအသိပေးပါ။ | ၁၃၆ |
| | | |
| သင်ခန်းစာအခန်း (၁၁)။ | မြေဖုံးခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း။ | ၁၃၇ |
| လုပ်ဆောင်ချက် ၁။ | ယခင်သင်ခန်းစာနှင့် ယခုသင်ခန်းစာပါ အကြောင်းအရာများအားလုံးကို သုံးသပ်ရန်။ | ၁၃၇ |
| လုပ်ဆောင်ချက် ၂။ | မြေဖုံးပေးခြင်း။ | ၁၃၈ |
| လုပ်ဆောင်ချက် ၃။ | တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း(သို့)ရွှေ့ပြောင်းစိုက်ပျိုးနည်းကို ရွေးချယ်ခြင်း။ | ၁၃၉ |
| လုပ်ဆောင်ချက် ၄။ | သုံးပတ်အတွင်း အသုံးပြုနိုင်သော သဘာဝ ပိုးနှင်ဆေး။ရွက်ဖျန်းပြုလုပ်ခြင်း။ | ၁၄၁ |
| လုပ်ဆောင်ချက် ၅။ | GAP ကွင်းလုပ်ငန်းကိုအသေးစိတ်ဆက်လက်ဆွေးနွေးရန်နှင့် လက်တွေ့လုပ်ဆောင် ချက် | ၁၄၃ |
| လုပ်ဆောင်ချက် ၆။ | သင်ခန်းစာကိုနိဂုံးချုပ်ပါ။အဓိကအချက်များကိုအကျဉ်းချုံး ဆွေးနွေးပါ။ | ၁၄၃ |
| လုပ်ဆောင်ချက် ၇။ | သင်တန်းကိုသုံးသပ်ခြင်း။ | ၁၄၃ |
| လုပ်ဆောင်ချက် ၈။ | နောက်သင်ခန်းစာချိန်အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာနှင့်အချိန်ကိုအသိပေးပါ။ | ၁၄၃ |
| | | |
| သင်ခန်းစာအခန်း (၁၂)။ | ရေအသုံးပြုပုံ၊ ရေအသုံးပြုရမည့် အချိန်၊ ရေသွင်းနည်းများနှင့် သီးနှံအတွက်ရေလိုအပ်မှုကို တွက်ချက်ပုံ။ | ၁၄၄ |
| လုပ်ဆောင်ချက် ၁။ | နောက်ဆုံးသင်ခန်းစာနှင့် ယခုသင်ခန်းစာခေါင်းစဉ်ကို အားလုံးသုံးသပ်ရန်။ | ၁၄၄ |
| လုပ်ဆောင်ချက် ၂။ | ရေကိုမည်ကဲ့သို့အသုံးပြုသနည်း။ | ၁၄၅ |
| လုပ်ဆောင်ချက် ၃။ | လယ်သမားများတွင် စိုက်ပျိုးရေမည်မျှရှိသနည်း။ | ၁၄၅ |
| လုပ်ဆောင်ချက် ၄။ | တောင်သူများ ရှိ ဓရာအရင်အမြစ်အမျိုးမျိုးကို စာရွက်ကြီး ပေါ်တွင် ရေးချခိုင်းပါ။ အောက်ပါ အချက်တို့ နှင့်နှိုင်းယှဉ် ပြပါ။ | ၁၄၅ |
| လုပ်ဆောင်ချက် ၅။ | လယ်သမားများတွင်ရေမည်မျှလိုအပ်သနည်း။ | ၁၄၆ |
| လုပ်ဆောင်ချက် ၆။ | အပင်အမျိုးအစားပေါ်မူတည်၍ ရေလိုအပ်ချက်များကိုတွက်ချက်ခြင်း။ | ၁၄၈ |
| လုပ်ဆောင်ချက် ၇။ | ရေကိုမည်သည့်အချိန်လောင်းရမည်နည်း။ | ၁၄၉ |
| လုပ်ဆောင်ချက် ၈။ | ရေသွင်းနည်းများ။ | ၁၅၀ |
| လုပ်ဆောင်ချက် ၉။ | သီးနှံတစ်ခုအတွက် ရေလိုအပ်မှုတွက်ချက်ခြင်း။ | ၁၈၂ |
| လုပ်ဆောင်ချက် ၁၀။ | ကွင်းလုပ်ငန်း။ | ၁၅၄ |
| လုပ်ဆောင်ချက် ၁၁။ | သင်ခန်းစာကိုနိဂုံးချုပ်ပါ။ | ၁၅၄ |
| လုပ်ဆောင်ချက် ၁၂။ | သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း။ | ၁၅၄ |
| လုပ်ဆောင်ချက် ၁၃။ | နောက်သင်တန်းချိန်အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်။ | ၁၅၄ |
| | | |
| သင်ခန်းစာအခန်း (၁၃)။ | စင်တင်ခြင်း၊ ပေါင်း၊ ရောဂါနှင့်ပိုးမွှားများကာကွယ်နှိမ်နင်းခြင်း။ | ၁၅၁ |
| လုပ်ဆောင်ချက် ၁။ | ယခင်သင်ခန်းစာ နှင့် ယခုသင်ခန်းစာခေါင်းစဉ်ကို သုံးသပ်ရန်။ | ၁၅၁ |
| လုပ်ဆောင်ချက် ၂။ | ပေါင်းရှင်းခြင်း။ | ၁၅၂ |
| လုပ်ဆောင်ချက် ၃။ | အပင်မှုန်းခြင်း။ | ၁၅၄ |
| လုပ်ဆောင်ချက် ၄။ | စင်တင်ခြင်း။ | ၁၅၅ |
| လုပ်ဆောင်ချက် ၅။ | ပိုးနှင့် ရောဂါကာကွယ်ခြင်း။ | ၁၅၈ |
| လုပ်ဆောင်ချက် ၆။ | ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း (IPM)။ | ၁၅၈ |
| လုပ်ဆောင်ချက် ၇။ | ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာသုံးရန်။ | ၁၅၉ |
| လုပ်ဆောင်ချက် ၈။ | ကွင်းလုပ်ငန်းပြင်ဆင်ခြင်း။ | ၁၆၀ |
| လုပ်ဆောင်ချက် ၉။ | ကျောပိုးဆေးဖျန်းပုံးတစ်ခု အသုံးပြုပုံနှင့် ဆေးရောစပ် ပက်ဖျန်းပုံကို လက်တွေ့ပြသခြင်း။ | ၁၆၂ |
| လုပ်ဆောင်ချက် ၁၀။ | သင်ခန်းစာကိုနိဂုံးချုပ်ပါ။ | ၁၆၃ |
| လုပ်ဆောင်ချက် ၁၁။ | သင်ခန်းစာကိုသုံးသပ်ပါ။ | ၁၆၃ |
| လုပ်ဆောင်ချက် ၁၂။ | နောက်သင်ခန်းစာအတွက် ဆွေးနွေးမည့်ခေါင်းစဉ်၊ အချိန်၊ နေရာနှင့် မည်သူလာတက်သင့်သည်ကို ဆွေးနွေးခြင်း | ၁၆၃ |

| | | |
|---|---|---|
| သင်ခန်းစာအခန်း (၁၄)။ | ရိတ်သိမ်းချိန်လွန်သီးနှံများ ထိန်းသိမ်းခြင်းနှင့်ထုတ်ကုန်အရည်အသွေး | ၁၆၇ |
| လုပ်ဆောင်ချက် ၁။ | ယခင်သင်ခန်းစာနှင့်ယခုသင်ခန်းစာခေါင်းစဉ်ကို အားလုံးပါဝင်သုံးသပ်ရန်။ | ၁၆၇ |
| လုပ်ဆောင်ချက် ၂။ | သီးနှံထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်း ကွင်းဆက်ကိုနားလည်ရန်။ | ၁၆၇ |
| လုပ်ဆောင်ချက် ၃။ | ဈေးကွက်အရည်အသွေး လိုအပ်မှုကိုနားလည်ရန်။ | ၁၆၉ |
| လုပ်ဆောင်ချက် ၄။ | ဆွတ်ခူးပြီးအရည်အသွေးထိခိုက်စေသော အကြောင်းရင်းများ။ | ၁၇၂ |
| လုပ်ဆောင်ချက် ၅။ | သင်ခန်းစာကိုနိဂုံးချုပ်ပါ။ | ၁၇၉ |
| လုပ်ဆောင်ချက် ၆။ | သင်ခန်းစာကိုသုံးသပ်ပါ။ | ၁၇၉ |
| လုပ်ဆောင်ချက် ၇။ | နောက်ထပ်သင်မည့် သင်ခန်းစာ၊ အချိန်၊ နေရာနှင့် သင်တန်းကို မည်သူတက်သင့်သည်တို့ကို ဆွေးနွေးခြင်း။ | ၁၇၉ |
| | | |
| သင်ခန်းစာအခန်း (၁၅)။ | သီးနှံ ဝယ်သူများဦးဆောင်သော အလုပ်ရုံ အစည်းအဝေး။ | ၁၈၀ |
| လုပ်ဆောင်ချက် ၁။ | အလုပ်ရုံအစည်းအဝေးမတိုင်မီ ဦးစွာပြုလုပ်ထားရမည် အကြိုလုပ်ငန်းများ။ | ၁၈၀ |
| လုပ်ဆောင်ချက် ၂။ | အလုပ်ရုံ အစည်းအဝေးတွင် ဆွေးနွေးရန်မေးခွန်းများ။ | ၁၈၀ |
| လုပ်ဆောင်ချက် ၃။ | ဆွေးနွေးပွဲကို အကျဉ်းချုပ်ခြင်း။ | ၁၈၂ |
| လုပ်ဆောင်ချက် ၄။ | သင်ခန်းစာကို အကဲဖြတ်သုံးသပ်ခြင်း။ | ၁၈၂ |
| လုပ်ဆောင်ချက် ၅။ | နောက်ထပ်သင်မည့် သင်ခန်းစာ၊ အချိန်၊ နေရာနှင့် သင်တန်းကို မည်သူတက်သင့်သည်တို့ကို ဆွေးနွေးခြင်း။ | ၁၈၂ |
| | | |
| သင်ခန်းစာအခန်း (၁၆)။ | လယ်သမားကွင်းသင်တန်း၏ ရလဒ်များကို အကဲဖြတ်သုံးသပ်ခြင်း။ | ၁၈၃ |
| လုပ်ဆောင်ချက် ၁။ | မိတ်ဆက်ခြင်း။ | ၁၈၃ |
| လုပ်ဆောင်ချက် ၂။ | လယ်သမားကွင်းသင်တန်းမှ ရလဒ်များကို တောင်သူများကိုယ်တိုင် အကဲဖြတ်ခြင်း။ | ၁၈၃ |
| လုပ်ဆောင်ချက် ၃။ | လယ်သမားကွင်းသင်တန်း လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်ခြင်း။ | ၁၈၄ |
| လုပ်ဆောင်ချက် ၄။ | စီမံကိန်းမှ သတ်မှတ်ထားသော အညွှန်းကိန်းများ ရရှိမှု။ | ၁၈၄ |
| လုပ်ဆောင်ချက် ၅။ | စီမံကိန်း၏ အနာဂတ်လုပ်ငန်းအစီအစဉ်များကို ရှင်းပြခြင်း (လိုအပ်မှသာ ရှင်းပြရန်)။ | ၁၈၅ |
| လုပ်ဆောင်ချက် ၆။ | လက်ရှိသင်တန်းသားများရဲ့အနာဂတ်လုပ်ငန်း အစီအစဉ်တွေက ဘာတွေလဲ။ | ၁၈၅ |
| လုပ်ဆောင်ချက် ၇။ | သင်တန်းကို အနှစ်ချုပ်ခြင်းနှင့် အမေးအဖြေ။ | ၁၈၅ |

# အပိုင်း (၁) လယ်သမားကွင်းသင်တန်းကျောင်း အစီအမံနှင့် စီမံခန့်ခွဲခြင်း

## ၁။ မိတ်ဆက်

ရခိုင်ဆောင်းသီးနှံစီမံကိန်းသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်နေပါသည်။ ၄င်းအစီအစဉ်မှာ တောင်သူလယ်သမားများ သီးနှံအထွက်နှင့် ဝင်ငွေတိုးတက်လာစေရန် ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းက ဆောင်ရွက်နေသော တိုးချဲ့ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဖြစ်သည်။ ဤလက်စွဲစာစောင်သည် စီးပွားဖြစ်စိုက်ပျိုးရေးကို စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများအား အသုံးပြုပြီး ဖော်ဆောင်လိုသည့် ကျေးရွာအသီးသီးမှ စီးပွားဖြစ် ဟင်းသီးဟင်းရွက်စိုက်ဦးဆောင်တောင်သူများနှင့် စီးပွားဖြစ် ကွင်းသီးနှံစိုက်ဦးဆောင်တောင်သူများ အတွက် ဦးတည်ချက်ထားပါသည်။ စာစောင်တွင် နည်းပညာအသီးသီး၊ နည်းစနစ်အမျိုးမျိုးနှင့် စီမံခန့်ခွဲမှု ခေါင်းစဉ်များကို လယ်သမားကွင်းသင်တန်းတစ်လျှောက် ဆွေးနွေးလေ့ကျင့်ရန် လမ်းညွှန်မှုပေးထားပါသည်။ စာစောင်တွင် ပါဝင်လေ့ကျင့်သင်ကြားမှု အစီအစဉ်များ အဆင့်လိုက် အသေးစိတ်ပါဝင်သဖြင့် စိုက်ပျိုးရေး အတွေ့အကြုံ သို့မဟုတ် သင်တန်းပေးခြင်း အတွေ့အကြုံ အနည်းငယ်ရှိသူများ သို့မဟုတ် လုံးဝမရှိသူများပင် စာစောင်ကိုလက်စွဲပြုပြီး ပံ့ပိုးကူညီနိုင်ပါလိမ့်မည်။

## ၂။ စီးပွားဖြစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ စီးပွားဖြစ် ကွင်းသီးနှံစိုက်ပျိုးခြင်း အစီအစဉ်နှင့် ရလဒ်များကို အကဲဖြတ်ခြင်း၏ ရည်မှန်းချက်များ

**စီးပွားဖြစ် သင်တန်းအစီအစဉ်တွင် ရည်မှန်းချက် (၄) ရပ်ရှိပါသည်။**

(က) အစားအစာ ဖူလုံမှု၊ အာဟာရပြည့်ဝမှုနှင့် အခြားလိုအပ်မှုများကိုဖြည့်စွမ်းပေးနိုင်သည့် ဝင်ငွေတိုးတက်ရရှိရေးအတွက် လယ်ယာလုပ်ငန်းကိုစီးပွားဖြစ်လုပ်ငန်းအသွင်ဖြင့် ချဉ်းကပ်ခြင်း။ အကဲဖြတ်မှတ်တမ်းများအရ ၇၃% သော စီးပွားဖြစ်ကွင်းသီးနှံစိုက်ပျိုးသူများသည် ပျမ်းမျှအားဖြင့် ၄၆% အသားတင်ဝင်ငွေတိုးလာသည်။ ၈၄% သော စီးပွားဖြစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများသည် ပျမ်းမျှအားဖြင့် ၄၁% ဝင်ငွေတိုးတက်လာပြီး ၅၄% သော စီးပွားဖြစ်ကွင်းသီးနှံစိုက်သူများနှင့် ၅၉% သော စီးပွားဖြစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများသည် ရာနှုန်းပြည့် အစားအစာ ဖူလုံလာသည်။ ၉၈% သော တောင်သူများသည် ရွေးချယ်စားသုံးစရာ ပိုမိုများပြားလာသည်။

(ခ) သီးနှံအထွက်နှင့် ဝင်ငွေတိုးတက်လာစေရန်အတွက် ခေတ်မီ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကို ပိုမို ထိတွေ့လာစေရန်။

အကဲဖြတ်မှတ်တမ်းများအရ ၉၃% သော ကွင်းသီးနှံစိုက်တောင်သူများသည် သီးနှံအထွက်တွင် ပျမ်းမျှအားဖြင့် ၅၈% တိုးတက်လာပြီး ၉၂% သော စီးပွားဖြစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများသည် သီးနှံအထွက် ပျမ်းမျှ ၇၂% တိုးတက်လာသည်။

(ဂ) သီးနှံများ ဈေးကွက်ပျက်ခြင်း၊ ရောဂါများ ထူပြောခြင်း၊ သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ခြင်းကြောင့် မြေဆီလွှာပျက်သုဉ်းခြင်းကို လျှော့ချရန်အတွက် သီးနှံမျိုးကွဲအမျိုးမျိုးကို စိုက်ပျိုးစေခြင်း။ စီးပွားဖြစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို အနည်းဆုံး သီးနှံ ၄ မျိုးကို အလှည့်ကျ စိုက်ပျိုးရန်အားပေးပြီး စီးပွားဖြစ် ကွင်းသီးနှံစိုက်တောင်သူများကို အနည်းဆုံး သီးနှံ ၂ မျိုး စိုက်ပျိုးစေသည်။ အကဲဖြတ်မှတ်တမ်းများအရ စီးပွားဖြစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများသည် သီးနှံ ၂.၇ မျိုး (၃မျိုးနီးပါး) မှ ၄.၁ မျိုး (၄မျိုးကျော်)၊ ရာခိုင်နှုန်းအားဖြင့် ၅၂% တိုးတက်စိုက်ပျိုးလာပြီး စီးပွားဖြစ် ကွင်းသီးနှံစိုက်တောင်သူများသည် သီးနှံ ၁.၆ မျိုး (၂မျိုးနီးပါး) မှ ၂မျိုး၊ ရာခိုင်နှုန်းအားဖြင့် တိုးတက်စိုက်ပျိုးလာသည်။

(ဃ) ခြောက်သွေ့သောဆောင်းနှင့် နွေဥတုများတွင် စိုက်ပျိုးသောသီးနှံများအတွက် သွင်းရေရရှိမှု တိုးတက်ကောင်းမွန်လာရေး။

အကဲဖြတ်မှတ်တမ်းများအရစီးပွားဖြစ်ကွင်းသီးနှံစိုက်ပျိုးသူ၆၂% နှင့်စီးပွားဖြစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ၆၆% သည် သွင်းရေရရှိမှုတွင် တိုးတက်ကောင်းမွန်လာသည်။

## ၃။ လယ်သမားကွင်းသင်တန်းကျောင်းသင်တန်းနှင့် ကြီးကြပ်ကွပ်ကဲမှုပုံစံ

ဤစာစောင်သည် ပံ့ပိုးသူများကို အခန်းတွင်းတွင် သဘောတရားရေးဆိုင်ရာ သင်တန်း ၁ နာရီခွဲနှင့် ကွင်းလုပ်ငန်း ၁ နာရီခွဲ သီးနှံရာသီအလိုက် ဆောင်ရွက်ရန် လမ်းညွှန်ထားပါသည်။ သင်တန်းများကို တစ်ပတ်ခြား သို့မဟုတ် နှစ်ပတ်ခြား စီစဉ်ထားသော်လည်း သီးနှံများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေအရ ပြောင်းလွယ်ပြင်လွယ်ရပါမည်။ ကွင်းဆင်းအရာရှိများသင်တန်းပို့ချချိန်မဟုတ်လျှင်ကျေးရွာများသို့သွားရောက်လည်ပတ်ပြီးတစ်ဦးချင်းစီ၏စိုက်ကွက်များ၏တိုးတက်မှုနှင့်သင်ခန်းစာယူစရာများကိုအဖွဲ့လိုက် ဆွေးနွေးခြင်းပုံစံဖြင့် မှတ်တမ်းတင်သင့်သည်။

## ၄။ လယ်သမားကွင်းသင်တန်းကျောင်း ပံ့ပိုးကူညီခြင်း နည်းစဉ်များ

ရခိုင်ဆောင်းသီးနှံစီမံကိန်းသည် စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး လယ်သမားများ သီးနှံအထွက်နှင့် ဝင်ငွေတိုးတက်စေရန် ဆောင်ရွက်နေသည့် ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းများ၏ တိုးချဲ့ပညာပေးမှု တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်နေပါသည်။

ဤစာစောင်သည် ပံ့ပိုးသူများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း သင်တန်းလုပ်ငန်းစဉ်များတွင် အကြိတ်အနယ်ဆွေးနွေးခြင်း၊ အုပ်စုငယ်ဖွဲ့ခြင်း၊ တစ်ဦးခြင်းလေ့ကျင့်ခန်းများကို ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးထားသည်။ ဤလက်စွဲစာအုပ်တွင်ပါသော လေ့ကျင့်ခန်းများကို တောင်သူ့လက်စွဲစာအုပ်တွင် ထည့်သွင်းထားခြင်းအားဖြင့် ၎င်းစာအုပ်ကို အသုံးပြုရသော ပါဝင်သူများအတွက် အဓိကကျသော မှတ်စုများ အသင့်ဖြစ်နေလိမ့်မည်။ ၎င်းတောင်သူ့လက်စွဲစာအုပ်တွင် မှတ်စုများရေးမှတ်နိုင်ရန် နေရာလွတ်များပါရှိသည်။ ထိုသို့ဖြင့် ပါဝင်သူများသည် မှတ်စုရေးရန် ကြောင့်ကြစရာမလိုဘဲ သင်တန်းတွင် နားထောင်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းများပြုလုပ်နိုင်သည်။ စိုက်ပျိုးရေးဗဟုသုတအကန့်အသတ်ရှိသော ပံ့ပိုးသူများသည်လည်း စာစောင်ကို အသုံးပြုနိုင်သည်။ အကြောင်းမှာ နည်းပညာဆိုင်ရာ အချက်အလက်များသည် ပံ့ပိုးသူ့လက်စွဲနှင့် တောင်သူ့လက်စွဲနှစ်မျိုးစလုံးတွင်ပါဝင်ပြီးသားဖြစ်ရုံသာမက ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သင်တန်းကိုဖော်ဆောင်ရာတွင် တောင်သူများကအချိန်၏၈၀% တွင်ပါဝင်ပြောဆိုဆွေးနွေးနေကြပြီး ပံ့ပိုးသူကအချိန်၏၂၀% တွင်သာဆွေးနွေးသည့်အကြောင်းအရာများကိုစုစည်းပေးခြင်း၊ လိုအပ်သည့်အချက်အလက်အနည်းငယ်ကိုသာဖြည့်စွက်ပေးရန်လိုအပ်သည်။ ယခုချဉ်းကပ်မှုပုံစံသည် သင်တန်းကိုပံ့ပိုးရန်အတွက် စိုက်ပျိုးရေးပညာရှင် ဖြစ်ရန် လိုအပ်သည်ဟု ယူဆနေသော ပံ့ပိုးသူများ၏ စိုးရိမ်မှုကို ဖြည်လျှော့ပေးနိုင်သည်။ စာစောင်ကို အသုံးပြုပါက စိုးရိမ်စရာမလိုပေ။ သို့သော်ပံ့ပိုးသူများသည်စိုက်ပျိုးရေးဆိုင်ရာအထွေထွေဗဟုသုတရှိစေရန်ကြိုးစားသင့်ပြီးသင်တန်းတစ်ချိန်မစမီလက်စွဲစာအုပ်ကိုအသေအချာလေ့လာပြီး သင်တန်းချိန်တွင်ပါဝင်သော အကြောင်းအရာများ၊ လေ့ကျင့်ခန်းများနှင့် အကျွမ်းတဝင် ရှိသင့်သည်။

## ၅။ ကျေးရွာအစုအဖွဲ့နှင့် တစ်ရွာချင်းစီ ချဉ်းကပ်မှုပုံစံ

ဤစီမံကိန်းက ကျေးရွာအစုအဖွဲ့တွင်ပါဝင်သော ရွာ ၅ ရွာမှ တစ်ရွာလျှင် အကောင်းဆုံးလယ်သမား ၅ ဦးစီ သင်တန်းတက်ရန် ရည်မှန်းထားပါသည်။ ၎င်းခေါင်းဆောင်တောင်သူများသည် သင်ကြားပို့ချမှုကို စောစီးစွာ ကျင့်သုံးအကောင်အထည်ဖော်သည့်သူများဖြစ်ရန်၊ ၎င်းတို့ရွာကို ပြန်ရောက်သွားသောအချိန်တွင် သင်ကြား တတ်မြောက်ခဲ့သည့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများဖြင့် မိမိစိုက်ကွက်ကို ဖော်ဆောင်ရုံသာမက အခြားသူများကိုလည်း လေ့ကျင့်ပေးသည့်သူများဖြစ်ရန် မျှော်မှန်းထားသည်။ သရုပ်ပြစိုက်ကွက်အတွက် လိုအပ်သည့် ပစ္စည်းများကို စီမံကိန်းကပံ့ပိုးသည်။ သင်တန်းတက်ရန်လာရောက်သည့် အမှန်ကုန်ကျသည့်ခရီးစရိတ် (သင်တန်းတက်စရိတ်မဟုတ်) ကို စီမံကိန်းက ပေးသဖြင့် အစုအဖွဲ့၏ ဗဟိုကျသောကျေးရွာသို့ လာရေးအတွက် အခက်အခဲမရှိနိုင်ပါ။ သင်တန်းအစတွင် ခေါင်းဆောင် တောင်သူ(ကျား/မ)နှင့် မိသားစုကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး သင်တန်းအလိုက် အမှန်တကယ်လုပ်မည့်သူသာ သင်တန်းတက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်သဖြင့် သင်တန်းမှပို့ချသော အကြောင်းအရာများသည် တက်ရောက်သူနှင့် ဆီလျော်နေလိမ့်မည်။ သင်တန်းချိန် အနည်းဆုံး ၈၀% တက်ရောက်သော အိမ်ထောင်စုသည် သင်တန်း ဆင်းလက်မှတ်ရရှိလိမ့်မည်။ စီမံကိန်းတွင် ၉၀% - ၉၅% သော သင်တန်းတက်ရောက်မှု မှတ်တမ်း ရှိထားသောကြောင့် ယခု ချဉ်းကပ်မှုပုံစံသည် ထိရောက်မှုရှိကြောင်းတွေ့ရသည်။

ဝန်ထမ်းများ၏ အတွေ့အကြုံအရ တစ်ရွာချင်းစီချဉ်းကပ်ခြင်းပုံစံကို သုံးရာတွင် ကနဦးမှာ အသစ်အဆန်းဖြစ်ခြင်း စိတ်ဝင်စားစရာကောင်းမည်ထင်ခြင်းကြောင့် တောင်သူအများစုက ပါဝင်ရန် လက်ထောင်လေ့ရှိပါသည်။ သို့သော် သင်တန်းတစ်ဝက်တစ်ပျက်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးသည် ခက်ခဲခြင်း၊ အချိန်ကုန်ခြင်း စသည့်အကြောင်းများဖြင့် ပျက်ကွက်မှုရှိလာသည်။ ရွာတစ်ရွာလျှင် စိုက်ပျိုးရေးကို အမှန်တကယ်စိတ်ပါဝင်စားပြီး သင်တန်းကို မှန်မှန်တက်ရောက်သည့် သင်တန်းသား ၅ ဦးမှ ၁၀ ဦးခန့်သာ ကျန်ရစ်တော့သည်။ ထို့ကြောင့် သင်တန်းက ပထမဆုံး အကောင်းဆုံးခေါင်းဆောင်တောင်သူ ၅ ဦးဟု ဆိုရခြင်းဖြစ်သည်။ ကျေးရွာအစုအဖွဲ့အလိုက် ချဉ်းကပ်ခြင်းပုံစံအရ ခေါင်းဆောင်တောင်သူများက နောက်လိုက်တောင်သူများကို ထပ်ဆင့်သင်တန်းပေးခြင်းသည် ပိုမိုအောင်မြင်သည်ကို တွေ့ရသည်။ အဖွဲ့အစည်းအတွင်း အကဲဖြတ်ချက်အရ ခေါင်းဆောင်တောင်သူကနောက်လိုက်တောင်သူများကိုသင်တန်းပေးခြင်းတွင်နောက်လိုက်တောင်သူများကစိတ်အားပိုမိုတက်ကြွပြီးအသိပညာပိုမိုတိုးတက်ကာစိုက်ပျိုးရေးရလဒ်ကောင်းများ ရရှိသည်ကို တွေ့ရသည်။

## ၆။ မွမ်းမံသင်တန်းများ

ယေဘုယျအားဖြင့်ခေါင်းဆောင်တောင်သူပင်ဖြစ်လင့်ကစားနည်းပညာအသစ်ကိုအသုံးပြုရာတွင်နှောင့်နှေးမှုရှိကြောင်းတွေ့ရသည်။ စီမံကိန်းသည်သင်တန်းနောက်ထပ် ၂-၃ ကြိမ်ပေးသည့် မွမ်းမံသင်တန်းပေးသည့် ပုံစံသည် ရလဒ်ကောင်းကြောင်း တွေ့ရသည်။ ၎င်းမွမ်းမံသင်တန်းသည် ပုံမှန်သင်တန်းကဲ့သို့ အချိန်ပြည့်မဟုတ်ဘဲ ပုံမှန်မကျသည့် လမ်းလျှောက်၊ စကားပြောခြင်း ချဉ်းကပ်မှုမျိုး ဖြစ်သည်။ ၎င်းချဉ်းကပ်မှုပုံစံတွင် ပံ့ပိုးသူများသည် ရွာတစ်ရွာကို ၂ နာရီခန့် အလည်သွားရောက်ပြီး ပြောဆိုဆွေးနွေးခြင်းမျိုးဖြစ်သည်။ တစ်ရက်လျှင် ၂ ရွာမှ ၃ ရွာအထိ နေရာတစ်နေရာတွင်ဖြစ်စေ၊ သစ်ပင်ရိပ်တွင်ဖြစ်စေ ရွာအလိုက် အစုအဖွဲ့ပုံစံဖြင့် လယ်သမားများ၏ လတ်တလောလိုအပ်နေသည့် သတင်းအချက်အလက်များကို စတင်ဆွေးနွေးကြခြင်းဖြစ်သည်။ ပံ့ပိုးသူက လိုအပ်သည်ဟု ထင်သော အချက်များကိုလည်း ထည့်သွင်းဆွေးနွေးနိုင်သည်။ ထိုသို့ ဆွေးနွေးရာတွင် လိုအပ်သည့် အဖြေရရန် တောင်သူ့လက်စွဲစာအုပ်နှင့် အခြားရနိုင်သည့် အချက်အလက်စာရွက်စာတမ်းများကို ကိုးကားကြသည်။ ထို့နောက် ကွင်းထဲသို့ သွားရောက်ပြီး တောင်သူတစ်ဦးချင်းစီ၏ စိုက်ကွက်များတွင် မည်သည့် အရာက အောင်မြင်ဖြစ်ထွန်းနေသနည်း၊ မည်သည့်အရာများက မအောင်မြင်မဖြစ်ထွန်းသနည်း နှင့် ၎င်းတို့၏ စိုက်ကွက်များ တိုးတက်ကောင်းမွန်စေရန် မည်ကဲ့သို့ဆောင်ရွက်နိုင်သည်ကို ဆွေးနွေးကြခြင်းဖြစ်သည်။ အကဲဖြတ်မှတ်တမ်းများအရ မွမ်းမံသင်တန်းရရှိသည့် တောင်သူများတွင် ရလဒ်ကောင်းများ ပိုမိုတွေ့ရသည်။ သို့သော် မွမ်းမံသင်တန်းများသည် ထပ်ဆောင်းအကျိုးခံစားရသူ အရေအတွက် တိုးပွားမှုမရှိပဲ ငွေကြေးကုန်ကျမှုသာရှိသဖြင့် စီမံကိန်းရေးဆွဲသူများသည် ယခု ဖွံ့ဖြိုးမှုအစီအစဉ်အရ ကုန်ကျရသည့် ငွေကြေး၏ တန်ဖိုးကို စဉ်းစားရာတွင် မွမ်းမံသင်တန်းသား အရေအတွက်ကို ထည့်သွင်းရေတွက်ရမည်။

## ၇။ ဆောင်းနှင့် မိုးရာသီသင်တန်း

ဆောင်း/နွေရာသီသည်ရေရရှိမှုအပေါ်မူတည်ပြီးသင်တန်းပေးရန်ရည်ရွယ်ထားသောကာလဖြစ်သည်။ ရခိုင်ဒေသတွင်ဖြစ်ပေါ်သည့်အလွန်စိုစွတ်သောမုတ်သုန်ရာသီ(၅)

လအတွင်း မိုးရေချိန် ၅ မီတာ) သည် မိုးရာသီ သီးနံ့စိုက်ပျိုးရန်အတွက် အကန့်အသတ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ရေကြီးခြင်း၊ မြေတိုက်စားခြင်း၊ အပင်များ ရောဂါထူပြော ခြင်းစသည့် ကြီးမားသော အခက်အခဲများရှိသည်။ သို့သော် အချို့သော ခေါင်းဆောင်တောင်သူများသည် အလွန်စိုစွတ်မှုကို ခံနိုင်ရည်ရှိသည့် သီးနံ့အချို့ကို မိုးရာသီတွင် ပလတ်စတစ်အမိုးအကာအောက်တွင် စိုက်ပျိုးနိုင်ကြောင်း မြင်တွေ့လာရသဖြင့် ယခုအချက်သည် မုတ်သုန်ရာသီသီးနံ့စိုက်ပျိုးခြင်းအတွက် အသုံးချသုတေသန ပြုလုပ်ရန် လမ်းပွင့်လျှက် ရှိပါသည်။ မုတ်သုန်ရာသီ စပါးစိုက်ပျိုးခြင်းစသည့် တိုးတက်လာသော ရွေးချယ်စရာနည်းလမ်းများသည် ဝန်ထမ်းများကို မုတ်သုန်ရာသီတွင်လည်း ပါဝင် ဆောင်ရွက်စေနိုင်သည်။ သို့သော် စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ် ကွင်းသီးနံ့များကို မုတ်သုန်ရာသီတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်လျှင် ၁ ဧက အမြတ် များစွာမြင့်မား ကြောင်း တွေ့ရသည်။

## ၈။ သရုပ်ပြပစ္စည်းများ ပံ့ပိုးခြင်းနှင့် အထောက်အပံ့များ

ဤစီမံကိန်းက သရုပ်ပြပစ္စည်းများနှင့် အထောက်အပံ့များကို ဦးဆောင်တောင်သူနှင့် နောက်လိုက်တောင်သူများသို့ တစ်ဆင့်ခြင်း (ပထမနှစ်တွင် ၉၀%၊ ဒုတိယနှစ်တွင် ၅၀%၊ တတိယနှစ်တွင် ၂၅%) ပုံစံဖြင့် ပံ့ပိုးသည်။ ယခုကဲ့သို့သော တစ်ဆင့်ခြင်းပံ့ပိုးမှုပုံစံနှင့် ၃နှစ်ကာလသင်တန်း၊ မွမ်းမံသင်တန်းများက တောင်သူလယ်သမားများ၏ အမူအကျင့်ကို တစ်ဖြည်းဖြည်းချင်း ပြောင်းလဲစေပြီး စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ အသုံးချရာတွင် ပိုမိုအောင်မြင်လာသည်။ အကဲဖြတ်မှတ်တမ်းများအရ ၃နှစ်ကာလ လွန်မြောက်သောအခါ ၁၀၀% သော တောင်သူလယ်သမားများသည် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ၅မျိုးနှင့်အထက်ကို အသုံးချလာကြကြောင်း တွေ့ရသည်။

## ၉။ ကျား၊မ ပါဝင်ခြင်း

စီးပွားဖြစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စီးပွားဖြစ် ကွင်းသီးနံ့ စိုက်ပျိုးထုတ်လုပ်ခြင်း သင်တန်းများဖွင့်လှစ်ပြီး အမျိုးသားရော အမျိုးသမီးများပါ ပါဝင် တက်ရောက်စေသောအခါ၌ သင်တန်းချိန်အများစုကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုကို အဓိကလုပ်ကိုင်သည့် အမျိုးသားများသာ တက်ရောက်ရန် မျှော်မှန်းထားပါသည်။ အဘယ်ကြောင့်ဆိုသော် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနံ့စိုက်ကွင်းများသည် အိမ်နှင့် အလှမ်းဝေးနေတတ်ပြီး စိုက်ပျိုးလုပ်ကိုင်ရန် ပိုမိုအချိန်ပေးရသဖြင့် သင်တန်းတွင် အမျိုးသားရော အမျိုးသမီးပါ ညီတူမျှတူ မပါဝင်သင့်ပါ။ သို့သော် ရခိုင်ဆောင်းသီးနံ့စီမံကိန်းက သင်တန်းအစတွင် အမျိုးသားရော အမျိုးသမီးကိုပါ စာရင်းသွင်းထားပြီး သက်ဆိုင်သည့် စိုက်ပျိုးရေးအလုပ်ကို အဓိက လုပ်ဆောင်သည့်သူကိုသာ သင်တန်းတက်ရောက်ရန် ဖိတ်ကြားခြင်းအားဖြင့် သင်တန်းသည် အမျိုးသားရော အမျိုးသမီးများ အတွက်ပါတက်ရောက်ရန် လမ်းဖွင့်ပေးထားသည်။ လယ်သမားကွင်းသင်တန်းကျောင်းအပြီးတွင် စီမံကိန်းက မိသားစုတွင်ပါဝင်သည့် အမျိုးသားရော အမျိုးသမီးများ၏ အမည်များကို သင်တန်းဆင်းလက်မှတ်တွင် ထည့်သွင်းဖော်ပြခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ မိသားစုလုပ်ငန်းတစ်ခုဖြစ်ပြီး ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို အသိ အမှတ်ပြုသည်။ ရခိုင်ဆောင်းသီးနံ့စီမံကိန်း၏ ၄ နှစ်တာကာလ စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်ကွင်းသီးနံ့ စိုက်ပျိုးထုတ်လုပ်မှုသင်တန်းတွင် အမျိုးသမီးပါဝင်မှု ပျမ်းမျှ ၂၄% နှင့် အမျိုးသားပါဝင်မှု ပျမ်းမျှ ၇၆% ရှိခဲ့သည်။

## ၁၀။ နေရာနှင့် သင်တန်းအချိန်

ကွင်းအဖွဲ့သည် အမျိုးသားရော အမျိုးသမီးများအတွက်ပါ အဆင်ပြေမည့် နေရာနှင့် အချိန်ကို ရွေးသင့်သည်။ လူမျိုးစုအလိုက် အကြိုက်ကိုလည်း ထည့်သွင်းစဉ်းစား သင့်သည်။ ပုံမှန်အားဖြင့် သင်တန်းကို ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ သစ်ပင်ရိပ် သို့မဟုတ် တာပေါ်လင်စ မိုးထားသော အရိပ်အောက်တွင် ပြုလုပ်လေ့ရှိသည်။ စာသင် ခန်းမှ ကွင်းလုပ်ငန်းနေရာသို့ သွားရသည့်အချိန်ကုန်သက်သာစေရန်အတွက် ကွင်းလုပ်ငန်းများလုပ်သည့်နေရာသည် စာသင်ခန်းနှင့် နီးသင့်သည်။ လယ်သမား ကွင်းသင်တန်း ကျောင်း သင်တန်းသားများသည် နံနက်ပိုင်းတွင် အလုပ်များလေ့ရှိသဖြင့် သင်တန်းချိန်ကို နေ့လယ် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပလေ့ရှိပြီး သင်တန်းချိန် ပိုမိုကြာသည့်အခါ သို့မဟုတ် သွင်းအားစုများ ဖြန့်ဝေသည့်အခါတွင်မူ ညနေ ၄နာရီအထိ ကြာတတ်သည်။

## ၁၁။ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း

သင်တန်းတက်ရောက်ခြင်း မှတ်တမ်းစာရွက်ကို သင်တန်းနှင့် ကွင်းကြီးကြပ်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သည်ကို မှတ်တမ်းတင်ရန်အလို့ငှာ ဖြည့်သွင်းရပါသည်။ ကွင်းလုပ်ငန်း ကြီးကြပ်ခြင်းနှင့် ရလဒ်ကို မှတ်တမ်းတင်သည့် ပုံစံကိုလည်း လက်စွဲစာဆောင်တွင် ထည့်သွင်းထားပါသည်။ သင်တန်းများ၏ နောက်ဆုံးအကြိမ်တွင် လယ်သမား ကွင်းသင်တန်း ကျောင်းနှင့် ရလဒ်များကို အကဲဖြတ်ပြီး ရရှိခဲ့သော သင်ခန်းစာများကို မှတ်တမ်းတင်ခြင်းနှင့် သင်တန်းပို့ချခြင်း ပိုမိုကောင်းမွန်ရေးအတွက် အကြံပြုချက်များ ပေးစေသည်။

## ၁၂။ လက်စွဲစာစောင် ပြုစုခြင်း လုပ်ငန်းစဉ်

ဤလက်စွဲစာစောင်ကို မတူကွဲပြားသော အဆင့်၊ နောက်ခံနှင့် အသိပညာအခြေခံ အမျိုးမျိုးမှ ပုဂ္ဂိုလ်များပါဝင်သော အလုပ်အဖွဲ့က ပြုစုခြင်းဖြစ်ပြီး၊ ၄နှစ်တာကာလအတွင်း ပြန်လည်တည်းဖြတ်ထားပါသည်။ မြန်မာနိုင်ငံတွင် လာမည့်နှစ်များအတွင်း ဤစာစောင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်အတွက် အခြားအဖွဲ့အစည်းများသို့ မျှဝေရန် အဆိုပြုအပ်ပါသည်။

## စာစောင်ပြုစုရေး ကနဦးလုပ်ငန်းအဖွဲ့တွင် ပါဝင်ကြသူများ

| | | |
|---|---|---|
| ဟာရိုးဂရေး | - | အဖွဲ့ခေါင်းဆောင်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း |
| ဖိလစ်ထွန်းလှအောင် | - | ဒုတိယ အဖွဲ့ခေါင်းဆောင်၊ရခိုင်ဆောင်းသီးနှံစီမံကိန်း |
| စောအောင်လှထွေး | - | ကွင်းတာဝန်ခံ၊ ရသေ့တောင်မြို့နယ်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း |
| ချိုမာသက် | - | ကွင်းတာဝန်ခံ၊ သံတွဲမြို့နယ်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း |
| အေးမြတ်သွယ် | - | ကွင်းတာဝန်ခံ၊ ရသေ့တောင်မြို့နယ်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း |
| ဟိန်းမင်းဇော် | - | ကွင်းတာဝန်ခံ၊ ဂွမြို့နယ်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း |

## နည်းပညာမှတ်စုများ (အော်ဂဲနစ်နည်းလမ်း ချဉ်းကပ်ပုံမှအပ) နှင့် ကနဦးစာစောင်မူကြမ်းကို လမ်းညွှန်ခဲ့သူများမှာ

| | | |
|---|---|---|
| အဲဂဘတ်တို ဆိုတို | - | နိုင်ငံတကာအတိုင်ပင်ခံ၊ အပူပိုင်းဒေသ လယ်ယာစိုက်ပျိုးရေး၊ အပင်နှင့် အစားအစာသုတေသန၊ နယူးဇီလန်။ |
| ဂတ်အတ်ကင်ဆန် | - | နည်းပညာကျွမ်းကျင်သူ |
| ဘရူ ဆားလ် | - | စီမံကိန်း မန်နေဂျာ၊ အပင်နှင့် အစားအစာသုတေသန၊ နယူးဇီလန် |
| အေးအေးခိုင် | - | စာစောင်ဖြစ်မြောက်ရေး၊ ပြည်တွင်းအတိုင်ပင်ခံ။ |

## စာစောင်ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးတွင်ပါဝင်သည့်ရခိုင်ဆောင်းသီးနှံစီမံကိန်းဝန်ထမ်းများ

| | | |
|---|---|---|
| သိန်းဇော် | - | ဒုတိယ အဖွဲ့ခေါင်းဆောင်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ဝါဝါရှိန် | - | ဒုတိယ အဖွဲ့ခေါင်းဆောင်၊ ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| အောင်သန်း | - | စိုက်ပျိုးရေ ရရှိရေး ညှိနှိုင်းရေးမှူး။ |
| စောအောင်လှထွေး | - | ကွင်းတာတာဝန်ခံ၊ ဂွ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ဘိုသိန်းမော် | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| အေးကို | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ရဲနိုင် | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ထွန်းနိုင်လင်း | - | ကွင်းတာဝန်ခံ၊ သံတွဲ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ရဲထွန်းမြင့် | - | ကွင်းတာဝန်ခံ၊ သံတွဲ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| စိုးမြင့် | - | မြို့နယ် မန်နေဂျာ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| အောင်သူဟန် | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| စိုးသီဟ | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| စီတာဝင်းမြင့် | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| အောင်ကျော်ဌေး | - | ကွင်းတာဝန်ခံ၊ တောင်ကုတ် - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| မြင့်မြင့်သိန်း | - | မြို့နယ် မန်နေဂျာ၊ သံတွဲ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| သန့်လွင်မောင် | - | ကွင်းတာဝန်ခံ၊ သံတွဲ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| မောင်ဝင်းအေး | - | ကွင်းတာဝန်ခံ၊ သံတွဲ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| စုမြတ်ဖြိုးနိုင် | - | ကွင်းတာဝန်ခံ၊ သံတွဲ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ဆန်းထွန်း | - | မြို့နယ် မန်နေဂျာ၊ ဂွ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| နောင်နောင် | - | ကွင်းတာဝန်ခံ၊ ဂွ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| သော်ဇင်ဦး | - | ကွင်းတာဝန်ခံ၊ ဂွ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| အိဇာခြည်မွန် | - | ကွင်းတာဝန်ခံ၊ ဂွ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |
| ယုယုယံ | - | ကွင်းတာဝန်ခံ၊ ဂွ - ရခိုင်ဆောင်းသီးနှံစီမံကိန်း။ |

# အပိုင်း ( ၂ ) နိဒါန်း

## ၂.၁။ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများသင်တန်း

ရခိုင်ဆောင်းသီးနှံစီမံကိန်း (RWCP) ကဏ္ဍကြီး (၁) တွင်လယ်သမားသင်တန်းကျောင်း (FFS) ကို အထောက်အကူ ဖြစ်စေသော စိုက်ပျိုးရေးကို ပိုပြီးစီးပွားဖြစ်ပြုလုပ်ပေးသည့် တိုးချဲ့ပညာပေးလုပ်ငန်းများ ပါဝင်သည်။ တောင်သူ လယ်သမားများအား သီးနှံမျိုးစုံကို (GAP) နည်းအရ စိုက်ပျိုးထုတ်လုပ်ရေး လမ်းညွှန်မှုတွင် ဤလက်စွဲစာအုပ်သည် ပံ့ပိုးသူ များကို အထောက်အကူပြုလိမ့်မည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) ဆိုသည်မှာ စီးပွားရေး အရ တွက်ချေကိုက်သော၊ ပတ်ဝန်းကျင်နှင့် သင့်တော်ပြီး လူမှုရေးအရမျှတပြီးလူသားဆန်သော လုပ်ငန်းများ ကို ဆောင်ရွက်နိုင်ရန် ကူညီလမ်းပြပေးခြင်းဖြစ်သည်။ FFS ပညာပေးနည်းသည် သီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စာတွေ့၊ အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် သရုပ်ပြ စိုက်ကွင်းတွင် (GAP) အသုံးပြုနည်းဖြင့် လက်တွေ့ပြုလုပ်ရမည် ဖြစ်သည်။

## ၂.၂။ စာစဉ်နှင့် လက်တွေ့စာအုပ်အကြောင်း

စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့်ကွင်းသီးနှံ (CV/CFC)လယ်သမားကွင်းသင်တန်းတွင်စာစဉ်နှစ်ခုပါရှိပြီးငင်းတို့သည်လယ်သမားသင်တန်းပို့ချနည်းလုပ်ငန်းကိုအထောက်အကူပေးမည်။ ပံ့ပိုးသူလက်စွဲ (ဤစာအုပ်)နှင့် သင်တန်းသားများ၏လက်စွဲ စာအုပ်ပါဝင်သည်။ ပံ့ပိုးသူလက်စွဲသည် ပို့ချသူများကို လယ်သမားများ၏ ကောင်းသော စိုက်ပျိုးရေး လုပ်ငန်းနည်းပညာနှင့် ဆွေးနွေးရန်ခေါင်းစဉ်များနှင့် GAP နည်းပညာများကို ဦးတည်သော လက်တွေ့ လုပ်ငန်းများ ပါဝင်သည်။ သင်တန်းသားများအား တောင်သူ လက်စွဲစာအုပ်ကို ပံ့ပိုးသူစာအုပ်တွင်ပါဝင်သော ခေါင်းစဉ်များနှင့် ကိုက်ညီသော လေ့ကျင့်ခန်းစာများကိုပေးမည်။ CV/CFC FFS လုပ်ငန်းသည် လယ်သမားတစ်ဦးထံမှတစ်ဦးသို့ လည်းကောင်း၊ အဖွဲ့ငယ်များဖြင့် လည်းကောင်း မိမိတို့ပတ်ဝန်းကျင် လယ်လုပ်ငန်းနှင့် သင့်တော်သည့် အကြောင်းအရာများကို လေ့လာနိုင်မည်။ သင်ကြားသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များထံမှလည်း GAP အကြံဉာဏ်သစ်များ ထပ်မံရရှိ နိုင်သည်။

CV/CFC FFS သင်ကြားရေး အထောက်အကူပြုပစ္စည်းများသည် အထူးသဖြင့် အဖွဲ့ဖြင့်ဆောင်ရွက်နိုင်သော လုပ်ငန်းရှင် လယ်သမား “လုပ်နိုင်သည်ဟုယုံကြည်သောသူ”နှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သောအရင်းအမြစ်များ ရှိသူအတွက်ဖြစ်သည်။ သဘာဝသွင်းအားစုများကိုသာ အသုံးပြုရန်ရည်ရွယ်ထားသော်လည်း ဓာတုသွင်းအားစုများကို တစ်ခါတစ်ရံစီးပွားရေး အဆင့်စိုက်ပျိုးရေးတွင် အသုံးပြုရန်လိုအပ်သည်။ သင်တန်းသားများသည် အခြေခံအားဖြင့် စာဖတ်တတ်၊ တွက်ချက်တတ်ရန် လိုအပ်သော်လည်း ပညာတတ်ဖြစ်ရန်မလိုပါ။ သင်တန်းသားများအား အုပ်စုငယ် ၃-၅ ယောက်စီဖွဲ့ပြီး အုပ်စုတစ်စုတွင် ရေးတတ်၊ တွက်တတ်ပြီး မြန်မြန်ရေးသားနိုင်သောသူ တစ်ဦးပါဝင်ရမည်။ ဤနည်းအားဖြင့် လေ့ကျင့်ခန်းများကို ပြီးမြောက်ခြင်းနှင့် အုပ်စုတွင်း မှတ်စုများရေးသားနိုင်ပြီး၊ အဓိက သင်ယူသည့် အတွေ့အကြုံကို နားထောင်ဆွေးနွေးခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ အဖွဲ့ငယ်အတွင်းရေးတတ်၊ တွက်ချက်မှု မလုပ်နိုင်သူသည် သင်တန်းပြီးချိန် အဖွဲ့ငယ်ခေါင်းဆောင်ထံမှ ၄င်းတို့ အားလပ်ချိန်တွင် ကူညီမှုရယူနိုင်သည်။ ထို့ကြောင့် အစည်းအဝေးကို မရပ်နားဘဲဆောင်ရွက်နိုင်ပြီး အဖွဲ့ငယ်ခေါင်းဆောင်သည် အလိုအလျောက် အလွတ် သဘော ပံ့ပိုးသူနှင့် တိုးချဲ့ပညာပေး ဦးဆောင်သူ ဖြစ်လာမည်။

သင်ကြားခြင်းနှင့်ပံ့ပိုးကူညီခြင်း။ CV/CFC FFS လုပ်ငန်း၏ အနှစ်သာရသဘောတရားသည် သင်ကြားခြင်းထက် ပံ့ပိုးကူညီခြင်းဖြစ်သည်။ ၄င်းနှစ်မျိုးတို့၏ခြားနားပုံများကို အောက်တွင် အလေးထားဖော်ပြထားသည်။

## ၂.၃။ သင်ကြားခြင်းနှင့် ပံ့ပိုးကူညီခြင်း

အောက်ပါဇယားသည် ပံ့ပိုးကူညီသူများကို မိမိတို့သင်ကြားခြင်း။ ပံ့ပိုးကူညီခြင်းပုံစံနှင့် လမ်းကြောင်းကို သင်ကြားနည်းအစား အားလုံးပါဝင်ဆောင်ရွက်သောနည်းဖြစ်ရန် ဦးတည်သည်။ ပံ့ပိုးလုပ်ကိုင်မှုဆိုသည်မှာ သင်တန်းသားများသည် မိမိတို့၏အဖိုးတန်နည်းပညာများနှင့် အတွေ့အကြုံများကို အဖွဲ့တွင်ပါဝင်ဆွေးနွေးခြင်းနှင့် အချင်းချင်း လေ့လာနိုင်သည်။ ပံ့ပိုးပေးသူများကလည်း သင်တန်းသားများ မဆွေးနွေးသေးသည့် အချက်များကို တင်ပြနိုင်ရန် အခွင့်ရသည်။ ဤနည်းဖြင့် ပါဝင်သူအားလုံးသည် တစ်ဦးထံမှ တစ်ဦးပညာရပြီး သင်တန်းသားများသည် ပံ့ပိုးကူညီသူများ (သို့) ပညာရှင်များကို အဖြေများအတွက် အားကိုးစရာမလိုပါ။ မိမိတို့ပြဿနာများကို သိရှိပြီး ကိုယ်တိုင် ဖြေရှင်းနိုင်ခြင်း သို့မဟုတ် မိမိတို့ကိုယ်ပိုင် အခွင့်အလမ်းများ ရရှိနိုင်သည်။

| သင်ကြားခြင်း | ပံ့ပိုးကူညီခြင်း |
|---|---|
| သင်ကြားခြင်းသည် သင်တန်းဆရာ၏ ကိုယ်ပိုင်ပညာမှ အစပြုသည် | ပံ့ပိုးကူညီခြင်းသည် အုပ်စု၏ ပညာကို အကဲဖြတ်မှုမှစသည်။ |
| သင်ကြားရေးတွင် ချမှတ်ထားသော သင်ရိုးအတိုင်း သွားသည်။ | ပံ့ပိုးကူညီခြင်းတွင် အဖွဲ့မှ(သို့မဟုတ်) ၄င်းတို့၏ လူမှုအဖွဲ့အစည်းမှ ပြဿနာများကို ဖော်ထုတ်ပြီး အဖွဲ့၏ဓလေ့ထုံးစံနှင့် လိုအပ်ချက် အကြံသစ်များကို အသုံးပြုခြင်းဖြင့် ချမှတ်နိုင်သည်။ |
| ဆရာများသည် ကျောင်းသားအုပ်စုများကို အများအားဖြင့် အခန်းရှေ့မှနေပြီး သင်ကြားတတ်သည်။ | ပံ့ပိုးသူများသည် လက်တွေ့၊ ကိုယ်တိုင်ပါဝင်သည့် နည်းလမ်းများကို သုံးသည်။ ဥပမာ - အဖွဲ့လိုက် ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင်အားလုံးပါဝင်နိုင်သော လှုပ်ရှားမှုများ။ |

| | |
|---|---|
| သတင်းအချက်အလက်များသည် တစ်လမ်းသွားအဖြစ် ဆရာမှ တပည့်ထံသာ သွားသည်။ | သတင်းအချက်အလက်များသည် နေရာအနှံ့၊ ပံ့ပိုးသူနှင့် သင်တန်းသား အုပ်စုတွင်း ပျံ့နှံ့သွားသည်။ |
| ဆရာများသည် တပည့်များ၏အဖြေမှန်ကို သိရှိနားလည်ရေးကိုသာ အာရုံစိုက်သည်။ | ပံ့ပိုးကူညီသူသည် မတူကွဲပြားသောအမြင်များအပေါ်အားပေးပြီး တန်ဖိုးထားသည်။ |
| ဆရာများသည် တပည့်များနှင့် ဆက်ဆံရေးတွင် ပုံသေဆန်သည်။ | ပံ့ပိုးသူများသည်သင်တန်းသားများ နှင့် တန်းတူဟု သတ်မှတ်ပြီး ယုံကြည်မှု၊ လေးစားမှုနှင့် ကူညီလိုစိတ်ဖြင့် ဆက်ဆံတတ် သည်။ |

**ပံ့ပိုးမှုကျွမ်းကျင်ရေး နှင့် သင်တန်းနည်းပညာများ**

| | |
|---|---|
| အဆင်သင့်ဖြစ်ပါစေ | သင်ခန်းစာကို ကြိုတင်စီစဉ်ပြီး လေ့ကျင့်ထားပါ။ |
| ရှင်းရှင်းလင်းလင်းဖြစ်ပါစေ | သင့်သင်ခန်းစာရည်ရွယ်ချက်များကိုရှင်းလင်းစွာ ဖော်ပြပြီးသင်ကြားပါ။ |
| လေးစားမှုပြပါ | ထိရောက်သည့်ဆက်သွယ်ရေးကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ပါ။ (စကား သို့မဟုတ် အမူအရာ)။ |
| ရင်းနှီးပွင့်လင်းပါ | မေးခွန်းနှင့်ဆက်ဆံရေးတို့ကိုတုံ့ပြန်ရာတွင် ရင်းနှီးပွင့်လင်းပါ။ |
| ရိုးသားပါ။ | မိမိကိုယ်ကို ယုံကြည်စိတ်ချပြီး ကျွမ်းကျင်တတ်မြောက်သော ပုံသဏ္ဍာန်ဖြင့် ဆောင်ရွက်ပါ။ |
| ပါဝင်မှုကို အားပေးပါ | စကားနည်းသောသင်တန်းသားများအား ဆွေးနွေးရန်နှင့် မေးခွန်းဖြင့် ပါဝင်စေပါ။<br><br>“ဟုတ်တယ်” “မဟုတ်ဘူး” ဟုဖြေနိုင်မည့်မေးခွန်းများအစား အဖွင့်မေးခွန်းများကိုမေးပါ။ |
| ထိရောက်စွာ ဆက်သွယ်ပါ | လွယ်ကူပြီးသင့်တော်သောစကားလုံးနှင့် အသံသုံးပါ။ မျက်လုံးကိုကြည့်ပြီး သေချာစွာနားထောင်ပါ။ |
| အာရုံစိုက်ပါ | အဖွဲ့၏ခံစားချက်နှင့် လိုအပ်ချက်ကိုဂရုစိုက်ပါ။ |
| အချိန်ကိုလေးစားပါ | သင်၏သင်ခန်းစာသည်အဖွဲ့၏ အချိန်ရရှိမှုနှင့် ကိုက်ပါစေ။ |
| နည်းလမ်းအမျိုးမျိုးသုံးပါ | သင်ကြားရေးကို ထိရောက်စေရန် သင်ထောက်ကူပစ္စည်းနှင့် နည်းအမျိုးမျိုးကို အသုံးပြုပါ။ |
| သုံးသပ်ခြင်းပြုလုပ်ပါ | အဓိကသင်ကြားချက်များကိုသင်ကြားစဉ်နှင့် နောက်ဆုံးအချိန်တွင် သုံးသပ်ခြင်း ပြုလုပ်ပါ။ |

# အပိုင်း ( ၃ ) ကျေးရွာလူထုကို စည်းရုံးလှုံ့ဆော်ခြင်း

**၃.၁။ ပါဝင်သူများအား ဆက်သွယ်ခြင်း**

**(က) ပါဝင်သူများ၏အဖွဲ့ခေါင်းဆောင်ကိုဖိတ်ခေါ်ခြင်း။**

၁။ ဆက်သွယ်ရမည့်သူကိုရှာပါ။ (ဆက်သွယ်ရမည့်လူစာရင်းကို အဖွဲ့အစည်းကကြိုတင် စုဆောင်းထားသော စာရင်း တွင်ရှာပါ။ (သို့) စိုက်ပျိုးရေးဦးစီးဌာနတွင်စုံစမ်းပါ။)

၂။ ပထမအကြိမ်တွေ့ဆုံရန် တရားဝင်ဖိတ်စာရအောင်ယူပါ။

၃။ ပံ့ပိုးသူနှင့်စီမံကိန်းကို မိတ်ဆက်ရန် တာဝန်ရှိသူအား အစည်းဝေးတက်ရန်ဖိတ်ပါ။

၄။ စီမံကိန်းအကြောင်းရှင်းပြထားသော သတင်းအချက်အလက်ပါ စာစောင်ကိုဖြန့်ဝေပါ။

၅။ ဆက်သွယ်ရမည့်သူများကို ဖုန်းဖြင့်ဆက်ပါ (သို့မဟုတ်) ကိုယ်တိုင်သွားတွေ့ပါ။ ကျေးရွာ၏ ၅၀% သော အိမ်ထောင်စုများ အချိုးကျတက်ရောက်နိုင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးအား ပြောပါ။ ၄င်း အိမ်ထောင်စု ၅၀% မှ ၅၀% သည် အမျိုးသမီးများပါဝင်ရပါမည် (သို့) ၅၀% အခြားလူမျိုး/ တိုင်းရင်းသားများပါဝင်ရပါမည်။ သို့တည်းမဟုတ် မလာနိုင်သော အိမ်ထောင်စုများကို လည်း ဒုတိယအကြိမ် စည်းဝေးတွင် တက်ရောက်နိုင်ကြောင်း ပြောပါ။

၆။ တွေ့ဆုံလိုသည့်အကြောင်းကိုရှင်းပြပြီး၊ နောက်တစ်ကြိမ် ရွာတွင်တွေ့ဆုံရန် ရက်ချိန်းပေးခဲ့ပါ။

**(ခ) အစည်းအဝေးကိုအတည်ပြုခြင်း။**

ဆက်သွယ်ရမည့်သူအားအစည်းအဝေးမတိုင်မီ နှစ်ရက်ကြိုပြီး လာမည့်အကြောင်းအတည်ပြုပါ။ အကယ်၍ လိုအပ်ပါက အစည်းအဝေးမတိုင်မီ တစ်ရက်အကြိုတွင် ထပ်မံဖုန်းဆက်ပါ။

**၃.၂။ ခရီးအတွက်ပြင်ဆင်ခြင်း**

**(က) ခရီးသွားလာခြင်း**

၁။ သင်၏သွားလာမှုလုံခြုံရေးအစီအစဉ်လိုက်နာပါ။

၂။ လိုအပ်လျှင် နေထိုင်မှုပါစီစဉ်ပါ။

**(ခ) အစည်းအဝေးအတွက် ငွေကုန်ကျမှု**

ခရီးစဉ်တစ်လျှောက်လိုအပ်မည့်ခန့်မှန်းကုန်ကျငွေကိုတွက်ပါ။

**(ဂ) အခြားပံ့ပိုးသူများနှင့်အတူလုပ်လျှင်ညှိနှိုင်းဆောင်ရွက်ပါ။**

၁။ အတူလက်တွဲလုပ်ကိုင်မည့်အခြားပံ့ပိုးသူများနှင့်လုပ်ငန်းစီမံချက်ရေးပါ။

၂။ သင်တန်းပစ္စည်းများပူးပေါင်းအသုံးပြုရန်လိုအပ်ချက်များကို ဆွေးနွေးပါ။

**(ဃ) အစည်းအဝေးကိုအချိန်သတ်မှတ်ပါ။**

၁။ ပံ့ပိုးသူသွားမည့်ခရီးစဉ်ကိုခန့်မှန်းပါ။ (အသွား၊ အပြန်)

၂။ စည်းရုံးရန်အစည်းအဝေးကြာမည့်အချိန် (၁ - ၂နာရီခန့်) ခန့်မှန်းပြီးလူအများ(ကျားနှင့်မ)၊ မြေယာမဲ့၊ မြေပိုင် ဆိုင်မှုနည်းသူများအားလုံးတက်နိုင်သောအချိန်ကိုရွေးပါ။

၃.၃။ ပထမအကြိမ် စည်းရုံးလှုံ့ဆော်ရေးအစည်းအဝေး – စီမံကိန်းအကြောင်း အကျဉ်းချုံး ရှင်းပြခြင်း

**အချိန်** ။ ။ ၆၀ မိနစ်

**ရည်မှန်းချက်များ** ။ ။ (က) RWCP စီမံကိန်းတွင်ပါသော ကဏ္ဍကြီး (၅) ချက်ကိုရှင်းပြရန်။

(ခ) ကဏ္ဍကြီး(၁) CV/CFC ပုံစံ (ရည်ရွယ်ချက်၊ ဦးတည်အဖွဲ့နှင့် သွင်းအားစု) အကြောင်းကို အသေးစိတ် ရှင်းပြရန်။

(ဂ) FFS လုပ်ငန်းကိုရှင်းပြရန်။

(ဃ) နောက်အစည်းအဝေးအတွက် စိတ်ပါဝင်စားပြီး CV/CFC သင်တန်းသားဖြစ်လာရန် အလားအလာရှိသည့် သူများကို ဖိတ်ခေါ်ရန်။

**လိုအပ်သောပစ္စည်းများ** ။ ။ အစည်းအဝေးပြုလုပ်ရန်ခွင့်ပြုစာ (ဖြစ်နိုင်ပါက)၊ ဗီနိုင်းများ – ၁။ RWCP က လုပ်ဆောင်လျက်ရှိသော ကဏ္ဍကြီးများ၊ ၂။ CV/CFC ပုံစံ (ရွေးချယ်မှုစံနှုန်း)၊ ၃။ FFS လုပ်ငန်းစဉ်၊ FFS သင်တန်းသားများ အမည်ရေးချရန် စာရွက်ငယ်များ။

**လုပ်ဆောင်ချက် (၁) ရခိုင်ဆောင်းသီးနှံ စီမံကိန်းအကြောင်း၊ စီမံကိန်း၏စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းပုံစံနှင့် သွင်းအားစုများအကြောင်းကို CV/CFC လယ်သမားများသာမက တက်ရောက်လာသော ရွာသားအားလုံးကို ရှင်းပြရန်။ (၄၀မိနစ်)**

(က) အစည်းအဝေးမစတင်မီ သာမန်အကြောင်းအရာများကို ပြောကြပါ။

(ခ) ကျေးရွာတာဝန်ရှိသူအားဖိတ်ခေါ်ပြီးတက်ရောက်သူများကို သင်သည် ပံ့ပိုးကူညီမည့်သူဖြစ်ကြောင်း မိတ်ဆက်ပေးစေပါ။

(ဂ) အစည်းအဝေးအစီအစဉ်နှင့်အစည်းအဝေးအချိန်ကာလ ကိုရှင်းပြပါ။

(ဃ) RWCP ကဏ္ဍကြီးများနှင့် CV/CFC ပုံစံတို့ကိုကြိုတင်ပြင်ဆင်ထားသော ဗီနိုင်းများ သို့မဟုတ်ကားချပ်များဖြင့် ရှင်းပြပါ။

(င) တက်ရောက်သူများ၏ မေးခွန်းများကိုဆွေးနွေးဖြေရှင်းပါ။

**ရခိုင်ဆောင်းသီးနှံစီမံကိန်းမှ လုပ်ဆောင်လျက်ရှိသော ကဏ္ဍကြီး (၅)ရပ် (ဗီနိုင်း ၁)**

၁။ စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့ကျင့်ကောင်း (GAP) သင်တန်းများပေး၍ သရုပ်ပြစိုက်ကွက်များ စိုက်ပျိုးစေခြင်း။

တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်းမှ အောင်မြင်စွာလုပ်ကိုင်ခဲ့သောတောင်သူများအားစီးပွားဖြစ်စိုက်ဧရိယာ၏တစ်ဝက်ရှိသော မြေအကျယ်အဝန်းပေါ်တွင် အလယ်အလတ်စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) သင်တန်းများပေး၍ သရုပ်ပြ စိုက်ကွက်များ စိုက်ပျိုးစေခြင်း။

၂။ စိုက်ပျိုးမြေမရှိသူများနှင့် မြေယာအနည်းငယ် ပိုင်ဆိုင်သူများအတွက် တစ်ပိုင်တစ်နိုင်ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) သင်တန်းများ ပေးခြင်း။

၃။ စီမံကိန်းကျေးရွာများတွင် စိုက်ပျိုးရေ ရရှိရေးနှင့် ရေသွင်းစနစ်များ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်း။

၄။ ဈေးကွက်သုသေတနပြုလုပ်ခြင်းနှင့် စိုက်ပျိုးရေးနှင့်ဆက်စပ်နေသည့်လုပ်ငန်းများ အချိတ်အဆက် ပိုမိုကောင်း မွန်လာအောင် ဖော်ဆောင်ပေးခြင်း။

၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် လုပ်ငန်းများအတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း။

**စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း ပြုလုပ်မည့် ပုံစံနှင့် ဦးတည်အုပ်စုများ ဖော်ပြချက် (ဗီနိုင်း ၂)**

၁။ စိုက်ပျိုးရေးတွင် ယခင်ကတည်းက နည်းပညာအသစ်များသုံးပြီး အောင်မြင်နေသူ လယ်သမားများ (ခင်ပွန်း နှင့် ဇနီး သို့မဟုတ် တစ်ဦးတည်း အိမ်ထောင်ဦးစီးများ) အထူးသဖြင့် (GAP) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ နည်းပညာအသစ်သုံးပြီး စီးပွားဖြစ် ဟင်းသီးဟင်းရွက်။ ကွင်းသီးနှံများ ထုတ်လုပ်ရောင်းချရန်အတွက် စိုက်ပျိုးလိုသူ။

၂။ "လုပ်နိုင်သည်" ဟု ခံယူချက်ရှိပြီး၊ "မလုပ်နိုင်ဘူး" ဘာကြောင့် ဆင်ခြေပေးသောသူ မဖြစ်ရ၊ GAP နည်း အသုံးပြု၍ ဆောင်ရွက်ရာတွင် ထည့်ဝင်ရမည့် ငွေရှိရမည်။ ငွေမရှိတော့သည့်အတွက် သွင်းအားစုများများ သုံးရသော GAP နည်းကို ဆက်လက်မသုံးနိုင်တော့ပါဟု မဖြစ်စေရ။

၃။ ပင်ကိုယ်က ခေါင်းဆောင်စိတ်ဓါတ်ရှိပြီး အခြားမိသားစုများမှ ၎င်းထံသို့အကြံဉာဏ်များ လာရောက်တောင်းခြင်း ခံရလေ့ရှိသူ။

၄။ နည်းပညာများကို လိုက်နာအသုံးချမည့် ဆင့်ပွားလယ်သမား ၂ ဦးမှ ၃ ဦးထိ တိုးချဲ့ပြီး ပညာပြန့်ပွားအောင် စည်းရုံးဆောင်ရွက်လိုစိတ်ရှိသူ။

၅။ ရွေးချယ်ခံရသော လယ်သမားသည် ရေးတတ်၊ တွက်တတ်ရမည်။ သို့မှသာ ၎င်းတို့သည် လယ်သမားကွင်း သင်တန်းကျောင်းတွင် ထိရောက်စွာ ပါဝင်လိုက်လံ ဆောင်ရွက်နိုင်မည်။

၆။ ခေါင်းဆောင် လယ်သမားများသည် ရက်သတ္တပတ်အပေါ်အခြေခံပြုလုပ်မည့်သင်တန်း တစ်ကြိမ်လျှင် ၃နာရီ ဖြင့်စုစုပေါင်း ၁၆ ကြိမ်တက် ရောက်လိုစိတ်ရှိရမည်။ သင်တန်းကို ကျေးရွာအုပ်စု၏ ဗဟိုကျသော ၏ကျေးရွာတွင်ပြုလုပ်မည်ဖြစ်ပြီး အမှန်တကယ်ကုန်ကျသော ခရီးစရိတ်အား အဖွဲ့အစည်း မှ ထောက်ပံ့မည်ဖြစ်သည်။

၇။ စိုက်ပျိုးရန်အတွက် သင့်လျော်သော မြေရှိရမည်။ (ကိုယ်ပိုင် သို့မဟုတ် အငှား)။

၈။ ဆောင်းသီးနှံအတွက် အလွယ်တကူ ရေရရှိထားပြီးသောနေရာ(သို့မဟုတ်) အလွယ်တကူ ရေအလုံအလောက် ရရှိနိုင်သောနေရာဖြစ်ရမည်။ သွင်းရေအတွက် ငွေအရင်းအနှီး စိုက်ထုတ်နိုင်ရမည်။

၉။ မြေဆောင်ရောဂါဖြစ်ပွားမှု၊ အာဟာရဆုံးရှုံးမှုနှင့် ဈေးကွက်ဆုံးရှုံးရမှုများလျော့ချရန် GAP သီးလှည့်စိုက်စနစ်တွင် အနည်းဆုံး ဟင်းသီးဟင်းရွက် ၄ မျိုး (သို့မဟုတ်) အနည်းဆုံး စီးပွားဖြစ် ကွင်းသီးနှံ ၂ မျိုး စိုက်ပျိုးလိုသူဖြစ်ရမည်။

၁၀။ သွင်းအားစုအတွက် ၁၀% ထည့်ဝင်လိုစိတ်ရှိရမည်။ (စံပြကွက်အတွက် ၂၅၀၀၀ ကျပ်ခန့် နှင့် ရေသွင်းစနစ်ပေါ် မူတည်ပြီး သွင်းရေ အတွက် ၁၀% )

၁၁။ အရှုံးအမြတ်တွက်ချက်နိုင်ရန် သုံးငွေနှင့်ဝင်ငွေမှတ်ထားသောမှတ်စု စာအုပ်ကို ပြီးအောင် ဆောင်ရွက်လိုစိတ် ရှိရမည်။

၁၂။ အချင်းချင်း ငွေချေးခြင်း၊ လှည့်ပတ်ရံပုံငွေ အတွက် ငွေ စုခြင်း၊ လျှော့ဈေး ရရှိရန်သွင်းအားစုများကို အုပ်စုလိုက်ဝယ်ခြင်း၊ အကယ်၍ဖြစ်နိုင်လျှင် အုပ်စုလိုက်ရောင်းချခြင်းနှင့် အုပ်စုလိုက်ငွေစုဆောင်းခြင်းတို့အတွက် အစုအဖွဲ့ထဲသို့ ပါဝင်ပါ။ CCBG အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရမည်။ အစုအဖွဲ့လိုက် ရောင်းချခြင်းအားဖြင့် ဈေးနှုန်း ပိုမိုရရှိမည်ကို စဉ်းစားရမည်။

မှတ်ချက်။ ။ အကယ်၍ လယ်သမား ၂၅ ဦး ကို တစ်ရွာတည်းမှ ရွေးချယ်ခဲ့လျှင် တချို့ စာမတတ်၊တွက်ချက် မတတ်သော လယ်သမားများ အဖွဲ့ဝင် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဒီလိုအခြေနေမှာ သူတို့ သင်တန်းတက်ခဲ့ရင် အုပ်စုငယ်အဖွဲ့တွင် စာတတ်၊ တွက်ချက် တတ်သူတစ်ဦးထားပေးပြီး သူတို့၏ အကြံဉာဏ်စိတ်ကူးများကို မှတ်တမ်းတင်ပေးနိုင်ပါသည်။ ပြီးတော့ ပြန်ပြီးအခြား အဖွဲ့ဝင်များကိုလည်း မျှဝေနိုင်ပါသည်။

**လုပ်ဆောင်ချက် (၂) လယ်သမားကွင်းသင်တန်းကျောင်း (FFS) အကြောင်းရှင်းပြခြင်း။ (၂၀ မိနစ်)**

(က) CV/CFC ပုံစံကို FFS နည်းဖြင့် ပြုလုပ်ပုံ ရှင်းပြပါ။
(ခ) သင်တန်းသားများ မေးသော မေးခွန်းများကို ဖြေပြီးဆွေးနွေးပါ။
(ဂ) တက်ရောက်သူများအား ဖိတ်ခေါ်ပြီးဖော်ပြပါ လယ်သမားတစ်ဦး (၁) လယ်ယာကဏ္ဍတွင် အောင်မြင် နေသူ (၂) "လုပ်နိုင်သည်" "can do" လုပ်နိုင်သည်ဟုခံယူပြီး နည်းပညာအသစ်များကိုအသုံးပြုလိုသူ (၃) နည်းပညာ များကို အခြားသူများအားဖြန့်ဝေလိုစိတ်ရှိသူ (၄) စာရေးတတ်၊ တွက်တတ်သူ အမည်ကို ရေးခိုင်းပါ။ စာရင်းထဲပါသော သူများအား နောက်အစည်းအဝေးသို့လာရောက်ရန်ဖိတ်ပါ။
(ဃ) နောက်အစည်းအဝေး ရက်စွဲ၊ အချိန်နှင့် နေရာကို အတည်ပြုပါ။ အချိန်နှင့် နေရာသည် ကျားနှင့် မ နှစ်ဦးလုံး အတွက် အဆင်ပြေနိုင်စေရန် သတိပြုပါ။
(င) အစည်းအဝေးတတ်ရောက်သူများအား ကျေးဇူးတင်စကားပြောပါ။

လယ်သမားကွင်း သင်တန်းကျောင်းလုပ်ငန်း (ဇီနိုင်း ၃)

၃ နာရီကြာ နည်းပညာဆိုင်ရာသင်တန်းကို ၁၄ – ၁၆ ကြိမ်၊ ၁ ပတ် (သို့မဟုတ်) ၂ ပတ်လျှင် တစ်ကြိမ်၊ သင်တန်းချိန်များသည် သီးနှံစိုက်ချိန်မှ ရိတ်သိမ်းချိန်များနှင့် အညီ ဖြစ်သည်။ ပါဝင်သောသင်တန်းချိန်များမှာ –

(က) အခန်းတွင်းဆွေးနွေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) အကြောင်း ဆွေးနွေး ခြင်းများ။

(ခ) လယ်သမားစိုက်ခင်းများအတွင်း လမ်းလျှောက်ရင်း လယ်သမားပြဿနာများ ဆွေးနွေးခြင်း၊ ထို့နောက် GAP သရုပ်ပြအခင်းတွင်ပြဿနာများနှင့် ဖြေရှင်းချက်များကို ဆွေးနွေးခြင်းနှင့် စာသင်ခန်းတွင် သင်ကြား ခဲ့သောစာတွေ့ကိုလက်တွေ့လုပ်ပြခြင်း။

## ပံ့ပိုးသူအားအကြံပေးချက်များ

အစည်းအဝေးတက်ရောက်သူများနားလည်ရန်မှာ ဤစာစဉ်သည် "လုပ်နိုင်သည်ဟု" ခံယူချက်ရှိပြီး အခြားသူများအား နည်းပညာဖြန့်ဝေလိုသောစိတ်ရှိသူ စာရေးတတ်၊ ဖတ်တတ် ပြီး အောင်မြင်သော လယ်သမားကို ဦးတည်သည်။ ကဏ္ဍကြီး – ၁ သည် သင်တန်းနှင့် သရုပ်ပြကွက်အတွက် သွင်းအားစုသာ ပံ့ပိုးမည် ဖြစ်ပြီး၊ စိုက်ပျိုးရေးအတွက် ပစ္စည်းများ၊ ကိရိယာများ၊ ချေးငွေ (သို့မဟုတ်) အခြားသွင်းအားစုများကို ပေးမည်မဟုတ်ပါ။ ၎င်းတို့ကို အခြား ကဏ္ဍများမှ ပေးမည်ကို ရှင်းပြပါ။

## ၃.၄။ ဒုတိယ အကြိမ် စည်းရုံးလှုံ့ဆော်ရေး အစည်းအဝေး၊ သင်တန်းသားများရွေးချယ်သတ်မှတ်ခြင်း

(CV/CFC) သင်တန်းတက်ရောက်ရန် အဆိုပြုထားသူများသာ

**အချိန်** ။ ။ ၇၅ မိနစ်

**ပစ္စည်းများ** ။ ။ ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီးများ၊ မာကာပင်များ၊ ဇီနိုင်းများ ၁။ CV/CFC ပုံစံ၊ ၂။ FFS လုပ်ငန်း၊ ၃။ ပါဝင်ရန် အလားအလာရှိသော သင်တန်းသားများ၏အမည်ကိုရေးရန် စာရွက်သေး။

**ရည်မှန်းချက်များ** ။ ။ (က) CV/CFC ပုံစံ (ဦးတည်အဖွဲ့နှင့်ရည်ရွယ်ချက်) ကိုထပ်မံရှင်းပြရန်။

(ခ) FFS လုပ်ငန်းကိုထပ်မံရှင်းပြရန်။

(ဂ) CV/CFC တွင် ပါဝင်လုပ်ကိုင်မည့် သင်တန်းသားရွေးရန်။

### လုပ်ဆောင်ချက် (၁) CV/CFC ပုံစံကို ပြန်လည်သုံးသပ်ပြရန်။ (၃၀ မိနစ်)

(က) ကဏ္ဍကြီး – ၁၊ စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးခြင်းသည် အမြတ် ရရန်ဖြစ်ကြောင်း ရှင်းပြရန် (ကြိုတင်ပြင်ဆင်ထားသော ဇီနိုင်း ၂ (သို့) စာရွက်ကြီး)

### လုပ်ဆောင်ချက် (၂) လယ်သမားကွင်းသင်တန်းကျောင်း ပြန်လည်သုံးသပ်ရန်။ (၅ မိနစ်)

(က) လယ်သမားကွင်းသင်တန်းကျောင်း လုပ်ငန်းစဉ်များကို ဇီနိုင်း (သို့) ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီးပေါ်တွင် ထပ်မံရှင်းပြပါ။

## ပံ့ပိုးသူအားအကြံပေးချက်များ

**အောက်မှ တောင်သူ ရွေးချယ်ခြင်းကို မဆောင်ရွက်မီ ပြန်လည်သုံးသပ်ခြင်းကို ပြုလုပ်ပါ။**

**ရွေးချယ်ခြင်းလုပ်ငန်း အသေးစိတ်**

၁။ သင် SSVP FFS များပြုလုပ်နေစဉ်အချိန်က ပါဝင်သော လယ်သမားများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရန် အခွင့်အရေးများရှိခဲ့သည်။ သင်သည် ၎င်းတို့ရွာတွင် အောင်မြင်သော CV နှင့် CFC စောစော စိုက်သော လယ်သမားများ၏ အမည်များကို အလွတ်သဘော မေးခဲ့ပြီးဖြစ်သည်။ သင်သည် အခြားနည်းများ ဖြင့် သင့်တော်သော FFS လယ်သမားများကို ရှာဖွေစဉ် ၎င်းတို့ အမည်များကို နောက်ပိုင်းတွင် ကိုးကားရန် ရေးချထားပါ။

၂။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများ၏ GAP အသုံးချမှုနှင့် ရလဒ်များကို သုံးသပ်ချိန်တွင် မြေကိုငှားရမ်းပြီး CV CFC လယ်သမား အဖြစ် တိုးတက်လုပ်ဆောင်လိုသည့် မြေယာမဲ့ ၂ – ၃ဦး ခန့်တွေ့နိုင်သည်။ ၎င်းတို့၏ အမည်ကို မှတ်သားပြီး ရေသွင်းစိုက်ပျိုးနိုင်သည့် အငှားမြေပေါ်တွင် CV /CFC စိုက်ရန် ပါဝင်လိုစိတ်ရှိ၊မရှိကို မေးပါ။

၃။ စည်းရုံးလှုံ့ဆော်ရေးအဆင့်တွင် မိမိတို့သည် ကျေးရွာအစည်းအဝေးပွဲတွင် စီမံကိန်းပြုလုပ်ရန်ကို ဆွေးနွေးခဲ့ပြီး ၎င်းအချိန်တွင် ကျေးရွာသားများအား (၁) ယခင်ကတည်းက အောင်မြင်စွာ စိုက်ပျိုးနေသူ (၂) ငွေကြေးအရင်းအနှီး တတ်နိုင်ပြီး မိမိလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်သူ (၃) သွင်းအားစု ကုန်ကျစရိတ် စုစုပေါင်း၏ ၁၀% ကို ကြိုတင် ပေးနိုင်သူ (၄) မြေနှင့်ရေ လွယ်ကူစွာရနိုင်သူ (၅) အခြားသူများကို နည်းပညာမျှဝေပေးနိုင်သူ (၆) ရေးဖတ်တွက်ချက်နိုင်သူ (၇) ဟင်းသီးဟင်းရွက်အတွက် သီးနှံ (၄) မျိုးနှင့် ကွင်းသီးနှံအတွက် သီးနှံ (၂-၃) မျိုးကို သီးလှည့်စိုက်နည်း GAP ဖြင့် စိုက်နိုင်သူ (၈) သုံးငွေနှင့် ဝင်ငွေမှတ်တမ်းများ ထားလိုသောသူအား မဲပေးစေပါ။ ဤမဲပေးနည်းစနစ်ဖြင့် ကျေးရွာလူထုမှ ရွေးချယ်သော အမည်များကို ရနိုင်သည်။

၄။ နောက်ဆုံးအဆင့်အနေဖြင့် တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး မိမိရွေးချယ်သူကို အတည်ပြုပေးနိုင်သည်။ တာဝန်ရှိသူနှင့် ပြောဆိုရာတွင် သတိပြုရန်မှာ ၎င်းတို့အမည် သို့မဟုတ် ၎င်းတို့မိတ်ဆွေနှင့် မိသားစုအမည်များကို ပေးနိုင်သည်ကို သတိပြုရမည်။ FFS အတွက် သင့်လျော်သောသူကို အခြားနည်းဖြင့်လည်း တွေ့နိုင်သောကြောင့် အခြား ရွေးချယ်နည်းများကိုလည်း တွဲသုံးနိုင်သည်။

၅။ မိမိတို့သည် လယ်သမားများအား GAP သွင်းအားစု တန်ဖိုးစုစုပေါင်း၏ ၁၀% ကို ထည့်ခိုင်းခြင်းသည် လယ်သမားများ၏ GAP ပေါ် တာဝန်ယူမှုနှင့် နောင်ရာသီများတွင် သွင်းအားစုများ ဝယ်ယူရန်အတွက် ကုန်ကျစရိတ်များကို ပေးချေနိုင်ကြောင်း ပြသရာရောက်သည်။

၆။ အဖြေများအားလုံးကို နှိုင်းယှဉ်ပြီး လူတွေ့စစ်ဆေးနိုင်ရန်အတွက် အလားအလာရှိသော FFS အဖွဲ့ဝင်များအား ကွင်းတာဝန်ခံမှ စာရင်းပြုစုပေးပါ။ ၎င်းအချိန်တွင် ကွင်းတာဝန်ခံအနေဖြင့် စီမံကိန်းနှင့် ၎င်းတို့၏ ရေရှည် အကျိုးစီးပွားအတွက် မည်သူက ပါဝင်သင့်ကြောင်းကို ဆုံးဖြတ်နိုင်သည်။

### လုပ်ဆောင်ချက် (၃) စိတ်ပါဝင်စားသူများကို ရွေးချယ်ခြင်း (၃၀ မိနစ်)

(က) သင်တန်းသားရွေးချယ်ရေးမှုကို စာရွက်ကြီးပေါ်တွင် ချရေးပြပြီး လိုအပ်ချက်များကို ရှင်းပြပါ။

(ခ) တက်ရောက်သူများအား စာရွက်ငယ်များပေါ်တွင် FFS သင်တန်းတက်သင့်သူ ၂ ဦးအမည်ကို အဆိုပြု ရေးခိုင်းပါ။ ရေးဖို့အခက်ခဲရှိပါက ရေးပေးပါ။

(ဂ) ရွေးချယ်ခံရသူများကို စာရွက်ကြီးပေါ်တွင် ချရေးပါ။

(ဃ) ရွေးချယ်ခံရသူများကို တက်ရောက်လိုခြင်း ရှိ၊မရှိ အတည်ပြုရန်မေးပါ။ မတက်လိုပါက စာရင်းထဲမှ နောက်တစ်ဦးကိုရွေးပါ။

(င) ရွေးချယ်ခံရသူများကို ကျေးရွာခေါင်းဆောင်များနှင့် အတည်ပြုပါ။

(စ) ကွင်းဆင်းအရာရှိမှ မဲပေးထားသောစာရင်းနှင့် တခြားနည်းလမ်းဖြင့် ရွေးချယ်ထားသောစာရင်းတို့ကို နှိုင်းယှဉ်ပြီး နောက်ဆုံး ရွေးချယ်မှုကို ပြုလုပ်ပါ။

(ဆ) ၎င်းတို့၏ ခင်ပွန်း (သို့မဟုတ်) ဇနီး အမည်များ၊ ကျေးရွာ နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ယူထားပါ။

(ဇ) ၎င်းတို့ထံမှ ရခိုင်ဆောင်းသီးနှံစီမံကိန်းမတိုင်မီ ဆောင်းရာသီ သီးနှံအမျိုးအစား၊ ဧရိယာ၊ အထွက်နှုန်း၊ ဝင်ငွေ၊ သုံးငွေ၊ အမြတ်များကို မှတ်တမ်း ယူထားပါ။

(ဈ) ရွေးချယ်ခံရသော ဦးဆောင်တောင်သူမှ အိမ်ပြန်ရောက်လျှင် သင့်လျော်သလို အခြားတောင်သူ ၃-၅ ဦးကိုရွေးချယ်ရန်ပြောပါ။ ၎င်းတို့သည် ဆင့်ပွားတောင်သူများ အနေဖြင့် သွင်းအားစုများ နှင့် ဆင့်ပွားနည်းပညာများကိုလည်း ဦးဆောင်တောင်သူမှရပါလိမ့်မည်။

(ည) FFS သင်ခန်းစာ အခန်း(၁) စတင်ရန်အတွက် အချိန်နှင့် နေရာ သဘောတူညီချက်ကို ယူပါ။

### ပံ့ပိုးသူအားအကြံပေးချက်များ

၁ FFS အစည်းအဝေးသည်အုပ်စု၏ ဗဟိုကျသောကျေးရွာတွင် ပြုလုပ်ခြင်းဖြင့်တက်ရောက်သူများ သွားလာရလွယ်ကူသည်။

၂။ သရုပ်ပြကွက် တစ်ခု (သို့မဟုတ်) အကွက်ငယ် ၃ ခုကို ကွင်းလက်တွေ့အတွက် ရွေးပြီး သင်တန်းသား ၂၅ ယောက်ကို ၈ (သို့)၉ ယောက်ဖြင့် အုပ်စု ၃ စု ခွဲပါ။

**စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရေး (CV/CFC) သင်တန်းသားရွေးချယ်ရန်**

**ရည်ရွယ်ထားသောအုပ်စု**

၁။ အောင်မြင်သောလယ်သမားများ (ခင်ပွန်းနှင့်ဇနီး (သို့မဟုတ်) တစ်ဦးတည်းအိမ်ထောင်ဦးစီး) ဟင်းသီးဟင်းရွက်နှင့်ကွင်းသီးနှံကို GAP နည်းပညာကိုအသုံးပြုပြီးထုတ်ကုန်ကို ရောင်းချလိုသူ။

၂။ "လုပ်နိုင်သည်" ဟု သဘောထားရှိသူဖြစ်ရမည်။ "မလုပ်နိုင်ဘူး - - - ဘာကြောင့်" ဆင်ခြေပေးသောသူ မဟုတ်ရ။

၃။ ယခင်ကတည်းက ခေါင်းဆောင်။အကြံပေးလိုစိတ်ရှိပြီး အခြားမိသားစုများမှ အကြံဉာဏ် လာတောင်းခံရတတ်သူ။

၄။ နည်းပညာ အသုံးချရန် စိတ်ဝင်စားသော တောင်သူ ၂-၃ ဦးကိုလည်း နည်းပညာမျှဝေပေးရန်ဆန္ဒရှိသူ ဖြစ်ရမည်။

၅။ ရွေးချယ်ခံရသော လယ်သမားသည် ရေးတတ်၊ တွက်တတ်ရမည်။ သို့မှသာ လယ်သမား များသည် FFS တွင် ကောင်းစွာပါဝင်နိုင်မည်။

၆။ ခေါင်းဆောင် လယ်သမားများသည် ရက်သတ္တပတ်အပေါ်အခြေခံပြုလုပ်မည့်သင်တန်း တစ်ကြိမ်လျင် ၃နာရီဖြင့်စုစုပေါင်း၁၆ကြိမ် တက် ရောက်လိုစိတ်ရှိရမည်။ သင်တန်းကို ဗဟိုကျသော ကျေးရွာအုပ်စု၏ ကျေးရွာအုပ်စု၏ ဗဟိုကျသောကျေးရွာတွင်ပြုလုပ်မည်ဖြစ်ပြီး အမှန်တကယ်ကုန်ကျသော ခရီးစရိတ်အား အဖွဲ့အစည်းမှ ထောက်ပံ့မည်ဖြစ်သည်။

၇။ သင့်တော်သည့် မြေပိုင်ဆိုင်ရမည်။ (ကိုယ်ပိုင်/ ငှား)

၈။ ဆောင်းသီးနှံအတွက် ရေရရှိမှုနှင့် ရရှိအောင်ဆောင်ရွက်နိုင်မှု။

၉။ GAP နည်းဖြင့် ဟင်းသီးဟင်းရွက်အတွက်အနည်းဆုံးသီးနှံ (၄) မျိုး နှင့် ကွင်းသီးနှံအတွက် သီးနှံ (၂-၃) မျိုးကို သီးလှည့်စိုက်နိုင်ရမည်။

၁၀။ သွင်းအားစုရန်ပုံငွေအတွက် ၁၀% ထည့်ဝင်နိုင်ရမည်။ (စံပြကွက်အတွက် ၂၅၀၀၀ ကျပ်ခန့် နှင့် ရေသွင်းစနစ်ပေါ် မူတည်ပြီး သွင်းရေ အတွက် ၁၀%)

၁၁။ နောက်ဆုံးဆန်းစစ်ရန်ဝင်ငွေ။သုံးငွေစာရင်း နှင့် အရှုံးအမြတ် တွက်ချက်ခြင်းကိုပြီးအောင်ဆောင်ရွက်နိုင်ရမည်။

၁၂။ အချင်းချင်း ငွေချေးခြင်း၊ လှည့်ပတ်ရံပုံငွေ အတွက် ငွေ စုခြင်း၊ လျှော့ဈေး ရရှိရန်သွင်းအားစုများကို အုပ်စုလိုက်ဝယ်ခြင်း အတွက် အစုအဖွဲ့ထဲသို့ ပါဝင်ပါ။ အကယ်၍ ဖြစ်နိုင်လျှင် အုပ်စုလိုက်ရောင်းချခြင်းနှင့် အစုအဖွဲ့လိုက် ရောင်းချခြင်းအားဖြင့် ဈေးနှုန်းပိုမိုရ ရှိမည်ကို စဉ်းစားရမည်။

**မှတ်ချက် ။ ။ အကယ်၍ သင်တစ်ရွာထဲမှ ၂၅ ဦး ရွေးချယ်လျှင်၊ အချို့မှာ စာမရေးတတ်။မဖတ်တတ်ပါ။ ၄င်း အခြေအနေတွင် လယ်သမားသည် သင်တန်းတက်နိုင်သည်။ သူတို့ကို ရေးတတ်သူ အနည်းဆုံးတစ်ယောက်ပါသော အဖွဲ့တွင်ပါဝင်စေပါ။**

ရခိုင်ဆောင်းသီးနှံစီမံကိန်း

အတွက် ရွေးချယ်ထားသော တောင်သူများအတွက် မှတ်ပုံတင်ပုံစံ

မြို့နယ် ...................................... Cluster ...................................... ကောက်ယူသည့်ရက်စွဲ ...............................

FO ...................................... ကျေးရွာအုပ်စု ......................................

| ကျေးရွာ | စဉ် | အမည် | ကျား/မ | ခေါင်းဆောင်/နောက်လိုက် | မြေဧရိယာ ပိုင်(ပ)/ငှါး(င) | သီးနှံအလိုက် အတွေ့အကြုံ (နှစ်) | အသက် | ပညာ | ရေအရင်း အမြစ် | လူမျိုး |
|---|---|---|---|---|---|---|---|---|---|---|
| ရှင်စောပြင် | ၁ | ခင်ပွန်း | ကျား | ခေါင်းဆောင် | ၁ဧက (၁) | မြေပဲ / ၁၀ နှစ် | ၄၃ | ၅ | ချောင်း ၅လ | |
| | | ဇနီး | မ | ခေါင်းဆောင် | | | | | | |
| | ၁.၁ | နောက်လိုက် | ကျား၊ မ | နောက်လိုက် | | | | | | |
| | ၁.၂ | နောက်လိုက် | ကျား၊ မ | နောက်လိုက် | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

**RWCP** စီမံကိန်း မစတင်မီ သီးနှံထုတ်လုပ်မှု ရာဇဝင် စုဆောင်းခြင်းပုံစံ။

မြို့နယ် ...................................... Cluster .......................................... ကောက်ယူသည့်ရက်စွဲ .............................................

FO .................................... ကျေးရွာအုပ်စု ......................... ကျေးရွာ .................... တောင်သူအမည် ...................................

RWCP ဆောင်းသီးနှံအတွက် ကောင်းယူခြင်းဖြစ်ပါက မတိုင်ခင်ကစိုက်ခဲ့သော ဆောင်းသီးနှံ၏ အချက်အလက်များကိုသာ ကောက်ယူပါ။

(ဆောင်းသီးနှံကို ဆောင်းသီးနှံနှင့်သာ နှိုင်းယှဉ်ရန်)

| **RWCP** မတိုင်မီက စိုက်ခဲ့သော သီးနှံများ | ဧရိယာ | အထွက်နှုန်း (စား၊ လှူ၊ ရောင်း၊ ကွင်းအတွင်းကျန်ခဲ့သော သီးနှံအားလုံး အပါအဝင်) | ယူနစ် (က) | ပျမ်းမျှဈေးနှုန်း (ခ) | စုစုပေါင်း ခန့်မှန်း ဝင်ငွေ (က × ခ) | စုစုပေါင်း ခန့်မှန်း ကုန်ကျစရိတ် (င) (မျိုးစေ့မြေဩဇာ အခြားစရိတ်) | ခန့်မှန်း အပြင် လုပ်အားခ(ဃ) | အသားတင်ဝင်ငွေ (အရှုံး/အမြတ်) (က × ခ) - (င × ဃ) |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| **RWCP** ပြီးနောက် ဒီနှစ်ရာသီတွင် စိုက်ခဲ့သော သီးနှံများ | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

## စိုက်ပျိုးရေးအလေ့ကျင့်ကောင်းများကို စဉ်ဆက်မပြတ်လေ့လာခြင်း

စီမံကိန်းအများစုသည်တိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာရန်လိုအပ်သလို အောင်မြင်မှုရလဒ်များကိုလည်း အကဲဖြတ်ဆန်းစစ်ရန် လိုအပ်ပါသည်။ အောက်ဖော်ပြပါပုံစံသည်တောင်သူများမှစိုက်ပျိုးရေးအလေ့ကျင့်ကောင်းများကိုအကောင်ထည်ဖော်ဆောင်ရွက်ရာတွင်လက်ခံကျင့်သုံးမှု၏တိုးတက်မှုများကိုစီမံကိန်းဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် လေ့လာနိုင်စေရန်ဖြစ်သည်။ အချို့အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် အဆင့်များစွာ ရှိပါသည်။ ဥပမာ - ပျိုးထောင်စိုက်ပျိုးခြင်း၊ ပြုစုရရိတ်ရာတွင် အဆင့် ၁၀ဆင့်ရှိပါသည်။ လယ်သမားကိုမေးခြင်း သို့မဟုတ် စိုက်ကွင်းလေ့လာခြင်းအားဖြင့် ဘယ်အဆင့်တွေကို ဆောင်ရွက်ခဲ့သလဲ ဆိုတာသိနိုင်ပါသည်။ ပုံစံတွင် လိုက်နာဆောင်ရွက်ခဲ့သော စုစုပေါင်းအဆင့် % ကိုချရေးပါ။ ဥပမာ - အဆင့် ၁၀ ဆင့်မှာ ၇ဆင့် လိုက်လုပ်လျင် ၇၀% ဖြစ်သည်။ လယ်သမားတစ်ဦးချင်း၏ တစ်ခုချင်း ဆောင်ရွက်မှု ရလဒ်ကို စာရွက်ပုံစံ၏အောက်ဆုံးတွင်စုစုပေါင်းပါသည်။ လယ်သမား သင်တန်း ကျောင်းတလျောက် စိုက်ပျိုးရေးအလေ့ကျင့်ကောင်းများကို ပျမ်းမျှလက်ခံကျင့်သုံးသော % အတွက် စုစုပေါင်းရလဒ်ကို စုစုပေါင်းလယ်သမားဖြင့် စားပါ။ ဦးဆောင်တောင်သူ ၂၅ဦးသာဆိုလျှင် စိုက်ပျိုးရေးအလေ့ကျင့်ကောင်းကို စနစ်တကျထဲထဲဝင်ဝင် စဉ်ဆက်မပြတ် လေ့လာခြင်းဖြစ်နိုင်ပါသည်။ ဒါပေမဲ့ ဆင့်ပွားတောင်သူများ (၁၂၅ ဦး အထက်) တွင် ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်ကို ဖြည့်ခြင်းအားဖြင့် အချိန်ကုန်သက်သာစေသည်။

## ရလဒ်များကို အကဲဖြတ်ခြင်း

ပေးထားသောပုံစံတွင် ဦးဆောင်တောင်သူ နှင့်ဆင့်ပွားတောင်သူတို့၏ စိုက်ကွက်များအတွက် ကွင်းဆင်းလေ့လာအကဲဖြတ်ခြင်း စာတိုင်တွင် ရမှတ် ၅ အကောင်းဆုံး၊ ၄ အလွန်ကောင်း၊ ၃ မကောင်းမညံ့၊ ၂ အသင့်အတင့်၊ ၁ အညံ့ ဟူ၍ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့အလားတူ စုစုပေါင်းရမှတ် များ ကိုဖြည့်ပြီး စုစုပေါင်း လယ်သမားဦးရေဖြင့် စားပါက လယ်သမားသင်တန်းကျောင်း တလျောက်စိုက်ကွက်များ၏ ပျမ်းမျှရလဒ်ကိုရပါမည်။ ၎င်းတို့သည် ရလဒ်များ ကို အကဲဖြတ်ရာတွင် အသုံးဝင်သည်။

## စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းအစီအစဉ်

ပုံစံ၏ ဘယ်ဘက်စာတိုင်တွင် လယ်သမားအမည်များ ထည့်ပြီးပုံနှိပ်ပါ။ ကွင်းဝန်ထမ်းများ နေ့စဉ်ကွင်းဆင်းရာတွင် ပုံစံကို ကလစ်ဗိုင်တွဲဖြင့်ယူဆောင်သွားနိုင်သည်။ မည်သည့်စိုက်ခင်းကိုဆင်းသည်ဖြစ်စေ သူတို့ အလွယ်တကူ လျင်မြန်စွာ အကဲဖြတ်နိုင်သည်။ စိုက်ခင်းများ အကောင်ထည် ဖော်ဆောင်ရွက်ရာတွင် တဆင့်ပြီးတဆင့် ဆောင်ရွက်ရသည့်အတွက် ဝန်ထမ်းများအနေဖြင့် ခရီးစဉ်တစ်ခုတွင်း စိုက်ခင်း ၂-၃ လောက်ကိုအကဲဖြတ်နိုင်ပါသည် ထိုအတွက် လည်း အချိန်အများကြီးမယူပါ။ ရာသီအလိုက်တိုးတက်မှုအတွက် ပုံစံတွင် တဖြည်းဖြည်းချင်းဖြည့်သွားပါ။ ရာသီကုန်ချိန်တွင် ပုံစံတွင်အားလုံးဖြည့်ပြီး အထက်ဖော်ပြပါ အသေးစိတ်စီစစ်မှုအတွက် အဆင်သင့်ဖြစ်နေရပါမည်။

**စိုက်ပျိုးရေးအလေ့ကျင့်ကောင်းများကို စဉ်ဆက်မပြတ်လေ့လာခြင်း နှင့် ရလဒ် များကိုအကဲဖြတ်ခြင်း ပုံစံ**

| အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ဦးဆောင်တောင်သူ အဆင့် | ဆင့်ပွား တောင်သူ အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကွင်းဆင်းအရာရှိ ................................ ................................ နေရာ ................................ | ခြံစည်းရိုးကာရခြင်း | မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း | စိုက်ဘောင်အသုံးပြုခြင်း | ပျိုးထောင်ခြင်း | အီအမ်၊ ဘိုကာရှိ အသုံးပြုခြင်း | မြေခံ မြေသြဇာ အသုံးပြုခြင်း | စနစ်တကျတိုင်ထောင်ခြင်း | စိုက်ပျိုးရေး စနစ်တကျအသုံးပြုခြင်း | ပိုးနှင့် ရောဂါ စနစ်တကျ ကာကွယ်ခြင်း | ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးပြုခြင်း | ကွင်းဆင်းအကဲဖြတ - ခြင်း (အကောင်းဆုံး - ၅၊ အလွန်ကောင်း - ၄၊ မကောင်းမညံ့ - ၃၊ သင့်တင့် - ၂၊ အညံ့ - ၂) | | |
| ဦးဆောင်တောင်သူ/ ဆင့်ပွားတောင်သူအမည် | ကျေး ရွာ | | | | | | | | | | | | |
| ၁။ | | | | | | | | | | | | | |
| ၂။ | | | | | | | | | | | | | |
| ၃။ | | | | | | | | | | | | | |
| ၄။ | | | | | | | | | | | | | |
| ပျမ်းမျှ % | | | | | | | | | | | | | |

# အပိုင်း ( ၄ ) လယ်သမားကွင်းသင်တန်းကျောင်း(FFS) သင်ခန်းစာများ

**သင်ခန်းစာအခန်း (၁)။ စီးပွားဖြစ် လယ်သမားကွင်းသင်တန်းကျောင်း (FFS) နှင့် သီးနှံရွေးချယ်ရေးမှု (ကျေးရွာအုပ်စုများမှ တက်ရောက်သော ခေါင်းဆောင်လယ်သမား - ၂၅ ဦး သာ)**

အချိန် ။ ။ ၃ နာရီ (စာသင်ခန်းတွင်း)

ရည်ရွယ်ချက်များ ။ ။ ၁။ တစ်ဦးနှင့် တစ်ဦးပိုမိုရင်းနှီးစေပြီး၊ တစ်ဦးထံမှ တစ်ဦးအပြန်အလှန် လေ့လာနိုင်စေရန်။

၂။ သင်တန်းဆရာ၏ လက်စွဲစာအုပ်နှင့် သင်တန်းသားများအတွက် လက်စွဲစာအုပ်ကို သိရှိစေရန်။

၃။ GAP ၏ အဓိပ္ပါယ်ကို သိရှိရန်။

၄။ ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံကို ဝမ်းစာအတွက်သာမက စီးပွားဖြစ်စိုက်ပျိုးလာနိုင်စေရန်။

၅။ စိုက်ပျိုးရန် သီးနှံများရွေးချယ်ရာတွင် သတ်မှတ်ချက်အမျိုးမျိုးကို သိရှိနားလည်ရန်။

၆။ သင်တန်း စည်းကမ်းများ၊ သင်တန်းအချိန်နှင့်နေရာကို သတ်မှတ်ရန်။

ပစ္စည်းများ ။ ။ သင်ပုန်း၊ မာကာပင်၊ တိပ်၊ ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီး၊ စိုက်ရာသီပြဇယား - ဗီနိုင်း။

**လုပ်ဆောင်ချက် (၁) တစ်ဦးနှင့် တစ်ဦး မိတ်ဖွဲ့ရန်။ (၁၀ မိနစ်)**

၁။ ပဏာမအစည်းအဝေးပွဲသို့ တက်ရောက်သူများအား ကြိုဆိုခြင်း။

၂။ တက်ရောက်သူများအား ၎င်း၏နာမည်၊ အိမ်ထောင်ဖက်အမည် (အိမ်ထောင်ရှိပါက) နှင့် ကျေးရွာအမည်ကို မိတ်ဆက်ပေးစေပါ။ တက်ရောက် တောင်သူစာရင်းတွင် ရေးခိုင်းပါ။ (တက်ရောက်သူ စာရင်းနောက်ဆက်တွဲ - ၁)

၃။ သင်တန်းသားများအား ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးသည့်အတွေ့အကြုံသက်တမ်း (နှစ်) ကို တစ်ဦးချင်းမေးပါ။ တစ်ဦးချင်း သက်တမ်းနှစ်ပေါင်းကို သင်ပုံးပေါ် ရေးပါ။ လယ်သမားများအား မိမိတို့လုပ်သက်ကို ဖြည်းဖြည်း ပြောခိုင်းပါ။ သို့မှသာ ပံ့ပိုးသူမှ ဂဏန်းတွက်စက်ဖြင့် နံပါတ်များကိုတွက်ချက်ပြီး စုစုပေါင်းကို ရေးနိုင်မည်။ ဉပမာ ၇၃၀ နှစ်။

၄။ နိဂုံးချုပ်အနေနှင့်ဤ၇၃၀နှစ်သည်တစ်ဖွဲ့လုံး၏စုစုပေါင်းအတွေ့အကြုံနှစ်များဖြစ်ကြောင်းပြောပါ။အဖွဲ့ဝင်အားလုံးတွင်နည်းပညာဗဟုသုတများစွာနှင့်စိုက်ကွင်းအတွေ့အကြုံများစွာရှိသည်။သင်တန်းပံ့ပိုးသူအနေဖြင့်လည်းသင်တန်းသားများထံမှအတွေ့အကြုံများကိုပြန်လည်သင်ယူနိုင်မည်ဖြစ်သောကြောင့်သင်တန်းသားများဘက်မှ၎င်းတို့၏ စိတ်ကူးများကို အဖွဲ့အတွင်းဆွေးနွေးရာတွင် တက်ကြွစွာပူးပေါင်းပါဝင်သင့်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အချင်းချင်းမှ လေ့လာရန် အများကြီးရှိပါကြောင်းပြောပြီး နိဂုံးချုပ်ပါ။

**လုပ်ဆောင်ချက် (၂) သင်တန်းသားများ လက်စွဲ စာအုပ်ကို လေ့လာရန်။(၁၀ မိနစ်)**

၁။ လယ်သမားများကို ရှင်းပြရန်မှာ FFS ပြုလုပ်ရာတွင် စာအုပ်နှစ်မျိုးရှိသည်။ ပံ့ပိုးသူလက်စွဲနှင့် သင်တန်းသားများ လက်စွဲ စာအုပ်ဖြစ်သည်။

| ပံ့ပိုးသူလက်စွဲ | သင်တန်းသား လက်စွဲစာအုပ် |
|---|---|
| ဤစာအုပ်သည် ပံ့ပိုးသူအား နည်းပညာအခြေခံ မှတ်စုများနှင့် လမ်းညွှန်ချက်များကို CV/CFC FFS လယ်သမားကွင်း သင်တန်းကျောင်းအစီအစဉ်တွင် တစ်ဆင့်ပြီး တစ်ဆင့် အထောက်အပံ့ ပေးသည်။ | ဤလက်စွဲစာအုပ်သည် သင်တန်းသားများအား အဓိက သဘောတရားများနှင့် နည်းမှတ်စုကို ပေးသည်။ လေ့ကျင့်ခန်းများပြုလုပ်ရန်အတွက် ကွက်လပ်များ ပါရှိသည်။ |

၂။ သင်တန်းသားများအား လက်စွဲ စာအုပ်များပေးဝေပါ။

၃။ သင်တန်းသားများသည် FFS သင်တန်းချိန်အတွင်းတွင် များများရေးမှတ်စရာမလိုပါ။ လက်စွဲစာအုပ်တွင် မှတ်စုများပေးထားသည်။ မှတ်သားလိုပါက ရေးရန် (သို့) သင်တန်း ပံ့ပိုးကူညီသူမှ လေ့ကျင့်ခန်းများ ပြုလုပ်ခိုင်း လျှင် ရေးရန် ကွက်လပ်များပေးထားကြောင်းပြောပါ။

၄။ မိမိတို့ အမည်များ စာအုပ်တွင်ရေးထားခိုင်းပါ။

၅။ ဤလက်စွဲ စာအုပ်ကို FFS သင်တန်းချိန်တိုင်း ယူလာရန်ပြောပါ။

## လုပ်ဆောင်ချက် (၃) စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနံ စိုက်ပျိုးထုတ်လုပ်ရေး (CV/CFC) မျှော်မှန်းရလဒ်များ။ (၂၀ မိနစ်)

### တစ်ဦးချင်းအတွက်

၁။ (CV/CFC)စီပွားဖြစ်ဟင်းသီးဟင်းရွက် နှင့်ကွင်းသီးနံစိုက်ပျိုးထုတ်လုပ်ရေး (CV/ CFC) မှ တောင်သူများ၏ မျှော်မှန်းရလဒ်များကို မေးပြီး ၄င်းတို့၏ သင်တန်းသား လက်စွဲ စာအုပ် လေ့ကျင့်ခန်း ၁.၁ တွင်ချရေးပါ။ အခန်းတွင်းလှည့်ပတ်ကြည့်ပြီး အကယ်၍ လိုအပ်ပါက ကူညီပါ။ (၁၀ မိနစ်)

### လေ့ကျင့်ခန်း (၁.၁) လယ်သမားကွင်းသင်တန်းကျောင်းပြီး သောအခါတောင်သူများ၏ မျှော်မှန်းရလဒ်များ

| မျှော်လင့်ချက်များ | မျှော်လင့်ချက်များ ပြည့်ဝမှု အခြေခံအနေကို ကွင်းဝိုင်းပါ။<br>၁ မှ ၃ - ပြည့်ဝမှု နည်း၊ ၄ မှ ၇ - ပြည့်ဝမှု အသင့်အတင့်၊ ၈ မှ ၁၀ - ပြည့်ဝ။ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ ........................................ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၂။ ........................................ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၃။ ........................................ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၄။ ........................................ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၅။ ........................................ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆။ ........................................ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |

၂။ တောင်သူလက်စွဲစာအုပ်ပါ လေ့ကျင့်ခန်း ၁.၂ တွင် သီးနံအမည်၊ စိုက်ဧရိယာ အကျယ်ဝန်း၊ အထွက်နှုန်း၊ စုစုပေါင်းဝင်ငွေ၊ စီမံကိန်းမတိုင်မီ အသုံးစရိတ်နည်းနည်းဖြင့် အရှုံး အမြတ်ကို တောင်သူများကိုမေးပြီးချရေးပါ။ ၄င်းအချက်အလက်များသည် ဒုတိယအကြိမ် စည်းရုံးရေးဆင်းပွဲတွင် လယ်သမားသင်တန်းကျောင်းအတွက် မှတ်ပုံတင် စာရင်းပြုစု ချိန်တွင် သီးခြားစာရွက်ဖြင့် ကောက်ယူပြီးသားဖြစ်ရမည်။

### လေ့ကျင့်ခန်း (၁.၂) စီမံကိန်းမတိုင်မီ နှင့် စီမံကိန်းပြီး သီးနှံအသားတင်ဝင်ငွေရလဒ်များ

| RWCP မတိုင်မီက စိုက်ခဲ့သော သီးနှံများ | ဧရိယာ | အထွက်နှုန်း (စား၊ လှူ၊ ရောင်း၊ ကွင်းအတွင်းကျန်သော သီးနှံအားလုံး အပါအဝင်) | ယူနစ် (က) | ပျမ်းမျှဈေးနှုန်း (ခ) | စုစုပေါင်း ခန့်မှန်း ဝင်ငွေ (က × ခ) | စုစုပေါင်း ခန့်မှန်း ကုန်ကျစရိတ် (င) (မျိုးစေ့မြေသြဇာ အခြားစရိတ်) | ခန့်မှန်း အပြင် လုပ်အားခ(ဃ) | အသားတင်ဝင်ငွေ (အရှုံး/အမြတ်) (က × ခ) - (င + ဃ) |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| **RWCP ပြီးနောက် ဒီနှစ်ရာသီတွင် စိုက်ခဲ့သော သီးနှံများ** | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

**အားလုံးဆွေးနွေးရန်**

၃။ လယ်သမားကွင်းသင်တန်းကျောင်းနောက်ဆုံးအကြိမ်တွင် တောင်သူများ၏ မျှော်မှန်းချက်များ ကိုပြန်ကြည့်မည်ဖြစ်ကြောင်း ပြောပါ။ ၎င်းတို့၏ မျှော်မှန်းချက်များ ရမရကို အကဲဖြတ်မေးပါ။

၄။ စီမံကိန်းမှ မျှော်မှန်းထားသော ရလဒ်များအတွက် တောင်သူများကို၎င်းတို့၏ လက်စွဲစာအုပ်ပါ လေ့ကျင့်ခန်း ၁.၃ ကို ကိုးကားပြီးဆွေးနွေးပါ။ (၁၀ မိနစ်)

### လေ့ကျင့်ခန်း (၁.၃) စီမံကိန်း၏ စီပွားဖြစ်ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး နှင့် ကွင်းသီးနှံ တို့၏ မျှော်မျန်းရလဒ်များ။

၁။ စိုက်ပျိုးမြေရှိပြီး စိုက်ပျိုးရေ လုံလောက်သော စီးပွားဖြစ်စိုက်ပျိုးလိုသော တောင်သူများ အတွက် စိုက်ပျိုးရေး အလေ့ကျင့်များ နှင့် အယူဆများ တိုးတက်လာစေရန်။

၂။ စီးပွားဖြစ်ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး နှင့် ကွင်းသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းမှ ရောင်းဝယ်မှု နှင့် စားသုံးမှုအပေါ် အလေးထားခြင်း။

၃။ အသားတင်ဝင်ငွေတိုးလာစေရန်။

၄။ သီးနှံမျိုးစုံ စိုက်ပျိုးခြင်းသည် ရောဂါကျရောက်မှု လျှော့ချရန်နှင့် ဈေးကွက်ရှုံးမှုသက်သာစေရန် နှင့် အဟာရမျိုးစုံ ရရှိစေရန်။

၅။ ကောင်းမွန်သောစိုက်ပျိုးရေးနည်းစနစ်များ တောင်သူမှ တောင်သူသို့ ပြန့်ပွားစေရန်။

**လုပ်ဆောင်ချက် ၄။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ၏ အဓိပ္ပာယ် ကိုရှင်းပြပါ။ (၁၅ မိနစ်)**

**အားလုံးဆွေးနွေးရန်**

၁။ ထီးပုံသင်္ကေတဖြင့်သရုပ်ဖော်ထားသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အယူအဆကို ပံ့ပိုးသူမှ တောင်သူလက်စွဲစာအုပ် မှ လေ့ကျင့်ခန် ၁.၆ ဖြင့် ရှင်းပြပါ။ (၅ မိနစ်)

## လေ့ကျင့်ခန်း (၁.၄) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဆိုတာဘာလဲ?

အမိပွါယ်။ ။ (ပြသထားသည့်အတိုင်း၊ ထီးရိပ်အတွင်းမှာ ရှိလျှင်) လယ်သမားအနေဖြင့် **GAP** ကို လိုက်နာသောအခါ ရရှိသောအစားအစာများသည် စားသုံးရန် ဘေးကင်းသည်၊ လယ်သမားများနှင့် လယ်ယာလုပ်သားများအတွက် အန္တရာယ်ကင်းစေသည်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသည်၊ လယ်သမားများကို အမြတ်များများ ရစေပါသည်။ **GAP** ကိုမလိုက်နာဘဲ ထီးရိပ်အပြင်ဘက်မှာရှိခဲ့လျှင် ရရှိသောအစားအစာများသည် အန္တရာယ်ကင်းမှုနည်းသည်၊ လယ်သမားများနှင့် လယ်ယာလုပ်သမားများကို နာမကျန်း ဖြစ်စေနိုင်သည်၊ ပတ်ဝန်းကျင်ကို ပျက်စီးစေသည်၊ လယ်သမားများကို အကျိုးအမြတ် နည်းစေသည်။




၂။ အဖွဲ့သားများအား တောင်သူလက်စွဲ စာအုပ်မှ လေ့ကျင့်ခန်း ၁.၇ ကို ကျယ်ကျယ်ဖတ်ခိုင်းပါ။ အုပ်စုဖွဲ့ဆွေးနွေးစေပါ။ အကယ်၍အချိန်မလုံလောက်ပါက တစ်ဝက်လောက်ဖတ်စေပြီး ကျန်သောစာပုဒ်များအား အိမ်စာအဖြစ်ပေးလိုက်ပါ။ (၁၀ မိနစ်)

## လေ့ကျင့်ခန်း (၁.၅) မြန်မာနိုင်ငံ စိုက်ပျိုးရေးဆိုင်ရာအလေ့ကျင့်ကောင်းများ (GAP)ဆောင်ရွက်နည်းများ

မြန်မာ့ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ(ဂျီအေပီ) ဆိုင်ရာကျင့်ဝတ်များ။

၁။ စိုက်ပျိုးမည့်မြေနေရာရွေးချယ်ခြင်း

စိုက်ပျိုးမြေနှင့် အနီးပတ်ဝန်းကျင်ရှိမြေသည် ဓါတုနှင့်ဇီဝဆိုင်ရာအန္တရာယ်ရှိသည့် မြေနေရာမဖြစ်စေရ၊စိုက်ကွင်းမြေပုံ နှင့် မှတ်တမ်း ထားရှိရမည်။

၂။ ရေ၊

စိုက်ပျိုးရာတွင် သုံးမည့်ရေ၏အရည်အသွေးကို ဓါတ်ခွဲစစ်ဆေးရမည် မွေးမြူရေးဖုံ၊ ဆေးရုံ၊ စက်ရုံများမှ ဖြတ်သန်းလာသော ရေ၊ မြူနီစီပယ်စွန့်ပစ်ရေနှင့် သဘာဝပတ်ဝန်းကျင်ကို ၏အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ရေများကိုအသုံးမပြုရ။ (ရေဆိုးရေညစ်များကို ပြန်လည်စီရင်ပြီးအသုံးပြုလျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်အတိုင်းလိုက်နာ အသုံးပြုရန်)။

၃။ မျိုးစေ့၊ ပျိုးပင်၊

ရေမြေဒေသနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါကင်းစင်သည့်အရည်အသွေးကောင်း မျိုးများကိုရွေးချယ် စိုက်ပျိုးရမည်။ စိုက်ပျိုးသည့် မျိုးစေ့၊ ပျိုးပင်နှင့် မျိုးပွားအစိတ်အပိုင်းများ ရရှိသည့်နေရာ၊ ရရှိသည့်အရေအတွက်နှင့် ရရှိသည့်ရက်စွဲတို့ကိုမှတ်တမ်းတင်ထားရမည်။

၄။ မြေသြဇာနှင့်မြေဆီလွှာဖြည့်စွက် ပစ္စည်းများ

စိုက်ပျိုးသည့်သီးနှံတစ်ခုချင်းအတွက် အသုံးပြုသည့်မြေသြဇာ(သို့မဟုတ် မြေဆီလွှာဖြည့်စွက်ပစ္စည်းများတွင် အန္တရာယ်ဖြစ်စေသော ဓါတုနှင့်ဇီဝဆိုင်ရာ ညစ်ညမ်းမှုများမရှိစေရ။ သဘာဝမြေသြဇာများအား ကောင်းစွာဆွေးမြေ့အောင်ဆောင်ရွက်ပြီးမှ အသုံးပြုရမည်။

မြေသြဇာ(သို့မဟုတ်)မြေဆီလွှာ ဖြည့်စွက်ပစ္စည်းရောနှောခြင်းနှင့် သိုလှောင်ခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဆွေးမြေ့စေရန် ဆောင်ရွက်ခြင်းတို့ကို မြေနှင့်ရေအရင်းအမြစ်သန့်ရှင်းမှုထိခိုက်စေသော နေရာများတွင် မပြုလုပ်ရ။

မြေသြဇာ(သို့မဟုတ်)မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများဝယ်ယူသုံးစွဲရာတွင် မှတ်ပုံတင်ထားသောပစ္စည်းများ ဖြစ်ရမည့်အပြင် မှတ်တမ်းများတွင် ရေးသွင်းထားရှိရမည်။

၅။ စိုက်ပျိုးရေးသုံးဓါတုဆေးများနှင့် အခြားဓါတု ဆေးများ

- ဓါတုဆေးများအသုံးပြုမှု အနည်းဆုံးဖြစ်စေရန် ဘက်စုံပိုးမွှားကာကွယ်ရေးနည်းစနစ်များကို အသုံးပြုရမည်။
- ပိုးသတ်ဆေးဥပဒေ၊ မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းနှင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်မှုများမဖြစ်စေရေး အထူးဂရုပြုရမည်။
- ဓါတုဆေးများကိုအသုံးပြုရန် လိုအပ်ပါက တရားဝင် အသိအမှတ်ပြု မှတ်ပုံတင်ထားသည့် ဓါတုဆေးများကိုသာ အသုံးပြုရမည်။
- ဆေးဖျန်းပြီးနောက် အသုံးပြုမည့် ဆေးအုပ်စုအလိုက် မရိတ်သိမ်းမီစောင့်ဆိုင်းရမည့် ကာလအပိုင်းအခြားကို အတိအကျလိုက်နာရမည်။
- ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများကို သိရှိနားလည်ထားရမည်။
- ဓါတုဆေးများဝယ်ယူ၊ သိုလှောင်၊သုံးစွဲမှု၊ အသုံးချမှုနှင့် စွန့်ပစ်မှုတို့ကို စနစ်တကျဆောင်ရွက်ပြီး မှတ်တမ်းများတွင်ရေးသွင်းထားရှိရမည်။
- လောင်စာဆီ၊ချောဆီနှင့်အခြားသောစိုက်ပျိုးရေးသုံးမဟုတ်သည့်ဓါတုဆေးများကိုသီးနှံများညစ်ညမ်းမှုအန္တရာယ်အနည်းဆုံးဖြစ်စေရန်ကိုင်တွယ်အသုံးပြုခြင်း၊သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ပြုလုပ်ရမည်။

၆။ အပင်ပြုစုစောင့်ရှောက်ခြင်း ဆက်စပ်ပစ္စည်း ကိရိယာများ

- သီးနှံအလိုက်နည်းလမ်းမှန်ကန်စွာ ပြုစုစောင့်ရှောက်ရမည်။

၇။ စိုက်ပျိုးရေးနှင့် အခြားဆက်စပ် ပစ္စည်းကိရိယာများ

- ထွက်ကုန်သီးနှံများအတွက် အသုံးပြုသော ပစ္စည်းကိရိယာများ၊ သိုလှောင်ပစ္စည်းများနှင့်အခြားပစ္စည်းများသည် သန့်ရှင်းပြီး ထွက်ကုန် သီးနှံများကို ညစ်ညမ်းမှု ရှိစေရ။

- စွန့်ပစ်ပစ္စည်းများ၊ဓါတုဆေးများနှင့်အခြားအန္တရာယ်ဖြစ်စေသည့်အရာများများ၊အသုံးပြုသည့်ပစ္စည်းများကိုတိတိကျကျသတ်မှတ်ထားရမည်။၎င်းပစ္စည်းများဖြင့်ထွက်ကုန် သီးနှံများ ထည့်ခြင်း၊ သိုလှောင်ခြင်းမပြုရ။

၈။ ရိတ်သိမ်းခြင်းနှင့်ထွက်ကုန်ပြုပြင်ခြင်း၊

- သီးနှံများကိုမှန်ကန်သောရင့်မှည့်မှုရှိသည့်အချိန်တွင် သင့်တော်သည့်နည်းစနစ်ဖြင့် ခူးဆွတ် ရိတ်သိမ်းရမည်။

- ရိတ်သိမ်းပြီးထွက်ကုန်သီးနှံများကိုမြေကြီး(သို့မဟုတ်)ကိုင်တွယ်ထုပ်ပိုးသည့်ကြမ်းပြင်(သို့မဟုတ်)သိုလှောင်သည့်နေရာကြမ်းခင်းနှင့်တိုက်ရိုက်ထိတွေ့ခြင်းမရှိအောင် သန့်ရှင်းသောအခင်း၊ ပစ္စည်းပေါ်တွင် ထားရှိရမည်။

- ဆေးကြောသန့်စင်ရန်လိုအပ်သောသီးနှံနှင့် အစိတ်အပိုင်းများအတွက် အသုံးပြုသောရေသည် သန့်ရှင်းစင်ကြယ် ရမည်။

- သီးနှံအလိုက်သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း အဆင့်အတန်းခွဲခြားပြီးထုပ်ပိုးရမည်။

၉။ သိုလှောင်ခြင်းနှင့်သယ်ယူပို့ဆောင်ခြင်း

- ထွက်ကုန်များကို ဓါတုဇီဝ နှင့်ရုပ်ဝတ္ထုဆိုင်ရာ ညစ်ညမ်းမှုအန္တရာယ်ဖြစ်စေနိုင်သောကုန်ပစ္စည်းများနှင့် သီးခြားခွဲပြီး သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်းပြုလုပ်ရမည်။

- လောင်စာဆီ၊ပိုးသတ်ဆေးနှင့် မြေသြဇာများ၊ လယ်ယာသုံးကိရိယာများအပါအဝင် အခြားပစ္စည်းများနှင့် ထွက်ကုန်များ ကို ရောနှောသိုလှောင်ခြင်းမပြုရ။

- သယ်ယူပို့ဆောင်မည့်ယာဉ်ကို အသုံးမပြုမီသန့်ရှင်းမှု၊ ဓါတုဆေးဖိတ်စင်မှု၊ အခြားပစ္စည်းများနှင့် ပိုးမွှားကျရောက်မှုရှိ၊ မရှိကိုစစ်ဆေးရမည်။

၁၀။ အဆောက်အဦများ ဆောက်လုပ်ထားခြင်း၊

ထွက်ကုန်များထုပ်ပိုးခြင်း၊ ကိုင်တွယ်ပြုပြင်ခြင်းနှင့် သိုလှောင်ထားရှိခြင်းတို့တွင် ဘေးဥပါဒ်အန္တရာယ်ကျရောက်မှု နည်းပါးစေရန် သီးသန့်အဆောက်အဦများ တည် ဆောက်ခြင်း (သို့မဟုတ်) သီးသန့်ဆောင်ရွက်မည့်နေရာများ သတ်မှတ် ရမည်။ ပြုပြင်ထိန်းသိမ်းပေးရမည်။

၁၁။ တိရစ္ဆာန်နှင့် ဖျက်ပိုးများထိန်းချုပ်ခြင်း၊

- အိမ်မွေးနှင့် လယ်ယာလုပ်ငန်းသုံးတိရစ္ဆာန်များကို ရိတ်သိမ်း၊ ထုပ်ပိုး၊ သိုလှောင်သည့်နေရာများတွင် မရှိစေရ။

၁၂။ အထောက်အထားနှင့် မှတ်တမ်းများ၊

- ထုတ်လုပ်သူသည် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် ပတ်သက်သည့်မှတ်တမ်းများကို အနည်းဆုံး(၂)နှစ် သိမ်းဆည်းထားရမည်။

- လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအတွက် သတ်မှတ်ထားသည့်မှတ်တမ်းပုံစံတွင် မှတ်တမ်း ရေးသွင်းထားရမည်။

၁၃။ နောက်ကြောင်းပြန်စစ်ဆေးခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်း၊

- သီးနှံစိုက်ပျိုးထုတ်လုပ်သည့်နေရာအားနောက်ကြောင်းပြန်စစ်ဆေးနိုင်ရန်အတွက်ထုပ်ပိုးပစ္စည်းများအပေါ်တွင်သိသာထင်ရှားသည့်အမှတ်အသားနှင့်မှတ်ပုံတင်အမှတ်အသား ပြုလုပ်ထားရှိရမည်။

- သီးနှံထွက်ကုန်ပစ္စည်းတစ်ခုချင်းစီအတွက် တင်ပို့သည့်နေရာ နှင့် ပေးပို့သည့်ရက်စွဲတို့ကို မှတ်တမ်းထားရှိရမည်။

၁၄။ သင်တန်း၊

- ထုတ်လုပ်သူနှင့်လုပ်သားများအားမိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်းနယ်ပယ်အလိုက်ကျွမ်းကျင်မှုနည်းပညာများရရှိစေရန်စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း သင်တန်းများ တက်ရောက်ထားရမည်။

၁၅။ ဆောင်ရွက်ကျင့်သုံးမှုများကိုပြန်လည်သုံးသပ်ခြင်း၊

- ထုတ်လုပ်သူများအနေဖြင့်ကျင့်သုံးနေသည့်နည်းလမ်းများအားမှန်မှန်ကန်ကန်ဆောင်ရွက်ကြောင်းသေချာစေရန်လုပ်ငန်းအားလုံးကိုအနည်းဆုံးတစ်နှစ်တစ်ကြိမ် ပြန်လည် စစ်ဆေးရမည်။

- တိုင်ကြားချက်များရှိပါက မိမိကိုယ်တိုင် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဆောင်ရွက်မှုများအတွက် မှတ်တမ်းများ ထိန်းသိမ်းထားရှိရမည်။

၁၆။ တစ်ကိုယ်ရည်သန့်ရှင်းခြင်းနှင့်လုပ်သားများဘဝသာယာဝပြောရေး၊

- လုပ်ငန်းခွင်ရှိ သိသာထင်ရှားသောနေရာများတွင် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို ရေးသားပြသထားရမည် (သို့မဟုတ်) လုပ်သားများသိရှိအောင်ဖြန့်ဝေထားရမည်။

- မိလ္လာရေနှင့် စွန့်ပစ်အညစ်အကြေးရည်များကို အန္တရာယ်မရှိအောင် ဂရုတစိုက်စွန့်ပစ်ရမည်။

- လုပ်သားများ၏ ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေးကို အလေးထားဆောင်ရွက်ပေးရမည်။

**လုပ်ဆောင်ချက် (၅) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း။ (၁၂ မိနစ်)**

**အားလုံးပါဝင်သောလေ့ကျင့်ခန်း**

၁။ သင်တန်းသားများမေးရန်။ စီးပွားဖြစ်ထုတ်လုပ်ခြင်း ဆိုသည်မှာ ဘာလဲ၊

၂။ မိမိတို့ လက်စွဲ စာအုပ်မှ လေ့ကျင့်ခန်း ၁.၅စာမျက်နှာ x x ရှိ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် နှိုင်းယှဉ်ပြီး အဖြေများကို လက်စွဲစာအုပ်တွင်ရေးချခိုင်းပါ။ (၂ မိနစ်)

## လေ့ကျင့်ခန်း (၁.၆) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း

**အဓိပ္ပါယ်ဖွင့်ဆိုချက်။ မိသားစု စားသုံးရန် ထက် ပို၍ စိုက်ပျိုးထားသော သီးနှံများ ကို ရောင်းချပြီး အကျိုးအမြတ် ပိုမို ရရှိရန် ကို ဆိုလိုသည်။**

**နှစ်ယောက်တစ်တွဲ**

၁။ သင်တန်းသားများအား မိမိတို့ အခြေအနေများကို ဆွေးနွေးပြီး မိမိတို့ လက်စွဲ စာအုပ် စာမျက်နှာ x x ရှိ မေးခွန်းများကို ဖြေဆိုပါ။ (၈ မိနစ်)

၂။ သင်တန်းသားများအား မိမိတို့အဖြေများကို အဖွဲ့အားဝေမျှရန်ဖိတ်ခေါ်ပါ။ (၂ မိနစ်)

၃။ သင်တန်းသားများအား FFS တွင် တက်ရောက်ခြင်းအားဖြင့်မိမိတို့ သီးနှံများကို အမြတ်ရအောင်စိုက်ပျိုးလာနိုင်မည်ကိုပြောပါ။

## လေ့ကျင့်ခန်း (၁.၇) မိမိပြုလုပ်မည့် လယ်ယာစိုက်ပျိုးရေးနှင့် မိမိ မိသားစုအခြေအနေ ကိုက်ညီမှုရှိ မရှိ သုံးသပ်ပါ။

သင်ဘာကြောင့် လယ်ယာစိုက်ပျိုးခြင်း ပြုလုပ်ရသနည်း၊

၁။ သင့်မိသားစုနှင့်သင့်အတွက် အစားအစာထုတ်လုပ်ရန် ဖြစ်ပါသလား၊ မှန် / မှား

၂။ ငွေကြေးရရှိရန်အတွက် ဖြစ်ပါသလား၊ မှန် / မှား

၃။ သို့မဟုတ် အစားအစာနှင့် ငွေကြေးရရှိရန် နှစ်မျိုးစလုံး အတွက်ဖြစ်ပါသလား၊ မှန် /မှား

၄။ အစားအစာရရှိရန်ထုတ်လုပ်ခြင်းထက် ငွေရရှိရန်က ပိုအရေးကြီးပါသလား၊ မှန် / မှား

၅။ သင်ငွေကြေးကို ဘာအတွက် သုံးမလဲ?

၁။ ----------------------------------------------------------------------------------------

၂။ ----------------------------------------------------------------------------------------

၃။ ----------------------------------------------------------------------------------------

၄။ ----------------------------------------------------------------------------------------

### လုပ်ဆောင်ချက် (၆) သီးနှံရွေးချယ်ခြင်းမှု (၁၀ မိနစ်)

**အဖွဲ့ငယ်လိုက် ဆွေးနွေးခြင်း။**

၁။ သင်တန်းသားများအားရွာအလိုက် အဖွဲ့ငယ် ၅ဖွဲ့ ဖွဲ့ခိုင်းပါ။ တစ်ဖွဲ့စီမှ တစ်ဦးစီ မိမိတို့ထင်မြင်ချက်များကို တောင်သူလက်စွဲ စာအုပ်တွင် ရေးမှတ်ခိုင်းပါ။ နောင်တစ်ချိန်တွင် ပြန်လည်ကြည့်ရှု့လေ့လာနိုင်ရန်ဖြစ်သည်။

၂။ လယ်သမားများအား ဆွေးနွေးနိုင်ရန် အောက်ပါမေးခွန်းကို မေးပါ။ လာမည့်ရာသီတွင် မိမိတို့စိုက်ပျိုးလိုသော သီးနှံကို မည်သည့်အချက်အလက်များဖြင့် ရွေးချယ်သလဲ လယ်သမားများ၏ ထင်မြင်ချက်များကို စာရွက်ကြီး ပေါ်ရေးပါ။ ၁၀ မိနစ် အချိန်ပေးပါ။

၃။ တောင်သူများ၏ ထင်မြင်ချက်များမှ ထင်မြင်ချက်အသစ်များ ထွက်ပေါ်လာပါက ဇယားအောက်ရှိ ကွက်လပ်လွတ်များတွင် ဖြည့်ပါ။(၁၀မိနစ်)

## လေ့ကျင့်ခန်း(၁.၈) RWCP သီးနှံရွေးချယ်ခြင်းမှု

စိုက်ပျိုးရန် ဟင်းသီး ဟင်းရွက်နှင့် ကွင်းသီးနှံ ရွေးချယ်ခြင်း။

၁။ မည်သည့်ရာသီတွင် သီးနှံစိုက်ပျိုးနိုင်သလဲ၊ သီးနှံပြက္ခဒိန်။

၂။ သဘာဝဘေးအန္တရာယ်နှင့် ဆုံးရှုံးမှုတို့မှ ကာကွယ်နိုင်ရန် သီးနှံမျိုးကွဲ များများရွေးချယ်ပါ။

၃။ မြေဆီလွှာ တိုးတက်ကောင်းမွန်စေရန်နှင့် ပိုးနှင့်ရောဂါများကိုကာကွယ်ရန် သီးလှည့်စိုက်ပါ။

၄။ ဈေးကောင်းရရန် စိုက်ချိန်နှင့် ဆွတ်ခူးချိန်ကို ချိန်ဆပါ။

၅။ ဈေးကွက်တွင် ဝယ်သူဘာလိုချင်သလဲ၊

၆။ သင့်တော်သည့်နေရာ – ရေမဝပ်ရ။ ညစ်ညမ်းမှုမရှိစေရ။

၇။ သင့်တော်သော မြေ။ ဥပမာ – အချဉ်၊ သမ၊ အငံဓါတ်

၈။ လုပ်အားလိုအပ်မှု

၉။ ရေရရှိမှုနှင့် လိုအပ်မှု

၁၀။ အမြတ်အစွန်း ရနိုင်မှု

၁၁။ အမျိုးသား/ အမျိုးသမီး အပေါ် အကျိုးသက်ရောက်မှု – အကယ်၍ ဆိုးကျိုးရှိပါက မပြုလုပ်ရန်။

၁၂။ ပတ်ဝန်းကျင်ပေါ်အကျိုးသက်ရောက်မှု – အကယ်၍ အန္တရာယ်ရှိပါကမပြုလုပ်ရန်။

၁၃။ သီးနှံစိုက်ပျိုးနည်းသိရှိမှု

၁၄။ အရည်အသွေးနှင့် ဈေးနှုန်းသင့်တော်သော သွင်းအားစု ရရှိနိုင်မှု။

၁၅။ ရေကြီးခြင်း၊ ရေပြတ်ခြင်း၊ ပိုးနှင့်ရောဂါ စသည်တို့ကြောင့် ဆုံးရှုံးခြင်းအပေါ်လက်ခံနိုင်မှု။

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

**လုပ်ဆောင်ချက် (၇) ရွေးချယ်ရေးမှု အသေးစိတ်။ သီးနှံ ပြက္ခဒိန်၊ မျိုးကွဲများ၊ သီးလှည့်စိုက်ပျိုးခြင်းနှင့် ဈေးနှုန်း အခြေအနေများ(၄၅ မိနစ်)**

သင်တန်းသားများအား မိမိတို့ ရွေးချယ်ခြင်း မှု ၅ခုကို ပထမ အသေးစိတ် လေ့လာမည်ကိုပြောပါ။

(၁) သီးနှံ ပြက္ခဒိန်၊ (၂)သီးနှံအမျိုးမျိုးစိုက်ခြင်း (၃) သီးလှည့်စိုက်ခြင်း (၄) ဈေးနှုန်း (၅) သီးနှံ ပြက္ခဒိန် (၁၀ မိနစ်)

၁။ သင်တန်းသားများအား သီးနှံ ပြက္ခဒိန်ကို ကြည့်ခိုင်းပါ။ (ကြိုတင်ပြင်ဆင်ထားသော ဗီနိုင်း Intro 2) ၎င်းတို့ လက်စွဲ စာအုပ်မှလေ့ကျင့်ခန်း ၁.၈ စာမျက်နှာတွင်ပါသော ရာသီဥတုအမျိုးမျိုး အတွက် ရွေးချယ်စိုက်ပျိုး နိုင်သော ဇယား။

၂။ ခြောက်သွေ့သောရာသီတွင် စိုက်နိုင်သောသီးနှံကို သင်တန်းသားများအားမေးပါ။ ၎င်းတို့အား အချို့သီးနှံများကို တစ်နှစ်လုံးစိုက်ပျိုးနိုင်ပြီး အချို့ကို ခြောက်သွေ့သော ရာသီတွင်သာ စိုက်နိုင်သည်ကိုပြောပါ။

## လေ့ကျင့်ခန်း (၁.၉) ရာသီအမျိုးမျိုးအတွက် သီးနှံပြက္ခဒိန်

| သီးနှံ | လများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် |
| | သီ | တန် | နတ် | ပြာ | ပို့ | ပေါင်း | ရှူး | ဆုန် | ယုန် | ဝါ | ခေါင် | တော် |
| အုပ်စု - ၁ | | | | | | | | | | | | |
| ၁။ တိုင်တောင်ပဲ | | | | | | | | | | | | |
| ၂။ ရုံးပတီ | | | | | | | | | | | | |
| ၃။ ကြက်သွန်နီ | | | | | | | | | | | | |
| ၄။ မုန်လာဥနီ | | | | | | | | | | | | |
| အုပ်စု - ၂ | | | | | | | | | | | | |
| ၅။ ငရုတ် | | | | | | | | | | | | |
| ၆။ ခရမ်းချဉ် | | | | | | | | | | | | |
| ၇။ ခရမ်းသီး | | | | | | | | | | | | |
| ၈။ ခရမ်းကြွပ်သီး | | | | | | | | | | | | |
| ၉။ နံနံပင် | | | | | | | | | | | | |
| အုပ်စု - ၃ | | | | | | | | | | | | |
| ၁၀။ ဂေါ်ဖီထုပ် | | | | | | | | | | | | |
| ၁၁။ ပန်းဂေါ်ဖီ | | | | | | | | | | | | |
| ၁၂။ ပန်းဂေါ်ဖီစိမ်း | | | | | | | | | | | | |
| ၁၃။ မုန်လာဥဖြူ | | | | | | | | | | | | |
| ၁၄။ ကန်စွန်း | | | | | | | | | | | | |
| ၁၅။ ပြောင်းဖူး | | | | | | | | | | | | |
| ၁၆။ မုန်ညင်း | | | | | | | | | | | | |
| အုပ်စု - ၄ | | | | | | | | | | | | |
| ၁၇။ ဘူးသီး | | | | | | | | | | | | |
| ၁၈။ ဗုံလုံ (ပဲလင်းမြွေ) | | | | | | | | | | | | |
| ၁၉။ ခဝဲ | | | | | | | | | | | | |
| ၂၀။ ကြက်ဟင်းခါး | | | | | | | | | | | | |
| ၂၁။ သခွား | | | | | | | | | | | | |
| ၂၂။ ဖရဲ | | | | | | | | | | | | |
| ၂၃။ ဖရုံ | | | | | | | | | | | | |
| ကွင်းသီးနှံ | | | | | | | | | | | | |
| ၂၄။ ပြောင်းဖူး | | | | | | | | | | | | |
| ၂၅။ ငရုတ် | | | | | | | | | | | | |
| ၂၆။ မြေပဲ | | | | | | | | | | | | |
| ၂၇။ ဖရဲ | | | | | | | | | | | | |
| ၂၈။ ကြက်သွန်နီ | | | | | | | | | | | | |

မှတ်ချက်။ စိုက်ပျိုးရန်ကောင်းသောကာလ

စိုက်ပျိုးရန်ခက်ခဲသောကာလ

## (၂) သီးနှံအမျိုးမျိုးစိုက်ခြင်း (၁၀ မိနစ်)

**အားလုံးပါဝင်သောလေ့ကျင့်ခန်း။**

၁။ သင်တန်းသားများအား ၎င်းတို့ ဈေးကောင်းရသော သီးနှံတစ်မျိုးကို မြေတစ်ကွက်တည်းပေါ် တချိန်လုံးစိုက်၍ မရကြောင်း သတိပေးပါ။ သီးနှံအများကို ရွေးချယ်ထားလျှင် ပိုကောင်းကြောင်းပြောပါ။ ဘာကြောင့်ပြောရသလဲ ဆိုတာမေးပါ။ ၎င်းတို့အဖြေများကို စာရွက်ကြီးပေါ်ရေးပါ။

၂။ မိမိတို့ တောင်သူလက်စွဲစာအုပ်မှ လေ့ကျင့်ခန်း ၁.၉စာမျက်နှာ x x တွင်ရှိသော အဖြေများနှင့် တိုက်ကြည့်ပြီး မပါသေးသော မိမိတို့အဖြေများကို ရေးချခိုင်းပါ။

**လေ့ကျင့်ခန်း (၁.၁၀) သင်ဘာကြောင့်သီးနှံတစ်မျိုးတည်းမဟုတ်ပဲ အများကို ရွေးရသလဲ?**

သီးနှံတမျိုးတည်းရွေးလျှင် ဆုံးရှုံးနိုင်ခြေ ရှိသည်။ အဘယ်ကြောင့်ဆိုသော်၊

၁။ ရောဂါကြောင့်သီးနှံပျက်စီးနိုင်သည်။ သီးနှံမျိုးကွဲများ စိုက်ပျိုးခြင်းဖြင့် သီးနှံများကို ရောဂါတစ်မျိုးတည်းက၊ တစ်ချိန်တည်းဆိုးရွားစွာ မကျနိုင်ပါ။

၂။ သီးနှံတစ်မျိုးတည်း စိုက်ခြင်းဖြင့် ထိုသီးနှံ ဈေးကျသွားပါက ဝင်ငွေလျော့နိုင်သည်။ ထို့ကြောင့် သီးနှံမျိုးကွဲများ စိုက်ခြင်းဖြင့် ဈေးနှုန်းအတက်အကျကို ခံနိုင်ရည်ရှိသည်။

၃။ သီးနှံတစ်မျိုးတည်းကိုတစ်ချိန်တည်းတွင်စိုက်ပျိုးပါကသီးနှံရင့်မှည့်ချိန်တူသဖြင့်ဝင်ငွေတကြိမ်တည်းရမည်။ဝင်ငွေကိုအချိန်ခွဲခြားရရှိစေခြင်းဖြင့်ပထမသီးနှံ၏ဝင်ငွေသည် နောက်သီးနှံအတွက် သွင်းအားစုကို ရနိုင်သည်။

၄။ အကယ်၍ သီးနှံတစ်မျိုးတည်းကို အားလုံးစိုက်လျှင် ဈေးကွက်ထဲတွင် များနေပြီး ဈေးကျသွားမည်။ သီးနှံမျိုးကွဲ မတူအောင်စိုက်ပျိုးခြင်းဖြင့် ရောင်းအား၊ ဝယ်အားကို လျော့ကျစေပြီး ဈေးကစားမှု ဒဏ်ကို လျော့ပါး စေသည်။

၅။ -----------------------------------------------------------------------------------------------------

၆။ -----------------------------------------------------------------------------------------------------

၇။ -----------------------------------------------------------------------------------------------------

## (၃) သီးလှည့်စိုက်ခြင်း (၅ မိနစ်)

၁။ သီးလှည့်စိုက်ခြင်းသည် GAP နှင့်ရေရှည်စိုက်ပျိုးရေးတွင် အလွန်အရေးကြီးသောလုပ်ငန်း ဖြစ်ကြောင်း သင်တန်းသားများအား ပြောပါ။ (၂မိနစ်)

၂။ သူတို့အား ၎င်းတို့သရုပ်ပြ ဟင်းသီးဟင်းရွက်အကွက်တွင်လည်း အနည်းဆုံးသီးနှံ ၄ မျိုး၊ ကွင်းသီးနှံ အကွက်အတွက် အနည်းဆုံး သီးနှံ ၂ - ၃ မျိုး စိုက်ရန် မျှော်လင့်သည်။ သီးလှည့်အဖြစ် မျိုးရင်းဝင်တခုမှ (၁ မျိုး သို့မဟုတ် ၂ မျိုး) ရွေးချယ်ပြီး သီးလှည့်စိုက်ပျိုးရမည်၊ သို့သော် စုစုပေါင်း ၆ မျိုးထက် မပိုရပါ။ အဘယ်ကြောင့် ဆိုသော် GAP နည်းပညာကို သေချာလိုက်နာပြီး သီးနှံမျိုးများကို တစ်ကြိမ်တည်း စိုက်ရန်ခက်ခဲသည်။ ၎င်းကို နောက်သင်ခန်းစာတွင် အသေးစိတ်ဆွေးနွေးပါမည်။ (၃မိနစ်)

**အားလုံးပါဝင်သောလေ့ကျင့်ခန်း**

၁။ မေးခွန်းများကို သင်တန်းသားမှ စဉ်းစားအဖြေရှာပြီး အဖြေများကို စာရွက်ကြီးပေါ်ရေးချပါ။ (၅ မိနစ်)

(၁) သီးလှည့်စိုက်ပျိုးခြင်း ဆိုသည်မှာ အဘယ်နည်း၊

(၂) သီးလှည့်စိုက်ခြင်း၏အကျိုးကျေးဇူးများ မှာ အဘယ်နည်း၊

၂။ ၎င်းတို့ လက်စွဲစာအုပ်မှ လေ့ကျင့်ခန်း ၁.၁၀စာမျက်နှာ x x x တွင်အောက်ပါလေ့ကျင့်ခန်းရှိ အချို့သင်ခန်းစာ အပိုဒ်များကို သင်တန်းသားများအား ဖတ်ခိုင်းပြီး ဆွေးနွေးပွဲကို အဆုံးသတ်ပါ။ (၁၀ မိနစ်)

## လေ့ကျင့်ခန်း (၁.၁၁) သီးလှည့်စိုက်ခြင်း၏အဓိပ္ပာယ် နှင့်အကျိုးကျေးဇူးများ။

**အတွဲလိုက်လေ့ကျင့်ခန်း**

မိမိတို့ လက်စွဲစာအုပ်တွင်ပါသော သီးလှည့်စိုက်ပျိုးခြင်း လမ်းညွှန်အရ မိမိတို့ မည်သည့်သီးနှံများကို စိုက်ပျိုးချင်သည်ကို ဆွေးနွေးပါ။ (၅ မိနစ်)

အချို့သင်တန်းသားများအားလုံး ၎င်းတို့ မည်သည့်သီးနှံကိုရွေးပြီး အဘယ်ကြောင့်ရွေးသည်ကို ပြောခိုင်းပါ။ (၅ မိနစ်)

## လေ့ကျင့်ခန်း (၁.၁၂) မြေတစ်ကွက်ပေါ်တွင် ရာသီသီးလှည့်စိုက်ပျိုးနည်း ဥပမာ

| အုပ်စု - ၁ | အုပ်စု - ၂ |
|---|---|
| ၁။ ပဲတောင့်ရှည်<br>၂။ ရုံးပတီ<br>၃။ ကြက်သွန်<br>၄။ မုန်လာဥနီ | ၁။ ငရုတ်<br>၂။ ခရမ်းချဥ်<br>၃။ ခရမ်းသီး<br>၄။ ခရမ်းကြွပ်သီး<br>၅။ နံနံပင် |
| **အုပ်စု - ၃** | **အုပ်စု - ၄** |
| ၁။ ဂေါ်ဖီထုပ်<br>၂။ ပန်းဂေါ်ဖီ<br>၃။ ပန်းဂေါ်ဖီစိမ်း<br>၄။ မုန်လာဥဖြူ<br>၅။ ကန်စွန်း<br>၆။ ပြောင်းဖူး<br>၇။ မုန်ညှင်း | ၁။ ဘူးသီး<br>၂။ ပဲလင်းမြွေသီး<br>၃။ ခဝဲသီး<br>၄။ ကြက်ဟင်းခါး<br>၅။ သခွား<br>၆။ ဖရဲ<br>၇။ ရွှေဖရုံ |

### (၄) ဈေးနှုန်းများ။ (၂၀ မိနစ်)

၁။ ဒေသအလိုက် သီးနှံ ၂၄ မျိုးပါသော ဇယား လေ့ကျင့်ခန်း ၁.၁၂ တွင်ဖြည့်ပါ။ ဒေသတစ်ခုစီတွင် ယူနစ်တမျိုးစီသုံးပြီး ဈေးနှုန်းလည်း မတူသောကြောင့် ဇယားအမျိုးမျိုး ထားရမည်။

၂။ သင်တန်းသားများအား ၎င်းတို့ လက်စွဲစာအုပ်မှ သီးနှံဈေးနှုန်းဇယား ကို ကြည့်ပါ။ သင်တန်းသား တစ်ဦးချင်း အား ဇယားဆွဲပုံကို ရှင်းပြပြီး ဇယားတွင် မည်ကဲ့သို့ ဖော်ပြထားသည်ကို မေးပါ။ အဓိက မှတ်သားရန်မှာ (၁) တစ်နှစ်ပတ်လုံးဈေးနှုန်းပြောင်းလဲသည် (၂) ယေဘုယျအားဖြင့် သီးနံ ဈေးတက်ချိန်နှင့် ကျချိန်ရှိသည်။ ဈေးနှုန်းပြောင်းလဲရခြင်းမှာ (ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတွင် သီးနံကို အားလုံးက တချိန်တည်း ဆွတ်ခူး သောကြောင့် ဈေးကျရခြင်းဖြစ်သည်။ သီးနံများကို ၎င်းအချိန်ပြင်ပတွင် ဆွတ်ခူးရပါက ဈေးကောင်း ရသည်။)

၃။ သူတို့စိုက်မည့်သီးနံ ၄ မျိုး၏ သီးနံဈေးကောင်းသည့်အချိန်ကို သင်တန်းသားများအား ဇယားတွင် အမှတ်အသားပြုလုပ်ခိုင်းပါ။

၄။ ရွေးချယ်ထားသော သီးနံများအား ပုံမှန် စိုက်ချိန်ထက် ရက်ကို ရှေ့တိုး/ နောက်ဆုတ် ချိန်ဆပြီး ဈေးကောင်း ရချိန်ကို တွက်ခိုင်းပါ။ သီးနံများကိုလည်း ၎င်းအချိန်တွင် စိုက်ရန်စဉ်းစားသင့်ကြောင်းပြောပါ။ သို့သော်လည်း အကယ်၍နွေရာသီမှာသီးနှံတွေစိုက်တော့မည်ဆိုလျင် အပူဒဏ်ခံနိုင်သောသီးနံကို ရွေးချယ်သင့်ရန်နှင့် သီးနံရာသီ ကုန်သည်အထိ စိုက်ပျိုးရေလုံလောက်မှုသေချာစေရန် သတိပေးပါ။

လှော်ကျောင့်ခန်း (၁.၁၃) စိုက်ကွင်း၏ လစဉ်ပျမ်းမျှ တစ်ယူနစ်စျေး။

| သီးနှံ အမည် | ယူနစ် | ၁၀ | ၁၁ | ၁၂ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | သက်တမ်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အုပ်စု - ၁ | | | | | | | | | | | | | | |
| ၁။ တိုင်တောင်ပဲ | အစီး | ၁၀၀ | ၈၀ | ၈၀ | ၈၀ | ၁၀၀ | ၁၂၀ | ၁၅၀ | ၁၅၀ | ၁၀၀ | ၁၂၀ | ၁၀၀ | ၁၀၀ | ၅၀-၆၀ ရက် (အေကရီ ၁၁၁) |
| ၂။ ရုံးပတီ | အစီး | ၆၀ | ၈၀ | ၈၀ | ၈၀ | ၁၀၀ | ၁၂၀ | ၁၀၀ | ၁၂၀ | ၁၂၀ | ၁၂၀ | ၁၂၀ | ၁၂၀ | ၅၀-၆၀ ရက် (ကာတီ ၀၁၄) |
| ၃။ ကြက်သွန်နီ | Viss | ၂၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၈၀၀ | ၉၀-၁၅၀ ရက် |
| ၄။ မုန်လာဥနီ | Viss | ၃၅၀၀ | ၂၈၀၀ | ၂၈၀၀ | ၂၀၀ | ၂၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၉၀ ရက် ချီယားထိုင်း |
| အုပ်စု - ၂ | | | | | | | | | | | | | | |
| ၅။ ငရုတ် | နို့ဆီဗူး | ၂၅၀ | ၂၀၀ | ၂၀၀ | ၁၅၀ | ၁၅၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၅၀ | ၃၀၀ | ၃၀၀ | ၂၅၀ | ၈၅-၉၀ ရက် တွန်ဂလာ၆၉၂၊ ဒီမွန် |
| ၆။ ခရမ်းချဉ် | ပိဿာ | ၁၃၀၀ | ၁၃၀၀ | ၁၀၀၀ | ၆၀၀ | ၅၀၀ | ၁၀၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၃၀၀ | ၇၅-၉၀ ရက် နာဗားနား၀၄၄ |
| ၇။ ခရမ်းသီး | အစီး | ၃၀၀ | ၃၀၀ | ၂၅၀ | ၂၅၀ | ၃၀၀ | ၄၀၀ | ၄၀၀ | ၄၀၀ | ၅၀၀ | ၄၀၀ | ၄၀၀ | ၃၀၀ | ၈၀-၉၀ ရက် ရန်နာကို |
| ၈။ ခရမ်းကြွပ်သီး | အလုံး | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၇၀-၈၀ ရက် အဖြူ |
| ၉။ နံနံပင် | | | | | | | | | | | | | | ၃၀-၆၀ ရက် |
| အုပ်စု - ၃ | | | | | | | | | | | | | | |
| ၁၀။ ဂေါ်ဖီထုပ် | အထုပ် | ၁၅၀၀ | ၁၀၀၀ | ၈၀၀ | ၅၀၀ | ၄၀၀ | ၄၀၀ | ၈၀၀ | ၁၀၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၈၅-၉၀ ရက် နူဇာကာ |
| ၁၁။ ပန်းဂေါ်ဖီ | အပွင့် | ၁၅၀၀ | ၁၀၀၀ | ၈၀၀ | ၅၀၀ | ၄၀၀ | ၄၀၀ | ၈၀၀ | ၁၀၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၈၅-၉၅ ပုံနီးမား၀၈၈၊ ၇၅ ရက် အာထွီးယား၁၅၃ |
| ၁၂။ ပန်းဂေါ်ဖီစိမ်း | အပွင့် | ၉၀၀ | ၉၀၀ | ၈၀၀ | ၆၀၀ | ၅၀၀ | ၇၀၀ | ၉၀၀ | ၉၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | |
| ၁၃။ မုန်လာဥဖြူ | အစီး | ၂၅၀ | ၂၅၀ | ၂၅၀ | ၂၀၀ | ၁၀၀ | ၅၀ | ၈၀ | ၁၀၀ | ၁၀၀ | ၁၅၀ | ၂၀၀ | ၂၀၀ | ၄၅ ရက် ယူရယ် |
| ၁၄။ ကန်စွန်း | အစီး | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၃၀ | ၄၅-၅၅ ရက် လီယို၊ ရန်တီး |
| ၁၅။ ပြောင်းဖူး | အဖူး | ၁၅၀ | ၁၅၀ | ၂၀၀ | ၂၀၀ | ၁၂၀ | ၁၂၀ | ၁၅၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၂၀၀ | ၁၅၀ | ၇၀-၉၀ ရက် |
| ၁၆။ မုန်ညင်း | | | | | | | | | | | | | | ၄၀-၄၅ ရက် |
| အုပ်စု - ၄ | | | | | | | | | | | | | | |
| ၁၇။ ဘူးသီး | အလုံး | ၁၅၀၀ | ၈၀၀ | ၅၀၀ | ၄၀၀ | ၄၀၀ | ၈၀၀ | ၈၀၀ | ၁၀၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၆၅ ရက် အန်မို |
| ၁၈။ ဗုံလုံ (ပဲလင်းမြွေ) | အတောင့် | ၁၀၀ | ၂၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၂၅၀ | ၂၅၀ | ၂၅၀ | ၁၀၀ | ၁၀၀ | ၆၅ ရက် |
| ၁၉။ ခဝဲ | အတောင့် | ၁၀၀ | ၁၅၀ | ၃၀၀ | ၃၀၀ | ၁၀၀ | ၁၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၂၅၀ | ၁၀၀ | ၁၀၀ | ၆၅ ရက် |
| ၂၀။ ကြက်ဟင်းခါး | အစီး | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၂၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၂၀၀ | ၂၀၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၆၅ ရက် |
| ၂၁။ သခွား | အလုံး | ၁၅၀ | ၁၅၀ | ၁၀၀ | ၈၀ | ၈၀ | ၁၀၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၀၀ | ၁၀၀ | ၁၅၀ | ၆၀-၇၀ ရက် ရွှေရတီ ၇၇၇ |
| ၂၂။ ဖရဲ | အလုံး | ၂၅၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀-၁၀၀ ရက် ပတ္တမြား ၈၂၄ |
| ၂၃။ ဖရုံ | အလုံး | ၁၀၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၂၀၀ | ၁၀၀၀ | ၁၀၀၀ | ၈၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၈၅-၉၀ ရက် အာဂျူးနား |

### လုပ်ဆောင်ချက် ၈။ ဈေးကွက်လိုအပ်ချက်ကို စိုက်ပါ။ (၅ မိနစ်)

**အားလုံးပါဝင်သောလေ့ကျင့်ခန်း။**

၁။ သင်တန်းသားကိုမေးရန်။ ဝယ်သူမှ မည်သည့် သီးနှံလိုချင်သလဲ၊ ဘယ်လိုသိနိုင်သလဲ၊ ၎င်းတို့ထင်မြင်ချက်ကို စာရွက်ကြီးပေါ်ရေးပါ။ (၂ မိနစ်)

၂။ သင်တန်းသားများအား မိမိတို့ထင်မြင်ချက်များကို လေ့ကျင့်ခန်း ဇယားတွင် ရေးခိုင်းပါ။ (၃ မိနစ်)

### လေ့ကျင့်ခန်း (၁.၁၄) ဝယ်သူက မည်သည့်သီးနှံလိုချင်သည်ကို သင်ဘယ်လိုသိသလဲ၊

**အကြံပြုချက်များ**

၁။ သွားရောက်ပြီးမေးပါ။

၂။ ဖုန်းဆက်ပါ။

၃။ မိမိအုပ်စုနှင့်တွေ့ဆုံရန် ဖိတ်ခေါ်ပါ။ တစ်ဦးတစ်ယောက်ချင်းစီကိုလာတွေ့ရန် အဆင်ပြေမည်မဟုတ်ပါ။ အဖွဲ့နှင့်ပြောဆိုရန် ၎င်းတို့အတွက် ပိုပြီးအဆင်ပြေသည်။

၄။ ဈေးနှုန်းများကို သုံးသပ်ပါ။ သီးနှံအထွက်နည်းချိန်တွင် ဝယ်လိုအားကောင်းပြီး ဈေးကောင်းရနိုင်သည်။

၃။ နောက် FFS သင်တန်းတွင် ဝယ်သူများအားဖိတ်ခေါ်လိုကြောင်းနှင့် အပြန်အလှန်စကားပြောပြီး ဝယ်သူများ၏ လိုအပ်ချက်အရ ရောင်းဝယ်ခြင်း သဘောတူညီမှုကို ယူပါ။

### လုပ်ဆောင်ချက် (၉) ရောင်းဝယ်မှုသဘောတူညီချက်များ။ (၂၀ မိနစ်)

၁။ သင်တန်းသားအားမေးရန် - "သဘောတူညီခြင်း" ဆိုသော စကားကို၎င်းတို့ဘယ်လိုနားလည်သလဲ၊ ၎င်းတို့ ထင်မြင်ချက် ကို စာရွက်ကြီးပေါ်ရေးချစေပါ။ (၂ မိနစ်)

ထို့နောက် ဖွင့်ဆိုချက်ကို တောင်သူလက်စွဲ စာအုပ် ၁.၁၅ ကြည့်ရှုရန်။

### လေ့ကျင့်ခန်း (၁.၁၅) သဘောတူညီခြင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်

သဘောတူညီခြင်းများသည်တရားဝင်ရေးထားသောစာချုပ် (သို့မဟုတ်) တရားမဝင်နှုတ်ဖြင့်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အလိုက်ထွက်ကုန်နှင့်ဝန်ဆောင်မှုများအတွက် သဘောတူခြင်းတို့ဖြစ်သည်။

၂။ သင်တန်းသားများအား တရားမဝင် (သို့မဟုတ်) တရားဝင် သဘောတူညီမှုပြုလုပ်ဖူးသော ဥပမာများ ရှိ/မရှိမေးပါ။ သဘောတူညီမှုကို ဘယ်လိုထွက်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုပေါ်ပြုလုပ်ခဲ့ဘူးသည်ကို မေးပါ၊

**အဖွဲ့ငယ်များဖြင့် (၁၀ မိနစ်)**

၃။ အောက်ပါမေးခွန်းများကို သင်တန်းသားများအားမေးပါ။ ၎င်းတို့၏ အဖြေများကို လက်စွဲစာအုပ်ပါလေ့ကျင်းခန်း ၁.၁၅ တွင် ချရေးပါ။

## လေ့ကျင့်ခန်း (၁.၁၆) သဘောတူညီခြင်းများ၏မေးခွန်းများ

**ထွက်ကုန်ဝယ်ယူသူများနှင့် အရောင်းအဝယ်ပြုလုပ်ရာတွင် စနစ်တကျ ရေးသားထားသော အရောင်း အဝယ် စာချုပ်တစ်ခုထားရှိခြင်း၏ အားသာချက်များဟာ ဘာလဲ၊**

---

---

**နှုတ်ဖြင့်ရောင်းဝယ်မှုသဘောတူညီချက်ရဲ့အားသာချက်များဟာဘာလဲ၊**

---

---

---

**စနစ်တကျရေးသားထားသော အရောင်းအဝယ်စာချုပ် တစ်ခုသည်နှုတ်ဖြင့် သဘောတူညီမှုပြု လုပ်ခြင်းထက် ကောင်းသလား၊ ဘာကြောင့်လဲ၊**

---

---

---

**ရောင်းဝယ်မှုသဘောတူညီချက်ထားခြင်း၏ မကောင်းသောအချက်များဟာဘာလဲ၊**

---

---

---

၄။ အဖွဲ့ခေါင်းဆောင်များအား မိမိတို့ထင်မြင်ချက်များကို သင်တန်းသားအားလုံးကို မျှဝေစေပါ။ (၁၀ မိနစ်)

### လုပ်ဆောင်ချက် (၁၀) သဘောတူညီမှုပြုလုပ်ခြင်း။ (၂၀ မိနစ်)

**အားလုံးပါဝင်သောလေ့ကျင့်ခန်း။**

၁။ လက်စွဲစာအုပ်၏လေ့ကျင်းခန်း ၁.၁၇ ပါ ပေးထားသောအချက်များကို ကိုးကားပါ။

**နှစ်ယောက်တစ်တွဲဆွေးနွေးရန်**

၂။ အတွဲတစ်တွဲလျှင် မေးခွန်းတစ်ခုစီမေးရန်တာဝန်ပေးပါ။ နောက်သင်တန်းလာသည့်အခါ ၄င်းမေးခွန်းများကို ဝယ်သူအားမေးရမည်ဖြစ်ကြောင်းပြောပါ။ ပေးထားသော မေးခွန်းကို အတွဲလိုက်ဆွေးနွေးခိုင်းပါ။ (၅ မိနစ်)

၃။ မိမိတို့တာဝန်ကျရာ မေးခွန်းတစ်ခုစီအား ဘယ်လိုနားလည်သည်ကို အဖွဲ့သို့ရှင်းပြရန် တစ်တွဲချင်းစီကို ဖိတ်ခေါ်ပါ။ ဆွေးနွေးရန်အားပေးပါ။ လိုအပ်လျှင်ကူညီပါ။ (၁၅မိနစ်)

### လေ့ကျင့်ခန်း (၁.၁၇) ရောင်းဝယ်မှုသဘောတူညီချက်တွင်ပါဝင်သောအချက်များ။

၁။ သင်ဘာထုတ်ကုန်သီးနှံကို ဝယ်ယူလိုသလဲ၊ ထုတ်ကုန်ကို ကောင်းစွာရှင်းပြပါ။

၂။ သင်ထုတ်ကုန် ဘယ်လောက်ဝယ်လိုသလဲ၊(ဥပမာ – လယ်သမားတစ်ဦးမှ ၅တင်း (သို့မဟုတ်) အဖွဲ့အားလုံး မှ တင်း ၁၀၀။)

၃။ ထုတ်ကုန်ကို ဘယ်အချိန်မှာဝယ်ယူလိုသလဲ၊

၄။ ဘယ်အရည်အသွေးအဆင့်လိုအပ်သလဲ၊ အရည်အသွေးလိုအပ်မှုကဘာလဲ၊ (ဥပမာ – သီးနှံအရွယ်အစား၊ အရောင်၊ အစိုဓါတ်ပါဝင်မှုနှင့် အဆင့်အတန်း။)

၅။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (ဂျီအေပီ) GAP အဆင့်ထုတ်ကုန်အတွက် ဘယ်လို GAP (ဂျီအေပီ) စိုက်ပျိုးနည်းကိုသုံးရမလဲ၊ ထုတ်ကုန်ကို ဘယ်လို ထုတ်လုပ်ထားသလဲ၊ (ဥပမာ – (၁) စားသုံးသူ အတွက် အန္တရာယ်ကင်းမှု ပိုးသတ်ဆေးသုံးပြီး စောင့်ရမည့်ကာလ ကုန်လွန်ပြီးမှရောင်းချခြင်း၊ (၂) ဓါတုဆေး လျှော့သုံးပြီး သဘာဝဆေးပိုသုံး (၃) အစိုးရထောက်ခံထားသော ဆေးသာအသုံးပြုခြင်း (၄) ပတ်ဝန်းကျင် အန္တရာယ်ကင်းမှု (၅) လယ်သမားနှင့် အလုပ်သမားများအန္တရာယ်ကင်းရှင်းမှု (၆) အရည်အသွေး ကောင်းသော မျိုးကောင်းမျိုးသန့်သာသုံးခြင်း (၇) တာရှည်ခံရန်အတွက် စနစ်တကျ ဆွတ်ခူးခြင်း၊ သိုလှောင်ခြင်းနှင့် စနစ်တကျသယ်ယူ ပို့ဆောင်ခြင်း)။ တောင်သူ လက်စွဲ စာအုပ်ပါ GAPအဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် အခြားသော အစိုးရ၏ဂျီအေပီ လိုအပ်ချက်များကို အသိပေးရပါမည်။

၆။ ထုတ်ကုန်ကိုဘယ်လိုနည်းနှင့် ဘယ်ကိုပို့ရမလဲ၊ (ဥပမာ – တိကျသောနေရာ၊အချိန်၊သယ်ယူနည်း၊ ထုပ်ပိုး နည်းနှင့် မည်သူကသယ်ယူစရိတ်ပေးမလဲ၊ ပျက်စီးလွယ်သော ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက် နှင့် သစ်သီး များကိုအထူးထုပ်ပိုးခြင်း၊ ရင့်မှည့်ချိန်၊ သိုလှောင်ခြင်းနှင့် သယ်ယူခြင်း လိုအပ်သည်။)

၇။ ဘယ်ဈေးနှင့် ဘယ်လိုငွေချေမလဲ၊ ဥပမာ – ဈေးသည် အရည်အသွေးနှင့်အရေအတွက်ပေါ် မူတည်သည်။ လယ်သမားတစ်ဦးချင်းဈေးနှင့် အဖွဲ့လိုက်လက်ကားဈေးကို မေးပါ။

၈။ ဘယ်လိုငွေချေနည်းကိုသုံးမလဲ၊ဝယ်သူဘက်မှလယ်သမားအား ငွေကိုဘယ်နည်းနှင့်ဘယ်တော့ ပေးမလဲ။ ဥပမာ – ပစ္စည်းပို့ချိန် ငွေချေခြင်း ရက်ဆိုင်း သို့မဟုတ် လဆိုင်း ပေးချေခြင်းနှင့် ချက်လက်မှတ်ဖြင့် ပေးချေခြင်းတို့ဖြစ်သည်။

ဝယ်သူသည် နည်းပညာအထောက်အပံ့ပေးသလား။ဥပမာ – လက်ကမ်းစာစောင်သို့မဟုတ် ကိုယ်တိုင် တွေ့ဆုံ ပြီးအရည်အသွေး စံသတ်မှတ်ချက်ကို အကြံပေးသလား။

၉။ အခြားဆွဲဆောင်မှုများ၊ ရောင်းသူသို့မဟုတ်ဝယ်သူများမှအပိုအခွင့်အရေးများပေးတတ်သည်။ ဥပမာ မိမိကိုသီးနှံ တင်း၁၀၀၀၀ ထက်ပိုရောင်းလျှင် မော်တော် ဆိုင်ကယ် တစ်စီးပေးမည်။ သွင်းအားစုအတွက် အကြွေးပေးမည် (ကြိုတင်ငွေပေးခြင်း) မော်တော်ဆိုင်ကယ် သို့မဟုတ် အခြားပစ္စည်းများ။ အထူးသဖြင့် အဖွဲ့လိုက်ကုန်ပစ္စည်းများ ဝယ်ယူလျှင် ဖြစ်သည်။

၁၀။ အကယ်၍ ရောင်းသူနှင့်ဝယ်သူကြားသဘောတူညီမှုပျက်လျှင် ပြဿနာကိုဘယ်လိုဖြေရှင်းမလဲ၊

၁၁။ ထုတ်ကုန်သီးနှံကိုသယ်ယူရာတွင်ပျက်စီးမှု ဥပမာ မီးဘေး၊ ရေဘေး၊ ခြောက်သွေ့ပျက်စီးခြင်းအတွက် ဘယ်လို အာမခံထားသလဲ၊ မည်သူ့မှာ ပေးဆပ်ရန်တာဝန်ရှိသလဲ၊ ဘယ်သူက တာဝန်ယူမလဲ၊

၁၂။ သဘောတူနားလည်မှုအားဖောက်ဖျက်လျှင် အပြစ်ပေးအရေးယူမှုတစ်စုံတစ်ရာရှိသလား၊

၄။ သင်တန်းသားများအားပြောပါ။ နောက်အချိန်တွင် ဝယ်ယူသူများကို ဖိတ်ခေါ်ပြီး သဘောတူညီချက်ကို မည်သို့ ပြုလုပ်မည်ဆိုသည်နှင့် ပတ်သက်ပြီး ၎င်းတို့လုပ်ချင်သည့် စိတ်ကူးများကိုလည်းကောင်း၊ မည်သည့် သီးနှံစိုက်သင့်သည်၊ မည်သည့်သီးနှံကို ဝယ်လိုသည် စသည့် လမ်းညွှန်ချက်များကိုလည်းကောင်း ရှင်းပြနိုင်းမည်ဖြစ်ကြောင်း ပြောပါ။ ဝယ်သူများအမည်နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်ကို တောင်းယူထားပါ။ သို့မှသာ လိုအပ်ပါက လယ်သမားများ ကိုယ်တိုင်ဝယ်သူများကိုဆက်သွယ်ပြီး သဘောတူညီးမှု ပြုလုပ်နိုင်မည်ဖြစ်သည်။

### လုပ်ဆောင်ချက် (၁၁) သင်တန်းတွင်လိုက်နာရန် အခြေခံစည်းကမ်းများ (၈ မိနစ်)

### အားလုံးပါဝင်ဆွးနွေးရန်

၁။ သင်တန်းသားများအား သင်တန်းတွင် လိုက်နာရန် စည်းကမ်းများ ချမှတ်ရန် အကြံဉာဏ် ရယူပါ။ သူတို့၏ ထင်မြင်ချက်များကို စက္ကူချပ်ပေါ်တွင်ရေးခိုင်းပါ။ လေ့ကျင့်ခန်း ၁.၁၇ ရှိ သူတို့၏ တောင်သူလက်စွဲစာအုပ် ကြည့်ပါ

## လေ့ကျင့်ခန်း (၁.၁၈) အခြေခံစည်းကမ်းများ

၁။ အချိန်တိကျပါ။

၂။ တက်ကြွစွာပါဝင်ပါ။

၃။ သူများပြောတာကို နားထောင်ပါ၊ကြားဖြတ် မနှောက်ယှက်ပါနှင့်။

၄။ မေးလိုလျှင်လက်ထောင်ပါ။ သင့်အလှည့်စောင့်ပါ။

၅။ အတွေ့အကြုံများကို မျှဝေမည်၊ သူများထံမှလည်း နည်းသစ်များယူမည်။

၆။ ------------------------------------------------------------------------------------------

၇။ ------------------------------------------------------------------------------------------

၈။ ------------------------------------------------------------------------------------------

**လုပ်ဆောင်ချက် (၁၂) သင်ခန်းစာကို သုံးသပ်ရန် (၅ မိနစ်)**

**အားလုံးပါဝင်ဆွေးနွေးရန်**

၁။ အောက်ဖော်ပြပါ မေးခွန်းများကို တက်ရောက်သူများအားမေးပါ။နောင်လာမည့် သင်တန်းအတွက် သူတို့၏အဖြေများကို သင်၏ မှတ်စု စာအုပ်တွင်ရေးပါ။

၁။ “ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း” မေးပါ။

၂။ “ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း” မေးပါ။

၃။ “သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း” မေးပါ။

**လုပ်ဆောင်ချက် (၁၃) အကျဉ်းချုပ်ပါ နောက်သင်ခန်းစာများအတွက် အချိန်၊နေရာ၊နှင့် သင်တန်းကို ဘယ်သူလာသင့်သလဲ။ (၅ မိနစ်)**

**အားလုံးပါဝင်ဆွေးနွေးရန်**

၁။ အဓိက အချက်များကို တက်ရောက်ပါဝင်သူများအား အသိပေးပြီး သင်ခန်းစာကို အကျဉ်းချုပ်ပါ

၂။ တက်ရောက်လာသူများနှင့် နေရာ၊အချိန်၊နေ့စွဲ နှင့် အကြောင်းအရာ များကို သဘောတူညီမှုရယူပါ။လူမှုရေးထုံးတမ်းစဉ်လာနှင့် အိမ်အလုပ် တာဝန်များကြောင့် မအားလပ်သော အမျိုးသမီးများအတွက် သင့်လျော်သော အချိန်နှင့်နေရာကို အထူး ဂရုပြုပါ။

၃။ သင်တန်းသို့ဘယ်သူလာသင့်သလဲ၊ သင်တန်းပို့ပိုးသူအနေဖြင့် အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသောသူများကိုသာ သင်တန်းသို့လာစေချင်ကြောင်း သင်တန်းသားများအား ပြောပါ။ သို့မှသာ သင်တန်းမှ သင်လိုက်သော အချက်အလက်များကို တိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာ အသုံးချနိုင်မည် ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦး လက်တွေ့လုပ်မည့်သူက တစ်ဦးဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာ မရရှိခြင်း၊ အချက်အလက် အမှားများ ရရှိခြင်း စသော အခက်အခဲများကြုံတွေ့နိုင်သည်။

**သတင်းဆင့်ပွား ကစားနည်း (အဆင်ပြေမှသာပြုလုပ်ရန်)**

သင်တန်းသားများကို မတ်တပ်ရပ်အနေထားဖြင့် စက်ဝိုင်းပုံရပ်စေပါ။ ပထမဦးဆုံး သင်တန်းသားသို့ –

“စောလှထွေးသည် ၂၀း ၁၀း ၁၀ မြေသြဇာ ၂ အိတ်၊ မြားနီကုမ္ပဏီ နှင့် ရွှေမျိုးစေ့ကုမ္ပဏီမှ မျိုးစေ့ ၆ မျိုး၊ ရေပုံး ၁ လုံး နှင့် ပေါက်ပြား ၁ လက်ကို ဈေးမှ ဗုဒ္ဓဟူးနေ့တွင် ဝယ်လာသည်” (သို့မဟုတ်) “သခွား နှင့် ဖရုံတွင် ကျရောက်ဖျက်ဆီးသော ပိုးစေးနဲ နှင့် ခြကိုကာကွယ်ရန် အီးအမ်ဖျန်းဆေးကို ရေတစ်လီတာတွင် ၁၂ စီစီ ထည့်ဖျော်ပြီး မနက်စောစော (သို့) ညနေပိုင်းတွင် ဖျန်းပါ” ဟူသည့် သတင်းစကားကို ပထမဦးဆုံးသော သင်တန်းသားကို ပြောပါ။ ၄င်းမှတဆင့် တစ်ဦးမှတစ်ဦးသို့ နှစ်ကိုယ်ကြား သတင်းလက်ဆင့်ကမ်းစေပါ။ နောက်ဆုံးလူ ရရှိသော သတင်းအချက်အလက်သည် ကနဦးသတင်းနှင့် များစွာ ခြားနားသွားကြောင်း တွေ့ရလိမ့်မည်။ အခြားသူတစ်ဦးထံမှ ရရှိသော သတင်းအချက်အလက်များသည်တစိတ်တပိုင်းသာမှန်ကန်ကြောင်းသာဓကဖြစ်သည်။ထို့ကြောင့်မှန်ကန်သောသတင်းအချက်အလက်ကိုတဆင့်ခံမဟုတ်ပဲတိုက်ရိုက်ရရှိနိုင်ရန်လိုသောသူများသည် (ကျား၊ မ) ကိုယ်တိုင် သင်တန်းတက်ရောက်ရန် လိုသည်။

(မှတ်ချက် – ဤကစားနည်းကို မြန်မြန်ဆန်ဆန် ပြီးမြောက်ရန်အတွက် ၁၀ ဦး မှ ၁၂ ဦးထိပါ ဝင်သာ အဖွဲ့ ၂ ဖွဲ့ ခွဲနိုင်သည်။)

ဤကစားနည်းကို ကစားခြင်းဖြင့် “လက်တွေ့လုပ်ကိုင်နေသော သူများကိုယ်တိုင် သင်တန်းလာတက်မှသာ တိကျမှန်ကန်သောအချက်အလက်များကို သင်တန်းမှ ရရှိနိုင်ကြောင်း” သင်ခန်းစာရရှိမည်။

သင်တန်းကိုလာတက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။ နောက်တွေ့ဆုံမည့်နေရာ၊ အချိန်နှင့် သင်ခန်းစာခေါင်းစဉ်တို့ကိုအတည်ပြု၍ တောင်သူ့လက်စွဲစာအုပ် ယူအလာရန် သတိပေးပါ။ အီးအမ်ဘိုကာရှီမြေဆွေး ပြုလုပ်ရန်အတွက် လိုအပ်သည့်သွင်းအားစုများကို ရွာအရောက်ပို့ပေးလိမ့်မည်ဆိုသည်ကို သတိပေးပါ။ စိုက်ပျိုးရေး အရောင်းဆိုင်က သွင်းအားစုများပို့ဆောင်ရေးစီစဉ်နိုင်ရန် အရေးပါသောတောင်သူများ၏ ဖုန်းနံပါတ်များကို ယခုသင်တန်းတွင် ရယူပါ။

**သင်ခန်းစာအခန်း (၂) သီးနှံ ဝယ်သူဦးဆောင်သောအလုပ်ရုံ အစည်းအဝေး**

အချိန် ။ ။ ၃နာရီ။ (သင်တန်းခန်းမအတွင်း၊ ကွင်းလုပ်ငန်းမပါ)

လိုအပ်သောပစ္စည်းများ ။ ။ ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီးများ၊မာကာပင်၊ တိပ်၊ သင်တန်းသားမှတ်ပုံတင်ပုံစံ။ သီးနှံပြက္ခဒိန်။

ရည်ရွယ်ချက်များ ။ ။ ၁။ ဖိတ်ကြားထားသောဝယ်ယူသူများကမည်သည့်သီးနှံများကို မည်သည့်အချိန်တွင် ဝယ်ယူလိုသလဲ၊

(ဥပမာ – အချိန်ကာလအားဖြင့် မည်သည့် သီးနှံများမှာဝယ်လိုအားရှိပြီး ဒေသထွက်ကုန်မရှိသဖြင့် စိုက်ပျိုးသင့်ကြောင်း )

၂။ ဝယ်သူများအားစာချုပ် (သို့မဟုတ်) ကြိုတင်ငွေပေးရန်အားပေးခြင်း။

၃။ ဝယ်သူများထံမှ အကြံဉာဏ်များပေးရန်အားပေးခြင်း။

၄။ ဝယ်သူများကဈေးကွက်နှင့်သင့်တော်သောမျိုးစေ့များကို ညွှန်းပေးရန်အားပေးခြင်း။

ဝယ်သူများဦးဆောင်သော အလုပ်ရုံအစည်းအဝေးလုပ်ရိုးလုပ်စဉ်။

အလုပ်ရုံအစည်းအဝေးမတိုင်မီဦးစွာပြုလုပ်ရန်။

**လုပ်ဆောင်ချက် (၁) ဆွေးနွေးပွဲ မစမီ ဦးစွာ ပထမ လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များ**

**အားလုံးပါဝင်ဆွေးနွေးရန်**

၁။ သီးနှံထွက်ကုန်များကိုပူးပေါင်းဝယ်ယူသူများရှာဖွေရန်ပွဲစားများနှင့်လက်ကားရောင်းသူများသည်ဟင်းသီးဟင်းရွက်အများကြီးဝယ်ယူပြီးနေ့စဉ်လက်လီရောင်းသူများကို ပြန်ဖြန့်ပေးသည်။ မကြာခဏဆိုသလို လက်ကားရောင်းသူများဟာ ကိုယ့်ဒေသရောင်းသူများထက် ဈေးပိုနိမ်တဲ့အတွက်ကြောင့်လယ်သမားများက သူတို့အား မကြိုက် နှစ်သက်ကြပါ။ ထို့ကြောင့် ဒေသရောင်းသူ တစ်ယောက်(သို့မဟုတ်) နှစ်ယောက် အား သူတို့၏ ဟင်းသီးဟင်းရွက်များ ကြိုက်နှစ်သက်မှုနှင့် အချိန်ကိုက် တင်ပြနိုင်ရန် ကြိုးစားပါ။ အကယ်၍ သူတို့ မလာနိုင်လျှင် လက်ကားရောင်းသူကို ရှာဖွေပါ။တက်ရောက်လာသူအား ဘယ်သူ တက်ရောက်လဲ ဆိုတာကို ရွေးချယ်ခွင့် ပေးရမည်။ သူတို့၏ အချိန်ကိုသတ်မှတ်ပါ တစ်ယောက်ချင်းစီအတွက် နာရီကြိုတင်သတ်မှတ်ပါ။ တစ်ချိန်တည်းမှာ နှစ်ဦးစလုံး မဖြစ်ရ။ လက်လီတစ်ဦးချင်း ရောင်းသူများထက် လက်ကား ရောင်းသူနှစ်ဦး၊ သုံးဦးက ပို၍ ဆက်ဆံလို့ကောင်းသည်။ လက်လီလက်ကား ရောင်းသူများက အထွေထွေ ဈေးကွက်အခြေအနေကို ပိုသိနေသောကြောင့် သီးနှံထွက်များ ကို ဝယ်ယူပြီး နေ့စဉ်များစွာသော တစ်ဆင့်ခံ ရောင်းချသူများကို ပြန်လည် ရောင်းချပါ။တစ်နည်းအားဖြင့် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ခြင်းမရှိဘဲ လွပ်လပ်စွာ ပြောဆိုနိုင်ရန် ဖြစ်ပါသည်။

**တစ်ဦးချင်း**

၂။ ဝယ်ယူသူများကိုစီမံကိန်းလယ်သမားများနှင့်မည်သို့ဆက်သွယ်ရမည်ကိုဆွေးနွေးပါ။ – နှစ်ဦးနှစ်ဘက်အတွက်အကျိုးရှိစေရန်စီစဉ်ပါ။ – အကျိုးတူစိုက်ပျိုးခြင်း၊ကြိုတင်ငွေ ပေးခြင်း၊ပြုလွယ်ပြင်လွယ်ဖြစ်စေရန် နှုတ်ကတိထားရှိခြင်း၊မည်သည့်စာချုပ်မှမပြုလုပ်ဘဲတောင်သူများစိုက်သင့်သည့်သီးနှံကိုသာလမ်းညွှန်ပေးခြင်းဖြင့် ဆောင်ရွက်နိုင် သည်။

၃။ ဝယ်သူများအား အဖွဲ့လိုက်ရောင်းချရန် အဆင်ပြေ၊ မပြေမေးပါ။ အဆင်ပြေပါက CCBG (ကျေးရွာအစုအဖွဲ့စိတ်တူကိုယ်တူတောင်သူများ) နှင့်ဆောင်ရွက်ရန်၊ သို့မဟုတ် FFSမှအဖွဲ့အားလုံး၏သဘောထားဖြင့်စိုက်ရမည့်သီးနှံများကိုဆုံးဖြတ်ပြီးအရောင်းအဝယ်လုပ်စေပါ။ဝယ်သူများကိုတဖွဲ့လုံးထံမှဝယ်ယူရန်အခွင့်အရေးပေးခြင်းဖြင့် ပိုမိုများပြားသည့် ထွက်ကုန်များအတွက် ပိုမိုကောင်းမွန်သော အရောင်းအဝယ် စာချုပ်တစ်ခု ရရှိလာနိုင်မည်ဖြစ်သည်။ ဥပမာ – ရခိုင်ဆောင်းသီးနှံ စီမံကိန်းမှ အရည် အသွေးမီ၉၉၉မျိုးကောင်းမျိုးသန့်မျိုးပွားတောင်သူများသည်ပုံမှန်ဈေးထက်နှစ်ဆရသည်။ငရုတ်သီးစုပေါင်းရောင်းဝယ်ရေးအဖွဲ့မှအလယ်အလတ်ဈေးကိုပေးသော်လည်း ကန်ထရိုက်စနစ်မှာ တည်ငြိမ်သော ဈေးနှုန်းကို ရရှိစေသည်။

၄။ သီးနှံထုတ်ကုန် ဝယ်ယူသူများကို မိမိတို့အောက်ပါ မေးခွန်းများ၏ အဖြေကို ဗီနိုင်း (သို့မဟုတ်) စက္ကူကဒ်ပြား ပေါ်ရေးချရန်ပြောပါ။

## လုပ်ဆောင်ချက် (၂) အလုပ်ရုံ အစည်းအဝေးတွင်ဆွေးနွေးရန်မေးခွန်းများ

**အားလုံးပါဝင်ဆွေးနွေးရန်**

၁။ တက်ရောက်သောတောင်သူများအားဝယ်သူများဦးဆောင်သောအလုပ်ရုံအစည်းအဝေးပွဲ၏ရည်ရွယ်ချက်များကိုပြောပါ။ရခိုင်ဆောင်းသီးနှံစီမံကိန်း(RWCP)လုပ်ဆောင်နေသည့် လုပ်ငန်းများထဲမှ စီမံကိန်းကဏ္ဍကြီး – ၄ တွင်ပါသည့်အရေးကြီးသော လုပ်ငန်းတစ်ခုမှာ လယ်သမားနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်သူ ဖြန့်ချိရေးကွင်းဆက်တွင် ပါဝင်သူများကို ချိတ်ဆက်ပေးခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်ကို သင်တန်းသားများအား ပြောပြပါ။ ဤနည်းအားဖြင့် စီမံကိန်းပြီးသည့် နောက်ပိုင်းအထိ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ဤအလုပ်ရုံဆွေးနွေးပွဲသည် တောင်သူများနှင့် သီးနှံဝယ်ယူသည့် ကိုယ်စားလှယ်များအားချိတ်ဆက်ပေးရန်ဖြစ်သည်။

ဤအခန်းသည် လယ်သမားနှင့် ဝယ်ယူသူများကို တရားဝင် သို့မဟုတ် အလွတ်သဘော ချိတ်ဆက်တွေ့ဆုံပေးပြီး လယ်သမားများအား ဈေးကွက်လိုအပ်သော မည်သည့် သီးနှံစိုက်ရမည်ကို လမ်းညွှန်ပေးရန်ဖြစ်သည်။

၂။ လေ့ကျင့်ခန်း၁.၁၆တွင်ပါသော မေးခွန်း၏အဖြေများကို FFS လယ်သမားအုပ်စုနှင့် ဆွေးနွေးရန်ပြောပါ (၎င်းအပြင်အခြား FFS လယ်သမားဟောင်း အုပ်စုများလည်း ပါကောင်းပါနိုင်သည်။) အုပ်စုရောင်းအား သဘောတူညီချက်တွင် လယ်သမားများ ပါဝင်လေလေ နှစ်ဖက်စလုံး အတွက် ပိုကောင်းလေဖြစ်သည်။

၃။ ဝယ်သူများအား၎င်းတို့၏အဖြေများရေးသားထားသော စာရွက်ကြီးကို လယ်သမားများထံတွင် ထားခဲ့ရန်ပြောပါ။ သို့မှသာ လယ်သမားများ နောက်ပိုင်းတွင် လေ့လာနိုင်ပြီး ဝယ်သူများထံသို့ အလွတ်သဘော သို့မဟုတ် တရားဝင်သဘောတူစာချုပ်ပြုလုပ်ရန် ထပ်မံဆက်သွယ်နိုင်မည်ဖြစ်သည်

## လေ့ကျင့်ခန်း (၂.၁) ရောင်းဝယ်ခြင်းနားလည်မှုတွင်ပါဝင်သောအချက်များ

၁။ သင်ဘယ်သီးနှံဝယ်လိုသလဲ၊ သီးနှံအကြောင်းရှင်းလင်းပြပါ။

၂။ သီးနှံဘယ်လောက်ဝယ်နိုင်မလဲ၊ ဥပမာလယ်သမားတစ်ဦးမှ၅တင်း သို့မဟုတ် တအုပ်စုလုံးမှတင်း၁၀၀။

၃။ သူတို့သည်ဘယ်အချိန်ကာလတွင်သီးနှံများကိုဝယ်ယူလိုသလဲ၊

၄။ ဘယ်လိုအရည်အသွေး စံချိန်နဲ့ ဝယ်လိုသလဲ၊ လိုအပ်သော အရည်အသွေးများက ဘာလဲ၊ ဥပမာ – အရွယ် အစား၊ အရောင်၊ အစိုဓါတ်ပါဝင်မှုနှင့်အဆင့်သတ်မှတ်ချက်။

၅။ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(ဂျီအေပီ) GAPအဆင့်ထုတ်ကုန်အတွက် ဘယ်လို(ဂျီအေပီ) GAPစိုက်ပျိုးနည်းကိုသုံးရမလဲ၊ထုတ်ကုန်ကို ဘယ်လိုထုတ်လုပ်ထားသလဲ၊ (ဥပမာ- (၁) စားသုံးသူအတွက် အန္တရာယ်ကင်းမှု ပိုးသတ်ဆေးသုံးပြီး စောင့်ရမည့်ကာလကုန်လွန်ပြီးမှရောင်းချခြင်း၊ (၂)ဓာတုဆေး လျှော့သုံးပြီး သဘာဝဆေးပိုသုံးခြင်း (၃)အစိုးရထောက်ခံထားသော ဆေးသာအသုံးပြုခြင်း (၄) ပတ်ဝန်းကျင်အန္တရာယ် ကင်းမှု (၅) လယ်သမားနှင့်အလုပ်သမားများ အန္တရာယ်ကင်းရှင်းမှု (၆) အရည်အသွေးကောင်းသော မျိုးကောင်း မျိုးသန့်သာသုံးခြင်း (၇) တာရှည်ခံရန်အတွက် စနစ်တကျဆွတ်ခူးခြင်း၊ သိုလှောင်ခြင်းနှင့် စနစ်တကျ သယ်ယူပို့ဆောင်ခြင်း) တောင်သူ လက်စွဲ စာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဖော်ပြထားတဲ့ အခြားသော ဂျီအေပီ လိုအပ်ချက်များကို အသိပေးရပါမည်။ တောင်သူ လက်စွဲ စာအုပ် လေ့ကျင့်ခန်း ၁.၃ တွင် ကြည့်ပါ။

၆။ သီးနှံများကိုဘယ်အချိန်ပို့ရမလဲ၊ ဘယ်လိုပို့ရမလဲ၊ ဥပမာ – နေရာအတိအကျ၊ အချိန်၊ သယ်ယူပို့ဆောင်နည်း ထုပ်ပိုးခြင်း၊ သယ်ယူခကိုမည်သူပေးမည်နည်း။ ပျက်စီးလွယ်သောသီးနှံများသည် အထူးထုပ်ပိုးမှုပုံစံ လိုအပ်ခြင်း၊ ရင့်မှည့်မှု၊ သိုလှောင်မှုနှင့်သယ်ယူခြင်းအတွက် လိုအပ်ချက်များရှိနိုင်သည်။

၇။ ဘယ်အခြေအနေတွင် ဘယ်ဈေးပေးမလဲ၊ ဥပမာ၊ ဈေးသည်အရည်အသွေး နှင့် အရေအတွက် ပေါ်မူတည်ပြီး ဈေးတမျိုး၊ လယ်သမားတစ်ဦးချင်း အလိုက်ဈေးတမျိုး၊ အဖွဲ့လိုက်ဈေးတမျိုး။

၈။ ဘယ်နည်းနှင့်ငွေချေမလဲ၊ ဘယ်လိုဘယ်နည်းဖြင့်လယ်သမားအားငွေပေးမလဲ၊ ဥပမာ – လက်ငင်း၊ အကြွေး၊ ချက်လက်မှတ် ဖြင့်ပေးခြင်း။ ဝယ်သူမှနည်းပညာ အကူအညီ ပေးနိုင်မလား၊ ဥပမာ လက်ကမ်းစာစောင် ဝေမှာလား၊ သို့မဟုတ် ကိုယ်တိုင် လာပြီး အရည်အသွေးကိုအကြံပေးမှာလား။

၉။ အခြားမက်လုံးများ – ဝယ်သူသို့မဟုတ်ရောင်းသူမှပေးနိုင်သောအပိုအခွင့်အရေးများ၊ ဥပမာ – အရေအတွက် ၁၀၀၀၀ ရောင်းပေးလျှင် မော်တော်ဆိုင်ကယ်ပေးမလား၊ မိမိမှသွင်းအားစုဖိုးငွေကြိုပေးပေးမည် စသည်။ ထို့အပြင် မော်တော် ဆိုင်ကယ်အခမဲ့ပေးခြင်း သို့မဟုတ် အခြားရောင်းအားမြှင့်တင်နည်းများ၊ (၎င်းမှာအများအားဖြင့် အုပ်စုလိုက် ဝယ်ယူခြင်းတွင်သာ အကျုံးဝင်သည်။)

၁၀။ အကယ်၍ရောင်းသူနှင့် ဝယ်သူအငြင်းပွားလျှင် ၎င်းပြဿနာများကို ဘယ်လိုဖြေရှင်းမလဲ၊

၁၁။ သီးနှံများကို ဘယ်လိုအာမခံထားမလဲ၊ ဥပမာ - မီး၊ ရေကြီးခြင်း၊ ရေပြတ်ခြင်း၊ သယ်ယူစဉ်ပျက်စီး ခြင်း၊ မည်သူက တာဝန်ယူမလဲ၊ လျော်ပေးမလဲ၊ စသည်၊

၁၂။ တစ်ဖက်ဖက်မှသဘောတူညီချက်ကို ဖောက်ဖျက်လျှင် အပြစ်ပေးခြင်း ဒဏ်ရိုက်ခြင်းရှိ၊ မရှိ။

## လုပ်ဆောင်ချက် (၃) အလုပ်ရုံ အစည်းအဝေးအကျဉ်းချုပ်

### အားလုံးပါဝင်ဆွေးနွေးရန်

(၁) ကွင်းဆင်း ဝန်ထမ်းမှဝယ်ယူသူ၏ နာမည်နှင့် ဆက်သွယ်ရန် လိပ်စာ အတိအကျ ကို စာရွက်ကြီးပေါ် ရေးချပြီးလျှင် ကွင်းဆင်းဝန်ထမ်း မှတ်တမ်းစာအုပ်ထဲသို့ ရေးချပါ။

(၂) ဝယ်ယူသူများအားအစည်းအဝေးသို့တတ်ရောက်လာခြင်းနှင့်သူတို့ တင်ပြချက်များအတွက် ကျေးဇူးတင် ကြောင်းပြောရန်။

(၃) လယ်သမားများကိုလည်းအစည်းအဝေးသို့ တတ်ရောက်လာခြင်းနှင့် ၎င်းတို့တင်ပြသော ဈေးကွက် ရွေးချယ်ခြင်းများ အတွက်ကျေးဇူးတင်ကြောင်းပြောရန်။

(၄) ဝယ်သူများနှင့်လယ်သမားများအား ရောင်းဝယ်ရေးနားလည်မှုကို အလွတ်သဘော ဆွေးနွေးရန် ဖိတ်ခေါ်ပါ။ အလုပ်ရုံအစည်းအဝေးအပြီး သို့မဟုတ် အခြားအချိန်တွင် လည်းဝယ်ယူသူများနှင့်ဆက်သွယ်ခြင်း၊ တွေ့ဆုံနိုင်ကြောင်းပြောပါ(၅)လယ်သမားများအားမိမိတို့ဒီနေ့ဘာတွေလေ့လာရသလဲ။ ၎င်းသတင်းများကိုမိသားစုနှင့်ဆွေးနွေး ပြီး ဈေးကွက် အလားအလာအရဟင်းသီးဟင်းရွက်အတွက်သီးနှံ(၄ - ၆)မျိုး နှင့် ကွင်းသီးနှံအတွက် (၂ - ၃)မျိုးကို စိုက်ရန်ဆုံးဖြတ်ပါ။

မှတ်ချက်။

၁။ လယ်သမားများအား သီးနှံတစ်မျိုးတည်းကို တချိန်တည်းစိုက်လျှင် ဈေးကွက်တွင် ပိုလျှံနေပြီးဈေးကျမည်ကို သတိပေးပါ။ လယ်သမားအား သီးနှံအမျိုးအမည်များစွာကို စိုက်ပြီးဈေးကျခြင်း အန္တရာယ်ကို နည်းစေနိုင် ကြောင်းပြောပါ။ ဖြစ်နိုင်လျှင် သီးနှံရှားပါးချိန်၊ ဝယ်လိုအားများပြီး ဈေးကောင်းချိန်ကိုတွက်ဆပြီး စိုက်ရန်ပြောပါ။

၂။ ဝယ်သူများအား ၎င်းတို့အနေဖြင့် တခြားဒေသနှင့် ဆက်သွယ်နိုင်သလား မေးပါ။ အကယ်၍ ၎င်းတို့ဒေသတွင် ဈေးကျလျှင်ဝယ်သူမှ အခြားဒေသတွင် ဈေးတင်ပြီး ရောင်းချနိုင်သည်။ ဒီနည်းဖြင့် ဝယ်သူသည် လယ်သမားများနှင့် စီးပွားရေးကို လက်တွဲမပြတ် ဆက်လက်လုပ်ကိုင်နိုင်ပြီး (မိမိတို့အတွက်အမြတ်)နှင့် လယ်သမားလည်း ဈေးကောင်းရသည်။ (နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်သော အခြေအနေကိုဆိုလိုသည်။)

## လုပ်ဆောင်ချက် (၄) သင်ခန်းစာကိုသုံးသပ်ပါ။ (၅မိနစ်)

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

## လုပ်ဆောင်ချက် (၅) နောက်သင်ခန်းစာ အတွက် အချိန်၊နေရာ၊အကြောင်းအရာ။ သင်တန်းကို ဘယ်သူလာသင့်သလဲ။ (၅ မိနစ်)

### အားလုံးပါဝင်ဆွေးနွေးရန်

၁။ နောက်သင်တန်းချိန်အတွက်ဆွေးနွေးမည့်ခေါင်းစဉ်၊နေ့ရက်၊နေရာနှင့်အချိန်ကိုအသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေသင်တန်းချိန်နှင့်အမှန်တကယ်ကိုက်ညီ သူကိုသာ သင်တန်းလာတက်ရန်ပြောပါ။ အမှန်တကယ်လက်တွေ့လုပ်ကိုင်နေသောသူများကိုသာ သင်တန်းသို့လာစေချင်ကြောင်း သင်တန်းသားများအား ပြောပါ။ သို့မှ သာသင်တန်းမှသင်လိုက်သော အချက်အလက်များကို တိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာ အသုံးချနိုင်မည် ဖြစ်သည်။ ထို့ကြောင့် သူတို့သည်လုပ်ငန်းခွင် ထဲမှာ စနစ်တကျ အသုံးချနိုင်ရန် ပိုကောင်းတဲ့ အခွင့်အရေး ရှိကြသည်။ သင်တန်းတက်သူကတစ်ဦး လက်တွေ့လုပ်မည့်သူကတစ်ဦး ဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူ အနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက်အမှားများရရှိခြင်း စသော အခက်အခဲများ ကြုံတွေ့နိုင်သည်။

## သင်ခန်းစာအခန်း (၃) သီးနှံရွေးချယ်ခြင်း သင်ခန်းစာ အဆက်

အချိန် ။ ။ ၂၂၀ မိနစ် (သင်တန်းခန်းမအတွင်း၊ ကွင်းလုပ်ငန်းမပါ)

ရည်ရွယ်ချက်များ ။ ။ ၁။ ပြီးခဲ့သောသင်ခန်းစာများအား အကျဉ်းချုံး ပြန်လည်ဆွေးနွေးရန်။

၂။ စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်သောမြေနေရာရွေးချယ်သတ်မှတ်ရန်

၃။ သီးနှံတစ်ခုချင်းစီအလိုက် သင့်လျော်သည့်မြေနှင့် GAP စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်စနစ်ကောင်းများအတွက် မြေဆီလွှာပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု လိုအပ်ချက်များကို အကဲဖြတ်ရန်။

၄။ လုပ်အားလိုအပ်မှုနှင့် ရရှိနိုင်မှုကို လေ့လာဆန်းစစ်ရန်။

၅။ ရေရရှိမှုနှင့် သီးနှံရေလိုအပ်မှုကို လေ့လာဆန်းစစ်ရန်။

၆။ သီးနှံအမျိုးမျိုးတွင် အမြတ်ရနိုင်မှုသည် အထွက်နှုန်းနှင့်ဈေးနှုန်းပေါ်မူတည်သည်ကိုသိရှိရန်။

၇။ စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး (CV/CFC) လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ယောက်ျားများနှင့်မိန်းမများအပေါ် ကောင်းကျိုး၊ ဆိုးကျိုးသက်ရောက်မှုကို ကြည့်ပြီး ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့်ကို လေ့လာဆန်းစစ်ရန်။

၈။ ပတ်ဝန်းကျင်ပေါ် အကျိုးသက်ရောက်မှုကို တိုင်းတာရန်။

၉။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ဖြင့် သီးနှံစိုက်ပျိုးရန် နည်းပညာဗဟုသုတ လိုအပ် ကြောင်း တောင်သူများသိရှိလက်ခံရန်။

၁၀။ စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ပျိုးမှုမစတင်မီ သွင်းအားစုရရှိနိုင်မှု အရေးကြီးကြောင်းကို သိရှိရန်။

၁၁။ သီးနှံဆုံးရှုံးနိုင်ခြေများကို ချင့်ချိန်ဆုံးဖြတ်ရန်။

၁၂။ သီးနှံရွေးချယ်ခြင်းကို အကျဉ်းချုံးရန်။

### လုပ်ဆောင်ချက် (၁) သင်ခန်းစာ ၁နှင့်၂ကိုအကျဉ်းချုံးပြန်လည်ဆွေးနွေးရန်။ (၁၀မိနစ်)

### အားလုံးပါဝင်ဆောင်ရွက်ရန်

၁။ သင်တန်းသားများသည် ပြီးခဲ့သောသင်တန်းမှမည်သည့် အကြောင်းအရာများ လေ့လာခဲ့သည်ကိုမေးပါ။ ၎င်းတို့၏ ထင်မြင်ချက်များကိုစာရွက်ကြီးပေါ်တွင် ချရေးစေပါ။ (၈ မိနစ်)

- တစ်ဦးနှင့်တစ်ဦးမိတ်ဆက်ပါ။
- စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကိုရှင်းပြရန်။
- တောင်သူလက်စွဲစာအုပ်အကြောင်းကိုသိရှိရန်။
- စီးပွားဖြစ်လယ်ယာစိုက်ပျိုးခြင်း။
- သီးနှံရွေးချယ်ရေးမူများ။
- သီးနှံရွေးချယ်ခြင်းအသေးစိတ် - ရာသီအလိုက်စိုက်ပျိုးချိန်ပြဇယား၊ သီးနှံမျိုးစုံစိုက်ပျိုးခြင်း၊ သီးလှည့် စိုက်ပျိုး ခြင်းနှင့် ဈေးနှုန်းတန်ဖိုး။
- ဈေးကွက်ဝင်သီးနှံကိုစိုက်ပါ။
- ရောင်းဝယ်ရေးဆိုင်ရာသဘောတူညီမှု။
- သဘောတူညီမှုပြုလုပ်ခြင်း။
- လယ်သမားကွင်းသင်တန်းကျောင်းအတွက်အခြေခံစည်းကမ်းများ။
- ဝယ်သူဦးဆောင်သောအလုပ်ရုံအစည်းအဝေး။

၂။ သင်တန်းသားများအားတောင်သူလက်စွဲစာအုပ်မှ မာတိကာကိုကြည့်ပြီး သင်တန်းသားတစ်ဦးချင်းစီကို လက်ရှိ သင်တန်းခေါင်းစဉ်အားဖတ်ခိုင်းပါ။ (၂မိနစ်)

## သင်တန်းပံ့ပိုးသူအား အကြံပြုချက်

ဤလုပ်ဆောင်ချက်သည်မာတိကာကိုကြည့်၍ လိုအပ်သော အချက်အလက် များကို ရှာဖွေရာတွင်အထောက်အကူပြုစေသည်။

လိုအပ်သောပစ္စည်းများ – ကြိုတင်ပြင်ဆင်ထားသောစာရွက်ကြီးများ၊ မာကာပင်၊ တိပ်၊ တက်ရောက်တောင်သူစာရင်း၊ ဗီနိုင်း ၁။ သီးနှံပြက္ခဒိန်။

## လုပ်ဆောင်ချက် (၂) သီးနှံရွေးချယ်ခြင်းမှုသင်ခန်းစာအဆက်၊ မြေနေရာရွေးချယ်ခြင်း။ (၁၀ မိနစ်)

## သင်တန်းပံ့ပိုးသူအတွက် အကြံပြုချက်များ

သင်တန်းသားများအားစီမံကိန်းမှသရုပ်ပြအကွက် (ဟင်းသီးဟင်းရွက် အတွက် ၁/၄ဧကနှင့် ကွင်းသီးနှံ အတွက် ၁ဧက) အတွက် သွင်းအားစုကုန်ကျစရိတ်၏၉၀% ကိုပံ့ပိုးမည်။ အကယ်၍ ၎င်းတို့အနေဖြင့် သတ်မှက်ဧရိယာထက်ပို၍ စိုက်လိုလျှင်စိုက်ပျိုးနိုင်သည်။ သို့သော် သတ်မှတ်ဧရိယာထက်ပိုသည့် ကုန်ကျစရိတ်များကို တောင်သူ ကိုယ်တိုင်ကျခံရမည်ကို ပြောပါ။

### အားလုံးပါဝင်ဆောင်ရွက်ရန်။

၁။ သင်တန်းသားများအားမိမိတို့၏ တောင်သူလက်စွဲစာအုပ်ရှိ လေ့ကျင့်ခန်း ၁.၆ သီးနှံ ရွေးချယ်ခြင်းမှုကို ကြည့်ခိုင်းပါ။

၂။ သူတို့ကို ပြောပါ ယခု သူတို့ မြေနေရာရွေးချယ်ခြင်းမှုကိုဆက် လက်လေ့လာရန်။

၃။ ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးရန်အတွက် မြေရွေးချယ်ရာတွင် မည့်သည့် အချက်အလက်များကို ထည့်သွင်း စဉ်းစားရမည်ကို အချင်းချင်းအကြေအလည် ဆွေးနွေးသည့်နည်း (Brain Storm) ဖြင့်သုံးပြီး ဆွေးနွေးပါ။

၄။ သင်တန်းသားများမှ မိမိတို့၏ထင်မြင်ချက်ကို စာရွက်ပေါ်တွင်ရေးစေပါ။ (၅မိနစ်)

### တစ်ဦးချင်းလေ့ကျင့်ခန်း

၅။ သင်တန်းသားများဆွေးနွေးထားသည့် ထင်မြင်ချက်များသည် လေ့ကျင့်ခန်း (၁.၆) ရှိဇယားတွင်မပါရှိသေး ပါက ထပ်ဖြည့်ပါ။

၆။ မိမိတို့မြေနေရာကိုရွေးချယ်ရာတွင် ဇယားကော်လံ၌အမှား/အမှန်ခြစ်ပြီးသုံးသပ်ပါ။ အကယ်၍မြေရွေးချယ်မှုတွင် အမှားခြစ်များ များစွာပါနေလျှင် စိုက်ပျိုးရန် မသင့်လျော်ကြောင်းပြောပါ။ (၅မိနစ်)

### လေ့ကျင့်ခန်း (၃.၁) လယ်သမားများ မြေနေရာအကဲဖြတ်ရွေးချယ်ခြင်း

| ဆုံးဖြတ်ရန်မူ | မြေကို အကဲဖြတ် ရန် (ကောင်းလျှင်အမှန်ခြစ်ပြီး မကောင်းလျှင်အမှားခြစ်ပါ) |
|---|---|
| ၁။ မကြာခဏသွားရောက်နိုင်ရန်အိမ်နှင့်သိပ်မဝေးရ။ | |
| ၂။ ရေလွှမ်းခြင်းမရှိရ | |
| ၃။ လုံလောက်စွာရေရနိုင်သောနေရာ | |
| ၄။ အနီးပတ်ဝန်းကျင်ကွင်းများမှ ပိုးရောဂါ နှင့်အခြား အညစ်အကြေးကင်းသောနေရာ။ | |

| | |
|---|---|
| ၅။ ဟင်းသီးဟင်းရွက်နှင့်ကွင်းသီးနှံများအတွက် သင့်တော်သော မြေ။ | |
| ၆။ လွန်ခဲ့သော ကာလအတွင်းကမြေအသုံးချမှု မှတ်တမ်း။ | |
| ၇။ အရိပ်အနည်းငယ်ရှိလျှင်ရသို့သော်သိပ်မများရ။ | |
| ၈။ ဈေးကွက်နှင့်အချိတ်အဆက်ကောင်းသော နေရာ (ပွဲစား၊ဝယ်သူများ)နှင့်လက်လှမ်းမှီသောနေရာ။ | |
| ၉။ | |
| ၁၀။ | |
| ၁၁။ | |
| ၁၂။ | |

**လုပ်ဆောင်ချက် (၃) မြေဆီလွှာလက္ခဏာနှင့်ထိန်းသိမ်းစောင့်ရှောက်မှု။ (၆၅မိနစ်)**

**အားလုံး ပါဝင်ဆောင်ရွက်ရန်**

၁။ အကြံဉာဏ်သစ်များရရန်အောက်ပါမေးခွန်း၂ခုကိုမေးပါ။ (၅ မိနစ်)

(၁) မြေဆီလွှာတွင်မည်သည့်အရာများပါဝင်သနည်း။မြေဆီလွှာကိုမည်သည့်အရာများဖြင့်ဖွဲ့စည်းထားသနည်း။

(၂) ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးရန်ကောင်းသောမြေသည်မည်သည့်ပုံစံရှိသနည်း။

**သင်တန်းသားများအဖြေကိုဆက်ရေးပါ။**

၂။ တောင်သူ လက်စွဲလက်စွဲ စာအုပ်ပါ လေ့ကျင့်ခန်း ၃.၂ မြေနမူနာကို မှတ်စုကို သွားပါ။ သူတို့၏ အတွေး များဟာ စာရင်းပေါ်တွင် မရှိဘူးဆိုလျှင် သူတို့၏ လက်စွဲ စာအုပ်တွင် ပါရှိသော ကွက်လပ်လိုင်းများကို သူတို့၏ အတွေးဖြင့်ဖြည့်ခိုင်းပါ။ (၁၀ မိနစ်)

## လေ့ကျင့်ခန်း (၃.၂) မြေဆီလွှာ အစိတ်အပိုင်း

မေးခွန်း ၁ ။ မြေဆီလွှာတွင်မည်သည့်အရာများပါဝင်သနည်း။

- အစိုင်အခဲအကြီးအသေး၊ဓာတ်သတ္တုပစ္စည်းများ (၄၅ %)
- မြေဆွေး၊အဏုဇီဝသက်ရှိများ (၅%)
- လေ (၂၅ %)
- ရေ (၂၅%)

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

မေးခွန်း ၂။ ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ရန်ကောင်းသောမြေသည်မည်သည့်မြေမျိုးဖြစ်သနည်း၊

- အနက်၊အညိုနှင့်အနီရောင်အပေါ်ယံမြေ၊
- အနံ့ကောင်း
- ကြေလွယ်သော်လည်းသိပ်မမှုန့်ရ။
- အစိုဓါတ်ရှိရမည်သို့သော်သိပ်မစိုရ။
- သဘာဝမြေဆွေး – အာဟာရဓါတ်နှင့်အဏုဇီဝများစွာပါရှိခြင်း

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------




**အားလုံးသုံးသပ်ရန်**

၃။ သင်တန်းသားများနှင့် မြေဆီလွှာစစ်ဆေးရန် အဆင့်များကိုအောက်ပါဇယားတွင် လေ့လာပါ။ သင်တန်းသား တစ်ဦးချင်းစီအား အချိူ့စာကြောင်းများဖတ်ခိုင်းပြီး အုပ်စု တစ်ခုလုံးကိုလည်း အချိူ့စာကြောင်းများကို ဖတ်ခိုင်းစေခြင်းဖြင့် အားလုံးပါဝင်ဆွေးနွေးစေပါ။ (၁၀မိနစ်)

မှတ်ချက်။ သင့်တွင်အချိန်ရှိပါက သဲ၊ နုန်း၊ ရွှံ့နမူနာများကို ယူခဲ့ပြီး အုပ်စုများကို မည်သည့်အရာဖြစ်ကြောင်းကို အောက်ပါအချက် ၆ ချက် အရ သတ်မှတ်စေပါ။

**လေ့ကျင့်ခန်း (၃.၃) မြေဆီလွှာကို ခွဲခြမ်းစိတ်ဖြာစဉ် မည်သည်တို့ကို လေ့လာကြည့်ရမည်နည်း။**

၁။ မြေဆီလွှာဖွဲ့စည်းပုံ (Soil Structure and Texture) ကိုကြည့်ခြင်းအားဖြင့်မည်သည့် အပင်မျိုး စိုက်ပျိုးနိုင်သည်ကို ဆုံးဖြတ်နိုင်သည်။ အရေးကြီးသောဂုဏ်သတ္တိများမှာ –

- ရွှံ့စေးသည်အာဟာရနှင့်ရေကို ထိန်းသိမ်းနိုင်သည်။
- သစ်ဆွေးမြေသည်လေဝင်လေထွက်နှင့်အမြစ်ကြီးထွားရန်အထောက်အကူပြုသည်။

- သဲမြေသည်လေဝင်လေထွက်ကောင်းစေသည်။

၂။ မြေသားသည်သဲ၊ နုန်း၊ ရွှံ့စေးတို့ဖြင့်တည်ဆောက်ထားသော မြေစိုင်ခဲကိုဆိုလိုသည်။ သဲသည်အရွယ်အကြီး ဆုံး ဖြစ်ပြီးရွှံ့စေးမှာ အသေးဆုံးဖြစ်သည်။

၃။ မြေသားတည်ဆောက်ပုံဆိုသည်မှာမြေတွင် သဲ၊ နုန်းနှင့် ရွှံ့စေးတို့ အချိုးအစား အမျိုးမျိုးပါဝင်သော အခြေအနေ ဖြစ်သည်။

- သဲမြေသည်ကိုင်ကြည့်လျှင်ကြမ်းသည်။ သို့သော်ထယ်ထိုးရလွယ်ကူသည်။ ရေစီးရေလာကောင်းသော်လည်း ခြောက်သွေ့သည့်ရာသီတွင်ရေကိုမထိန်းထားနိုင်ပါ။

- နုန်းမြေသည်ကိုင်ကြည့်လျှင်စေးပြီး၊ အစိုဓာတ်ပိုမိုထိန်းနိုင်သည်။ သို့သော် ထွန်ယက်ခြင်းကြောင့် မြေသိပ်သည်းမှု ပိုလာသည်။

- ရွှံ့စေးမှာကိုင်လျှင်စေးပြီး၊ရေစိမ့်စီးဆင်းမှု မကောင်းဘဲခြောက်လျှင်အလွန်မာကြောသည်။

၄။ ဓာတ်သတ္တုပစ္စည်းများနှင့် သဘာဝမြေဆွေးပါဝင်မှု အချိုးပေါ်မူတည်ပြီး မြေဆီလွှာ၏ အရောင်ပြောင်းလဲနိုင်သည်။ သံဓာတ်များသော မြေသည် လိမ္မော်ညိုရောင်မှ ဝါညိုရောင်ရှိသည်။ သဘာဝမြေဆွေးများသော မြေမှာအညိုရင့်ရောင်မှ အနက်ရောင်ရှိသည်။ မြေသား အရောင်ကို ကြည့်ခြင်းအားဖြင့် မြေသား၏ သဘော သဘာဝကို မှန်းဆနိုင်သည်။ ဥပမာ –ရေစီးရေလာကောင်းသော မြေသည် တောက်ပသည့် အရောင်ရှိ သည်။ မီးခိုးရောင်၊ အနီရောင်၊ အဝါရောင်ရောနေသော မြေသည် ပျော့ပျောင်း စိုစွတ်သောမြေဖြစ်သည်။

၅။ မြေဆီလွှာ၏အခြားလက္ခဏာများ

- မြေတွင်းသက်ရှိများ ( ဥပမာ – တီကောင်နှင့်အခြားသက်ရှိအစုအဖွဲ့(Biota))

- အမြစ်များ

၆။ သင့်မြေအမျိုးအစားအား ခွဲခြားသတ်မှတ်ခြင်း။ လက်တစ်ဆုပ်စာမြေကိုစိုအောင်ပြုလုပ်ပြီး လက်ချောင်း နှစ်ချောင်း ဖြင့်ပွတ်ကြည့်ပါ။ လက်အထိအတွေ့ပေါ်မူတည်ပြီး မြေအမျိုးအစားကို ပြောနိုင်သည်။

- ရွှံ့စေးမြေ – လက်ချောင်းများပေနေမည်၊ လက်ချောင်းများတွင်ကပ်နေမည်။ အစိုင်အခဲ မပျက်တည်ရှိမည်။ ပုံသွင်းနိုင်သည်။ ပြောင်ချောသောမျက်နှာပြင်ရှိသည်။

- နုံးမြေ – လက်ချောင်းများပေနေမည်။ လက်ချောင်းတွင်ကပ်မနေပါ။ ပုံသွင်းရန်ခက်ခဲသည်။ မျက်နှာပြင် ကြမ်း သည်။

- သဲမြေ – ပုံမသွင်းနိုင်၊လက်ချောင်းများမပေ၊အလွန်ကြမ်းသည်။

တစ်ဦးချင်းလေ့ကျင့်ခန်း

၄။ သင်တန်းသားများအားငင်းတို့မြေ၏အလွှာလိုက်ဖွဲ့စည်းပုံကို ရေးဆွဲခိုင်းပြီး မေးခွန်းများကို ၄င်းတို့စာအုပ် တွင်ဖြေခိုင်းပါ။ (၁၀ မိနစ်)

## လေ့ကျင့်ခန်း (၃.၄) တောင်သူမြေ၏ မြေဆီအလွှာ တည်ဆောက်မှု

၁။ သင်အကြိုက်ဆုံးသောဟင်းသီးဟင်းရွက်မြေ၏အလွှာလိုက်ပုံကိုဆွဲပါ။

၂။ မြေဆီလွှာအတွင်းရှိကြီးထွားဇုန် (Growing Zone)ကို စမ်းသပ်ပြီးခံစားရသောအခြေအနေကိုဖော်ပြပါ။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

၃။ မြေဆီလွှာအတွင်းရှိကြီးထွားဇုန်၏အရောင်ကိုဖော်ပြပါ။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

၄။ မြေဆီလွှာအတွင်းရှိကြီးထွားဇုန်၏အခြားလက္ခဏာများကိုဖော်ပြပါ။

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

**အားလုံးပါဝင်ရန်**

၅။ လယ်သမားများ (သို့မဟုတ်) အုပ်စုအားလုံးဖိတ်ခေါ်ပြီးတောင်သူလက်စွဲစာအုပ်လေ့ကျင့်ခန်း ၃.၅ကို စာတစ်ကြောင်းစီကိုဖတ်ရန်နှင့်ပါဝင်ကြရန်အားပေးပါ။ (၁၀မိနစ်)

**လေ့ကျင့်ခန်း (၃.၅) သင့်တော်သည့်မြေနှင့် လိုက်ဖက်သောသီးနှံ**

| သီးနှံ | မြေအမျိုးအစား | သင်၏လယ်နှင့် သင့်တော်မှု ရှိ/မရှိကို အမှား။ အမှန်ပြပါ။ |
|---|---|---|
| အုပ်စု ၁ | | မိမိလယ် |
| ၁။ ပဲတောင့်ရှည် | မွပြီး ရေစိမ့်ကောင်းသော နန်းမြေမျိုးတွင် အကောင်းဆုံး။ | |
| ၂။ ရုံးပတီ | နန်းမြေတွင်ကောင်းသည်။သို့သော် သဘာဝမြေဆွေး များရမည်။ | |
| ၃။ ကြက်သွန် | မြေအမျိုးမျိုးတွင်ဖြစ်နိုင်သည်၊သဲနုန်း မြေအပါအဝင်။ | |
| ၄။ မုန်လာဉနီ | သဲနန်းမြေတွင်ဖြစ်သည်။ သို့သော် ရွှံ့စေးမြေတွင်လည်း စိုက်ပျိုးနိုင်သည်။ | |
| အုပ်စု - ၂ | | |
| ၅။ ငရုတ် | မွပြီးရေစိမ့်ကောင်းသောမြေ။ သို့သော် မြေအမျိုး မျိုးတွင် ဖြစ်ထွန်းသည်။ | |
| ၆။ ခရမ်းချဉ် | မွပြီးရေစိမ့်ကောင်းသောမြေ။ သို့သော် မြေအမျိုး မျိုးတွင် ဖြစ်ထွန်းသည်။ | |

| | | |
|---|---|---|
| ၇။ ခရမ်းသီး | မွပြီးရေစိမ့်ကောင်းသောမြေ။ သို့သော် မြေအမျိုး မျိုးတွင် ဖြစ်ထွန်းသည်။ | |
| ၈။ ခရမ်းကြွပ်သီး | မွပြီးရေစိမ့်ကောင်းသောမြေ။ သို့သော် မြေအမျိုး မျိုးတွင် ဖြစ်ထွန်းသည်။ | |
| ၉။ ပြောင်းချို | မွပြီးရေမဝပ်သောမြေ၊နုန်းမြေမျိုးတွင် ဖြစ်ထွန်းသည်။ | |
| အုပ်စု - ၃ | | |
| ၁၀။ ဂေါ်ဖီထုပ် | သဲနုန်းတွင်ပိုမိုဖြစ်ထွန်းသော်လည်း ရွှံ့စေးတွင်လည်း စိုက်ပျိုးနိုင်သည်။ | |
| ၁၁။ ပန်းဂေါ်ဖီ | သဲနုန်းတွင်ပိုမိုဖြစ်ထွန်းသော်လည်း ရွှံ့စေးတွင်လည်း စိုက်ပျိုးနိုင်သည်။ | |
| ၁၂။ ပန်းဂေါ်ဖီစိမ်း | သဲနုန်းတွင်ပိုမိုဖြစ်ထွန်းသော်လည်း ရွှံ့စေးတွင်လည်း စိုက်ပျိုးနိုင်သည်။ | |
| ၁၃။ မုန်လာဥ | သဲနုန်းတွင်ပိုမိုဖြစ်ထွန်းသော်လည်း ရွှံ့စေးတွင်လည်း စိုက်ပျိုးနိုင်သည်။ | |
| ၁၄။ ကန်စွန်း | သဲနုန်းတွင်ပိုမိုဖြစ်ထွန်းအောင်စိုက်ပျိုးနိုင်သည်။ | |
| အုပ်စု - ၄ | | |
| ၁၅။ ဘူး | သဲနုန်းမြေတွင်းစိုက်ပျိုးနိုင်သည်။ သို့သော် သဘာဝမြေဆွေး များသော မြေတွင်ပိုမို ဖြစ်ထွန်းသည်။ | |
| ၁၆။ ပဲလင်းမြွေ | သဲနုန်းမြေတွင်းစိုက်ပျိုးနိုင်သည်။ သို့သော် သဘာဝမြေဆွေး များသော မြေတွင်ပိုမို ဖြစ်ထွန်းသည်။ | |
| ၁၇။ ခဝဲ | သဲနုန်းမြေတွင်းစိုက်ပျိုးနိုင်သည်။ သို့သော် သဘာဝမြေဆွေး များသော မြေတွင်ပိုမို ဖြစ်ထွန်းသည်။ | |
| ၁၈။ ကြက်ဟင်းခါး | သဲနုန်းမြေတွင်းစိုက်ပျိုးနိုင်သည်။ သို့သော် သဘာဝမြေဆွေး များသော မြေတွင်ပိုမို ဖြစ်ထွန်းသည်။ | |
| ၁၈။ သခွား | သဲနုန်းမြေတွင်းစိုက်ပျိုးနိုင်သည်။ သို့သော် သဘာဝမြေဆွေး များသော မြေတွင်ပိုမို ဖြစ်ထွန်းသည်။ | |
| ၁၉။ ဖရဲ | သဲနုန်းမြေတွင်းစိုက်ပျိုးနိုင်သည်။ သို့သော် သဘာဝမြေဆွေး များသော မြေတွင်ပိုမို ဖြစ်ထွန်းသည်။ | |
| ၂၀။ ဖရုံ | သဘာဝမြေဆွေးအတော်အသင့်ပါသော ရွှံ့စေး မြေတွင်လည်း ဖြစ်ထွန်းနိုင်သည်။ | |

**နှစ်ယောက်တွဲလေ့ကျင့်ခန်း (၁၀ မိနစ်)**

၆။ လေ့ကျင့်ခန်း ၃.၅ ၏ ညာဘက်ကော်လံတွင်ရှိသော မေးခွန်းကို နှစ်ယောက်တစ်တွဲဆွေးနွေးရန်။ သီးနှံအမျိုးအစား အလိုက်သင့်တော်သော မြေရှိ။မရှိ၊

မိမိတို့လက်စွဲစာအုပ်တွင် ဖော်ပြထားသောသီးနှံနှင့် မြေအမျိုးအစားသည် မိမိမြေနှင့်ကိုက်ညီပါက အမှန်ခြစ်ပြီး ကိုက်ညီမှု မရှိပါကအမှားခြစ်ပါ။ (၁ မိနစ်)

**အဖွဲ့လိုက်လေ့ကျင့်ခန်း။ မြေဆီလွှာပျက်စီးဆုံးရှုံးခြင်းအကြောင်းရင်းများ။ (၁ မိနစ်)**

၇။ သင်တန်းသားများမေးရန်။ ။မြေဆီလွှာပျက်စီးဆုံးရှုံးရခြင်း၏ အကြောင်းရင်းများမှာ အဘယ်နည်း။

၈။ အဖြေများကိုစာရွက်ပေါ်ရှိကော်လံ(၁)တွင်ရေးပါ။

၉။ အကြံဉာဏ်ကောင်းထွက်ရန် ၄င်းတို့၏ပြဿနာကို မည်ကဲ့သို့ဖြေရှင်းနိုင်မည် ဆိုသည့် စိတ်ကူးများကို စာရွက်ပေါ်ရှိ ကော်လံ (၂)တွင်ရေးပါ။

၁၀။ မြေဆီလွှာပျက်စီး ဆုံးရှုံးခြင်းနှင့် ဖြေရှင်းပုံများကိုရည်ညွှန်း၍ ဆွေးနွေး စေပါ။ အဖြေနှင့်တိုက်ကြည့်ပြီး မပါသေးသော အဖြေများကို ထပ်ထည့်လိုပါက ထပ်ထည့်နိုင်ရန် အတွက် ဖိတ်ခေါ်ပါ။

## သင်တန်းပံ့ပိုးသူအတွက်အကြံပြုချက်

သင်တန်းပံ့ပိုးသူက တစ်ကြောင်းချင်းဖတ်ပြမည့်အစား သင်တန်းသား များကို အစုလိုက်ဖြစ်စေ၊ တစ်ဖွဲ့လုံးဖြစ်စေ စာစဉ်ဇယားမှစ၍ ဖတ်စေပါ။ သို့မှသာ နားထောင်ခြင်းထက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် သင်ခန်းစာကိုပိုမိုနားလည်စေနိုင်မည်။ ကွဲပြားခြားနားသော အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးတင်ပြခြင်းဖြင့် သင်ခန်းစာအပေါ် ပိုမိုစိတ်ဝင်စားမှု ရှိနိုင်မည်။

### လေ့ကျင့်ခန်း (၃.၆) မြေဆီလွှာပျက်စီးခြင်းအကြောင်းရင်းများနှင့် ပြုပြင်နည်းများ။

| မြေဆီလွှာပျက်စီးခြင်းအကြောင်းရင်းများ | ပြုပြင်နည်းများ |
|---|---|
| ၁။ သီးနှံတစ်မျိုးတည်းကိုသာ စိုက်ပျိုးခြင်းဖြင့် ၄င်းအပင်အတွက် လိုအပ်သော အာဟာရ များကိုသာ စုပ်ယူသွား သည်။ | သီးနှံအမျိုးမျိုးကိုအလှည့်ကျစိုက်ပါ။ |
| ၂။ အပေါ်ယံမီးရှို့ခြင်းဖြင့် မြေဆွေးများ ပျက်စီးသွား သည်။ | မြေပေါ်ရှိ အစိုအခြောက်ပစ္စည်းများ မြေမြှုပ်ပစ်ပြီးဆွေးမြေ့ စေပါ၊ မြေဩဇာ ကောင်းလာမည်။ |
| ၃။ ဓါတ်မြေဩဇာတစ်ခုတည်းသုံးလျှင် ရေရှည်တွင် အထွက်နှုန်းကျပြီး မြေဆီဩဇာညံ့ သွားမည်။ | သဘာဝမြေဆွေး(သို့မဟုတ်) ဓါတ်မြေဩဇာ နှင့် သဘာဝမြေဆွေးရောသုံးပါ။ |
| ၄။ ရေတိုက်စားခြင်းကြောင့် မြေနှင့် အာဟာရဓါတ်များ ဆုံးရှုံးခြင်း။ | ရေမကြီးသောနေရာ၊ ရေစိမ့်ကောင်းသောနေရာ၊ ဘောင်မြင့်နှင့် ရေနုတ်မြောင်း များပြုလုပ်ထားပါ။ |
| ၅။ နေရောင်ခြည်တိုက်ရိုက်ကျရောက်ခြင်းကြောင့် မြေရှိ အာဟာရဓာတ်များနှင့်ရေကို အငွေ့ပျံစေသည်။ | ပလပ်စတစ် (သို့မဟုတ်) ကောက်ရိုးနှင့်မြေဖုံးပင် များဖြင့်အရိပ်ပြုလုပ်ပေးပါ။ |
| ၆။ လေပြင်းတိုက်လျှင် မြေတိုက်စားခြင်း နှင့် ရေငွေ့ ပျံခြင်းဖြစ်စေသည်။ | လေကာပင်ဖြင့် လေတိုက်ခတ်မှုလျှော့စေပါ။ လေအနည်းငယ် ရရှိနိုင်လျှင် ကောင်းမွန်သည်။ |
| ၇။ မြေသိပ်သည်းခြင်း၊ မြေသားတည်ဆောက်မှု ပျက်စီးခြင်းသည် မြေဆီလွှာကို မာကျောစေသည်။ | မြေမသိပ်သည်းသောထွန်ယက်နည်းနှင့် ပြုစုစောင့်ရှောက်ခြင်း နည်းပညာများ သုံးပါ။ |
| ၈။ | |
| ၉။ | |
| ၁၀။ | |

### လုပ်ဆောင်ချက် (၄) လုပ်သားရရှိနိုင်မှု။ (၁၅မိနစ်)

အားလုံးပါဝင်ဆွေးနွေးရန်။

၁။ သင်တန်းသားများနှင့်အဖြေရှာရန်၊လုပ်သားပါဝင်မှုစီမံချက်ကဘာကြောင့်အရေးကြီးသလဲ၊

၂။ ၄င်းတို့ထင်မြင်ချက်များကိုစာရွက်ကြီးပေါ်ရေးပါ။

၃။ မိမိတို့ပြောသောထင်မြင်ချက်များကို ရေးခိုင်းပါ၊ သို့သော်ဇယားရှိကွက်လပ်တွင်မဟုတ်ပါ။

### လေ့ကျင့်ခန်း (၃.၇) လုပ်သားပါဝင်မှုအစီအစဉ်

လုပ်သားပါဝင်မှုစီမံချက်ကိုကူညီရန် -

၁။ စုစုပေါင်းလုပ်သားလိုအပ်မှုကိုတွက်ပါ။

၂။ မိသားစု လုပ်အားလိုအပ်မှုနှင့် ဆောင်ရွက်လိုသည့်လုပ်ငန်း။ ဥပမာ - ယောက်ျားများသည် အလုပ်ကြမ်းဖြစ်သော ထွန်ယက်ခြင်းနှင့် သင့်လျော်ပြီးမိန်းမများသည် ပေါ့ပါးသော ပေါင်းရှင်းခြင်းတွင် ကျွမ်းကျင်သည်။ အခြားလုပ်ငန်း များကို ကျားနှင့်မရောပြီး ဆောင်ရွက်နိုင်သည်။

၃။ အကယ်၍ မိသားစုလုပ်အား မလုံလောက်လျှင် ပြင်ပမှငှါးသောလုပ်သားလိုအပ်နိုင်သည်။

၄။ လုပ်အား၊ခ/ မိသားစုလုပ်အားသည် အခမဲ့ဖြစ်သည်။ (သို့သော်အကျိုးအမြတ်အတူခံစားသည်။) သို့သော်ပြင်ပ လုပ်သား ငှါးရပါက အလုပ်သမားကုန်ကျစရိတ်ကို ထည့်သွင်းတွက်သင့်သည်။

---

---

### လုပ်ဆောင်ချက် (၅) ရေလိုအပ်မှု။ (၁၀ မိနစ်)

အားလုံးဆွေးနွေးရန်နှင့်သုံးသပ်ရန် (၂ မိနစ်)

၁။ သင်တန်းသားများအား သီးနှံတစ်မျိုးနှင့်တစ်မျိုး ရေလိုအပ်မှုနှင့် ရေသွင်းရန် ကုန်ကျမှုမတူနိုင်သည်ကို သိစေရန် ဆွေးနွေးပါ။ အချို့သီးနှံများသည် ရေများများလိုပြီး အချို့သီးနှံများသည် ရေနည်းနည်းသာလိုသည်။

နှစ်ယောက်တစ်တွဲ (၈ မိနစ်)

၂။ သင်တန်းသားများနှင့် သီးနှံအုပ်စုတစ်ခုအတွင်း ရေလိုအပ်မှုအနည်းဆုံးသုံးသော သီးနှံအုပ်စုကိုအဆင့် (၁)၊ ဒုတိယရေလိုအပ်မှုအနည်းဆုံးသီးနှံအုပ်စုကိုအဆင့် (၂)၊ စသည်ဖြင့်သတ်မှတ်နိုင်ရန်ဆွေးနွေးပါ။

၃။ အကျဉ်းချုံးပြီးဆွေးနွေးပါ။ သင်တန်းသားများကို အကယ်၍ရေရရှိမှုနည်းလျှင် အထူးသဖြင့်ဆည်ရေကို အသုံးပြု ရပါက ရေလိုအပ်မှုနည်းသော သီးနှံကိုစိုက်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ရေပြတ်သွားလျှင် သီးနှံများ ဆုံးရှုံးသွားနိုင်သောကြောင့် ဖြစ်သည်။

### လေ့ကျင့်ခန်း (၃.၈) သီးနှံရေလိုအပ်ချက်များ

| သီးနှံ | ရေလိုအပ်ချက် (လီတာ/စတုရန်းကိုက်) | အမှတ်ပေးရန်။ (၁)ရေလိုအပ်မှုအနည်းဆုံး၊ (၂)ဒုတိယရေလိုအပ်မှုအနည်းဆုံးစသည် |
|---|---|---|
| အုပ်စု ၁ | | |
| ၁။ ပဲတောင့်ရှည် | ၃၁၉ | |
| ၂။ ရုံးပတီ | ၄၂၅ | |
| ၃။ ကြက်သွန် | ၆၃၇ | |

| | | |
|---|---|---|
| ၄။ မုန့်လာဥနီ | ၃၁၉ | |
| အုပ်စု - ၂ | | |
| ၅။ ငရုတ် | ၆၃၇ | |
| ၆။ ခရမ်းချဉ် | ၅၃၀ | |
| ၇။ ခရမ်းသီး | ၇၄၃ | |
| ၈။ ခရမ်းကြွပ်သီး | ၇၄၃ | |
| ၉။ နံနံပင် | ၃၃၄ | |
| အုပ်စု - ၃ | | |
| ၁၀။ ပြောင်းဖူး | ၇၄၃ | |
| ၁၁။ ဂေါ်ဖီထုပ် | ၆၃၇ | |
| ၁၂။ ပန်းဂေါ်ဖီ | ၆၃၇ | |
| ၁၃။ ပန်းဂေါ်ဖီစိမ်း | ၅၃၀ | |
| ၁၄။ မုန်လာဥ | ၂၀၂ | |
| ၁၅။ ကန်ဇွန်း | ၃၁၉ | |
| ၁၆။ မုန်ညင်းရွက် | | |
| အုပ်စု - ၄ | | |
| ၁၇။ ဘူး | ၂၀၂ | |
| ၁၈။ ပဲလင်းမြွေ | ၂၀၂ | |
| ၁၉။ ခဝဲ | ၂၀၂ | |
| ၂၀။ ကြက်ဟင်းခါး | ၂၀၂ | |
| ၂၁။ သခွား | ၅၃၀ | |
| ၂၂။ ဖရဲ | ၄၂၅ | |
| ၂၃။ ဖရုံ | ၆၃၇ | |

**လုပ်ဆောင်ချက် (၆) အမြတ်ရရှိမှုနှင့်မရှုံးမမြတ် (အရင်းကျေ) စိစစ်ချက်။ (၆၀မိနစ်)**

အားလုံးဆွေးနွေးရန်

၁။ အဖြေရှာရန်အောက်ပါမေးခွန်းများကိုရေးပြီး သင်တန်းသားများ၏အဖြေများကိုစာရွက်ပေါ်ရေးပါ။

(၁) ငွေစာရင်းစီမံချက် ဆိုတာဘာလဲ၊

(၂) သင်မြတ်မလား/ရှုံးမလားဆိုတာကို တိုင်းတာရန် ဘာကြောင့်အရေးကြီးသလဲ၊

(၃) မရှုံးမမြတ်စီမံချက် ဆိုတာဘာလဲ၊၄င်းတို့ထင်မြင်ချက်များကိုစာရွက်ကြီးပေါ်ရေးပါ။ (၃မိနစ်)

၂။ ငွေစာရင်း၊ အမြတ်နှင့် မရှုံးမမြတ် စိစစ်ချက်၏ အဓိပ္ပါယ်များကိုလက်စွဲစာအုပ်ပါ လေ့ကျင့်ခန်း ၃.၉ ကိုကြည့်ပါ။ (၁၂မိနစ်)

**လေ့ကျင့်ခန်း (၃.၉) ဝင်ငွေထွက်ငွေစာရင်းနှင့် မမြတ်မရှုံးစိစစ်ချက်အဓိပ္ပါယ်**

ဝင်ငွေထွက်ငွေစာရင်းစီမံချက်သည် လုပ်ငန်းတစ်ခုမစမီ အရှုံးအမြတ်ကိုတိုင်းတာရန်နည်းဖြစ်သည်။

၄င်းတိုင်းတာနည်းဖြင့် (ဝင်ငွေ - သုံးငွေ = အရှုံး (သို့) အမြတ်) ကိုမှတ်တမ်းတင်သည်။

သင်သီးနှံမစိုက်မီရှုံးမည်၊ မြတ်မည်ကို ခန့်မှန်းတတ်ရန်အရေးကြီးသည်။ စိုက်လျှင်ရှုံးမည်ဟုသိလျှင် မစိုက်သင့်ပါ။ မိမိငွေကိုသိမ်းထားပြီး၄င်းသီးနှံမစိုက်ပါနှင့်။ ၄င်းအစား အမြတ်ရမည့်သီးနှံကို ရှာပါ။

မရှုံးမမြတ်စိစစ်ချက်အရမည်သည့်ဈေးနှုန်းသည် တောင်သူအတွက် မရှုံးမမြတ်အရင်းသာဖြစ်သည်ကို တောင်သူ သိနိုင်သည်။ မရှုံးမမြတ်စိစစ်ချက်ဈေးနှုန်းအရ အရင်းကျေဈေးထက် သီးနှံဈေး ကျသွားပါက သင်ရှုံးမည်။ ၄င်းသီးနှံကို ၄င်းအချိန်တွင်မစိုက်သင့်ပါ။

မရှုံးမမြတ်တွက်နည်း ဆိုသည်မှာ (စုစုပေါင်းကုန်ကျငွေကို တစ်ယူနစ်အထွက်နှုန်းဖြင့်စားလျှင် တစ်ယူနစ်အတွက် မရှုံးမမြတ် တန်ဘိုး) ရမည်။

ဥပမာ - ခရမ်းချဉ်သီးစိုက်ရန် (၅၅၀၀၀ ကျပ်) ကုန်ကျပြီး (၅၀၀ ပိဿာ) ရသည်။ ကုန်ကျငွေ (၅၅၀၀၀ ကျပ်)ကိုစုစုပေါင်း (၅၀၀ ပိဿာ) နှင့်စားလျှင် မရှုံးမမြတ်တန်ဘိုး (၁၁၀ ကျပ်) ရမည်။

မှတ်ချက်၁။ သီးနှံရွေးချယ်ချိန်တွင်အမြတ်၊အရှုံးနှင့်မရှုံးမမြတ်ခန့်မှန်းခြင်းသည်သင်၏အကောင်းဆုံးငွေရေးကြေးရေးခန့်မှန်းခြင်းဖြစ်သည်။အထွက်နှုန်းနှင့်ဈေးနှုန်းအတက် အကျကိုကြိုတင်၍ မသိနိုင်ပါ။

သို့သော် သင့်ငွေစာရင်းထဲတွင် ထည့်ထားသောလုပ်ငန်းကို ကြိုးစားပြီး ဆောင်ရွက်လျှင် သင်ရည်ရွယ်ထားသော အစီအစဉ်သည် အောင်မြင်နိုင်မည်။ သီးနှံအထွက်နှုန်း မြင့်မားရန်နှင့် ဈေးကောင်းရရန် အတွက် သီးနှံလိုအပ်သော သွင်းအားစုများကို သေချာစွာ စာရင်းပြုစု၍ မှန်ကန်သော အချိန်တွင် မှန်ကန်သော နည်းလမ်း၊ ပမာဏများအတိုင်း အသုံးပြုခြင်းဖြင့် သင်ရည်မှန်းထားသော အသုံးစရိတ်ကို အကျိုးရှိစွာ အသုံးချပါ။

ကုန်ကျ ငွေတွင် ထုတ်လုပ်မှုစရိတ်ဖြစ်သောမျိုးစေ့၊ ဓါတ်မြေဩဇာနှင့် အငှားလုပ်သား၊ ရိတ်သိမ်းခနှင့် ရောင်းချစရိတ်များ ပါဝင်သည်။ မိသားစုလုပ်အားမထည့်ရပါ။ အဘယ် ကြောင့်ဆိုသော် မိသားစု အမြတ်အတူ ခံစားခွင့်ရှိသည်။

မှတ်ချက် ၂။ လယ်ယာငွေစာရင်းတွင် ကိုယ်ပိုင်အသုံးစရိတ်ဖြစ်သော ကျောင်းလခ၊ အိမ်ပြင်ခ စသည်ကို မထည့်ရပါ။ သင်လိုအပ်ပါက သီးသန့်မိသားစု ငွေစာရင်းတွင်ထည့်ပါ။

နှစ်ယောက်တစ်တွဲ

၃။ အတွဲတစ်တွဲစီကို ရွေးချယ်ထားသော သီးနှံ ၂၃မျိုးမှ တစ်မျိုးချင်း၏ GAP အရ ခန့်မှန်းပျမ်းမျှအထွက်နှုန်းနှင့် ဈေးနှုန်းဇယားကိုကြည့်ခိုင်းပါ။ (၁၀) မိနစ်

၄။ တောင်သူများအား သီးလှည့်အုပ်စုတစ်ခုတွင် ပါသောသီးနှံများကို အမှတ်ပေးခိုင်းပါ။ အမြတ်အများ ဆုံးရရှိသည်ကို (၁) နှင့် ဒုတိယအမြတ်အများဆုံးရရှိသည့်ကို (၂) စသည်ဖြင့်ပေးစေပါ။ ၎င်းသည် မျိုးအုပ်စု တခုစီတွင်ပါသော ဘယ်သီးနှံသည် အမြတ်အများဆုံးရနိုင်မည်ကို ပြသမည်ဖြစ်သည်။

၅။ အဖွဲ့အတွင်းရှိ အခြားသူများကိုအုပ်စုတစ်ခုချင်းစီတွင် ဘယ်သီးနှံကအမြတ်အများဆုံးရနိုင်မည်ကိုပြောစေပါ။

## လေ့ကျင့်ခန်း (၃.၁၀) ထောက်ခံထားသော GAP ကိုသုံးပြီး အမြတ်အများဆုံးရနိုင်သောသီးနှံအမျိုးမျိုးကို အဆင့်ခွဲခြားသတ်မှတ်ခြင်း

| သီးနှံ<br>(ဟင်းသီးဟင်းရွက်) | ၀.၀၆ ဧကမှ အမြတ် | မြတ်ရရှိနိုင်မှုအဆင့်<br>(၁) အမြတ်အများဆုံးရရှိနိုင်မှု၊<br>(၂) ဒုတိယအမြတ်အများဆုံးရရှိနိုင်မှု |
|---|---|---|
| အုပ်စု – ၁ | | |
| ၁။ ပဲတောင့်ရှည် | ၉၃၃၈၀၀ | ၄ |
| ၂။ ရုံးပတီ | ၈၉၅၀၀ | ၃ |
| ၃။ ကြက်သွန် | ၁၆၂၅၅၂ | ၂ |
| ၄။ မုန်လာဥနီ | ၁၁၄၈၀၀ | ၁ |
| အုပ်စု – ၂ | | |
| ၅။ ငရုတ် | ၁၃၉၂၀၀ | ၃ |
| ၆။ ခရမ်းချဉ် | ၁၉၈၈၀၀ | ၁ |
| ၇။ ခရမ်းသီး | ၁၁၀၂၀၀ | ၄ |
| ၈။ ခရမ်းကြွပ်သီး | ၉၁၆၀၀ | ၅ |
| ၉။ နံနံပင် | ၁၆၈၀၀၀ | ၂ |
| အုပ်စု – ၃ | | |
| ၁၀။ ဂေါ်ဖီထုပ် | ၁၃၀၅၅၀ | ၂ |
| ၁၁။ ပန်းဂေါ်ဖီ | ၁၂၅၀၇၅ | ၄ |
| ၁၂။ ပန်းဂေါ်ဖီစိမ်း | ၁၄၉၀၇၅ | ၃ |
| ၁၃။ မုန်လာဥဖြူ | ၈၆၂၂၅ | ၅ |
| ၁၄။ ကန်ဇွန်း | ၁၃၉၇၀၀ | ၁ |
| ၁၅။ ပြောင်းဖူး | ၉၅၉၀၀ | ၆ |
| ၁၆။ မုန်ညှင်း | ၆၃၄၀၀ | ၇ |
| အုပ်စု – ၄ | | |
| ၁၇။ ဘူးသီး | ၁၄၆၀၇၅ | ၂ |
| ၁၈။ ပဲလင်းမြွေ | ၁၁၀၃၇၅ | ၄ |
| ၁၉။ ခဝဲ | ၁၁၇၀၇၅ | ၃ |
| ၂၀။ ကြက်ဟင်းခါး | ၈၂၄၂၅ | ၇ |
| ၂၁။ သခွား | ၁၈၁၈၂၀ | ၁ |
| ၂၂။ ဖရဲ | ၉၆၁၂၅ | ၆ |
| ၂၃။ ဖရုံ | ၁၄၅၇၅၀ | ၅ |
| ကွင်းသီးနှံ (၁ ဧက) | | |
| ၂၄။ ပြောင်း | ၈၈၇၅၂၀ | ၄ |
| ၂၅။ မြေပဲ | ၃၀၄၀၈၇ | ၅ |
| ၂၆။ ငရုတ် | ၁၉၅၀၈၀၀ | ၁ |
| ၂၇။ ဖရဲ | ၁၉၁၁၈၃၀ | ၂ |
| ၂၈။ ကြက်သွန်နီ | ၁၉၆၃၉၀၀ | ၃ |

### အားလုံးအတွက်လေ့ကျင့်ခန်း

၆။ တောင်သူများ ကိုးကားနိုင်ရန်အတွက် သီးနှံများ ကုန်ကျစရိတ်နှင့် ရငွေစာရင်းစာအုပ်ကို ဝေပေးပါ။ ၎င်းတို့အားပြီးခဲ့သော လေ့ကျင့်ခန်းတွင် ဖော်ပြထားသော အမြတ်များသည်ယခုပေးထားသည့် သီးနှံများ ကုန်ကျစရိတ်နှင့် ရငွေစာရင်းမှ ရသည်ကိုပြောပါ။ အောက်ပါတို့ကိုဆွေးနွေးပါ။ (၁၀မိနစ်)

၇။ ၎င်းတို့အား သီးနှံများ ကုန်ကျစရိတ်နှင့် ရငွေစာရင်းပုံစံ၏ ဝင်ငွေ၊သုံးငွေ၊အမြတ်။အရှုံးကိုပြပါ။ဤ သီးနှံများ ကုန်ကျစရိတ်နှင့် ရငွေစာရင်းပုံစံတွင် ဖော်ပြထားသော ဈေးနှုန်းသည် ယေဘုယျ တောင်သူနှင့် ယေဘုယျ ဈေးနှုန်းသာဖြစ်ပါသည်။ အကယ်၍ ဈေးကောင်းရနိုင်သော အချိန်ကို မျှော်မှန်းပြီး တောင်သူများထက် ပိုမိုကြိုးစား လုပ်ဆောင်ပါက အမြတ်ငွေ ပိုရနိုင်မည်ကို ဆွေးနွေးပေးပါ။

၈။ သီးနှံများ ကုန်ကျစရိတ်နှင့် ရငွေစာရင်းစာအုပ်ဇယားအရ အထွက်နှင့် ဈေးနှုန်းသည် အမြတ်နှင့်ဆက်စပ် နေကြောင်း တောင်သူများ သိရှိရန်ဆွေးနွေးပါ။

၉။ မရှုံးမမြတ်ဈေးနှုန်း တွက်ချက်မှုသည် ပျမ်းမျှဈေးနှင့် အထွက်ပေါ်မူတည် တွက်ချက်ထားသည်ကိုထောက်ပြပါ။

၁၀။ ဝင်ငွေနှင့် အသုံးစရိတ်အချိုးကိုကြည့်ရန် ပြောပါ။ စုစုပေါင်း ဝင်ငွေကိုအသုံးစရိတ်နှင့် စားခြင်းအားဖြင့် ဤအချိုးကို ရရှိသည်ကိုပြောပြပါ။ အဖြေကို သုံးငွေနှင့်ဝင်ငွေ အချိုး ဖြင့် ရေးသည်။ ဥပမာ – ၁း၃ ဆိုသည်မှာ ငွေ ၁ ကျပ်သုံးလျှင် ၃ကျပ် ပြန်ရမည်ကို ဆိုလိုခြင်းဖြစ်သည်။ သီးနှံကုန်ကျစရိတ်စာအုပ်မှ အသုံးစရိတ်ကိုကြည့်ရှုရန်လမ်းညွှန်ပါ။

၁၁။ အိမ်စာအဖြစ်၊ သီးနှံတစ်မျိုးစီအတွက် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP) အရလိုအပ်သော သွင်းအားစု၊ မျှော်မှန်းဝင်ငွေနှင့်အသုံးစရိတ်၊ အမြတ်နှင့်မရှုံးမမြတ် ဈေးကို လေ့လာစေပါ။ ဤလေ့လာချက်အရ တောင်သူများအား အမြတ်အများဆုံးရရန် မည်သည့်သီးနှံအားရွေးချယ်စိုက်ပျိုးရမည်ကိုသိနိုင်သည်။

### ပံ့ပိုးသူအတွက် အကြံပေးချက်

သီးနှံထွက်ကုန်များကိုတစ်ချိန်တည်းမှာ လူတိုင်းကချရောင်းလျှင် ဈေးကွက်အတွင်း၌ ရောင်းလိုအားများပြီး ဈေးကျသွားတတ်သည်ကို ပြောပြပါ။ ထို့ကြောင့် တောင်သူသည် အမြဲတမ်း ဈေးကောင်းရနိုင်မည် မဟုတ်သည်ကို သိစေပါ။ တောင်သူသည် မရှုံးမမြတ် ဈေးနှုန်းကို မူတည်ပြီး မရှုံးမမြတ် ဈေးနှုန်းထက် သီးနှံဈေးကျချိန်တွင် ၎င်းသီးနှံကို မစိုက်သင့်ပါ။

### လုပ်ဆောင်ချက် (၇) ကျားနှင့်မအပေါ်အကျိုးသက်ရောက်မှု။ (၁၅မိနစ်)

၁။ တောင်သူမိသားစုအများစုတွင်အမျိုးသားနှင့်အမျိုးသမီးသည်သီးနှံထုတ်လုပ်ရာ၌အတူတူလုပ်ကိုင်ကြသည်ကိုသင်တန်းသားများအားပြောပြပါ။အကယ်၍တောင်သူများ သည် သီးနှံအသစ်ကို ရေသွင်းနည်းအသစ် (သို့မဟုတ်) ပိုကောင်းသော ရေသွင်းနည်းဖြင့် စိုက်ပျိုးပါကအမျိုးသားနှင့် အမျိုးသမီးနှစ်ဦးလုံး၏ ဘဝကို ပြောင်းလဲ စေနိုင်လိမ့်မည်။ထို့ကြောင့်မိမိတို့သည်သီးနှံအမယ်သစ်များကိုရေသွင်းနည်းအသစ်ဖြင့်ဖြစ်စေပိုကောင်းသောရေသွင်းစိုက်ပျိုးနည်းဖြင့်ဖြစ်စေစိုက်ပျိုးပါက၎င်းတို့၏ဘဝကိုတိုးတက်သွား မည်၊ သို့မဟုတ် ဆိုးသွားမည်ကို ချင့်ချိန်ဆုံးဖြတ်ရမည်။

နှစ်ယောက်တွဲဆောင်ရွက်ရန်

၂။ သင်တန်းသားများအား သွင်းရေစနစ်ဖြင့် စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးခြင်းပုံစံသည် အမျိုးသားနှင့်အမျိုးသမီး အပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိသည်ကို ဖြည့်စေပါ။

### လေ့ကျင့်ခန်း (၃.၁၁) သွင်းရေစနစ်နှင့်၎င်းကိုသုံးပြီး စီးပွားဖြစ်ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးခြင်းပုံစံသည် အမျိုးသားနှင့်အမျိုးသမီးအပေါ်အကျိုး သက်ရောက်မှု

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| လိုအပ်မှု (အစားအစာရရှိနိုင်မှု၊ နေထိုင်ရန်နေရာရရှိမှု၊ ဝင်ငွေရရှိ နိုင်မှု၊ အခြားသောမိသားစု၏အခြေခံလိုအပ် ချက်) | နည်း၊ ပုံမှန်၊ အများ | လိုအပ်မှု (အစားအစာရရှိနိုင်မှု၊ နေထိုင် ရန်နေရာရရှိမှု၊ဝင်ငွေရရှိနိုင်မှု၊ အခြားသော မိသားစု၏ အခြေခံလိုအပ်ချက်) | နည်း၊ ပုံမှန်၊ အများ |
| အစားအစာရရှိမှု | | အစားအစာရရှိမှု | |

| | | | |
|---|---|---|---|
| ဝင်ငွေရရှိမှု | | ဝင်ငွေရရှိမှု | |
| လုပ်အား (တာဝန်ယူရမှု) | | လုပ်အား( တာဝန်ယူရမှု) | |
| လုပ်နိုင်စွမ်းရည်မြင့်တင်ခြင်းလိုအပ်ချက် - (လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် ခံစားချက် ကို ပိုမို အားကောင်းလာစေရန်) | | လုပ်နိုင်စွမ်းရည်မြင့်တင်ခြင်းလိုအပ်ချက် - (လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် ခံစားချက် ကို ပိုမို အားကောင်းလာစေရန်) | |
| ဆုံးဖြတ်ချက်ချခြင်းအပေါ်အကနဲ့အသတ်ရှိမှု | | ဆုံးဖြတ်ချက်ချခြင်းအပေါ်အကနဲ့အသတ်ရှိမှု | |
| သင်ယူနိုင်မှုအခွင့်အလမ်း | | သင်ယူနိုင်မှုအခွင့်အလမ်း | |
| ခေါင်းဆောင်မှုအခွင့်အလမ်း | | ခေါင်းဆောင်မှုအခွင့်အလမ်း | |
| ဂုဏ်သိက္ခာ/တန်ဖိုး | | ဂုဏ်သိက္ခာ/တန်ဖိုး | |
| အခြားအကျိုးသက်ရောက်မှုများ | | အခြားအကျိုးသက်ရောက်မှုများ | |

### အမျိုးသားနှင့်အမျိုးသမီးအပေါ်အကျိုးသက်ရောက်မှု အချုပ်

မေးခွန်း။ ။ အထက်ပါအချက်များ အားလုံးကို ခြုံငုံလေ့လာပြီးသောအခါ ၎င်းတို့ရွေးချယ်ထားသော သီးနှံအမည်သစ်များကို ရေသွင်းနည်းစနစ်အသစ်များဖြင့် စိုက်ပျိုးရေး အလေ့အကျင့်ကောင်း (GAP) များကို လိုက်နာ၍ စိုက်ပျိုး ထုတ်လုပ်ရန် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံးက သဘောတူညီပါသလား။ ( သဘောတူ ။မတူ )

### လုပ်ဆောင်ချက် (၈) ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု (၁၀မိနစ်)

၁။ သင်တန်းတက်ရောက်သူများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် တစ်ခါတစ်ရံ ပတ်ဝန်းကျင်ကို ထိခိုက် ပျက်စီးစေနိုင်ကြောင်း ပြောပါ။ ပတ်ဝန်းကျင်အပေါ်ဆိုးရွားစွာ အကျိုးသက်ရောက်စေသော အချက်များအား အချင်းချင်း အကျေအလည် ဆွေးနွေးစေပါ။ ဆွေးနွေးရရှိသည့် အကြံဉာဏ်များအား စာရွက်ကြီးပေါ်တွင်ချရေး စေပါ။

၂။ ဖြစ်နိုင်ချေရှိသည့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် လျော့ချခြင်းနည်းလမ်းများကို အောက်ပါ လေ့ကျင့်ခန်း ၃.၁၂ ဇယားတွင်ကြည့်စေပါ။

### လေ့ကျင့်ခန်း (၃.၁၂) ပတ်ဝန်းကျင်ပြဿနာများနှင့် ၎င်းကိုလျော့နည်းအောင်ပြုလုပ်နည်းများ

| ပတ်ဝန်းကျင်ပြဿနာများ | အကျိုးသက်ရောက်မှုများ | ဖြေရှင်းနည်းများ |
|---|---|---|
| ရောဂါပိုမိုများလာခြင်း | ဓာတုပစ္စည်းများပိုမိုသုံးစွဲ လာခြင်း၊ အထွက်နှုန်း ကျခြင်း | ရောဂါဒဏ်ခံနိုင်သောမျိုးများကိုသုံးပါ။ သီးနှံမျိုးကွဲများစိုက်ပါ။ သီးလှည့်စိုက်ပါ။ သီးနှံစိုက်ခင်းအတွင်း လေဝင်လေထွက် ကောင်းစေပါ။ စိုထိုင်းဆမများ ပါစေနှင့်။ |
| ဓာတုဆေးများပိုမို အသုံး ပြုခြင်း။ | မြေဆီလွှာပျက်စီးသည်။ ကုန်ကျစရိတ်များသည်။ ထုတ်လုပ်သူနှင့် စားသုံးသူများ၏ ကျန်းမာရေး အန္တရာယ်ရှိသည်။ | ဓာတုဆေးလျော့သုံးပါ။ သဘာဝပစ္စည်းနှင့် နည်းလမ်းများပိုမိုသုံးစွဲစေပါ။ |
| ရေကိုအကျိုးရှိစွာ အသုံးမပြုခြင်း | သီးနှံပျက်စီးဆုံးရှုံးစေသည်။ ရေသွင်းစရိတ်မြင့်မားသည်။ ရေအလေအလွင့်များခြင်းနှင့် မြေဆီလွှာတိုက်စားခြင်း များ ဖြစ်နိုင်သည်။ | ရေအလွန်အကျွံသုံးစွဲရသည့် စနစ်အစား ရေဖြန်းခြင်းစနစ်၊ ရေအစက်ချခြင်းစနစ်၊ရေပန်းခရားဖြင့် လောင်းခြင်းစနစ်ကဲ့သို့သောရေချွေတာသည့်စနစ်များကို သုံးပါ။ |
| မြေဆီလွှာအတွင်းတွင်သဘာဝမြေဆွေး နည်းပါး ခြင်း | မြေသားညံ့ပြီး၊ အာဟာရ စုပ်ယူမှု နည်းပါးခြင်း။ | သဘာဝမြေဆွေးများအားပိုမိုဖြည့်တင်းပါ။ |

| | | |
|---|---|---|
| မြေဆီလွှာအတွင်း အာဟာရညီမျှမှုမရှိခြင်း (ဖြည့်သွင်းသည့် အာဟာရထက် အပင်စုပ်ယူသည့် အာဟာရပမာဏများခြင်း) | သီးနှံအထွက်တဖြည်းဖြည်း ကျလာသည်။ လယ်ယာလုပ်ငန်း မလုပ်ကိုင်သည်အထိ မြေဆီလွှာပြိုကွဲ ပျက်စီးသွားမည်။ | သီးနှံတစ်မျိုးချင်းစီ၏ အထွက်နှုန်းအလိုက် လိုအပ်သည့် ဓာတုနှင့်သဘာဝမြေဩဇာနှုန်းထားကို GAP နည်းအတိုင်း လိုက်နာသုံးစွဲပါ။ |

## လုပ်ဆောင်ချက် (၉) နည်းပညာဗဟုသုတ။ (၂မိနစ်)

၁။ လယ်သမားကွင်း သင်တန်းကျောင်း (FFS)လယ်သမားများ ကိုယ်တိုင်ရွေးချယ်ထားသော သီးနှံအမျိုးမျိုး၏ စိုက်နည်းစနစ်လမ်းညွှန်များကို သင်ကြားပေးမည်ဖြစ်ကြောင်း နှင့် ၄င်းလမ်းညွှန်ချက်များမှာ ရခိုင့်ပြည်နယ်တောင်ပိုင်းနှင့် အကိုက်ညီဆုံးဖြစ်အောင် ပညာရှင်များမှ အကြံပြုထားကြောင်း ပြောပါ။

## လုပ်ဆောင်ချက် (၁၀) သွင်းအားစုရနိုင်မှု။ (၃မိနစ်)

၁။ ၄င်းတို့ရွေးချယ်သည့် သီးနှံများအား နောက်ဆုံးရွေးချယ်မှု မတိုင်ခင် သွင်းအားစုများဖြစ်သော မျိုးစေ့နှင့်မြေဩဇာများရရှိနိုင်မှုကို စုံစမ်းသင့်သည်ကို တောင်သူများအား ပြောပြပါ။

၂။ နောက်လာမည့်သင်ခန်းစာတွင် သွင်းအားစု ရရှိနိုင်ခြင်းနှင့် ပတ်သက်၍ အသေးစိတ် လေ့လာမည်ဖြစ်ကြောင်း တောင်သူများကိုပြောပြပါ။

## လုပ်ဆောင်ချက် (၁၁) ဆုံးရှုံးနိုင်မှုဖြစ်နိုင်ချေ။ (၁၅မိနစ်)

### အားလုံးပါဝင်ဆောင်ရွက်ရန်

၁။ စီးပွားဖြစ်ဟင်းသီးဟင်းရွက် နှင့် ကွင်းသီးနှံ စိုက်ပျိုးရာတွင်ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေများ၊ ကို အချင်းချင်းအကျေအလည်ဆွေးနွေးစေပါ။

(ဥပမာ – ဖျက်ပိုးအလွန် အကျံကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့်ဈေးကျခြင်း)

## လေ့ကျင့်ခန်း (၃.၁၃) ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေ၏ အဓိပ္ပါယ်

### ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေ၏ အဓိပ္ပါယ်

ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေဆိုသည်မှာ ဆိုးကျိုးတစ်ခုခုဖြစ်နိုင်ခြေရှိသောအခြေအနေဖြစ်သည်။ ဥပမာ၊မိုးရာသီတွင်ရေကြီးမှု ဖြစ်နိုင်ခြေရှိသည်။

သင်တန်းသားများအား စီးပွားဖြစ် ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးရာတွင် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ချေများကို စဉ်းစားစေပါ။ ၄င်းတို့၏ အဖြေများကို စာရွက်ကြီးပေါ်တွင် ချရေးပါ။ (ဥပမာ – ပိုးမွှား ဆိုးရွားစွာ ကျရောက်ခြင်း၊ ရေမလုံလောက်ခြင်း၊ ရေကြီးခြင်း၊ သီးနှံဈေးများ ကျခြင်း၊ ရာသီဥတု မမှန်ခြင်း)

## လေ့ကျင့်ခန်း ဇယား (၃.၁၄) ရှိ ဆုံးရှုံးမှုဖြစ်နိုင်ခြေများကို ကြည့်ရှုစေပြီး မပါသေးသော ၄င်းတို့၏ စဉ်းစားချက်များကို ထပ်ထည့်စေပါ။

ထို့နောက် ကြိမ်နှုန်း နေရာများတွင် ဆုံးရှုံးမှု ဖြစ်နိုင်ခြေ နည်းလျှင် နည်း၊ အသင့်အတင့်၊ များလျှင်များ ကို စဉ်းစား၍ စာတိုင် ၁ ဘေးရှိ စာတိုင် ၂ တွင် ဖြည့်စေပါ။

## လေ့ကျင့်ခန်း (၃.၁၄) ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေပြ ဇယား

| ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေ | ကြိမ်နှုန်း (အနည်း၊ အသင့်အတင့်၊ အများ) | လျော့ချနည်းများ |
|---|---|---|
| ရေမလုံလောက် (မိုးခေါင်) | | ရေလုံလောက်သောနေရာမှသွင်းရေရယူပါ။<br>ရေကိုအကျိုးရှိစွာသုံးနိုင်သည့်နည်းလမ်းများကိုသုံးပါ။ |
| ရေငန်များ | | ရေငန်မစီးဝင်စေပါနှင့်။<br>ဆားဓာတ်ကင်းလွတ်သည့်ကာလတွင်စိုက်ပါ။ |

| | | |
|---|---|---|
| ရာသီဥတုပူပြင်း | | အေးသောရာသီတွင်စိုက်ပါ။<br>အပူဒဏ်ခံနိုင်သောသီးနှံမျိုးစိုက်ပါ။ |
| ဖျက်ပိုးအလွန်အကျွံ<br>ကျရောက်ခြင်း | | သီးလှည့်စိုက်ပါ။<br>သီးနှံမျိုးကွဲမျိုးစုံစိုက်ပါ။<br>သီးနှံများကို ပုံမှန်စစ်ဆေးပြီး အချိန်မီ ထိန်းချုပ်ပါ။<br>မိတ်ဆွေပိုးများကို ကာကွယ်ရန်အတွက် တက်နိုင်သမျှ သဘာဝနည်းလမ်းဖြင့် ကာကွယ်ခြင်းအား အသုံးပြုပါ။<br>မဖြစ်မနေလိုအပ်မှသာ ဓာတုဆေးကိုသုံးပါ။ |
| ရောဂါကျရောက်ခြင်း | | အထက်ပါအတိုင်း သီးနှံမျက်နှာပြင်ကို ခြောက်အောင် ထားခြင်းဖြင့် မှိုရောဂါကို သက်သာစေပါသည်။ |
| ရေကြီးခြင်း | | ရေကြီးသောအချိန်မစိုက်ရ။<br>ရေလွှတ်စေရန်မြင့်သောနေရာတွင်စိုက်ပါ။<br>ရေလွှတ်စေရန်ဘောင်အမြင့်ဖြင့်စိုက်ပျိုးပါ။ |
| လေပြင်းမုန်တိုင်း | | လေပြင်းမုန်တိုင်းကင်းသောလတွင်စိုက်ပါ။<br>သီးနှံများအား အကာအကွယ်ပြုလုပ်ပေးပါ။ |
| ဈေးကျခြင်း | | ဈေးကွက်ရှိသောသီးနှံကိုစိုက်ရန်။<br>ဈေးနှုန်းမြင့်သောကာလတွင် ပေါ်အောင်စိုက်ရန်။<br>ဆုံးရှုံးမှုဖြစ်နိုင်ခြေနည်းသည့် မျိုးကွဲများကိုသာသုံးပါ။<br>အခြားဒေသရှိ ဈေးကွက်များနှင့် ပိုမိုချိတ်ဆက်မှု လုပ်ဆောင်ပါ။<br>ဝယ်ယူရေးသဘောတူညီမှုများအားပိုမိုအားပေးပါ။ |

## လုပ်ဆောင်ချက် (၁၂) သီးနှံရွေးချယ်ခြင်းအကျဉ်းချုပ်။ (၁၅မိနစ်)

**အားလုံးဆွေးနွေးရန်**

၁။ ဆွေးနွေးထားသည့် သီးနှံရွေးချယ်ခြင်းမူကို သင်တန်းသားများအားညွှန်းပါ။ ထိုမူများကို ယခုအခါ ဇယား တစ်ခုတည်းတွင် အကျဉ်းချုံး ဖော်ပြထားသည့် အကြောင်း ပြောပါ။

၂။ အိမ်စာအဖြစ် ၄င်းမူများအားသုံးသပ်ပြီး မိမိ၏မိသားစုနှင့် မည်သည့်သီးနှံစိုက်မည်ကို ဆွေးနွေးစေပါ။

၃။ အိမ်စာအဖြစ် ညာဖက်ကော်လံတွင် မိမိတို့ရွေးချယ်ထားသောသီးနှံစာရင်းကို စီပြီးရေးခိုင်းပါ။

၄။ အိမ်စာအဖြစ် ရွေးချယ်ရေးမူတွင်လ ၁ဒ သို့မဟုတ် ၀ကိုရေးခိုင်းပါ။ ကောင်းလျှင် ‘1’ ဟု ရေးပြီး မကောင်းလျှင် ‘0’ဟု ရေးခိုင်းပါ။ အကယ်၍ ရွေးချယ်ရေးမူအရ ‘1’အားလုံးရပါက ၄င်းတို့ ရွေးချယ်ထားသော သီးနှံအတွက် ကျေနပ်မှုရပြီး သီးနှံစိုက်ပျိုးရန် အသင့်ဖြစ်နေလိမ့်မည်။

၅။ အိမ်စာအဖြစ်။ သင်တန်းသားများအား အိမ်ပြန်ပြီးမိမိတို့ သီးနှံစိုက်ပျိုးမည့် မြေကိုတိုင်းတာစေပါ။ စံပြ သရုပ်ပြကွက်တွင် ဟင်းသီးဟင်းရွက်အတွက် ၀.၂၅ ဧကကို ၀.၀၆ ဧကရှိ အကွက် ၄ ကွက်ခွဲစေပါ။

၆။ သင်တန်းသားများအားမိမိတို့မြေကွက်ငယ်များသည်သတ်မှတ်အကျယ်အဝန်း ၀.၀၆ထက်ကျယ် (သို့) ကျဉ်း ရှိပါကအဆင်ပြေမည်ကို ပြောပြပါ။ သို့သော် စီမံကိန်းကပေး သော သွင်းအားစုများသည် သတ်မှတ်ဧက ၀.၂၅ ဧက စီပွားဖြစ်ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် စီးပွားဖြစ်ကွင်းသီးနှံစိုက်ခင်း ၁ ဧကအတွက်သာဖြစ်သည်။ ယခုထက် မြေကို ပိုသုံးလိုပါက လိုသော သွင်းအားစုအတွက် ကုန်ကျငွေကိုတောင်သူများကုန်ကျခံရမည်။

## လေ့ကျင့်ခန်း (၃.၁၅) သီးနှံရွေးချယ်ပုံ ဇယား

| လေ့ကျင့်ခန်း (၃.၁၅) သီးနှံရွေးချယ်ပုံဇယား (ကောင်းလျှင် (၁)ဟုရေးပြီး၊ မကောင်းလျှင် (၀) ရေးကာ အမှတ်ပေးရန်နှင့် အမှတ်အများဆုံးသီးနှံကိုရွေးရန်) | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သီးနှံ အမည် | လာမည့် ရာသီ တွင် စိုက်နိုင် မစိုက် နိုင် | သီးနှံ အမျိုး အမည် များများ စိုက်နိုင်မှု | သီး လှည့် စိုက်ရန် အဆင် ပြေ မပြေ | ဈေး နှုန်း အနိမ့် အမြင့် | ဝယ်သူ ကြိုက် နှစ်သက် မှု | စိုက် ခင်း နေရာ | မြေ အမျိုး အစား | လုပ်သား ရရှိနိုင်မှု လုပ်သား ကုန်ကျ နိုင်မှု | ရေ ရရှိ နိုင်မှု | အ မြတ် ရနိုင် မှု | ဖနီးရော ခင်ပွန်းပါ သဘော တူညီမှု ရှိမရှိ | ပတ်ဝန်း ကျင် အပေါ် ထိုက်မှု ရှိမရှိ | နည်း ပညာ ကျွမ်း ကျင် မှု | သွင်း အားစု ရရှိ နိုင်မှု | ပျက်စီး ဆုံးရှုံး နိုင်ခြေ အနည်း များ | စုစု ပေါင်း ရမှတ် |
| ပဲတောင့်ရှည် | | | | | | | | | | | | | | | | | |
| ရုံးပတီ | | | | | | | | | | | | | | | | | |
| မုန်လာဥနီ | | | | | | | | | | | | | | | | | |
| ကြက်သွန် | | | | | | | | | | | | | | | | | |
| ငရုတ် | | | | | | | | | | | | | | | | | |
| ခရမ်းချဉ် | | | | | | | | | | | | | | | | | |
| ခရမ်း | | | | | | | | | | | | | | | | | |
| ခရမ်းကြွတ် | | | | | | | | | | | | | | | | | |
| ပြောင်း | | | | | | | | | | | | | | | | | |
| ဂေါ်ဖီထုတ် | | | | | | | | | | | | | | | | | |
| ပန်းမုံလာအဖြူ | | | | | | | | | | | | | | | | | |
| ပန်းဂေါ်ဖီစိမ်း | | | | | | | | | | | | | | | | | |
| မုန်လာဥ | | | | | | | | | | | | | | | | | |
| ကန်စွန်း | | | | | | | | | | | | | | | | | |
| ဘူး | | | | | | | | | | | | | | | | | |
| ကြက်ဟင်းခါး | | | | | | | | | | | | | | | | | |
| ခဝဲ | | | | | | | | | | | | | | | | | |
| သခွား | | | | | | | | | | | | | | | | | |
| ဖရုံ | | | | | | | | | | | | | | | | | |
| ပဲလင်းမြွေ | | | | | | | | | | | | | | | | | |

## လုပ်ဆောင်ချက် (၁၃) သင်ခန်းစာကိုအကျဉ်းချုံးရန်။ (၅မိနစ်)

### အားလုံးဆွေးနွေးရန်

၁။ သင်ခန်းစာမှာဘာတွေဆွေးနွေးခဲ့သလဲဆိုတာ ပြောခိုင်းပါ။ သူတို့၏ ပြောဆိုချက်တွေကိုစာရွက်ကြီးပေါ်မှာ ချရေးပါ။ သင်တန်းသားများကျန်ခဲ့သော အကြောင်းအရာများ ဝန်ထမ်းမှဖြည့်စွက်ပြောပေးပါ။ (မှတ်ချက်။ ။ အချိန်အများကြီးမကုန်ပါစေနဲ့။ ခေါင်းစဉ်များသာချရေးပါ။ သင်ခန်းစာတခုလုံးကိုလုပ်ဖို့ အတွက်အချိန်မလုံလောက်ပါ။)

## လုပ်ဆောင်ချက် (၁၄) သင်ခန်းစာကိုသုံးသပ်ရန်။ (၅မိနစ်)

"ဤသင်ခန်းစာတွင် မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင် မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမို ကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

**လုပ်ဆောင်ချက် (၁၅) နောက်သင်ခန်းစာအတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာ နှင့် အချိန် နှင့် ဘယ်သူလာမလဲ အသိပေးပါ။ (၅မိနစ်)**

**အားလုံးဆွေးနွေးရန်**

၁။ နောက်သင်ခန်းချိန်အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာနှင့် အချိန်ကိုအသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းချိန်နှင့် အမှန်တကယ် ကိုက်ညီသူကိုသာ သင်တန်းလာတက်ရန်ပြောပါ။ သင်တန်းပံ့ပိုးသူအနေဖြင့် အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသောသူများကိုသာ သင်တန်းသို့လာစေချင်ကြောင်း သင်တန်းသားများအားပြောပါ။ သို့မှသာ သင်တန်းမှသင်လိုက်သော အချက်အလက်များကို တိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာအသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦး၊ လက်တွေ့လုပ်မည့် သူကတစ်ဦးဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့်သင်တန်းမှ သင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက် အမှားများရရှိခြင်း စသော အခက်အခဲများကြုံတွေ့နိုင်သည်။

သင်တန်းကိုအဆုံးသတ်ပြီး သရုပ်ပြဆောင်ရွက်ရန်အတွက် ပစ္စည်းများရှိပါကပေးပါ။

**သင်ခန်းစာအခန်း (၄)။ စိုက်ပျိုးရေ ရရှိရေးနှင့် သွင်းအားစု လိုအပ်ချက်များ**

**အချိန်** ။ ။ ၃နာရီ

**ရည်ရွယ်ချက်များ** ။ ။ ၁။ လက်ရှိစိုက်ပျိုးရေရရှိမှု နည်းပညာတိုးပွားရန်

၂။ ရေရရှိမှုနည်းများနှင့် ပြုလုပ်နည်းများသိရှိရန်

၃။ စိုက်ခင်းတွင်ပြုလုပ်ရန်နည်းများကို လက်တွေ့ (သို့မဟုတ်) ဆွေးနွေးရန်။

ပစ္စည်းများ ။ ။ မာကာပင်၊ စာရွက်ကြီး အလွတ်များ

**အဖွဲ့လိုက်ဆွေးနွေးရန်**

**လုပ်ဆောင်ချက် (၁) ပြီးခဲ့သည့်သင်ခန်းစာခေါင်းစဉ်ကို ပြန်လည်သုံးသပ်ခြင်း။ (၅မိနစ်)**

၁။ သင်တန်းသားများပြီးခဲ့သော သင်တန်းစာမှမည်သည်များလေ့လာခဲ့သလဲ၊ မိမိတို့စိတ်ကူးများကို စက္ကူပေါ်သို့ ရေး ချပါ။

၂။ မိမိတို့လေ့ကျင့်ခန်းစာအုပ်မှ မာတိကာဇယားမှခေါင်းစဉ်များကိုဖတ်ခိုင်းပါ။

**လုပ်ဆောင်ချက် (၂) မိုးရေရရှိမှု မြေမျက်နှာပြင်နှင့် မြေအောက်ရေရရှိမှုနှင့်ပင်လယ်။ (၁၅ မိနစ်)**

အားလုံးပါဝင်ရန်

၁။ လယ်သမားများနှင့်ဆွေးနွေးရန် မိုးရွာသွန်းမှု၊ မြေမျက်နှာပြင်အနေအထားနှင့် ပင်လယ်တို့နှင့်ရေရရှိမှုဆက်စပ်ပုံ (၁၅ မိနစ်)

၂။ ၎င်းတို့တင်ပြခဲ့သော အချက်များ ကိုချီးကျူးပါ။

## လေ့ကျင့်ခန်း (၄.၁) ရေသွင်းစိုက်ပျိုးရေးနှင့် ဆိုင်သောနည်းပညာနှင့် ဆားငန်ရေထိုးဖောက်စိမ့်ဝင်ခြင်း။




## လုပ်ဆောင်ချက် (၃) ရေရရှိမှုအတွက်တည်ဆောက်ပုံနှင့် လိုအပ်သောပစ္စည်းများ။ (၄၅ မိနစ်)

**အားလုံးပါဝင်ရန်**

၁။ သင်တန်းသားများနှင့်ဆွေးနွေးရန်။ ရေအရင်းအမြစ်ရရှိရန်မည်သို့တည်ဆောက်ရန် နှင့် မည်သည့်ပစ္စည်းများ လိုအပ်သလဲ။ ၎င်းတို့ထင်မြင်ချက်များကို စက္ကူပေါ်ရေးချပါ။ အဓိကအချက်များမပါလျှင် နည်းပြမှရေးပေးပါ။ (အဓိကအဖြေများ) ရေစုပ်စက်နှင့် စမ်းချောင်းမှသွယ်ရန်ပိုက်များ၊ ရေတွင်း (ပေ ၂၀ အနက်နှင့်ပိုက်များ) အဝီစိတွင်းတိမ် (ပေ ၄၀ အနက်) နှင့်ပိုက်များ၊ ရေကန်အဝီစိတွင်းများ (၆၅ ပေ) စမ်းရေမှ ရေသွယ်ရန် ပစ္စည်းများ (၅ မိနစ်)

၂။ အဖွဲ့တစ်ဖွဲ့ချင်းစီမှာ ရေသွင်းနည်းတစ်ခုချင်းစီနှင့် ပတ်သက်သော ကောင်းကျိုးများနှင့် ဆိုးကျိုးများအား သင်တန်းသားများကို မေးပါ။ (၁၀ မိနစ်)

၃။ အဖွဲ့ခေါင်းဆောင်ကို ဆွေးနွေးချက်များကိုတင်ပြစေပါ။ (၁၀ မိနစ်)

**အားလုံးပါဝင်ရန်**

၄။ ၎င်းတို့တင်ပြချက်များကို ချီးကျူးပါ။ (၂၀ မိနစ်)

## လေ့ကျင့်ခန်း (၄.၂) စိုက်ပျိုးရေးရရှိရန် တည်ဆောက်သော အဆောက်အဦးနှင့်ပစ္စည်း

| အဆောက်အအုံ (သို့) ပစ္စည်းများ | တန်ဘိုး MMK (စက်တင်ဘာ ၂၀၁၉) | အားသာချက်များ | အားနည်းချက်များ |
|---|---|---|---|
| စမ်းချောင်းမှ တိုက်ရိုက် ရေစုပ်နည်း | ကုန်ကျမှုမရှိ၊ ပစ္စည်းမလို | ဆောက်လုပ်ရန်ကုန်ကျမှုမရှိ၊ ရေများစွာရ (တစ်ခါတစ်ရံ နွေရာသီတွင် ခမ်းခြောက်) | ခြောက်သွေ့သော ရာသီတွင် တစ်ခါတစ်ရံ ခမ်းခြောက်၊ ရေတင် ရန်မြင့်၊ ကုန်ကျမှုများ၊ စိုက်ခင်းမှ ဝေးကွာနိုင်သည်။ |

| | | | |
|---|---|---|---|
| အချင်း ၃ ပေ ရေတွင်း (၁၈ ပေ အနက်) | ၇၂၀၀၀၀ | နှစ်ရှည်ခံ (၂၀ နှစ် +) ဆောက် ရန်နေရာကျဉ်း၊ ထိန်းသိမ်းမှု နည်း၊ ရေဖြည့်နှုန်းမြန်၍ တစ်ကြိမ်တွင် နေရာ ၂ - ၃ ခု ရေပေးနိုင်သည်။ ဒေသခံများ ထိန်းသိမ်းလည်ပတ် နိုင် သည်။ ရေခမ်းသွားလျှင် ထပ်တူး နိုင်သည်။ | ရေကိုအများဆုံးပေ ၂၀ - ၂၅ ပေမှသာရနိုင်သည်။ ပစ္စည်းများ ရေတွင်းထဲ ကျနိုင်သည်။ အဖုံးမရှိလျှင် စီးရေကြောင့် ပျက်စီးနိုင်သည်။ အထူးသဖြင့် သောက်သုံးရန်အတွက် မသင့်ပါ။ |
| ၄" အဝီစိတွင်းတိမ် (၄၀'အောက်) | ၅၂၀၀၀၀ | ဆောက်လုပ်ရန်နေရာ အလွန် ကျဉ်း၊ နက်နက်မှရေရရှိနိုင်သည်။ အခြားပစ္စည်းများထက် ကုန်ကျစရိတ်နည်း၊ ရေသန့် ရရှိ နိုင်သည်။ ရေလျှံခြင်းနှင့် မသန့် သောပစ္စည်းများမှ ကာကွယ်ရန် လွယ်သည်။ | ၅ နှစ်ခန့်ကြာလျှင် နန်းဖို့နိုင်၊ နန်းထုတ်ရန်ပြင်ပလုပ်ငှားရန်နှင့် ထိန်းသိမ်းရန် ကုန်ကျစရိတ်များ၊ ရေစုပ်စက်နှင့်သာ စုပ်ယူ နိုင်သည်။ ရေစုပ်စက် မှ စုပ်ယူရာတွင် ပြဿနာရှိနိုင်သည်။ |
| | | | |
| မြေသားရေကန် (၃၂ပေ × ၃၂ပေ × ၉ပေ) | ၇၂၀၀၀၀ | မြေအောက်ဆားငန်ရေကို ထုတ်ပစ်နိုင်လျှင် အပေါ်ယံ ရေသန့်ကို အကျိုးရှိအောင် စုဆောင်းနိုင် သည်။ မြေအောက်ရေမရှိလျှင် မိုးရေ နှင့် ဖြည့်နိုင်သည်။ ရေ အရည် အသွေးကောင်းရန် လိုသည်။ လိုအပ်သလို အရွယ် အကြီးအသေး ပြုလုပ်နိုင်သည်။ စက်နှင့် သာမက လက်ဖြင့်လည်း တူးနိုင်သည်။ | - ရေတွင်း၊ အဝီစိထက် နေရာယူသည်။<br>- သဲဆန်သောနေရာတွင် လည်းတူးမရ။ ရေစိမ့်သွားမည်။<br>- ကန်ဘောင်များ မိုးရေ တိုက်စားနိုင်<br>- မသန့်ရှင်းသော အရာများ ဝင် နိုင်၊ ဥပမာ - တိရစ္ဆာန်ချေးများ<br>- ကုန်ကျစရိတ်များနိုင်<br>- ရေလျှံလျှင်ကန်ပျက်နိုင် |
| အဝီစိတွင်းနက် (၆၅ပေနှင့် အထက်) | ၇၀၀၀၀၀ | မြေအောက်ရေကို အသုံးပြုနိုင်သည်။ | - ကုန်ကျစရိတ်များ<br>- ရေစုပ်ရန် ကုန်ကျစရိတ်များ<br>- ဒေသအတွင်းမှာ အဝီစိတွင်း ရေစုပ်စက် ရရန် ခက်ခဲ။ |
| စိမ့်စမ်းမှ စီးဆင်းရေကို သိုလှောင်နည်း | လိုအပ်သည့် အတိုင်းအတာ အရ | တည်ဆောက်စရိတ်နည်း၊ ရေစုပ်ကုန်ကျစရိတ်မရှိ၊ ရေစီးကောင်း လျှင် ပိုကျယ်သော အခင်းကို ရေပေးနိုင်။ | စမ်းရေ ခမ်းခြောက်နိုင်သည်၊ ရာသီဥတုပြောင်း လဲမှုကြောင့် ရေရှည်မှီခိုရန် မသေချာ။ |

**လုပ်ဆောင်ချက် (၄) ရေစုပ်စက်ရွေးချယ်မည့်အကြောင်းစဉ်းစားရန်။ (၄၀ မိနစ်)**

၁။ သင်တန်းသားများနှင့်ဆွေးနွေးခြင်း၊ မည်သည့်ရေစုပ်စက်မျိုးကိုဝယ်ယူသင့်သည်ကို လယ်သမားများ မည်ကဲ့သို့ဆုံးဖြတ်မည်နည်း။ စက္ကူပေါ်တွင် ၎င်းတို့ဆုံးဖြတ်ချက်များကို ရေးချပါ။ အဓိကရွေးချယ်သင့်သည့် မပါသော အချက်များကို သင်တန်းဆရာမှ ဖြည့်ပေးရန်။ (အဓိကအဖြေမှာ ၅.၅ မြင်းကောင်ရေရှိ ဓာတ်ဆီရေစုပ်စက်၊ ဒီဇယ်ရေစုပ်စက်အသေး၊ လျှပ်စစ်ရေမြှုပ် ရေစုပ်စက်၊ ဆိုလာပြားသုံးရေတင်စက်၊ အဝီစိတွင်းသုံးဆိုလာ AC ရေစုပ်စက်။

**အဖွဲ့ငယ်များ**

၂။ ရေရရှိမှုတစ်မျိုးစီအတွက် အဖွဲ့ငယ်တစ်ခုခြင်းကို အားသာချက်၊ အားနည်းချက်များ၏စာရင်းကိုပြုလုပ်ခိုင်းပါ။ အဖွဲ့ခေါင်းဆောင်အား၎င်းတို့ဆွေးနွေးချက်များကိုအဖွဲ့အား တင်ပြရန်။ (၁၀ မိနစ်)

၃။ အုပ်စုတိုင်းမှခေါင်းဆောင်များအား အစည်းဝေးတွင် ၎င်းတို့၏ အတွေး များကို ဆွေးနွေး ရန် တောင်းဆိုပါ။ (မိနစ် ၂၀)

၄။ RWCP သည် ၁၀၀% အစိမ်းရောင်ရေစုပ်စက်ကို စမ်းသပ်ပြီး ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်း အင်သုံး ဘဲလ်ပန့် ဖြင့်လယ်ကွင်းသို့တိုက်ရိုက် ရေတင်ခြင်း သို့မဟုတ် နေရောင်ခြည်စွမ်းအင်သုံးရေစုပ်စက်များမှတစ်ဆင့် လယ်ကွင်းများမှရေ အနက် ၁၅၀ ပေ ကျော်မှရေအရင်းအမြစ်များကိုရယူစေပြီး၊ တောင်သူလယ်သမားများသည်

နေရောင်ခြည်စွမ်းအင်သုံးခြင်းဖြင့် လောင်စာဆီဘိုး ကုန်ကျစရိတ်သက်သာစေသည်။ အမျိုးသားများနှင့် အမျိုးသမီးများအတွက် ပိုမိုလွယ်ကူစွာ အသုံးပြုရန်နှင့် ပတ်ဝန်းကျင်ကိုထိခိုက်မှု မရှိစေပါ။

**အားလုံးပါဝင်ရန်**

၅။ လေ့ကျင့်ခန်း ၄.၃ ကိုသူတို့၏ တောင်သူလက်စွဲအုပ်များတွင်ဖတ်ပြီး အဖြေများကို သူတို့၏အဖြေများနှင့်နှိုင်းယှဉ်ပါ ၎င်းတို့ ဆွေးနွေးထားချက်များအတွက် ချီးကျူးပါ။

**လေ့ကျင့်ခန်း ၄.၃။ ရေသွင်းရန်အတွက်ရေစုပ်စက်အမျိုးအစားများ**

| ရေစုပ်စက်အမျိုးအစားများ | တန်ဘိုး (စက်တင်ဘာ ၂၀၁၉) | အားသာချက်များ | အားနည်းချက်များ |
|---|---|---|---|
| ၅.၅ HP ဓါတ်ဆီရေစုပ် စက်များ | ၂၀၀၀၀၀ | - သေးပြီးသယ်ရလွယ်သည်။<br>- ဝယ်ယူရန်လွယ်သည်။<br>- အသုံးပြုရန်လွယ်ကူ<br>- ရေစုပ်အားကောင်း<br>- အချိန်အနည်းငယ်ဖြင့်ရေတင် အားကောင်း | - ဆီဘိုး ၁ - ၂လီတာ ။ တရက်<br>- အသစ်ကိုထိန်းသိမ်းရလွယ်<br>- ဟောင်းလျှင်ထိန်းသိမ်း စရိတ်ကြီး<br>- ၂၅ပေအထိသာ ရေတင်နိုင်<br>- ပတ်ဝန်းကျင်ပျက်စီး |
| ဒီဇယ်ရေစုပ်စက်အသေး | ၃၀၀၀၀၀ | - ဓာတ်ဆီစက်ထက်ဆီစား သက်သာသည်။<br>- အချိန်တိုအတွင်းရေများ တင်နိုင်<br>- အသုံးပြုရန်လွယ်ကူ<br>- အပိုပစ္စည်းကို ဒေသတွင်းမှာ ဝယ်ယူနိုင် | - ဝယ်ယူဈေးကြီးမြင့်သည်။<br>- စက်သုံးဆီဈေးကြီး၊<br>- လေးလံသောကြောင့် ရွှေ့ပြောင်းရန်ခက်ခဲ<br>- ပြင်ဆင်ထိန်းသိမ်းရန်ခက်ပြီး ဈေးကြီးသည်။<br>- စက်ပြင်ဆရာ လိုအပ်သည်။<br>- ၂၅ပေအောက်သာစုပ်ယူ နိုင်သည်။<br>- ပတ်ဝန်းကျင်ထိခိုက်နိုင်သည် |
| DC (ဆိုလာရေမြှုပ်ပန့်)<br>ဆိုလာပြား(၂၀၀ - ၃၀၀ ဝပ်) | ၃၈၀၀၀<br>၁၂၀၀၀၀ | - ဈေးသက်သာ<br>- ဆီဘိုးမလို<br>- အသံမဆူညံ<br>- အသုံးပြုရန်လွယ်ကူ<br>- သယ်ယူရန်လွယ်ကူ<br>- လွယ်ကူစွာရနိုင်သည်။<br>- ပတ်ဝန်းကျင်အတွက်ကောင်း | - ရေစုပ်စက်ပျက်လျှင် အသစ် ထည့်၊<br>- ၂၅ ပေအမြင့် အထိသာ ရေတင်နိုင်<br>- နေရာကျဉ်း အကွက်ငယ် အတွက်သာ သင့်တော်သည်။ |
| ဆိုလာမြေညီ<br>ရေစုပ်ပန့် ဆိုလာပြား<br>(၂၀၀ - ၃၀၀ ဝပ်) | ၄၅၀၀၀<br>၁၂၀၀၀၀ | - တန်ဘိုးနည်း<br>- ဆီဘိုးမကုန်<br>- အသံတိတ်<br>- အသုံးပြုရန်လွယ်ကူ<br>- သယ်ယူရန်လွယ်ကူ<br>- ပြင်ဆင်ထိန်းသိမ်းရန်မလို<br>- ဝယ်ယူရလွယ်ကူသည်<br>- ပတ်ဝန်းကျင်အတွက်ကောင်း | - ရေစုပ်စက်ပျက်လျှင် အသစ်ထည့်၊<br>- ၂၅ပေ အမြင့်အထိသာ ရေတင်နိုင်<br>- နေရာကျဉ်းအတွက်သာ သင့်တော်သည် |

| | | | |
|---|---|---|---|
| အစီစီတွင်းရေစုပ်စက် ဆိုလာပြား (၁၀၀ ဝပ်)<br>ဘက်ထရီ (၇၀ အမ်ပီယာ) | ၂၀၀၀၀၀<br>၇၀၀၀၀ | - ပေ ၁၀၀ကျော်ရေတင်နိုင်<br>- ဆီဘိုးမကုန်<br>- အသံတိတ်<br>- အသုံးပြုရန်လွယ်<br>- သယ်ယူရန်လွယ်<br>ပြင်ဆင်၊ ထိန်းသိမ်းစရိတ်နည်း<br>- ဝယ်ယူရန်လွယ်ကူ<br>ပတ်ဝန်းကျင်အတွက်ကောင်း | - မူရင်းဈေးကြီး<br>- ပျက်လျှင်အသစ်ထည့်<br>- ၁၃ ပေအမြင့်ထိသာ ရေတင်နိုင်<br>- နေရာကျဉ်းအတွက်သင့်တော် |
| Bilge ပြင်ညီရေစုပ်ပန့် ဆိုလာပြား ၁၀၀ ဝပ် | ၂၆၀၀၀<br>၇၀၀၀၀ | - ဈေးသက်သာ<br>- ဆီဘိုးမကုန်<br>- အသံတိတ်<br>- အသုံးပြုရန်လွယ်<br>- ပြင်ဆင်၊ ထိန်းသိမ်းစရိတ်နည်း<br>- ဝယ်ယူရန်လွယ်ကူ<br>- ပတ်ဝန်းကျင်မပျက်စီး | - ရေတင်အား နည်း၊ ပြင်ညီ ရေသွင်းရန် အတွက်သာ<br>- ပျက်လျှင်အသစ်ထည့်၊<br>- ၁၃ ပေ အမြင့် ထိသာ ရေတင်နိုင်၊<br>- နေရာကျဉ်းအတွက်သာ သင့်တော်သည်။ |

လုပ်ဆောင်ချက် (၅) ရေသွင်းနည်းများ (၂၅) မိနစ်

အားလုံးပါဝင်ရန်

၁။ ဆွေးနွေးရန်မေးခွန်း သင်တန်းသားများမည်သည့် ရေသွင်းနည်းများကို သိရှိသနည်း။ ၎င်းတို့သိရှိချက်များကို စာရွက်ကြီးပေါ်တွင် ရေးချပါ။ (၂ မိနစ်)

အဖွဲ့ငယ်များ

၂။ သင်တန်းသားများကို အဖွဲ့ငယ်များဖွဲ့ပြီး အဖွဲ့တစ်ခုကိုရေသွင်းနည်း တစ်မျိုးကိုပေးပါ။ စာရွက်ကြီးကိုကော်လံ နှစ်ပိုင်းပိုင်းပြီး အဖွဲ့များ၏ရေသွင်းနည်းအားသာချက်၊ အားနည်းချက်များကိုရေးချခိုင်းပါ။ (၅ မိနစ်)

၃။ အဖွဲ့တွေ့ရှိချက်များကို တင်ပြစေပါ။ ၎င်းတို့လေ့ကျင့်ခန်းစာအုပ်မှ အောက်ပါဇယားပါအချက်များနှင့် နှိုင်းယှဉ် ကြည့်စေပါ။ (၁၈ မိနစ်)

## လေ့ကျင့်ခန်း (၄.၄) ရေသွင်းနည်းများ

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| ရေမြောင်းဖြင့်သွင်းခြင်း | |
| - ကုန်ကျစရိတ်သက်သာသည်။<br>- ရေစိမ့်အားကောင်းသော မြေတွင် ရေပျံ့နှံ့မှုကောင်း သည်။ | - ရေပျံ့နှံ့မှုကောင်းရန်မြေပြင်ညီရမည်။<br>- မြေညှိရန် ကုန်ကျစရိတ်များသည်။<br>- ရေကုန်မှု များသည်။<br>- ပေါင်းများပေါက်စေသည်၊<br>- ဘောင်အနားရေတိုက်စားမှုရှိ<br>- ရေငွေ့ပျံမှုကြောင့်ဆားဓါတ်များ လာနိုင်သည်။ |
| ရေဖျန်းစက်ဖြင့်ရေသွင်းခြင်း | |
| - နေရာကျယ်ကျယ်အတွက် ကုန်ကျစရိတ်သက်သာ သည်။<br>- အစိုဓါတ်ထိန်းအားမကောင်းသောမြေတွင် မကြာခဏ ရေသွင်း နိုင်သည်။<br>- ဈေးနှုန်းသည် ပစ္စည်းအရည်အသွေး ပေါ်မူတည်ပြီး ပြောင်းလဲသည်။<br>- ရွှေ့ပြောင်းလွယ်ကူမှုပေါ်မူတည်ပြီး ဈေးနှုန်း သက်သာသည်။ | - တပ်ဆင်သည့်ဈေးများ<br>- ဖိအားများသော ရေစုပ်စက်လိုသည်။<br>- ရေငွေ့ ပျံမှုကြောင့် ဆုံးရှုံးမှုများ<br>- အပင်နှင့်မြေမှ အာဟာရဆုံးရှုံးမှုများ<br>- အရွက်ပေါ်ရေတင်၍ရောဂါကျရောက်မှု များနိုင်သည်။<br>ပေါင်းများသည်။ |

| | |
|---|---|
| **ရေစက်ချနည်း** | |
| - ရေကိုအကျိုးရှိစွာအသုံးပြုနိုင်သည်။<br>- အပင်များကိုရေညီမျှစွာပေးနိုင်သည်။<br>- ပေါင်းပေါက်မှုသက်သာ<br>- မညီညာသောမြေပေါ်အသုံးပြုနိုင်သည်။<br>- ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ဈေးကွာခြားမှုရှိ၊<br>- ကွေးနိုင်ဆန့်နိုင်သောကြောင့် ရွှေ့ပြောင်းရ လွယ်ပြီး ကုန်ကျစရိတ်သက်သာသည်။<br>- လုပ်သားစရိတ်သက်သာ<br>- ဓာတ်မြေဩဇာကို ရေသွင်းချိန်တွင် တခါတည်းထည့်ပေးနိုင်သည်။ | - တပ်ဆင်ခများသည်။<br>- ပိုက်များ ပိတ်ဆို့နိုင်သည်။<br>- စိုက်နည်းတစ်မျိုးမှ နောက်တစ်မျိုးအတွက်ပြောင်းရန် ခက်သည်။<br>- ပိုက်များနေရောင်ကြောင့် ပျက်စီးသဖြင့် တစ်ခုခုဖြင့် ဖုံးထားရမည်။ |
| **ရေပန်းခေါင်းဖြင့် စိုက်ဘောင်အလယ်ရေမြောင်းငယ်အား ရေလောင်းနည်း (ရေပန့်သုံး)** | |
| - ရေပိုက်ထိပ်တွင်ရေပန်းခရားတပ်ဆင်စရိတ်သက်သာ<br>- ရေဖိအားအမျိုးမျိုးအတွက်အသုံးပြုနိုင်သည်။<br>- ရေမြောင်းအတွင်းကို ရေပေးနိုင်သဖြင့်ရေ တဖြည်းဖြည်း စိမ့်ဝင်စေပြီး စီးဆင်းသွားမှုမရှိ၊ ရေဆုံးရှုံးမှု မရှိနှင့်ပေါင်းသက်သာသည်။<br>- ရေပန်းခရားမှရေဖိအားကို နည်းစေသဖြင့် မြေတိုက်စားမှုနည်း။<br>- တော်ရုံရေဖိအားဖြင့် ဘောင်တစ်ခုကို ရေပေးရန်အချိန်အနည်းငယ်သာလို။ | - ရေညီညာစွာရရှိရန် ပြင်ညီသောဘောင်များ လိုအပ်သည်။ |
| **ရေဖျန်းပုံး (လူအားဖြင့်)** | |
| - တပ်ဆင်ခသက်သာ<br>- အပင်ခြေကိုတိုက်ရိုက် ဖျန်းပေးခြင်းဖြင့် မြေကြီးအားလုံးကို ပေးရန်မလိုသောကြောင့် ရေအသုံးပြုမှုနည်း။<br>- ရေဖျန်းမှုနှင့်ရေပေးမှုနေရာကို ပြုပြင်နိုင်သည်။<br>- မြေမညီညာသော နေရာတွင် အပင်စိုက်ထားလျှင်အသုံးပြုနိုင်သည်။<br>- တစ်ကွင်းလုံးရေမပေးဘဲ၊ အပင်ခြေတွင်သာ ရေပေးခြင်းဖြင့်ပေါင်းသက်သာစေသည်။ | - အခြားနည်းများထက် လုပ်အားပိုလိုသည်။<br>- ရေလုံလောက်စွာပေးရန်ခက်သည်။ |



မြောင်းဖြင့်ရေသွင်းနည်း



ရေဖျန်းစက်ဖြင့်ရေသွင်းနည်း



ရေစက်ချရေသွင်းနည်း



ရေပန်းခရားနှင့်ရေလောင်းနည်း



စိုက်ဘောင်အလယ်ရှိရေမြောင်းငယ်အား ရေပန်းခေါင်းဖြင့်
ရေလောင်းခြင်း

၄။ လယ်သမားများအား အကျဉ်းချုံးပြီး မေးခွန်းမေးပါ။ ၄င်းတို့အခြေအနေအတွက် မည်သည့်ရေသွင်းစနစ်သည် အသင့်တော်ဆုံးဖြစ်သနည်း။ ၄င်းတို့အနေဖြင့် ရေရရှိမှု၊ စိတ်ချရမှု၊ ကုန်ကျစရိတ်၊ လုပ်သားရရှိမှု၊ စိုက်ပျိုးရေး အတွက် ချေးငွေရရှိနိုင်မှု၊ လည်ပတ်မှုနှင့် ထိန်းသိမ်းစရိတ်များကို ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။

## လုပ်ဆောင်ချက် (၆) ဘေကာအစက်ချစနစ်။ (၂၀)မိနစ်

၁။ ၂၀၁၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ ပညာရှင်တစ်ဦးသည် Baker Drip System ကိုမြန်မာနိုင်ငံအတွက် မိတ်ဆက်ခဲ့ကြောင်း သင်တန်းသားများကိုပြောပါ။ လေ့ကျင့်ခန်း ၄.၅၊ ၄.၆ နှင့် ၄.၇ တွင်ပါရှိသောဘေကာစနစ်၏အပြင်အဆင်၊ ခန့်မှန်းကုန်ကျစရိတ်ဇယားနှင့် လေ့ကျင့်ခန်း ၄.၈၊ ၄.၉ နှင့် ၄.၁၀ တို့တွင်ဖေါ်ပြထားသော ရေသွင်းစနစ်တပ်ဆင်ပုံ၊ လည်ပတ်ပုံ၊ ပြုပြင်ထိန်းသိမ်းပုံတို့ကိုအကျဉ်းချုံးရှင်းပြပါ။ အချိန်မလုံလောက်ပါက ဤလေ့ကျင့်ခန်းများကို အိမ်စာအနေဖြင့် ဖတ်ခိုင်းပါ။ အကယ်၍သူတို့သည် သင်တန်းနည်းပြမှထပ်မံရှင်းပြရန်လိုအပ်ပါက နောက်လာမည့်သင်ခန်းစာများမှ ကွင်းဆင်းချိန်များတွင် မေးရန်ပြောပါ။

### လေ့ကျင့်ခန်း (၄.၅) ဘေကာရေစက်ချနည်း နှင့် ၁၀၀ ရာခိုင်နှုန်း အစိမ်းရောင် စိုက်ပျိုးရေပေးရေးစနစ်ပုံများ






## လေ့ကျင့်ခန်း (၄.၆) ဘောကာရေစက်ချစနစ်ကုန်ကျစရိတ်

စုစုပေါင်းကုန်ကျစရိတ် ၀.၁၂၅ ဧကရေစက်ချပစ္စည်းစုံ (၂၀၂၀ ဖွန်လ ဈေးနှုန်း)

| နံပါတ် | အကြောင်းအရာ | နှုန်း | ယူနစ် | အရေအတွက် | ကုန်ကျငွေ |
|---|---|---|---|---|---|
| ၁ | ၁.၅လက်မ PVC ပိုက် | ၄၈၀၀ | ခု | ၃ | ၁၄၄၀၀ |
| ၂ | ၁.၅ - ၃။၄လက်မ ဆော့ကက် | ၄၅၀ | ခု | ၁ | ၄၅၀ |
| ၃ | ၁.၅လက်မ Bell end အဒက်ပတာ | ၄၅၀ | ခု | ၁ | ၄၅၀ |
| ၄ | ၁.၅လက်မ PVC ဘောဘား | ၁၉၅၀ | ခု | ၂ | ၃၉၀၀ |
| ၅ | ၁.၅လက်မဆော့ကက် | ၅၀၀ | ခု | ၃ | ၁၅၀၀ |
| ၆ | PVC ကော်ဗူး | ၁၅၅၀ | ဗူး | ၁ | ၁၅၅၀ |
| ၇ | Water Tape | ၂၀၀ | အလိပ် | ၂ | ၄၀၀ |
| ၈ | Bilge ရေစုပ်ပန့်<br>(အဝါရောင် တရုတ်ထုတ်)<br>၁၂ဗို့။ တစ်နာရီ ၁၁၁၀ ဂါလံ | ၂၆၀၀၀ | ခု | ၁ | ၂၆၀၀၀ |
| ၉ | ဆိုလာပြား (၁၀၀ ဝပ်) | ၇၀၀၀၀ | ခု | ၁ | ၄၄၅၀၀ |
| ၁၀ | ရေကန်လိုင်နာ (တာပေါ်လင်စ) | ၁၄၀၀၀ | အချပ် | ၁ | ၁၄၀၀၀ |
| ၁၁ | အစက်ချ ပိတ်ဖွင့်ဘား | ၅၆၅ | ခု | ၄၄ | ၂၄၈၆၀ |
| ၁၂ | Rubber Grommet | ၁၄၀ | ခု | ၄၄ | ၆၁၆၀ |
| ၁၃ | ၃/၄လက်မ ရေပိုက်<br>(၃၀ မီတာ) | ၂၅၀၀၀ | ကွိုင် | ၅ | ၁၂၅၀၀ |
| ၁၄ | အစက်ချပိုက်<br>( Irritec.Co; Italy) | ၁၃၃ | မီတာ | ၈၀၀ | ၁၀၆၄၀၀ |
| | စုစုပေါင်း | | | | ၂၈၂၅၇၀ |

စုစုပေါင်းကုန်ကျစရိတ် ၀.၂၅ ဧကရေစက်ချပစ္စည်းစုံ (၂၀၂၀ ဖွန်လ ဈေးနှုန်း)

| နံပါတ် | အကြောင်းအရာ | နှုန်း | ယူနစ် | အရေအတွက် | ကုန်ကျငွေ |
|---|---|---|---|---|---|
| ၁ | ၁.၅လက်r PVC ပိုက် | ၄၈၀၀ | ခု | ၅ | ၂၄၀၀၀ |
| ၂ | ၁.၅ - ၃/၄လက်မ ဆော့ကက် | ၄၅၀ | ခု | ၂ | ၉၀၀ |
| ၃ | ၁.၅လက်မ Bell end အဒက်ပတာ | ၄၅၀ | ခု | ၂ | ၉၀၀ |
| ၄ | ၁.၅လက်မ PVC ဘောဘား | ၁၉၅၀ | ခု | ၄ | ၇၈၀၀ |
| ၅ | ၁.၅လက်မဆော့ကက် | ၅၀၀ | ခု | ၅ | ၂၅၀၀ |
| ၆ | PVC ကော်ဗူး | ၁၅၅၀ | ဗူး | ၁ | ၁၅၅၀ |
| ၇ | ရေတိပ် | ၂၀၀ | အလိပ် | ၂ | ၄၀၀ |
| ၈ | Bilge ရေစုပ်ပန့်<br>(အဝါရောင် တရုတ်ထုတ်)<br>၁၂ဗို့ / တစ်နာရီ ၁၁၁၀ ဂါလံ | ၂၆၀၀၀ | ခု | ၁ | ၂၆၀၀၀ |
| ၉ | ဆိုလာပြား (၁၀၀ ဝပ်) | ၇၀၀၀၀ | ခု | ၁ | ၇၀၀၀၀ |
| ၁၀ | ရေကန်လိုင်နာ (တာပေါ်လင်စ) | ၁၄၀၀၀ | အချပ် | ၂ | ၂၈၀၀၀ |
| ၁၁ | အစက်ချ ပိတ်ဖွင့် ဘား | ၅၆၅ | ခု | ၈၈ | ၄၉၇၂၀ |
| ၁၂ | Rubber Grommet | ၁၄၀ | ခု | ၈၈ | ၁၂၃၂၀ |
| ၁၃ | ၃/၄လက်မ ရေပိုက် ပျော့<br>၃၀ မီတာ | ၂၅၀၀၀ | ကွိုင် | .၅ | ၁၂၅၀၀ |
| ၁၄ | အစက်ချပိုက်<br>( Irritec.Co; Italy) | ၁၃၃ | မီတာ | ၁၆၀၀ | ၂၁၂၈၀၀ |
| | စုစုပေါင်း | | | | ၄၅၃၅၉၀ |

## ၂။ Baker (abum) အစက်ချစနစ်ကို ထိန်းသိမ်းခြင်း

### အားလုံးပါဝင်ရန်

၁။ Bakerစနစ်ထိန်းသိမ်းနည်းကိုလယ်သမားများအားအိမ်စာအဖြစ်ယူသွားရန်ပြောပါ။အကယ်၍မရှင်းလင်းတာရှိပါကနောက်သင်တန်းကွင်းများတွင်မေးနိုင်ကြောင်းပြောပါ။

### လေ့ကျင့်ခန်း (၄.၇) နေစွမ်းအင်သုံး ဆိုလာရေပန့်ဖြင့် အစက်ချစနစ်သို့တိုက်ရိုက်ရေတွန်းပေးပို့ခြင်း

လယ်သမားများသည် ရေအရင်းအမြစ်မှ ၁၅ဝ ပေအောက်အကွာအဝေးရှိ စိုက်ခင်းများသို့ နေစွမ်းအင်သုံး ဆိုလာရေပန့်ကို အသုံးပြုပြီး အစက်ချစနစ်အရောက် တိုက်ရိုက်ရေတွန်းပေးပို့နိုင်သည်။




### လေ့ကျင့်ခန်း (၄.၈) Baker ရေစုပ်စက်နှင့် ရေစက်ချစနစ်ထိန်းသိမ်းခြင်း။

Baker ရေစုပ်စက်စနစ်တွင် သုံးပိုင်းပါဝင်သည်။

- ဆိုလာပြား
- Bilge ရေစုပ်စက် (ဘဲ့လ် ရေစုပ်စက်)
- ရေစက်ချပိုက်

### ၅၀ – ၁၀၀ ဝပ် နေရောင်ခံပြား

၁။ တစ်ပတ်တစ်ခါ နေရောင်ခံပြားကို အဝတ်ခြောက်နှင့် ဖုံသုတ်သန့်ရှင်းရေးပြုလုပ်ပေးပါ။

၂။ ဆိုလာခံပြားကို နေရောင်များစွာရအောင်လှည့်ပေးပါ။ ဆိုလာသည် နံနက်၉နာရီမှ ညနေ၃နာရီအတွင်း နေရောင် ခံပြားကို နေဘက် လှည့်ပေးထားရန်ဖြစ်သည်။

၃။ အရိပ်အနည်းငယ်ကျလျှင်ပင် လျှပ်စစ်ရမှုကို လျော့နည်းစေနိုင်သည်။

## Bilge (ဘဲ့လ်) ရေစုပ်စက်

၁။ ရေစုပ်စက်ကိုအိတ်ဖြင့်သယ်ယူပါ။ ဝါယာကြိုးဖြင့်မသယ်ပါနှင့် အဆက်ပြုတ်သွားနိုင်သည်။

၂။ သန့်ရှင်းသောရေသို့မဟုတ် သန့်ရှင်းထားသောရေကိုသာ စုပ်ရန်သတိပြုပါ။

၃။ စက်ကို နန်းမြေပေါ်တင်မထားရန်၊ ကျောက်ခဲပေါ်သို့မဟုတ် ဘောင်ငယ်ပေါ်တင်ထားရန် ဂရုစိုက်ပါ။

၄။ ခြင်ထောင်ဇာ၊ ဆန်အိတ်၊ ဓါတ်မြေဩဇာအိတ်တို့ကို ရေစစ်ကဲ့သို့ အသုံးပြုနိုင်သည်။

### ရေအစက်ချစနစ်

တပ်ဆင်ပုံ ။ ။ ရေအစက်ချပိုက်လိုင်းကို ဖြောင့်နေအောင်ဆင်ရန်သတိပြုပါ။

ရေထုတ်ပေါက်များကိုလည်း အပေါ်တွင်ရှိနေပါစေ။

### နေ့စဉ်စစ်ဆေးရန်

ရေစက်ချစနစ်ကိုဖွင့်ပြီး ငါးမိနစ်မျှကြာလျှင် လယ်သမားသည်ရေသွယ်ပိုက်တစ်လျှောက် ဖိအားတူညီမှုရှိ၊ မရှိ စစ်ဆေးပါ။ ရေစထွက်သောနေရာနှင့် အဆုံးကိုဖိကြည့်ပြီး ရေဖိအားညီညာမှု ရှိ၊မရှိ စစ်ဆေးပါ။ အကယ်၍ ရေဖိအား နည်း (သို့မဟုတ်) မတူညီခဲ့လျှင် ရေစုပ်စက်ကောင်းစွာလုပ်မလုပ်ကို စစ်ဆေးရန်နှင့် ပိုက်လိုင်းများစွာတစ်ချိန်တည်း ပွင့်နေသလား သို့မဟုတ် အဆက်များမှရေယိုနေသလား (သို့မဟုတ်) အများအပြား ရေယိုနေသောနေရာကို စစ်ဆေး ရှာဖွေပါ။

ပိုက်လိုင်းတစ်လျှောက်လမ်းလျှောက်ပြီး စိမ့်သောနေရာများကို စစ်ဆေးပြီး၊ ရေစိမ့်သောနေရာများကို ၄ လက်မ တိတ် ပြားနှင့် ဖိကပ်ပါ။

### ပုံမှန်စစ်ဆေးရန်

ရေအရည်အသွေးကောင်းလျှင် ၂ ပတ်တစ်ခါ၊ ရေညစ်ပတ်လျှင် မကြာခဏ စစ်ဆေးပေးပါ။

ရေညစ်ပတ်လျှင် ရေစက်ချပိုက်လိုင်းအဆုံးကိုဖွင့်ပေးပါ။ တစ်လိုင်းစီချင်း ရေကို တစ်မိနစ်ကြာ သို့မဟုတ် ကြည်သွားသည် အထိ ဖွင့်ထုတ်ပါ။

### ရာသီကုန်ချိန်သိမ်းဆည်းခြင်း

၁။ စိုက်ပျိုးရာသီကုန်ချိန်တွင်ရေသွယ်ပိုက်ကို ရစ်ဘီးနှင့်လိပ်ပြီး သိမ်းဆည်းပါ။ ရေစက်ချပိုက်လိုင်းအဆုံးများကို ကော်ကပ်တိတ်ဖြင့် ပိတ်ထားပါ။

၂။ ရေစက်ချပိုက်လိုင်းကို ခေါက်ခြင်း၊ လိမ်ခြင်းမရှိအောင်လိပ်ပါ။

၃။ လုံခြုံသောနေရာတွင် နောက်ရာသီအတွက်သိမ်းဆည်းပါ။

### လေ့ကျင့်ခန်း (၄.၉) ကွင်းတာဝန်ခံများနှင့် လယ်သမားစာရင်းစစ်ဆေးရန်

လုပ်ငန်းမစမီ

- အဓိက ရေလှောင်ကန်သည်စိုက်ခင်း၏ အမြင့်ဆုံးနေရာတွင် ရှိ၊ မရှိ။

- ဆိုလာပြားများ နေရောင်အပြည့်အဝ ရရှိမှု ရှိ၊ မရှိ။

- လယ်သမားသည် မြေဆွေးများနှင့် ဓါတ်မြေဩဇာများကို ရေစက်ချလိုင်းအောက်တွင် ရှိ၊ မရှိ။

- လယ်သမားသည် မြေဖုံးပစ္စည်းလုံလောက်စွာ သုံးထားသလား။

- လယ်သမားအနေဖြင့် အရည်အသွေးကောင်းမျိုးစေ့နှင့်ပျိုးပင်များ ရရှိနိုင်မှု။ အကယ်၍ရပါက မိမိတို့ ဆက်လက် ဆောင်ရွက်ရန်။

အောက်ပါစစ်ဆေးမှုများသည် လယ်သမားကိုတွေ့ဆုံသောအခါ သို့မဟုတ် ဘေကာရေပေးစနစ် တွင်ဖြစ်ပေါ်နိုင်သည့် ပြဿနာများကို သိရှိရန်လမ်းညွှန်ဖြစ်သည်။

| မြို့နယ် | ကျေးရွာ | နေ့စွဲ | လယ်သမား |
|---|---|---|---|
| RWCP ဝန်ထမ်း အမည် | | | |
| **စစ်ဆေးရန်စာရင်း** | **ကောင်း၊ မကောင်း** | **ပြုပြင်ရန်လုပ်ဆောင်ချက်၊ မှတ်ချက်** | |
| ၁။ ဆိုလာပြားသန့်ရှင်းလား | ရှိ/မရှိ | | |
| ၂။ ဆိုလာပြားအလင်းရောင်၊ အများဆုံး ရသလား။ | ရ/ မရ | တောင်ဘက်သို့ ၂၂ ဒီဂရီ စောင်းထားလျှင် နေရောင်အများဆုံးရ။ | |
| ၃။ ရေလှောင်ကန်သန့်ရှင်းပြီး အမှိုက်သရိုက် မရှိ။ | ရှိ / မရှိ | အမှိုက်နည်းအောင် ရေစုပ်စက်ကို ကျောက်ခဲများပေါ်မှာ တင်ထားပါ။ | |
| ၄။ တပ်ဆင်ချိန်မှာထက် ရေစီးနေးချိန်မှာ ရေစုပ်စက်ကို စစ်ဆေးပါ။ | ဒလက်သန့်ရှင်းမှုရှိ/မရှိ ပျက်၊ မပျက် ပိုက်မှရေစိမ့်၊ မစိမ့်၊ ဝါယာကြိုးဆက်၊ မဆက်၊ ဆိုလာပြား သန့်၊ မသန့် | | |
| ၅။ ပိုက်အရှည်နှင့် လုံးပတ် အချင်း | ပိုက်အချင်းအနည်းဆုံး ၁ လက်မ ရှိ၊ မရှိ | | |
| ၆။ ပိုက်လိုင်းတွင် ရွှံ့စစ်ဆေးပါ။ | ရှိ / မရှိ | ရွှံ့များရှိနေလျှင် ယိုပေါက်ပိတ်ပါ။ | |
| ၇။ ရေထွက်ပေါက်များက အပေါ်ဘက်တွင် ရှိနေသလား။ | ရှိ / မရှိ | ပိုက်လိုင်းအထက်အောက်၊ လိမ်နေသလား၊ ရေစက်ချ ပေါက်များအားလုံး အပေါ်ထောင်နေရမည်။ သုံးလိုင်း ကို အထက်အောက် လမ်း လျှောက်စစ်ဆေးခြင်းနှင့် တစ်လိုင်းချင်းစစ်ဆေးခြင်း ဆောင်ရွက်ပါ။ | |
| ၈။ ရေစက်ချပိုက်လိုင်း အဆုံးပိတ်တာ လုံသလား | လုံ / မလုံ | အကယ်၍မလုံပါက နောက်တစ်ခေါက် ထပ်ခေါက်ပြီး ပိတ်ရန်လိုမည်။ | |
| ၉။ ပိုက်လိုင်းအဆုံးများ တိုင် တွင်ချည်တာပြုတ်နေသလား | ပြုတ်၊ မပြုတ် | | |
| ၁၀။ ပိုက် လိုင်းကို ဆေးကြောပါ။ | ရေကြည်၊ မကြည် | ရေနောက်နေလျှင် ရေဖြင့် ဆေးကြောပါ။ရေသန့်ရှင်းမှု ပေါ် မူတည်ပြီး လယ်သမားသည် တစ်ပတ် တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် ပြုလုပ်ပါ။ ဘာကြောင့်ပိုက်လိုင်းများ သန့်ရှင်းရေးမှန်မှန် ပြုလုပ်ရသည်ကို ရှင်းပြပါ။ (၄င်းမှာ ရေထုတ်ပါက်များ၊ မပိတ်ဆို့ရန် | |
| ၁၁။ ပြုပြင်ရန် လိုသောစိမ့် ပေါက်များရှိသလား | ရှိ၊ မရှိ | | |
| ၁၂။ သီးနှံကို စစ်ဆေးပါ။ | သီးနှံကောင်းသလား၊ ညှိုးသလား။ | ထမင်းစားနားချိန်တွင် သီးနှံကိုစစ်ဆေးပါ။ ကောင်းလျှင် ရေလိုသည်။ သီးနှံအရွက် ဇရိယာ များလာလျှင် ရေပိုလို သည်ကိုမမေ့ပါနှင့်။ | |

| | | |
|---|---|---|
| ၁၃။ မြောင်းတွင်း ရေတင်နေ သလား | တင်၊ မတင် | တင်လျှင် လယ်သမားရေပေးများခြင်း ဖြစ်သည်။ ရေလျှော့ပေးပါ။ |
| ၁၄။ ရေစက်ချပေါက်များ အပေါ်ဘက်ရောက်နေသလား | မထောင်လျှင် ပြဿနာမရှိ | ရေပိုက်များလိမ်နေသလား၊ ရေထွက်ပေါက်များ အားလုံးအပေါ်ဘက် ရောက်နေရမည်။ |
| ၁၅။ ပိုက်လိုင်း ရေဖိအားကို စစ်ဆေးပါ။ | တင်း၊ မတင်းစမ်းပါ။ | |
| ၁၆။ ပိုက်လိုင်း ရေဖိအား များပြီး သီးနှံများ တသတ်မတ် တည်း ရေရရှိသလား။ | ရ/ မရ။ ရေလိုင်းများ စွာပွင့်နေသလား။ | ရေစက်ပေါက် ၄ – ၅ခု တွင် ရေခွက်များခံ၍ ရေခံပြီး စိုက်ခင်းတွင် စစ်ဆေးပါ။ |
| ၁၇။ သီးနှံအရွယ်အစား မတူညီ | ညီ၊ မညီ | မတူညီပါကသွင်းရေကြောင့်ဖြစ် သို့မဟုတ် အခြား အကြောင်းကြောင့်လား၊ ပျိုးပင်လား၊ သီးနှံအာဟာရလား။ |
| ၁၈။ လယ်သမားအမြင် | | လယ်သမားသည်ရေအစက်ချစနစ် စီမံရန်အဆင်ပြေ သလား။ သို့မဟုတ် အခက်အခဲ ရှိသလား။ နောက်ဘာသင်တန်းများလိုအပ်သလဲ။ |

## လေ့ကျင့်ခန်း (၄.၁၀) ရာသီကုန်ချိန်တွင် ရေစက်ချပိုက်ပျော့ကို သိမ်းဆည်းထားသိုရန်နည်းလမ်း။

၁။ ရာသီကုန်ဆုံးချိန်တွင် ရေစက်ချပိုက်ကို သိမ်းဆည်းပြီးသိုလှောင်ထားခြင်းဖြင့် ရေရှည်တစ်နှစ်ပြီးတစ်နှစ် မပျက်စီးဘဲ အသုံးပြုနိုင်မည်။ အောက်ပါညွှန်ကြားချက်များကို လိုက်နာပါ။

၂။ ရေစက်ချပိုက်အတွင်းအပြင်ရှိ ဖုံနှင့်မြေကြီးတို့ကိုဆေးကြောပါ။

၃။ ပိုက်ကိုရေဆေးပြီးအခြောက်ခံပါ။

၄။ မူလအလိပ်ဖြင့် ပြန်လိပ်ပါ (သို့မဟုတ်) ဝါးလုံးကြီးကြီးဖြင့် လိပ်ပါ။

၅။ ပိုက်များကို စတာပလာနှင့် သို့မဟုတ် တိတ်ဖြင့်ဆက်ပါ။ သို့မဟုတ် ရေစက်ချ ပိုက်ပိတ်သောတိတ်ဖြင့်ဆက်ပါ။

၆။ အရိပ်ထဲတွင်သိမ်းဆည်းပါ။ နေရောင်တွင်ထားလျှင် ပိုက်ခွေကို ပျက်စီးစေသည်။

၇။ မြေကြီးပေါ်တွင်မထားပါနှင့်။

၈။ ကြွက်နှင့်ခွေးများ မဖျက်ဆီးစေရန် ကာကွယ်ပါ။

၉။ ရေသွင်းပစ္စည်းများကို စာရင်းပြုစုထားခြင်းဖြင့် နောက်နှစ်တွင်စာရင်းကိုပြန်ကြည့်နိုင်သည်။

သင်ညွှန်ကြားချက်များကိုလိုက်နာလျှင် ရေပိုက်ကိုနှစ်ပေါင်းများစွာ အသုံးပြုနိုင်သည်။

### လုပ်ဆောင်ချက် (၇) စိုက်ပျိုးရေသွင်းအားစု အမှာပုံစံ။ (၁၀ မိနစ်)

### အားလုံးပါဝင်ရန်

၁။ သင်တန်းသားများကို "စိုက်ပျိုးရေအတွက် သွင်းအားစုများကိုမမှာခင် ဘယ်အရေးကြီးသောအရာများ ထည့်သွင်းစဉ်းစားရမလဲ" ဟူသောမေးခွန်းကိုသင်တန်းသားများနှင့် ဆွေးနွေးပေးပါ။ သူတို့၏အဖြေများကို Flip chart တွင်ရေးပါ။

၂။ လေ့ကျင့်ခန်း ၄.၈ တွင်ဖော်ပြထားသောစိုက်ပျိုးရေ အမှာစာပုံစံကိုကိုဖတ်ပါ။ ခေါင်းစဉ်များနှင့် ၎င်းကိုလာမည့် စိုက်ပျိုးရေသွင်းအားစု လိုအပ်ချက်များအတွက် အမှာစာပုံစံကိုမည် သို့ ကူးယူပြီးဖြည့်ရမည်ကို ပြန်လည်သုံးသပ်ပါ။

၃။ လေ့ကျင့်ခန်း ၄-၂ (ဆောက်လုပ်ရေး) ရှိဇယားများမှ ၎င်းတို့ကိုယ်ပိုင်ပုံစံကိုစာရွက်တစ်ရွက်ပေါ်ဆွဲ။ ဆောက်လုပ်ရေးနှင့်ပစ္စည်းသွင်းအားစု လိုအပ်ချက်များနှင့် ကုန်ကျစရိတ် များကိုကူးယူသင့်ကြောင်းပြောပါ။ ၄.၃ (ပန်များ)၊ ၄.၅ နှင့် ၄.၆ (ပစ္စည်းများနှင့်ပစ္စည်းကိရိယာများ) ပြီးနောက်ဤအမှာစာကိုဒေသခံ စိုက်ပျိုးရေ အရောင်းဆိုင် ကိုယ်စား လှယ်ထံတင်ပြပါ။

ကုန်သည်သည်သွင်းအားစုလိုအပ်ချက်များနှင့်ကုန်ကျစရိတ်များကိုအတည်ပြုနိုင်ပြီး၎င်းတို့အတွက်ပစ္စည်းများမှာယူနိုင်သည်။၎င်းတို့ကုန်သည်မှဖော်ပြသောကုန်ကျစရိတ်များသည်အခြားပေးသွင်းသူများနှင့်နှိုင်းယှဉ်လျှင်ကျိုးကြောင်းညီညွတ်မှုရှိစေရန်ဧတို့သည်ကုန်ပစ္စည်းပေးသွင်းသူတစ်ဦးဦးနှင့် ပိုမိုစစ်ဆေးသင့်သည်။ လာမည့်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးသွင်းအားစု ကုန်ပစ္စည်း ပေးသွင်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ပေးသွင်းသူတစ်ဦး ထက်ပိုသောသူများကိုဖိတ်ခေါ်ခြင်းဖြင့်ယင်းတို့ကိုလုပ်နိုင်သည်။

### လေ့ကျင့်ခန်း (၄.၁၁) စိုက်ပျိုးရေသွင်းအားစု အမှာပုံစံ

| ရေအရင်းအမြစ် | သွင်းအားစုအမည် | ယူနစ် | နှုန်း | ကုန်ကျငွေ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |

**လုပ်ဆောင်ချက် (၈) တစ်နေ့တာလုပ်ငန်းများကို နိဂုံးချုပ်ပါ။**

**လုပ်ဆောင်ချက် (၉) ပြန်လည်သုံးသပ်ခြင်း။ (၅ မိနစ်)**

(က) သင်တန်းသားများအားမိမိတို့ သင်တန်းတွင်ဘယ်အရာများကောင်းပြီး စိတ်ပါဝင်စားမှု ရှိသည်ကိုမေးပါ။

(ခ) သင်တန်းသားများအား မကောင်းသောအချက်ရှိသလား။

(ဂ) သင်တန်းကို ဘယ်လိုကောင်းအောင်ပြုပြင်သင့်သလဲမေးပါ။

(ဃ) မိမိတို့ထင်မြင်ချက်များကို မှတ်စုစာအုပ်တွင်ရေးမှတ်ထားပြီး နောက်သင်တန်း တွင်ဆောင်ရွက်ရန်ဖြစ်သည်။

**လုပ်ဆောင်ချက် (၁၀) နောက်သင်ခန်းစာခေါင်းစဉ်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူ။ (၅ မိနစ်)**

၁။ အစီအစဉ်ကိုသင်တန်းသားများနှင့် စစ်ဆေးပြီးခေါင်းစဉ်၊ ရက်၊ အချိန်နှင့်ဘယ်နေရာမှာ သင်တန်းပြုလုပ်မည်ကို ဆုံးဖြတ်ပါ။ သတိပြုရန်မှာ အမျိုးသမီးများအတွက် အသင့်တော်ဆုံး အချိန်နှင့်နေရာဖြစ်ရန်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သိပ်ပြောင်းလဲရန်မလွယ်ဘဲ၊ အိမ်လုပ်ငန်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများ ကြောင့်ဖြစ်သည်။

၂။ သင်တန်းသို့မည်သူများလာသင့်သနည်း။

မိမိတက်ရောက်စေလိုသောသူများသည် အလုပ်လုပ်သူများကို သင်တန်းလာစေချင်သောကြောင့် သတင်းကို ပထမဦးဆုံး ရရှိသူများဖြစ်ပြီး တစ်ဆင့်ပြောဆိုသူများထံမှ ရရှိသောသတင်းမှာ မှားယွင်းတတ်သည်။ သင်တန်း တက်ရောက်သူများကို ကျေးဇူးတင်ပြီး နောက်သင်တန်းအချိန်၊ နေရာကိုအတည်ပြုပြီးမိမိတို့ လေ့ကျင့်ခန်း စာအုပ်များ ယူလာရန် သတိပေးပါ။

**သင်ခန်းစာအခန်း (၅) သွင်းအားစုတွက်ချက်ခြင်းနှင့် ပျိုးမြေပြုလုပ်ခြင်း**

**အချိန်** ။ ။ **၃နာရီ (သင်တန်းခန်းမတွင်း၊ ကွင်းဆင်းရန်မလို)**

**ရည်မှန်းချက်များ** ။ ။ ပြီးခဲ့သောသင်ခန်းစာများအား အကျဉ်းချုံး ပြန်လည်ဆွေးနွေးရန်။

စိုက်ပျိုးရန်သင့်တော်သည့် မြေအနေအထား ရွေးချယ်တတ်စေရန်။

မျိုးစေ့အမျိုးအစားများအား သိစေရန်။

မျိုးစေ့ အရည်အသွေးများအား သိစေရန်။

တစ်ဦးချင်းသွင်းအားစု လိုအပ်ချက်များတွက်ချက်တတ်စေရန်။

သွင်းအားစုရနိုင်သောနေရာနှင့် အရည်အသွေးကောင်းသော သွင်းအားစုများရရှိစေရန်။

စိုက်ပျိုးရေးသွင်းအားစု ရောင်းသူများနှင့် တောင်သူများ အလုပ်ရှုံ အစည်းဝေးပွဲ ပြုလုပ်တတ်စေရန်။

ပျိုးပင်များအတွက် ပျိုးမြေပြုလုပ်တက်စေရန်။

လိုအပ်သောပစ္စည်းများ ။ ။ သင်ပုံး၊ မာကာပင်၊ တိပ်၊ကြိုတင်ပြင်ဆင်ထားသောစာရွက်ကြီး၊

**လုပ်ဆောင်ချက် (၁) သင်ခန်းစာ အခန်း ၄ နှင့်သင်ခန်းစာခေါင်းစဉ်ကိုသုံးသပ်ရန်။ (၁၀မိနစ်)**

**အားလုံးဆွေးနွေးရန်**

၁။ ယခင်သင်ခန်းစာမှသင်တန်းသားများ မည်သည့်အကြောင်းအရာများ လေ့လာခဲ့သည်ကိုမေးပါ။ မိမိတို့ သိရှိသည်များကို စာရွက်ကြီးပေါ်တွင်ရေးချခိုင်းပါ။ (၈မိနစ်)

**မြေနေရာရွေးချယ်ခြင်း**

- မြေဆီလွှာလက္ခဏာများနှင့်ထိန်းသိမ်းမည့်နည်းများ
- အလုပ်သမား ရရှိနိုင်မှု
- ရေလိုအပ်မှု
- အရှုံးအမြတ်တွက်ချက်ခြင်း
- စီးပွားဖြစ် ဟင်းသီးဟင်းရွက်။ကွင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပက်သက်၍ ကျား။မရေးရာ အကျိုးသက်ရောက်မှု
- စီးပွားဖြစ် ဟင်းသီးဟင်းရွက်။ကွင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပက်သက်၍ ပက်ဝန်းကျင်ပေါ် အကျိုးသက်ရောက်မှု

**စိုက်ပျိုးရေးနည်းပညာဗဟုသုတ**

- သွင်းအားစုရရှိနိုင်မှု
- တွေ့ကြုံခဲ့ရသည့်အခက်အခဲများ

သီးနှံရွေးချယ်ရေးဇယား

၂။ သင်တန်းသားတစ်ဦးချင်းကို မာတိကာခေါင်းစဉ်းများဖတ်ခိုင်းပါ။ ဤသင်ခန်းစာ ခေါင်းစဉ်ကို အခြားတစ်ဦး အား ဖတ်ခိုင်းပါ။ (၂မိနစ်)

## လုပ်ဆောင်ချက် (၂) မြေနေရာ အကွက်ချခြင်း။ (၁၅မိနစ်)

၁။ သင်တန်းသားများအား နောက်ဆုံး ရွေးချယ်ထားသော သီးနှံအမည်၊ စိုက်မည့်ဧရိယာကိုရေးချခိုင်းပါ။ ဟင်းသီးဟင်းရွက်အတွက် အနည်း ဆုံးသီးနှံ၄မျိုး၊ကွင်းသီးနှံအတွက် အနည်းဆုံး ၂ မျိုး အုပ်စုမတူသော သီးနှံတစ်မျိုးစီကို သီးလှည့် စိုက်ရန်၊ သီးနှံ ၆ မျိုးထက်မများစေရန်နှင့် များပါကစီမံရန်ခက်ခဲသည်။

၂။ သင်တန်းသားများအား မိမိတို့ သီးနှံစိုက်ပျိုးမည့် မြေနေရာပုံကိုဆွဲခိုင်းပါ။ မိမိတို့ရွေးချယ်ထားသော သီးနှံ၊ ဧရိယာနှင့် မည်သည့်နေရာတွင် မည်သည့်သီးနှံစိုက်မည်ကို လက်စွဲစာအုပ်ပါ လေ့ကျင့်ခန်း ၅.၁တွင် ရေးခိုင်းပါ။

## လေ့ကျင့်ခန်း (၅.၁) မြေနေရာ အကွက်ချခြင်း။

### လမ်းညွှန်းချက်များ

၁။ သီးနှံရာဇဝင်ကိုစဉ်းစားပါ။ တစ်ရာသီမှာ တစ်နေရာတွင်တူညီသောသီးနှံများကို မစိုက်သင့်ပါ။

၂။ အခြားသောရာသီ စိုက်သီးနှံများကိုလည်း အကွက်ငယ်များဖြင့် အလှည့်ကျစနစ်ဖြင့်ရွေးချယ်ပါ။

၃။ သီးနှံများကို ပြုစုဂရုစိုက်နိုင်ရန်အတွက် တစ်ကွက်နှင့်တစ်ကွက်ကြားတွင် ၀.၅မီတာ (တစ်တောင်ခန့်) ရှိသော လျှောက်လမ်းအလွတ်ထားပေးပါ။

၄။ စိုက်ခင်း၏ပတ်လည်တွင် ရေမြောင်းထားပါ။ပိုသော ရေများကိုထုတ်ခြင်း နှင့် နောက်ပိုင်းရေ အသုံးပြုရန်သိုလှောင်ထားရန်အတွက်ဖြစ်သည်။

| | |
|---|---|
| | |

ဥပမာ- မြေနေရာအကွက် ချခြင်း



သီးလှည့်ဥပမာ - တိုင်ထောင်ပဲ၊ငရုတ်၊ဂေါ်ဖီထုပ်၊သခွား



**လုပ်ဆောင်ချက် (၃) မျိုးစေ့အမျိုးအစား။ (၁၀ မိနစ်)**

**အားလုံးပါဝင်ဆောင်ရွက်ရန် (မျက်နှာစုံညီ)**

၁။ သင်တန်းသားများအား မျိုးစေ့အမျိုးအစား နှစ်မျိုး ရှိကြောင်း ၄င်းတို့မှာ - သဘာဝဝတ်မှုန်ကူးအစေ့ (ဒေသမျိုး) နှင့်စပ်မျိုး အစေ့။

၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အခြား ဖော်ပြပါများကို အားလုံးဖတ်ရန်ပြောပါ။

**လေ့ကျင့်ခန်း (၅.၂) မျိုးစေ့အမျိုးအစားများ**

**၁။ သဘာဝဝတ်မှုန်ကူးမျိုး (ဒေသမျိုး) အစေ့များ**

သဘာဝဝတ်မှုန်ကူး အစေ့များသည် ဒေသတွင်းရှိအပင်များ တွင်ရှိပြီးအချင်းချင်း မျိုးကူးခြင်း၊ လေဖြင့် သို့မဟုတ် အင်းဆက် များဖြင့် ဝတ်မှုန်ကူးသော အစေ့များဖြစ်သည်။

ဤကဲ့သို့ ထိန်းချုပ်ခြင်းမရှိသောပတ်ဝန်းကျင်ရှိအပင်သည် ကျပန်းဝတ်မှုန် ကူးပြီးရလ ာသော အပင်များသည်မိဘနှင့် မတူတတ်ပါ။ ထို့ကြောင့် အထွက်နှုန်းနှင့် ရောဂါခံနိုင်သော မိဘပင်၏ လက္ခဏာနှင့် မတူညီပါ။

**၂။ စပ်မျိုး အစေ့များ**



စပ်မျိုးအစေ့များသည် ဓါတ်ခွဲခန်း သို့မဟုတ် မျိုးစေ့ထုတ်လုပ်သောခြံများတွင် ထုတ်လုပ်ထားသော မျိုးဖြစ်သည်။ ထိုစပ်မျိုး အစေ့များသည် အထွက်နှန်းကောင်းမွန်ပြီး ရောဂါဒါဏ်ခံနိုင်သော လက္ခဏာများကို မိဘမျိုးများထံမှ ရသောမျိုးဖြစ်သည်။ စပ်မျိုးပင်မှရသော မျိုးစေ့များကို နောက်နှစ် ပြန်စိုက်၍မရပါ၊ ၄င်းတို့သည်အပင်ပေါက်နှုန်း မကောင်းခြင်း၊ အထွက်နှုန်းကျခြင်း သို့မဟုတ် ရောဂါဒါဏ်ခံနိုင်မှု မရှိနိုင်ခြင်း ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် အခြားခြံ သို့မဟုတ် မိမိခြံရှိမည့်သည့်အပင်ဖြင့် မျိုးအောင်သည်ကို မသိနိုင်သောကြောင့် ဖြစ်သည်။




F1 သို့မဟုတ် F2 သည် စပ်မျိုးအဆင့် ကိုပြသည်၊ F1 သည် ပထမမျိုး ဆက်ဖြစ်ပြီး F2 သည် ဒုတိယ မျိုးဆက်ဖြစ်သောကြောင့် F1လက္ခဏာများသည် မိဘလက္ခဏာ များနှင့် ပိုနီးစပ်သည်။

ဒေသမျိုးနှင့်စပ်မျိုးတို့ကွာခြားချက်များ

| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| ဒေသမျိုးများ | ၁။ ဒေသအတွင်းရှိရောဂါများခံနိုင်ရည်ရှိ သည်။<br>၂။ လယ်သမားကိုယ်တိုင်မျိုးစေ့ထုတ်နိုင် သည်။<br>၃။ ကုန်ကျစရိတ် နည်းသည်။<br>၄။ ဒေသဈေးကွက်သည်ဒေသမျိုးကို နှစ် သက်သည်။ | ၁။ ရောဂါအသစ်များကိုခံနိုင်ရည်မရှိပါ။<br>၂။ အထွက်နှုန်းနည်း၊ အရည်အသွေးညံ့သည်။<br>၃။ အပင်ပေါက်ညံ့သည်။ |
| စပ်မျိုးများ | ၁။ အထွက်နှုန်းကောင်းပြီး အရည်အသွေး ကောင်းသည်။<br>၂။ အပင်ပေါက်နှုန်းကောင်း၊ | ၁။ ဒေသမျိုးထက်ဈေးပိုပေးရသည်။<br>၂။ လယ်သမားကိုယ်တိုင်မျိုးစေ့ မထုတ်လုပ်နိုင်ပါ။<br>၃။ တစ်ခါတရံဒေသ ဈေးကွက်သည်စပ်မျိုးသစ်များကိုမနှစ်သက်ပါ။ |

လုပ်ဆောင်ချက် (၄) မျိုးစေ့အရည်အသွေး။ (၁၅မိနစ်)

အားလုံးပါဝင်ဆောင်ရွက်ရန်

၁။ သင်တန်းသားများဖြင့်ပြဿနာဖြေရှင်းရန် "သင်မျိုးစေ့အရည်အသွေးကို ခန့်မှန်းနိုင်သလား" ၄င်းတို့ ထင်မြင်မှု ကို စာရွက်ကြီး ပေါ်တွင်ရေးခိုင်းပါ။ အဖွဲ့လိုက်ဖတ်စေပါ။

## လေ့ကျင့်ခန်း (၅.၃) မျိုးစေ့အရည်အသွေး

အစေ့အရည်အသွေးကိုကြည့်ပါ။





၁။ အစေ့အမျိုးအစားကိုကြည့်ပါ။ ဥပမာ - ၁စပ်မျိုး သို့မဟုတ် ၂စပ်မျိုး သို့မဟုတ် ဒေသမျိုး။

၂။ မျိုးစေ့သန့်စင်မှုရာခိုင်နှုန်း။

၃။ မျိုးစေ့ထုပ်ပေါ်ရှိစမ်းသပ်ထားပြီးသောအပင်ပေါက်ရာခိုင်နှုန်း။

၄။ မျိုးစေ့သက်တမ်းကုန်ဆုံးသည့်ရက်။

၅။ မျိုးစေ့များဆေးစီရင်ထားမှု ရှိ၊မရှိမှတ်သားပါ။

၆။ မျိုးစေ့အရည်အသွေး(ပိုးနှင့် မျိုးစေ့ဆောင်ရောဂါ)ကိုမျက်စေ့ဖြင့်လည်းကောင်း မှန်ဘီလူးဖြင့် လည်းကောင်း စစ်ဆေးနိုင်သည်။

၇။ မျိုးစေ့ကိုအရောင်မတူသောစက္ကူပေါ်ဖြန့်ပါ၊ မျိုးစေ့တွင်မီးခိုးရောင်သို့မဟုတ် အဖြူရောင်ဖြစ်လျှင် မှိုရောဂါရှိသည်။

၈။ အစေ့များရှုံ့ခြင်း၊ သေးငယ်ခြင်း၊ ပုံစံမမှန်သောအရောင်နှင့် အရွယ်အစားပါသော မျိုးစေ့များသည် မျိုးထွန်းလာခြင်းဖြစ်နိုင်သည်။

၂။ မျိုးစေ့ကိုမည်သို့ကောင်းမွန်စွာသိုလှောင်ရမည့်အကြောင်းအရာများကို စာရွက်ကြီးပေါ်ရေးချပါ။

၃။ မျိုးစေ့သိုလှောင်ပုံများကိုလေ့လာပါ။

## လေ့ကျင့်ခန်း (၅.၄) GAP မျိုးစေ့သိုလှောင်နည်းများ၊

### မျိုးစေ့သိုလှောင်ခြင်း



၁။ လေလုံအောင် ထုပ်ပိုးထားသော မျိုးစေ့သည် အကောင်းဆုံး ဖြစ်သည်။ ၄င်းသည်အစိုဓါတ်၊ ရောဂါနှင့်ပိုးများအားကာကွယ်ပေးသည်။

၂။ မသိုလှောင်မီမျိုးစေ့များကို အခြောက်ခံပါ။ အကယ်၍ မျိုးစေ့တွင် အစိုဓါတ်ပါဝင်နေပါ ကပျက်စီးစေနိုင်သည်။

၃။ မျိုးစေ့ကိုအေးပြီးမှောင်၍ ခြောက်သွေ့သောနေရာ ဥပမာမြေအိုး သို့မဟုတ် အဖုံးပါသော တောင်းထဲ တွင် သိမ်းဆည်းပါ။

| | အမှောင် | အလင်း | စိုထိုင်းဆများ | အပူချိန်မြင့် |
|---|---|---|---|---|
| မထုပ်ပိုးထား သောမျိုးစေ့ | အပင်ပေါက် ကောင်း | အပင်ပေါက်နည်းသွား | အပင်ပေါက်ညံ့ | အပင်ပေါက်နည်း |
| ထုပ်ပိုးထား သော မျိုးစေ့ | အပင်ပေါက် အလွန်ကောင်း | အလင်းပေါက်နိုင်သော ပစ္စည်းများဖြင့် ထုပ်ပိုးထား ပါက အပင်ပေါက်နည်းသွား | အကျိုးသက်ရောက် မှု မရှိ | အပင်ပေါက်နည်း |






အထက်ပါဇယားအရမျိုးစေ့များအပင်ပေါက်နှုန်းကောင်းရန် လေလုံပြီးအလင်းရောင်မဝင်သောဘူးတွင် သိုလှောင်ခြင်းသည် လေမလုံသောအိတ်၊ ဘူးများတွင် သိုလှောင်ထားသည်ထက် ပိုကောင်းပါသည်။

**မျိုးစေ့အပင်ပေါက်နှုန်းစမ်းသပ်ခြင်း**

၄။ အဖြေရှာရန်မေးခွန်း။ "အပင်ပေါက်နှုန်းသိရန်ဘာကြောင့်အရေးကြီးသလဲ၊" နှင့်အပင်ပေါက်နှုန်း ဘယ်လို စမ်းသပ်မလဲ၊ အဖြေများကိုစာရွက်ကြီးပေါ်ရေးချပါ။

၅။ မပါဝင်သေးသော အကြံပြုချက်များကို ဇယားတွင် ဖြည့်စွက်ပါ။

**လေ့ကျင့်ခန်း (၅.၅) အပင်ပေါက်ခြင်း**

**မေးခွန်း။ အပင်ပေါက်နှုန်းသိရန်ဘာကြောင့်အရေးကြီးသလဲ။**

- မျိုးစေ့အရည်အသွေးသိရန်၊
- သင့်စိုက်ခင်းအတွက် မျိုးစေ့ဘယ်လောက်ဝယ်ရမည်ကို သိရန်၊ ဥပမာ အပင်ပေါက်နှုန်းသည် ၆၆% ရှိလျှင် အပင်၁၀၀% ပေါက်ရန်မျိုးစေ့ ၅၀% ပိုဝယ်ရမည်ကို တွက်ချက်တတ်စေရန်။

**မေးခွန်း။ အပင်ပေါက်နှုန်း သင်ဘယ်လို စမ်းသပ်မလဲ။**

ပိတ်စ သို့မဟုတ် တစ်သျှူးယူပြီးအကွက် လေးထောင့်ကွက် ၂၀ပါသော ဇယားပုံဆွဲပါ။

| | | | | |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

၁။ ပိတ်စ သို့မဟုတ်တစ်သျှူးကိုဗန်းပေါ်တင်ပြီးရေဆွတ်ပါ၊ရေသိပ်မများပါစေနှင့်၊

၂။ လေးထောင့်ကွက်ထဲတွင် အစေ့တစ်စေ့စီထည့်ပါ။

၃။ အခြားရေဆွတ်ထားသောပိတ်စ သို့မဟုတ် တစ်သျှူးဖြင့်ဖုံးပါ။

၄။ နွေးပြီးမှောင်သောနေရာတွင်ထားပါ။

၅။ နေ့စဉ်အစေ့များ၏အစိုဓါတ်ကိုစစ်ဆေးပါ။

၆။ သင့်လျော်သောအချိန်ရောက်လျှင်အပင်ပေါက်လာသောအစေ့များကိုရေတွက်ပါ။

၇။ အစေ့ ၂၀မှအပင်ပေါက်လာသည့်မျိုးစေ့အရေအတွက်ကို(၅)နှင့်မြှောက်ပါ။အပင်ပေါက်ရာခိုင်နှုန်းရရှိမည်။ဥပမာ - အစေ့(၁၀၀)မှာအစေ့(၈၀)ပေါက်လျှင်အပင်ပေါက်ရာခိုင်နှုန်း (၈၀) ဖြစ်သည်။

**အပင်ပေါက်ခြင်းအကျဉ်းချုပ်**

၁။ မျိုးစေ့မဝယ်ခင်အပင်ပေါက်နှုန်းစမ်းသပ်ပါ (သို့မဟုတ်) အထုပ်မှာဖတ်ပါ။

၂။ အပင်ပေါက်ရာခိုင်နှုန်း မကောင်းသောမျိုးစေ့အတွက်အစေ့ကိုလုံလောက်အောင်ပိုဝယ်ပါ။

၃။ မျိုးစေ့များကို နုးညံ့ပွရှပြီး အစိုဓါတ်ရှိသောပျိုးဘောင်တွင်စိုက်ပါ။

၄။ အစေ့ကိုအတိမ်အနက် မှန်ကန်စွာထားစိုက်ပါ။အစေ့အရွယ်ထက် နှစ်ဆထားစိုက်ပါ။

၅။ မျိုးစေ့တိမ်လွန်း၊ နက်လွန်းလျှင် အပင်မပေါက်ပါ။ မျိုးစေ့တိမ်လွန်း၊ နက်လွန်းမှုကြောင့် အပင်မပေါက်ခြင်းသည် စိုက်ပျိုးသူ၏ အားနည်းချက်ကြောင့်သာဖြစ်သည်။ မျိုးစေ့ကြောင့် မဟုတ်သောကြောင့် မျိုးစေ့ကိုအပြစ်မတင်ပါနှင့်။

၆။ မျိုးစေ့ရောင်းသူအား မျိုးစေ့အပင်ပေါက် မကောင်းလျှင် မကောင်းကြောင်း ပြန်ပြောပါ။ သို့မှသာ မျိုးစေ့ ကုမ္ပဏီကို အကြောင်းကြားနိုင်မည်။

**လုပ်ဆောင်ချက် (၅) လယ်သမားတစ်ဦးချင်းစီ အတွက်သွင်းအားစု တွက်ချက်ခြင်း။ (၁၅မိနစ်)**

၁။ လယ်သမားများအား CMT (သီးနှံစီမံခန့်ခွဲမှုလမ်းညွှန်) ဖြစ်နိုင်ခြေ ငွေစာရင်းကိုညွှန်းပြီး သီးနှံတစ်မျိုးစီ (သတ်မှတ်ထားသောဧက) အတွက်လိုအပ်မည့် သွင်းအားစုများကို ပြန်လည်သုံးသပ်ရန်ပြောပါ။ (၅မိနစ်)

၂။ အကယ်၍ လယ်သမားများသည် (သတ်မှတ်ထားသော ဧက) ထက်နည်းနည်း သို့မဟုတ် များများ စိုက်လျှင် သွင်းအားစုလိုအပ်မှုကို စိုက်မည့်ဧရိယာအလိုက် ပြောင်းရမည်ကိုပြောပါ။

၃။ လယ်သမားများအား သက်ဆိုင်ရာတာဝန်ခံမှ ကွန်ပျူတာဖြင့် လျှင်မြန်စွာ တွက်ချက်ဆောင်ရွက်ပေးနိုင်သည်ကို ပြောပါ။ သို့သော် နောက်နှစ်တွင် မိမိတို့ ကိုယ်တိုင် ဂဏန်းတွက်စက်ဖြင့် ပြုလုပ်ရမည်ဖြစ်ကြောင်းပြောပါ။ အကြောင်းမှာ စီမံကိန်းမှ နှစ်တိုင်းကူညီနိုင်မည်မဟုတ်ကြောင်း ပြောပါ။

၄။ သီးနှံအမျိုးအစားနှင့် ဧရိယာပါသော အကျဉ်းချုပ် စာရွက်အလွတ်ကို ပေးပါ။ သင်တန်းသားများမှ ရေးဖြည့်ပြီး ၎င်းစာရွက်ကို သက်ဆိုင်ရာ တာဝန်ခံထံပြန်ပေးပါ။ ကွင်းတာဝန်ခံမှ လိုအပ်သော သွင်းအားစု အမှန်ကို တွက်ပေးမည်ဟုပြောပါ။ နောက်သင်တန်းတွင် ကွင်းတာဝန်ခံမှ မှန်ကန်သော သွင်းအားစုလိုအပ်မှုကို စစ်ဆေးပြီး ပြန်လည်ပေးအပ်မည်။ (၁၀မိနစ်)

**လေ့ကျင့်ခန်း (၅.၆) တောင်သူဖြည့်ရမည့် GAP သွင်းအားစု ဝယ်ယူရန် ပုံစံ**

| ယူနစ် | ၁ | ၂ | ၃ | ၄ | စုစုပေါင်း ယူနစ် | ယူနစ် ဈေးနှုန်း | စုစု ပေါင်း ကုန် ကျငွေ | လက်ခံ ရရှိ သည့် နေ့ | ပေးဝေခြင်းနှင့် လက်ခံသည့် လက်မှတ်များ | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | တောင်သူ | ရောင်းသူ |
| အသုံးစရိတ်များ | | | | | | | | | | |
| သီးနှံမျိုး အမည် | | | | | | | | | | |
| ပဲတောင့်ရှည် မျိုးစေ့ | သံဗူး | | | | | | | | | |
| ရုံးပတီ မျိုးစေ့ (မြားနီ – ၀၁၄၊ အရောင်ရင့်) | ဗူး (၁၀၀ ဂရမ်) | | | | | | | | | |
| ကြက်သွန် မျိုးစေ့ (ဒေသမျိုး) | ဗူး (၁၀၀ ဂရမ်) | | | | | | | | | |
| မုန်လာဉနီ မျိုးစေ့ (မြားနီ – မျိုးစေ့) | ထုပ် (၂၅၀ ဂရမ်) | | | | | | | | | |
| ငရုပ် မျိုးစေ့ (မြားနီ – ဒီမွန်၊ တွန်ဂလာ) | ထုပ် (၁၀ ဂရမ်) | | | | | | | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ခရမ်းချဉ် မျိုးစေ့ (ရောတို့ – လိုရာ ၉၀၉) | ထုပ် (၁၀ ဂရမ်) | | | | | | | | | |
| ခရမ်း မျိုးစေ့ (မြားနီ – ရမ်နာကို) | ထုပ် (၅ ဂရမ်) | | | | | | | | | |
| ခရမ်းကြွက် မျိုးစေ့ (မြားနီ – မျိုးစေ့) | | | | | | | | | | |
| ဂေါ်ဖီထုပ် မျိုးစေ့ (ချာ့တိုင်း – ပါရိုဒ် ၀၀၄) | ထုပ် (၁၀ ဂရမ်) | | | | | | | | | |
| ပန်းဂေါ်ဖီမျိုးစေ့ (ဆေးလ်ဗား ကပ်) | ဗူး (၁၀ ဂရမ်) | | | | | | | | | |
| ဘရိုကိုလီ မျိုးစေ့ (တိုကီတာ) | ထုပ် (၅ ဂရမ်) | | | | | | | | | |
| မုန်လာဥဖြူ မျိုးစေ့ (မြားနီ – မျိုးစေ့) | ဗူး (၁၀၀ ဂရမ်) | | | | | | | | | |
| ကန်စွန်း မျိုးစေ့ (မြားနီ – မျိုးစေ့) | ထုပ် (၁ ကီလို ဂရမ်) | | | | | | | | | |
| ပြောင်း မျိုးစေ့ (ပံ – ကာလာ ဖိုက်) | ထုပ် (၅၀၀ ဂရမ်) | | | | | | | | | |
| ဘူး မျိုးစေ့ (မြားနီ – လီနာ ၂၇၃) | ထုပ် (၂၀ ဂရမ်) | | | | | | | | | |
| ပဲလင်းမြွေ မျိုးစေ့ (မြားနီ – ပိုလို အက်ဖ် ဝမ်း) | ထုပ် (၂၀ ဂရမ်) | | | | | | | | | |
| ခဝဲမျိုးစေ့ (မြားနီ – နာဂ အက်ဖ် ဝမ်း) | ထုပ် (၂၀ ဂရမ်) | | | | | | | | | |
| ကြက်ဟင်းခါး မျိုးစေ့ (မြားနီ – ပါလီ) | ထုပ် (၂၀ ဂရမ်) | | | | | | | | | |
| သခွား မျိုးစေ့ (မြားနီ – ရွှေရတီ) | ထုပ်(၁၀ ဂရမ်) | | | | | | | | | |
| ဖရဲ မျိုးစေ့ (နန်းယူဆိ – ၈၅၅) | ထုပ် (၄၀၀ စေ့) | | | | | | | | | |
| ဖရုံ မျိုးစေ့ (ဆိ အင်နာဂျီ မျိုးစေ့) | အထုပ်သေး | | | | | | | | | |
| ဖရဲသီး (ပတ္တမြား၊၈၅၅၊ဟီးရိုး) | ၂၀ ဂရမ် (၄၀၀စေ့) | | | | | | | | | |
| ကြက်သွန်နီ | သံဗူး | | | | | | | | | |
| တစ်ရာသီ အသုံးပြုရသောသွင်းအားစု | | | | | | | | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| အီးအမ် အပြင်း (ဘိုကာရှီ) | လီတာ | | | | | | | | | |
| တင်လဲရည် (ဘိုကာရှီ) | လီတာ | | | | | | | | | |
| ဖွဲန (ဘိုကာရှီ) | ပိဿာ | | | | | | | | | |
| ထရိုင်ကိုဒါးမား | ထုပ် | | | | | | | | | |
| ကွန်ပေါင်း ၁၅း၁၅း၁၅ (ပျိုးခင်း) | ပိဿာ | | | | | | | | | |
| ကွန်ပေါင်း ၁၅း၁၅း၁၅ (မြေခံ) | ပိဿာ | | | | | | | | | |
| ပုလဲ (မြေခံ) | ပိဿာ | | | | | | | | | |
| တီစူပါ (မြေခံ) | ပိဿာ | | | | | | | | | |
| ပိုတက်ရှ် (မြေခံ) | ပိဿာ | | | | | | | | | |
| ဂျစ်ပဆန် (မြေခံ) | ပိဿာ | | | | | | | | | |
| ရိုက်ဇိုဘီယမ် | ထုပ် | | | | | | | | | |
| ကွန်ပေါင်း ၁၅း၁၅း၁၅ (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ကွန်ပေါင်း ၉း၂၅း၂၅ (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ပုလဲ (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ပိုတက်ရှ် (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ဂျစ်ပဆန် (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| နိုက်ထရိုဂျင် – ၂၁၊ ဆာလ်ဖာ ၂၄ (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ပိုတက်ဆီယမ် နိုက်ထရိတ် (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ဆားခါး (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| ကယ်လ်ဆီယမ် နိုက်ထရိတ် (ထပ်ဆောင်း) | ပိဿာ | | | | | | | | | |
| အရက်ပြင်း (အီးအမ် ၅) | လီတာ | | | | | | | | | |
| ဗနီဂါ၊ အချဉ်ရည် (အီးအမ် ၅) | လီတာ | | | | | | | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| တမာ ပိုးသတ်ဆေး | လီတာ | | | | | | | | | |
| မှိုသတ်ဆေး (ယူနတီ) | ထုပ် (၁၀ မီလီ) | | | | | | | | | |
| ပိုးသတ်ဆေး (အီမီဒါကလိုပရစ် - ဒိုဇာ) | ထုပ် (၁၀ မီလီ) | | | | | | | | | |
| ရွက်ဖျန်းမြေဩဇာ (၁၁း၈း၆) | ၅၀ ဂရမ်ထုတ် | | | | | | | | | |
| အခြားသော ကောင်းမွန်သော စိုက်ပျိုးစနစ် သွင်းအားစုများ | | | | | | | | | | |
| တာပေါ်လင် အခင်းစ - 6' x 9'(1 Pcs ) | အစ | | | | | | | | | |
| ပျိုးဗန်း (၆၀ ပေါက်) | ဗန်း | | | | | | | | | |
| ပျိုးဗန်း (၁၀၅ ပေါက်) | ဗန်း | | | | | | | | | |
| ပျိုးအိတ် | ပေါင် | | | | | | | | | |
| စင်တင်ပိုက် | လိပ် | | | | | | | | | |
| စင်တင်ပိုက်ချည်ရန်ကြိုး | လိပ် | | | | | | | | | |
| ပိုးသတ်ဆေးဖျန်းပုံး (ဘက်ထရီ) | ပုံး | | | | | | | | | |
| ပိုးသတ်ဆေးဖျန်းပုံး (ရိုးရိုး) | ပုံး | | | | | | | | | |
| ဆေးဖျန်း ဝတ်စုံ | စုံ | | | | | | | | | |

**လုပ်ဆောင်ချက် (၆) သွင်းအားစု အရည်အသွေးနှင့် ရနိုင်သောနေရာ။ (၂၀မိနစ်)**

**အားလုံး ပါဝင်ဆောင်ရွက်ရန်**

၁။ ပေးထားသော သွင်းအားစုစာရင်းကို ဥပမာအဖြစ် အုပ်စုလိုက်ဖတ်ခိုင်းပါ။ (သို့မှသာ အားလုံးက အာရုံစိုက် လုပ်ဆောင်ကြမည်)

**နှစ်ယောက်တစ်တွဲစီ**

၂။ နှစ်ယောက်တစ်တွဲကို ၄င်းတို့သွင်းအားစုရနိုင်သော နေရာကိုဆွေးနွေးပြီး ရေးပါ။ မိမိတို့ ဒေသမှ (သို့မဟုတ်) အခြားမှရနိုင်သောနေရာ။ (၂၀မိနစ်)

၃။ အချုပ်အားဖြင့် ဒေသခံသွင်းအားစုရောင်းသူထံမှသွင်းအားစုများရယူခြင်းသည်အကောင်းဆုံးဖြစ်သည် အဘယ်ကြောင့်ဆိုသော အလွယ်တကူဝယ်နိုင်ခြင်း၊ အရည်သွေးကို မြင်နိုင်ခြင်းနှင့် ဈေးနှုန်းကိုလည်း ညှိနှိုင်းဆွေးနွေးနိုင်ပါသည်။ သို့သော်လည်း အခြားသော ဒေသခံသွင်းအားစုရောင်းသူများထံအကယ်၍ ဈေးနှုန်းနှင့် အရည်သွေး ပိုကောင်းခြင်းကို လေ့လာခြင်း အလေ့ထလည်း ကောင်းပါသည်။

### လေ့ကျင့်ခန်း (၅.၇) GAP အတွက် လိုအပ်သည့် သွင်းအားစုအမျိုးအစား။

| CMT ငွေစာရင်းမှ သွင်းအားစုအမည် | ရရှိနိုင်သည့်နေရာ | | |
|---|---|---|---|
| | မိမိလယ်မှ | ပြင်ပမှ (မည့်သည့်နေရာမှ) | အရည်အသွေး (ကောင်း၊သင့်၊ညံ့) ရေးပါ။ |
| အမျိုးအစားစာရင်း | | | |
| အီးအမ်း | | | |
| သကာရည် | | | |
| ဖွဲနု | | | |
| ထရိုင်ကိုဒါးမား | | | |
| ကွန်ပေါင်း မြေဩဇာ (၁၅း၁၅း၁၅) | | | |
| | | | |
| | | | |

### လုပ်ဆောင်ချက် (၇) သွင်းအားစုအရည်အသွေး။ (၁၀မိနစ်)

၁။ သင်တန်းသားများအား သွင်းအားစုသည် အရေးကြီးလျှင် ဘာကြောင့်အရေးကြီးလဲ။ အရေးမကြီးလျှင် ဘာကြောင့် မကြီးသလဲ ဆိုသည်ကိုမေးပြီး မိမိတို့ထင်မြင်ချက်များကို စာရွက်ကြီးပေါ်တွင်ချရေးပါ။

၂။ လယ်သမားများအား လယ်သမား စောလုထွေး ပုံပြင်ကိုဖတ်စေပြီး မေးခွန်းများကို စာရွက်ကြီးပေါ်တွင် ရေးချခိုင်းပါ။

၃။ အဖွဲ့လိုက်ရရှိသော အဖြေများကိုအခြားသင်တန်းသားများအားအချင်းချင်းမျှဝေခိုင်းပါ။

### လေ့ကျင့်ခန်း (၅.၈) အရည်အသွေးနှင့် ဈေးနှုန်းယှဉ်ရန်။

ပုံပြင်

လယ်သမား စောလုထွေးသည် အမြဲတမ်း ငွေစုချင်သည်။ သူဝယ်သုံးနေသော မျိုးစေ့သည် အထွက်နှုန်း မကောင်းပါ။ ရောဂါနှင့်ပိုးဒဏ်လည်း ခံနိုင်ရည်မရှိပါ။ ဒါကြောင့် အထွက်နှုန်းနှင့် အရည်အသွေး မကောင်းလျှင် အမြတ်မရပါ။ ထို့အပြင် ရောဂါနှင့်ပိုးနှိမ်နင်းရန် ငွေပိုကုန်သည်။ နောက်ထပ် သူတွေ့ကြုံရသည်မှာ ဈေးပေါသော ဓါတ်မြေဩဇာများကလည်း အလုပ်မဖြစ် ဈေးပေါသော စက်ကိရိယာများကလည်း ကြာကြာမခံ၊ မကြာခဏ လဲရသည်။

မေးခွန်း။ စောလုထွေးသည်သူ၏ သွင်းအားစု ဝယ်ယူရေး မဟာဗျူဟာ ကို ဘယ်လိုပြောင်းရမလဲ၊ အဖြေများကို အောက်မှာရေးချပါ။

..............................................................................................................................

..............................................................................................................................

..............................................................................................................................

**လုပ်ဆောင်ချက် (၈) စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များ ဦးစီးခေါင်းဆောင်သော အလုပ်ရုံ အစည်းအဝေးအတွက် ပြင်ဆင်ခြင်း။ (၄ မိနစ်)**

**အားလုံးပါဝင်ဆောင်ရွက်ရန်**

၁။ သင်တန်းသားများအား စီမံကိန်း၏ ကဏ္ဍကြီး (၄) သည် လယ်သမားနှင့် အခြားတန်ဘိုးမြင့် ကွင်းဆက်တွင် ပါဝင်သောသူများအတွက် နှစ်ဦးနှစ်ဘက် အကျိုးရှိမည့် အကြောင်း၊ နှစ်ဦးနှစ်ဘက်လုံး အောင်မြင်သည့် အခြေအနေသည် စီမံကိန်းပြီးဆုံးသည့် တိုင်အောင် ဆက်လက်တည်ရှိသွား နိုင်ကြောင်းပြောပြပါ။

၂။ သင်တန်းသားများအား နောက်သင်တန်း အချိန်ဖြစ်သော စိုက်ပျိုးရေးပစ္စည်းအရောင်းကိုယ်စားလှယ်များ ဦးဆောင်သည့် အလုပ်ရုံအစည်းအဝေးတွင်စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များကို စီမံကိန်းမှ ဖိတ်ခေါ်ပြီး ၄င်းတို့ထံတွင် မည်သည့်သွင်းအားစုများ ရောင်းရန်ရှိသလဲနှင့် အခြားဘယ်လိုမက်လုံးများ ပေးနိုင်မည်ကို ပြောခိုင်းမည်ဖြစ်ကြောင်းနှင့် ပြီးသောအခါ လယ်သမားများသည် မိမိတို့သွင်းအားစုများကို မည်သည့်အရောင်း ကိုယ်စားလှယ်ထံမှ ဝယ်ယူမည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်းကို ပြောပြထားပါ။ စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များထံ မိမိတို့လိုအပ်သော သွင်းအားစုစာရင်းအား ပေးအပ်ရန် ဖြစ်ကြောင်းကိုလည်း ပြောပြထားရမည်။ (၅မိနစ်)

**အားလုံးပါဝင်ဆောင်ရွက်ရန်**

၃။ သင်တန်းသားများအား နောက်အလုပ်အစည်းအဝေးတွင် ၄င်းတို့မှ စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စား လှယ်များအားမေးမည့် မေးခွန်းများကို စာရွက်ကြီးပေါ်တွင် ရေးချခိုင်းပါ။

၄။ စာရွက်ကြီး ပေါ်မပါသေးသော မေးခွန်းများရှိပါက ထပ်ဖြည့်ရန်ဖြစ်သည်။ (၅မိနစ်)

**နှစ်ယောက်တစ်တွဲ**

၅။ တစ်တွဲကိုမေးခွန်း၁ခုစီပေးပါ။ နောက်အစည်းအဝေးတွင် စိုက်ပျိုးရေးပစ္စည်းအရောင်း ကိုယ်စားလှယ်များအား မိမိတို့မေးရန်ဖြစ်သည့် မေးခွန်းများကို နှစ်ယောက်တွဲ ဆွေးနွေးထားရန်ပြောပါ။ (၅မိနစ်)

**အားလုံးပါဝင်ဆောင်ရွက်ရန်**

၆။ အတွဲလိုက် မိမိတို့မေးခွန်းတစ်ခုစီကို ဘယ်လိုနားလည်သည်ကို အားလုံးကိုရှင်းပြပါ။ အကူအညီလိုလျှင်ပေးပါ။ (၁၀မိနစ်)

**လေ့ကျင့်ခန်း (၅.၉) သွင်းအားစုဝယ်ယူရေး သဘောတူစာတွင် ကြိုတင်သိထားသင့်သည့်အချက်များ။**

၁။ ရောင်းချမည့်ပစ္စည်းအမည် သင်ဘာသွင်းအားစုများရောင်းသလဲ ဆိုသည်ကိုရှင်းပြခိုင်းပါ။

၂။ ရောင်းချမည့်ပမာဏ။

(၁) ရောင်းကုန်ကိုဆိုင်တွင် ဘယ်လောက်လှောင်ထားပြီး ပြင်ပမှ ဘယ်လောက်မှာယူသလဲ၊

(၂) ဝယ်သူလိုသလောက် အနဲငယ်ပဲ မှာလို့ရလား ဖွဲ့လိုက်များများမှာလျှင် ပေးနိုင်မည်လား၊

၃။ အချိန်ကိုက်ဆောင်ရွက်ခြင်း

(၁) ဝယ်သူလိုအပ်သောအချိန်တွင်သွင်းအားစု အချိန်မီပေးနိုင်မည်လား၊

(၂) အနည်းမှာသူများအတွက် အချိန်ဘယ်လောက်ကြာမည်လဲ။ အဖွဲ့လိုက်မှာသူများအတွက်အချိန်ဘယ်လောက် ကြာမည်လဲ၊

၄။ အရည်အသွေးစံနှုန်း

(၁) ထုတ်ကုန်ကို မည်သည့်အရည်အသွေးစံဖြင့်ရောင်းချသလဲ၊

(၂) အရည်အသွေး စမ်းသပ်ထားသည့်အဖြေရှိသလား၊

ဥပမာ – မျိုးစေ့ဆိုလျှင် အပင်ပေါက်နှုန်း၊ အရွယ်အစား၊ အရောင်၊ အစိုဓါတ်ပါဝင်မှုနှင့် အဆင့်ဖော်ပြ ထားချက်။

၅။ ထုတ်ကုန်ပို့ဆောင်ရေးအစီအစဉ်။ "ဘယ်နေရာ၊ဘယ်တော့၊ ဘယ်သူနှင့် ထုတ်ကုန်ကို ဘယ်လိုပို့မလဲ" ဥပမာ – တိကျသောနေရာ၊ အချိန်၊ ပို့ဆောင်နည်း၊ ထုပ်ပိုးခြင်း၊ သယ်ယူစရိတ်ကို မည်သူပေးမည်နည်း။ (ရိုင်ဇိုဘီယံကဲ့သို့ ပျက်စီးလွယ်သောသွင်းအားစုကို အထူးထုပ်ပိုးခြင်းနှင့် သယ်ယူပို့ဆောင်ရန်လိုအပ်သည်။)

၆။ ဈေးနှုန်းသတ်မှတ်ခြင်း အစီအစဉ် "သွင်းအားစုအမျိုးမျိုးကို ဘယ်အခြေအနေတွင် ဘယ်လောက်ဈေး ပေးရမလဲ" ဥပမာ – ပစ္စည်းဈေးနှုန်းကို အရည်အသွေးပေါ် အခြေခံလား၊ အများစု ဝယ်ယူလျှင် ဈေးလျှော့ပေး မလား၊

၇။ ငွေပေးချေလုပ်ငန်း။ စိုက်ပျိုးရေးပစ္စည်းအရောင်း ကိုယ်စားလှယ်များအား ဘယ်လိုနှင့် ဘယ်တော့ငွေပေးချေ ရမလဲ၊ ဥပမာပို့ချိန်တွင် ငွေချေခြင်း၊ ရက် (သို့မဟုတ်) လကြာမှပေးချေခြင်း၊ သီးနှံဆွတ်ခူးပြီးမ ပေးချေနိုင်မည်လား၊ (ကြိုတင်ငွေပေးစနစ်လား၊)

၈။ နည်းပညာပံ့ပိုးခြင်း။ စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များမှ နည်းပညာပံ့ပိုးပေးမလား၊ ဥပမာ အကြံပေးလုပ်ငန်းများဖြစ်သော လက်ကမ်းစာစောင်များပေးခြင်း (သို့မဟုတ်) ကိုယ်တိုင်သွား၍ မြေသြဇာနှင့် ပိုးသတ်ဆေးကို သုံးစွဲပြသခြင်း (သို့မဟုတ်) အခြားနည်းပညာပြဿနာများကို ဖြေရှင်းပေးခြင်း။

၉။ အခြားမက်လုံးများ။ စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များမှ အခြားမည်သည့်မက်လုံးများ ပေးနိုင်သလဲ၊ ၎င်းတို့မှာရောင်းသူမှ အပိုအခွင့်အရေး ပေးသောအရာ များဖြစ်သည်။ ဥပမာ – မြေသြဇာ တန် – ၁၀၀ ဝယ်လျှင် မော်တော်ဆိုင်ကယ်တစ်စီးပေးမလား၊ အထူးရောင်းအားမြှင့် အစီအစဉ်အနေဖြင့် ရောင်းမည့် ပစ္စည်းနမူနာများ အခမဲ့ပေးမလား၊

၁၀။ ထုတ်ကုန်ပြန်ပေးခြင်း။ လယ်သမားသည်ထုတ်ကုန်ကိုမနှစ်သက်လျှင်ပြန်သွင်းလို့ရမလား၊

၁၁။ အငြင်းပွားခြင်း။ စိုက်ပျိုးရေးပစ္စည်းအရောင်းကိုယ်စားလှယ်များနှင့် လယ်သမားအငြင်းပွားမှု ဖြစ်ပါက ဘယ်မှာဖြေရှင်းကြမလဲ၊

...................................................................................................................................................

...................................................................................................................................................

...................................................................................................................................................

...................................................................................................................................................

...................................................................................................................................................

## လုပ်ဆောင်ချက် (၉) ပျိုးမြေပြုလုပ်ခြင်း (၁၀မိနစ်)

၁။ သင်တန်းသားများအား မိမိတို့စိုက်မည့်အချိန်ကိုခန့်မှန်းခိုင်းပါ။ စာရွက်ကြီးပေါ်ချရေးပါ။

၂။ ပျိုးပင်ကြီးထွားရန် ၃ပတ် နောက်ဆုတ်ရန်နှင့် အုန်းဆံ မြေဆွေး လုပ်ဆောင်ချက် ၂ပတ်ပေးပါ။ သင်တန်းသားများအား မိမိတို့ အုန်းဆံမြေဆွေးကို ယခုမှစ၍ ပြုလုပ်ရမည် ဖြစ်ကြောင်း ပြောပါ။

၃။ ပျိုးမြေရောစပ်ရာတွင် မည်သည့်ပစ္စည်းများအသုံးပြုသည်ကိုသင်တန်းသားများအားမေးပါ။ ၎င်းတို့ပြောသော အကြံဉာဏ်များကို စာရွက်ကြီးပေါ်တွင်ရေးပါ။

၄။ စိုက်ပျိုးရေးပညာရှင်များမှ ထောက်ခံထားသော ရိုးရှင်းသော ပျိုးမြေပြုလုပ်နည်းကိုမိတ်ဆက်ပြောပေးပါ။ ဤနည်းကိုလည်း ပြုလုပ်စေပါ ၎င်းတို့နည်းအတိုင်းလည်း ပြုလုပ်စေပါပြီးရင်ဘယ်ဟာအကောင်းဆုံးလဲဆိုတာ ယှဉ်ခိုင်းပါ။ လေ့ကျင့်ခန်း ၅.၁၀ ကိုကိုးကားပါစေ။

## လေ့ကျင့်ခန်း (၅.၁၀) မျိုးမြေပြုလုပ်နည်း

### လိုအပ်သောပစ္စည်းများ

၁။ ကောင်းစွာဆွေးမြေ့သော နွားချေး ၁ အိတ်

၂။ စပါးခွံ ၁ အိတ်

၃။ အပေါ်ယံမြေသား ၁ အိတ်

### ပြုလုပ်ပုံ

၁။ အပေါ်ယံမြေသား၊ စပါးခွံ နှင့် ကောင်းစွာဆွေးမြေ့သော နွားချေး တို့ကို အချိုးညီရောစပ်ပါ။

၂။ စပ်မြေကို လေလုံသော အိပ်မဲထဲထည့်ပါ။ နေရောင်အောက် ၃-၄ နာရီအကြာတွင်အ ချဉ်ဖောက်ပြီးအပူ ထွက်လာမည်။ ၎င်းအပူသည် မြေအောင်းရောဂါများကို သေစေသည်။

၅။ စံပြကွက်များအတွက် မျိုးမြေများကို အုပ်စုဖွဲ့ပြုလုပ်စေရန် သင်တန်းသားများကိုပြောပါ။ ဤကဲ့သို့ပြုလုပ်စေခြင်းသည် သူတို့အိမ်ပြန်ပြီး သူတို့၏ စိုက်ခင်းအတွက်မျိုးမြေ မပြုလုပ်ခင် အတွေ့ကြုံရ ရှိစေပါသည်။

### လုပ်ဆောင်ချက် (၁၀) ကွင်းဆင်းခြင်းလုပ်ငန်း (၂၀ မိနစ်)

အုပ်စုလိုက်အဖွဲ့ငယ်များဖွဲ့ပါ။

လက်တွေ့ပြုလုပ်နည်း။

၁။ သင်တန်းသားများအား သုံးစု ခွဲပါ။ အုပ်စုတစ်ခုကို လယ်သမားကွင်း သင်တန်းကျောင်း (FFS) သရုပ်ပြလယ်သမားတစ်ဦးကဦးဆောင်ရန်။

၂။ ၎င်းတို့အုပ်စုအလိုက် မျိုးခွက်များကို ပြင်ဆင်ရန်၊ သတ်မှတ်ထားသော မျိုးမြေများကိုဖြည့်ရန်၊ လေ့ကျင့်ခန်း ၇.၈ အတိုင်း ပြုလုပ်ရန် ဖြစ်ပါသည်။ အချိန်ရပါက မြေပိုးသန့် ခြင်းကို လက်တွေ့ပြပါ။

၃။ စာသင်ခန်းမသို့ ပြန်ပြီး သင်ခန်းစာကို အဆုံးသပ် လိုက်ပါ။

### လုပ်ဆောင်ချက် (၁၁) သင်ခန်းစာကိုအကျဉ်းချုံးပြီး ဆွေးနွေးပေးပါ (၅မိနစ်)

သင်ခန်းစာ ကို တနေ့တာအတွက် ခြုံ ငုံသုံးသပ်ပါ။

### လုပ်ဆောင်ချက် (၁၂) သင်ခန်းစာကိုပြန်လည်သုံးသပ်ပါ (၅မိနစ်)

"ဤသင်ခန်းစာတွင် မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင် မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

တောင်သူတို့၏ သင်တန်းအတွက် ဆွေးနွေး အကြံပြု ချက်များကို မှတ်စု တွင် ရေးမှတ်ထားပါ။

**လုပ်ဆောင်ချက် (၁၃) နောက်သင်ခန်းချိန် အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့် အချိန်ကိုအသိပေးပါ။ (၅မိနစ်)**

ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းချိန်နှင့် အမှန်တကယ် ကိုက်ညီသူကိုသာ သင်တန်းလာတက်ရန်ပြောပါ။ သင်တန်းပို့ပိုးသူအနေဖြင့် အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသော သူများကိုသာ သင်တန်းသို့ လာစေချင်ကြောင်း သင်တန်းသားများအား ပြောပါ။ သို့မှသာ သင်တန်းမှ သင်လိုက်သော အချက်အလက်များကို တိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာ အသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက် သူကတစ်ဦး လက်တွေ့လုပ်မည့်သူက တစ်ဦးဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက်အမှားများရရှိခြင်း စသော အခက်အခဲများ ကြုံတွေ့နိုင်သည်။

**သင်ခန်းစာအခန်း (၆) စိုက်ပျိုးရေးပစ္စည်းအရောင်းကိုယ်စားလှယ်များ ဦးဆောင်သော အလုပ်ရုံအစည်းအဝေး။**

အချိန် ။ ။ ၃နာရီ

**လုပ်ဆောင်ချက် (၁) အလုပ်ရုံအစည်းအဝေးမစတင်မီ ကြိုတင်ပြင်ဆင်ရန်။**

၁။ ရခိုင်ဆောင်းသီးနှံစီမံကိန်း (RWCP)နှင့် လက်တွဲလုပ်ကိုင်မည့် စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များကို ကြိုတင်သတ်မှတ်ထားပါ။ အသင့်တော်ဆုံးမှာ မြို့နယ် တစ်ခုလျှင် အနည်းဆုံး ကိုယ်စားလှယ်နှစ်ဦးနှုန်း ထားရမည်။ ထိုကိုယ်စားလှယ်များသည် ရေသွင်းစိုက်ပျိုးကြသည့် Cluster တစ်ခုချင်းစီတွင် လက်ထောက် (ကိုယ်စား လှယ်) တစ်ဦးထားပေးနိုင်သူ (သို့) ကိုယ်စားလှယ်ရှိသူများ ဖြစ်ရမည်။ သို့မှသာ တောင်သူများသည် သွင်းအားစုအပါအဝင် အခြားဆက်စပ်လုပ်ငန်းများနှင့် နီးစပ်မှုရှိပြီး ၎င်းတို့အား GAP သွင်းအားစုများကို ပိုမို အသုံးပြုရန်အားပေးရာရောက်မည်ဖြစ်သည်။

၂။ စီမံကိန်းနှင့်လည်းကောင်း၊စီမံကိန်းလယ်သမားတို့နှင့်လည်းကောင်းချိတ်ဆက်လုပ်ကိုင်ပါကဖြစ်လာနိုင်သည့်ကောင်းကျိုးနှင့်ဆိုးကျိုးများကိုကိုယ်စားလှယ်များနှင့်ဆွေးနွေး ပါ။ တောင်သူရော ကိုယ်စားလှယ်ပါ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် နည်းလမ်းများကိုရှာဖွေပါ။

၃။ အရောင်းကိုယ်စားလှယ်များကိုမတူညီသောအချိန်များတွင်လာရောက်ရန်ဖိတ်ခေါ်ပါ။ဥပမာ – ကိုယ်စားလှယ်တစ်ဦးမှတစ်နာရီနာရီဝက်ခန့်ကြာဆွေးနွေးပြီး၎င်းကိုယ်စား လှယ်ကအစည်းအဝေးမှထွက်ခွာသွားပြီးနောက်နောက်တစ်ဦးမှနောက်ထပ်နာရီဝက်ခန့်ဆက်လက်ဆွေးနွေးစေပါ၊ဤနည်းအားဖြင့်ကုန်သည်များအားလုံးစကားပြောရန် တူညီသော အခွင့် အရေးရရှိပြီး အချင်းချင်းရှေ့တွင် ယှဉ်ပြိုင်ရန် မလိုပါ။

၄။ ရွေးချယ်ဖိတ်ကြားထားသော စိုက်ပျိုးရေးသွင်းအားစုနှင့် ရေသွယ်ယူရေးပစ္စည်း အရောင်းကိုယ်စားလှယ်ကို လေ့ကျင့်ခန်း ၅.၉ တွင် ဖော်ပြထားသော မေးခွန်းများ၏ အဖြေများကို စက္ကူချပ် (သို့) ဗီနိုင်းပေါ်တွင် ရေးချပြင်ဆင်ရန် ပြောပါ။

**လုပ်ဆောင်ချက် (၂) အလုပ်ရုံအစည်းအဝေးတွင် မေးရန်မေးခွန်းများ**

၁။ ရခိုင်ဆောင်းသီးနှံစီမံကိန်း (RWCP) လုပ်ဆောင်နေသည့် လုပ်ငန်းများထဲမှ အရေးကြီးသော လုပ်ငန်းတစ်ခုမှာ လယ်သမားနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ် ဖြန့်ချီရေး ကွင်းဆက်တွင် ပါဝင်သူများကို ချိတ်ဆက်ပေးခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်သည်ကို သင်တန်းသားများအား ပြောပြပါ။ ဤနည်းအားဖြင့် စီမံကိန်းပြီးသည့် နောက်ပိုင်းအထိ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

ဤအလုပ်ရုံ ဆွေးနွေးပွဲသည် တောင်သူများနှင့် စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များအား ချိတ်ဆက်ပေးရန်ဖြစ်သည်။

၂။ လေ့ကျင့်ခန်း ၅.၉ တွင်ရှိသော မေးခွန်းများအား စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များမှ ဖြေဆိုပေးရန်ပြောပါ။ ပြီးခဲ့သော သင်ခန်းစာမှ ပေးထားသော မေးခွန်း များကို လယ်သမားများမှ ၂ယောက်တစ်တွဲတွဲပြီး ဦးဆောင် ဆွေးနွေးခိုင်းပါ။

၃။ စိုက်ပျိုးရေးပစ္စည်းအရောင်း ကိုယ်စားလှယ်များအား ၎င်းတို့ တင်ပြချက်များ ရေးသားထားသော စာရွက်များကို လယ်သမားများထံပေးခဲ့ရန်ပြောပါ။ ဤနည်းအားဖြင့် လယ်သမားများသည် နောက်ပိုင်းတွင် ဆွေးနွေး ချက်များကို ပြန်လည်လေ့လာပြီး မည်သည့်ကိုယ်စားလှယ်ထံမှ သွင်းအားစု များ မှာယူမည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

**လုပ်ဆောင်ချက် (၃) အစည်းအဝေးကိုအကျဉ်းချုံးပါ။ (၅မိနစ်)**

အလုပ်ရုံအစည်းအဝေးကိုအောက်ပါအတိုင်းအကျဉ်းချုံးပါ။

(၁) စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များကို ဤကဲ့သို့လာရောက်ပြီး တင်ပြဖြေကြား ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။

(၂) လယ်သမားများကိုလည်း အစည်းအဝေးသို့ လာရောက်ပြီး မည်သည့်စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်နှင့် လုပ်ငန်းလုပ်မည်ကိုရွေးချယ်နိုင်၍ ကျေးဇူးတင်ကြောင်းပြောပါ။

(၃) လယ်သမားများအား သွင်းအားစုဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်ကို စိုက်ပျိုးရေးပစ္စည်း အရောင်းကိုယ်စားလှယ်များ အစည်းအဝေးတွင်ရှိနေစဉ်တွင် အလွတ်သဘောဆွေးနွေးရန် ဖိတ်ခေါ်ပါ။

## လုပ်ဆောင်ချက် (၄) အစည်းအဝေးကိုသုံးသပ်ရန်။ (၅မိနစ်)

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

## လုပ်ဆောင်ချက် (၅) နောက်သင်ခန်းစာခေါင်းစဉ်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူ။ (၅ မိနစ်)

နောက်သင်ခန်းချိန် အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့် အချိန်ကိုအသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းချိန်နှင့် အမှန်တကယ် ကိုက်ညီသူကိုသာ သင်တန်းလာတက်ရန်ပြောပါ။ သင်တန်းပံ့ပိုးသူအနေဖြင့် အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသော သူများကိုသာ သင်တန်းသို့လာစေချင်ကြောင်း သင်တန်းသားများအားပြောပါ။ သို့မှသာ သင်တန်းမှ သင်လိုက်သော အချက်အလက်များကို တိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာ အသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက်သူက တစ်ဦး လက်တွေ့လုပ်မည့်သူက တစ်ဦး ဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက်အမှားများရရှိခြင်း စသော အခက်အခဲများ ကြုံတွေ့နိုင်သည်။

## သင်ခန်းစာအခန်း (၇) ကြွက်ဖျက်ဆီးမှု ကာကွယ်နှိမ်နင်းခြင်း

အချိန်                    ။ ။ ၃နာရီ

### ပံ့ပိုးသူအားအကြံပေးခြင်း

၁။ ကြွက်ပြဿနာရှိသော နေရာများအတွက် ဤသင်ခန်းစာသည် အရေးကြီးသည်။ ကြွက်ပြဿနာများ မရှိပါက ဤသင်ခန်းစာကို သင် လုပ်ရန် မလိုပါ။

၂။ ဤသင်ခန်းစာကိုစပါးရိတ်ချိန်နှင့်အချိန်ကိုက်ပြုလုပ်သင့်သည်။အကြောင်းမှာစပါးရိတ်ချိန်၊ကြွက်ပေါက်ချိန်တွင်အသိုက်များကိုလူအများစုပေါင်းနှိမ်နင်းခြင်းကထိရောက်မှုရှိသောကြောင့် ဖြစ်သည်။

### ရည်ရွယ်ချက်များ

၁။ ကြွက်ဖျက်ဆီးမှု နှင့် ကြွက်များအကြောင်း ပိုမိုသိရှိလာစေရန်။

၂။ လက်ရှိကြွက်ကာကွယ်နှိမ်နင်းရေး နှင့် ကာကွယ်ရေးနည်းလမ်းသစ်များကို လေ့လာမိစေရန်။

၃။ စိုက်ခင်းများတွင် ကြွက်ကာကွယ်နှိမ်နင်းရေး ဆွေးနွေးပွဲများ (သို့) ဆောင်ရွက်မှုများပြုလုပ်စေရန်။

ပစ္စည်းများ ။ ။ မာကာပင်၊ စာရွက်ကြီးများ၊ စက္ကူတိပ်

### အဖွဲ့လိုက်ဆွေးနွေးရန်

### လုပ်ဆောင်ချက် (၁) ပြီးခဲ့သည့်သင်ခန်းစာခေါင်းစဉ်ကို ပြန်လည်သုံးသပ်ခြင်း။ (၅ မိနစ်)

၁။ သင်တန်းသားများပြီးခဲ့သော သင်ခန်းစာမှ မည်သည်များ လေ့လာခဲ့သလဲ၊ မိမိတို့စိတ်ကူးများကို စာရွက်ကြီး ပေါ်သို့ ချရေးပါ။

၂။ သင်တန်းသားများအားတောင်သူလက်စွဲစာအုပ်မှ မာတိကာကိုကြည့်ပြီး သင်တန်းသားတစ်ဦးချင်းစီကို လက်ရှိ သင်တန်းခေါင်းစဉ်အား ဖတ်ခိုင်းပါ။ (၂မိနစ်)

### လုပ်ဆောင်ချက် (၂) ကြွက်များကို အမျိုးအစား ခွဲခြားခြင်း။ (၄၅ မိနစ်)

### အားလုံးပါဝင်ရန်

၁။ မေးခွန်းမေး ဆွေးနွေးခြင်းကို စာရွက်ကြီးပေါ်ချရေးပါ။ "ကြွက်ဆိုသည်မှာအဘယ်နည်း၊ ဘယ်လိုကြွက်အမျိုးစားမျိုး သင်သိပါသလဲ" ဆိုသည်ကို တောင်သူတို့၏ထင်မြင်ချက်များကို စာရွက်ကြီးပေါ်ချရေးပါ။

၂။ ထို့နောက် သင်တန်းသားများကို လေ့ကျင့်ခန်း ၇.၁ ရှိ အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ဖတ်စေပါ။

### လေ့ကျင့်ခန်း (၇.၁) ကြွက်အကြောင်း



မြန်မာနိုင်ငံတွင်ရှိသော ကြွက်မျိုးရင်းဝင်များ

ကြွက်မျိုးရင်းဝင်များတွင် အပေါ်အောက် ရှေ့သွားတစ်စုံစီရှိကြသည်။ ၎င်းရှေ့သွားနှစ်စုံသည် ၎င်းတို့၏ ဘဝတစ်လျှောက် စဉ်ဆက်မပြတ် ရှည်ထွက်နေသည်။ ရှေ့သွားများ တိုနေစေရန်အတွက် မာကြောသော အရာများကို အချိန်များစွာတဖြည်းဖြည်း တစေ့စီကိုက်နေကြရသည်။ ထိုအထဲတွင် စပါးပင်များကိုက်ဖြတ်ခြင်းနှင့် အခြားမာကြောသော အရာများလည်း ပါဝင်ပါသည်။

ကမ္ဘာပေါ်ရှိ နို့တိုက်သတ္တဝါများ၏ ၄၂% ကျော်သည် ကြွက်မျိုးရင်း ဝင်များဖြစ်ကြပါသည်။ ကမ္ဘာပေါ်တွင် ကြွက်မျိုးစိတ်ပေါင်း ၂၂၇၇ ကျော် ရှိသည်။ မြန်မာနိုင်ငံတွင် ကြွက်မျိုးရင်းဝင် ၁၇ မျိုးပြီး အောက်ဖော်ပြပါ တို့သည် ကြွက်မျိုးရင်းဝင်များဖြစ်ကြသည်။

၁။ ကြွက်များ( မြေကြွက်၊ကြွက်ဝမ်းဖြူ၊ကြွက်ဖလောင်း)

၂။ ပွေးများ (ပွေးကြီး၊ပွေးငယ်)

၃။ ရှဉ့်များ နှင့်

၄။ ဖြူ တို့ဖြစ်ကြပါသည်။

**အဖွဲ့ငယ် ဆွေးနွေးရန်**

၁။ ကျေးရွာတူ အဖွဲ့ဝင်များကို အုပ်စုခွဲပါ။

၂။ မတူညီသော ကြွက်မျိုးရင်းဝင်များ၏ပုံကို ကိုးကား၍ မတူသော ကြွက်မျိုးစိတ်တစ်မျိုးကို အဖွဲ့တစ်ဖွဲ့စီပေးပြီး ဆွေးနွေးစေပါ။

## လေ့ကျင့်ခန်း (၇.၂) စိုက်ကွင်း များ နှင့်ကျေးရွာများတွင်တွေ့ရသောကြွက်မျိုးစိတ်ဝင်များ

### ကြွက်ဖလောင်း (Mus cervicolor)




| | |
|---|---|
| သားပေါက်နှုန်း | အတိအကျမသိသေးပါ |
| သားပေါက်ချိန် | အတိအကျမသိသေးပါ |
| နေထိုင်ကျက်စားရာ နှင့်သားပေါက်ရာနေရာ | လယ်ကန်သင်းများတွင်ကျင်းများတူးနေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | အုပ်စုလိုက်နေကျင့်ရှိ |
| ဖျက်ဆီးမှု | သီးနှံစုံ၊ သိုလှောင်သီးနှံ၊လူအသုံးအဆောင်များ |
| ကာကွယ်နည်း | က။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊စိုက်ကွင်း အတွင်း အပြင်သန့်ရှင်းရေး ဆောင်ရွက်ပါ။<br>ဂ။ကန်သင်းအရွယ်အစားလျော့ပါ။ (ကန်သင်းဘောင် ၁ပေထက် ငယ်သင့်) |

မြေကြွက်ငယ် (Bandicota bengalensis)




| | |
|---|---|
| သားပေါက်နှုန်း | တစ်ကြိမ်လျှင် (၈-၉)ကောင် |
| သားပေါက်ချိန် | စပါးဖုံး ချိန်မှစ၍ သီးနှံရင့်မှည့်ချိန်တွင်သားပေါက်မှုအမြင့်ဆုံး |
| နေထိုင်ကျက်စားရာ နှင့်သားပေါက်ရာနေရာ | ဥယျာဉ်၊သစ်သီးခြံ၊လယ်ကန်သင်း၊အဆောက်အဦးများ၏ နံရံနှင့် ကြမ်းပြင်များတွင်ကျင်းများတူး၍ နေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | တစ်ကောင်တည်းနေကျင့်ရှိ |
| ဖျက်ဆီးမှု | လယ်ယာ နှင့် နှစ်ရှည်သီးနှံစုံ၊ သိုလှောင်သီးနှံ၊သိုလှောင်ရုံ နှင့်လူနေအဆောက်အဦးများ |
| ကာကွယ်နည်း | က။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊စိုက်ကွင်း အတွင်းအပြင်သန့်ရှင်းရေး ဆောင်ရွက်ပါ။<br>ဂ။ ကန်သင်းအရွယ်အစားလျော့ပါ။ (ကန်သင်းဘောင် ၁ပေထက် ငယ်သင့်) |

မြေကြွက်ကြီး ( Bandicota indica)



| | |
|---|---|
| သားပေါက်နှုန်း | တစ်ကြိမ်လျှင် (၉-၁၀)ကောင် |
| သားပေါက်ချိန် | အတိအကျမသိသေးပါ |
| နေထိုင်ကျက်စားရာ နှင့် သားပေါက်ရာနေရာ | လူနေအိမ်ဝန်းကျင်၊ မြေလွတ်မြေရိုင်းများ၊ ဥယျာဉ်၊ သစ်သီးခြံ၊ လယ်ကန်သင်း များတွင် ကျင်းများတူး နေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | တစ်ကောင်တည်းနေကျင့်ရှိ |

| | |
|---|---|
| ဖျက်ဆီးမှု | လယ်ယာ နှင့် နှစ်ရှည်သီးနှံစုံ၊ သိုလှောင်သီးနှံ၊ သိုလှောင်ရုံ နှင့် လူနေအဆောက် အဦးများ |
| ကာကွယ်နည်း | က။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊ စိုက်ကွင်း အတွင်း အပြင် သန့်ရှင်းရေး ဆောင်ရွက်ပါ။<br>ဂ။ ကန်သင်းအရွယ်အစားလျှော့ပါ။ (ကန်သင်းဘောင် ၁ပေထက် ငယ်သင့်) |

## လယ်ကြွက်ငယ် ( Bandicota savilei)



| | |
|---|---|
| သားပေါက်နှုန်း | တစ်ကြိမ်လျှင် (၅-၆)ကောင် |
| သားပေါက်ချိန် | အတိအကျမသိသေးပါ |
| နေထိုင်ကျက်စားရာ နှင့်သားပေါက်ရာနေရာ | စပါးခင်း၊မြေပဲခင်း၊ ယာစပါးခင်းကန်သင်းများတွင် ကျင်းများတူးနေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | အတိအကျမသိသေးပါ |
| ဖျက်ဆီးမှု | စပါး၊မြေပဲနှင့် ယာစပါးခင်း |
| ကာကွယ်နည်း | က။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊ စိုက်ကွင်း အတွင်း အပြင် သန့်ရှင်းရေး ဆောင်ရွက်ပါ။<br>ဂ။ကန်သင်းအရွယ်အစားလျှော့ပါ။( ကန်သင်းဘောင် ၁ပေထက်ငယ်သင့်) |

## ကြွက်ဝမ်းဖြူ (Rattus rattus complex)



| | |
|---|---|
| သားပေါက်နှုန်း | တစ်ကြိမ်လျှင် (၄-၅)ကောင် |
| သားပေါက်ချိန် | အတိအကျမသိသေးပါ |
| **နေထိုင်ကျက်စားရာ နှင့်သားပေါက်ရာနေရာ** | ကျင်းပေါက်များ၊ကျောက်တုံးများကြား၊ သစ်ခေါင်းပေါက်၊ သစ်လုံး ကြား၊ သစ်ကိုင်းခွကြား၊ ခြုံပုတ်ကြား၊ အိမ်ခေါင်မိုးကြား၊သီးနှံ (သို့) သစ်သီးဝလံသိုလှောင်ရုံကြားတွင် အသိုက် ဆောက်လုပ်နေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | အုပ်စုလိုက်နေကျင့်ရှိ |
| ဖျက်ဆီးမှု | လယ်ယာနှင့် နှစ်ရှည်သီးနှံစုံ၊ သိုလှောင်သီးနှံ၊ သိုလှောင်ရုံ နှင့်လူနေ အဆောက်အဦးများ |
| ကာကွယ်နည်း | က။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊ စိုက်ကွင်း အတွင်း အပြင် သန့်ရှင်းရေး ဆောင်ရွက်ပါ။<br>ဂ။ ကြွက်သိုက်များဖယ်ရှားပါ။ |

## အိမ်ကြွက် **(Rattus exulans)**




| | |
|---|---|
| သားပေါက်နှုန်း | တစ်ကြိမ်လျှင် (၁-၁၀)ကောင် |
| သားပေါက်ချိန် | အစာရေစာပေါ်မူတည်၍ တစ်နှစ်ပတ်လုံး သားပေါက်နိုင်သည်။ |
| နေထိုင်ကျက်စားရာ နှင့်သားပေါက်ရာနေရာ | မြက်ပင်ရှည်များ၊ အပင်ပုများ၊ အိမ်ခေါင်မိုးကြားတွင်အသိုက် ဆောက်လုပ်နေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | အုပ်စုလိုက်နေကျင့်ရှိ |
| ဖျက်ဆီးမှု | လူနေအိမ်နှင့် နီးသောသီးနှံခင်းများ၊ သိုလှောင်သီးနှံ၊ သိုလှောင်ရုံ နှင့် လူနေအဆောက်အဦးများ |
| ကာကွယ်နည်း | က။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊ စိုက်ကွင်း အတွင်း အပြင် သန့်ရှင်းရေး ဆောင်ရွက်ပါ။<br>ဂ။ ကြွက်သိုက်များဖယ်ရှားပါ။ |

## ကြွက်ဖလောင်း **(Mus musculus)**



| | |
|---|---|
| သားပေါက်နှုန်း | တစ်ကြိမ်လျှင် (၅-၆)ကောင် |
| သားပေါက်ချိန် | သီးနှံစိုက်ခင်းတွင်သီးနှံပေါ်ချိန်တွင်သား ပေါက်တတ်ကြသည်။<br>လူနေအိမ်များတွင် အစာရေစာပေါ်မူတည်၍ တစ်နှစ်ပတ်လုံး သားပေါက်နိုင်သည်။ |
| နေထိုင်ကျက်စားရာ နှင့်သားပေါက်ရာနေရာ | ဥယျာဉ်၊သစ်သီးခြံ၊လယ်ကန်သင်း၊အဆောက်အဦးများ၏နံရံ နှင့် ကြမ်းပြင်များတွင်ကျင်းများတူး ၍နေထိုင်ကြသည်။ |
| နေထိုင်သည့်အလေ့အထ | အုပ်စုလိုက်နေကျင့်ရှိ |
| ဖျက်ဆီးမှု | သီးနှံစုံ၊ သိုလှောင်သီးနှံ၊လူအသုံးအဆောင်များ |
| ကာကွယ်နည်း | က။သီးနှံများကိုတပြိုင်နက်စိုက်ပါ။<br>ခ။ စိုက်ခင်း၊စိုက်ကွင်း အတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်ပါ။<br>ဂ။ ကြွက်သိုက်များဖယ်ရှားပါ။ |

၃။ အောက်ပါ မေးခွန်းများကို စာရွက်ကြီးပေါ်တွင်ချရေးပါ။ အဖွဲ့ဝင်များကိုမေး၍ ၄င်းတို့၏ အဖြေများအား ၄င်းတို့အဖွဲ့၏ စာရွက်ကြီးပေါ်တွင်ချရေးပါ။ "မည်သို့သောကြွက်အမျိုးစားက မည်သည့်ပြဿနာဖြစ်စေသနည်း"။ "မည်သည့်သီးနှံများ ဖျက်ဆီးသနည်း"။ "မည်မျှပျက်စီးစေသနည်း"။ "မည်သည့်အချိန်ရာသီတွင် ဖျက်ဆီးသနည်း။"

၄။ အဖွဲ့ခေါင်းဆောင်အားဖိတ်ခေါ်ပြီး ၄င်းတို့၏ အကြံညဏ်များကို အဖွဲ့သို့ရှင်းပြပါ။

၅။ ကြွက်ဖျက်ဆီးမှု ပြဿနာများ နှင့် ကျရောက်ချိန်တို့ကို လေ့လာပါ။

### လေ့ကျင့်ခန်း (၇.၃) ကြွက်ကြောင့်ဖြစ်သော ပြဿနာများ နှင့် ဖျက်ဆီးသောအချိန်ကာလ

| သီးနှံ | ကြွက်ကြောင့်ဖြစ် သော ပြဿနာများ | မည်မျှပျက်စီး စေသနည်း။(%) | မည်သည့်အချိန်ရာသီတွင်ဖျက်ဆီးသနည်း။ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

### လုပ်ဆောင်ချက် ၃။ ကြွက်ဖျက်ဆီးပုံ မည်သို့ ကာကွယ်နှိမ်နင်းမည်နည်း။ (၅၅ မိနစ်)

**အဖွဲ့လိုက်ဆွေးနွေးရန်**

၁။ သင်တို့ရွာတွင် ကြွက်ကို မည်သို့ကာကွယ်နှိမ်နင်းသလဲ စသည့် မေးခွန်းများမေး၍ စတင်ပါ။ ၄င်းတို့၏ အကြံဉာဏ်များကို စာရွက်ကြီးပေါ် ချရေးပြီး ဆွေးနွေးပါ။

၂။ အောက်ဖော်ပြပါ ကာကွယ်နှိမ်နင်းနည်းများကို စာရွက်ပေါ်ချရေးပြီး အဖွဲ့သို့ချပြပါ။

(က) သီးနှံများကိုတပြိုင်နက်စိုက်ပါ။

(ခ) စိုက်ခင်း၊စိုက်ကွင်း အတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်ပါ။

(ဂ) ကန်သင်းအရွယ်အစားလျှော့ပါ။ (ကန်သင်းဘောင် ၁ပေထက်ငယ်သင့်)

၃။ သင်တန်းသားများကိုဖိတ်ခေါ်ပြီးအဖွဲ့ခြောက်ဖွဲ့ခွဲပါ။ နှစ်ဖွဲ့စီကို ကာကွယ်နှိမ်နင်းနည်း တစ်မျိုးစီပေးပါ။ နည်းလမ်း တစ်မျိုးစီ၏ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သင်တန်းသားများ၏ စိတ်ကူးများကိုစာရွက်ကြီး ပေါ်ချရေးပါ။ အဖွဲ့ခေါင်းဆောင်တစ်ဦးမှ နည်းလမ်းတစ်မျိုးစီ၏ ကာကွယ်နှိမ်နင်းနည်းများ အကြံဉာဏ်များကို အဖွဲ့သို့တင်ပြပါစေ။

၄။ ကြွက်ကာကွယ်နှိမ်နင်းနည်းလမ်းတစ်မျိုးစီကိုရှင်းပြပါ။

## လေ့ကျင့်ခန်း (၇.၄) ကာကွယ်နှိမ်နင်းနည်း တစ်မျိုးချင်းစီ၏အကောင်ထည်ဖော်ဆောင်ရွက်ရမည့်အဆင့်များ။

၁။ သီးနှံများကိုတပြိုင်နက်စိုက်ပါ။

သီးနှံပင်များကို စိုက်ချိန်တစ်ညီတည်းစိုက်ပျိုးပါ (သို့မဟုတ် နှစ်ပတ်အတွင်းတွင် တစ်ကွင်းလုံး စိုက်ပျိုး ပြီး အောင် ဆောင်ရွက်ပါ)။

ကြွက်များ၏ သားပေါက်နိုင်မှု စွမ်းအားသည် အစာရေစာရရှိမှုအပေါ်တွင် မူတည်ပါသည်။ သီးနှံများကို တစ်ကွင်းတစ်စပ်တည်း စိုက်ချိန်ညီအောင်စိုက်ပျိုးနိုင်ခြင်းမရှိပါက ကြွက်များကို အစာရေစာပံ့ပိုးပေးနိုင်မှု ကာလပိုမိုကြာရှည်သွားနိုင်ပြီး မိမိတို့၏ စိုက်ခင်းများတွင် ကြွက်ကောင်ရေပိုမိုများပြားလာနိုင်ပါသည်။

၂။ စိုက်ခင်း၊စိုက်ကွင်း အတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်ပါ။

ပေါင်းပင်များသည် ကြွက်များ အသိုက်ဆောက်လုပ်နေထိုင်နိုင်ရန်အတွက် နေရာပံ့ပိုးပေးသည့်အပြင် စိုက်ခင်းတွင်း သီးနှံများမပေါ်မီအချိန်တွင်လည်း ကြွက်များ၏ အစာအာဟာရအဖြစ် ပံ့ပိုးပေးနိုင်ပါသည်။

ထို့ကြောင့် စိုက်ခင်းအတွင်းနှင့် ဘေးပတ်လည်ရှိ ပေါင်းမြက်များကို သီးနှံမျိုးပိုင်းကြီးထွားမှု မစတင်မီအချိန်ထိ မဖြစ်မနေ ရှင်းလင်းပေးရန်လိုအပ်ပါသည်။

၃။ ကန်သင်းအရွယ်အစားလျှော့ပါ။ (၁ပေထက်ငယ်သင့်)

မြေကြွက်ကဲ့သို့ ကျင်းတူးနေထိုင်လေ့ရှိသည့် ကြွက်အမျိုးအစားများသည် စိုက်ကွင်းတွင်းရှိ ကန်သင်းကြီး (ထူ) သည့်နေရာမျိုးတွင် အလွယ်တကူကျင်းတူးနေထိုင်ပြီး သီးနှံပင်များကို လွယ်ကူစွာ ဖျက်စီးနိုင်ပါသည်။

ကန်သင်းအရွယ်အစားသေးထားမှသာ (၁ပေထက်ငယ်သင့်) မိမိစိုက်ခင်းထဲတွင် ကြွက်များ ကျင်းတူး နေထိုင်ခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## လုပ်ဆောင်ချက် (၄) ကွင်းလုပ်ငန်း (၆၀ မိနစ်)

ကြွက်ဖျက်ဆီးမှုများ (သို့) ကြွက်သိုက်များရှိသော စိုက်ခင်း၊ စိုက်ကွင်းသို့သွားပါ။ အရင်ဆွေးနွေးပြီးသား နည်းလမ်းများထဲမှ ဆောင်ရွက်သင့်သည့် နည်းလမ်းအား ဆွေးနွေးပါ။

## လုပ်ဆောင်ချက် (၅) နိဂုံးချုပ်။ (၁၀ မိနစ်)

## လုပ်ဆောင်ချက် (၆) တစ်နေ့တာအစီအစဉ်များကို အကျဉ်းချုပ်ပါ။

## လုပ်ဆောင်ချက် (၇) လာမည့်သင်ခန်းစာများ ခေါင်းစဉ်၊ အချိန်၊ နေရာနှင့်လာမည့်သူ။ (၅ မိနစ်)

၁။ နောက်တစ်ကြိမ်သင်တန်းအတွက် ခေါင်းစဉ်များ၊ နေ့ရက်၊အချိန်နှင့် ဘယ်နေရာမှာ သင်တန်းပြုလုပ်မည့် အစီအစဉ်များကို သင်တန်းသားများနှင့်တိုင်ပင်ပါ၊ သဘောတူညီမှုရယူပါ။ အိမ်အလုပ်များ၊ လူမှုရေးကိစ္စများ နှင့် မအားသောအမျိုးသမီးများ၏ အချိန်နှင့်နေရာကို အထူးဂရုစိုက်ရန်။

၂။ သင်တန်းသို့မည်သူများ လာသင့်သနည်း။ လုပ်ငန်းကိုတကယ် အကောင်ထည်ဖော်ဆောင်ရွက်မည့်သူများ သာလျင် သင်တန်းသို့လာသင့်ကြောင်းကို သင်တန်းသားများအားပြောပြပါ။

၃။ မိမိတက်ရောက်စေလိုသောသူများသည် အလုပ်လုပ်သူများကို သင်တန်းလာစေချင်သောကြောင့် သတင်းကို ပထမဦးဆုံး ရရှိသူများဖြစ်ပြီး တစ်ဆင့်ပြောဆိုသူများထံမှ ရရှိသောသတင်းမှာ မှားယွင်းတတ်သည်။

၄။ သင်တန်းတက်ရောက်သူများကို ကျေးဇူးတင်ပြီး နောက်သင်တန်းအချိန်၊ နေရာကိုအတည်ပြုပြီး မိမိတို့ လေ့ကျင့်ခန်း စာအုပ်များယူလာရန် သတိပေးပါ။

**သင်ခန်းစာအခန်း (၈) သီးနှံမှတ်တမ်းစာအုပ်သင်တန်းနှင့် မြေဆွေးပြုလုပ်ခြင်း။**

အချိန် - ၁၅၀မိနစ် (သင်တန်းခန်းမတွင်း) နှင့် လက်တွေ့မြေဆွေးပြုလုပ်ခြင်း (၅၀မိနစ်)။

**ခေါင်းစဉ်များ။**

စာရင်းစာအုပ်ပြုလုပ်ခြင်း၊မြေဆွေးပြုလုပ်ခြင်း။

ရည်ရွယ်ချက်များ။

၁။ သီးနှံမှတ်တမ်းစာအုပ်၏ရည်ရွယ်ချက်သိရန်။

၂။ သီးနှံမှတ်တမ်းစာအုပ်ပြုလုပ်နည်းသိရန်။

၃။ မြေဆွေးပြုလုပ်ခြင်းအရေးကြီးပုံသိရှိရန်။

၄။ ဘိုကာရှီမြေဆွေးပြုလုပ်နည်းသိရှိရန်။

**လုပ်ဆောင်ချက် (၁) ယခင်အခန်း(၇)မှ သင်ခန်းစာခေါင်းစဉ်များကိုပြန်သုံးသပ်ပါ။ (၁၀မိနစ်)**

**အားလုံးပါဝင်ဆောင်ရွက်ရန်**

၁။ သင်တန်းသားများအားယခင်သင်တန်းမှ ဘာတွေလေ့လာခဲ့သည်ကိုမေးပါ။ သူတို့ ထင်မြင်ချက်များ ကို စာရွက် ကြီးပေါ်ရေးချပါ။ (၈မိနစ်)

- အနာဂတ်အတွက်ရည်မှန်းချက်ထားရှိရန်
- ရလဒ်များနှင့်အသေးစိတ်လုပ်ငန်းများ
- မြေနေရာအကွက်ချခြင်း
- လယ်သမားတစ်ဦးချင်းအတွက် တွက်ချက်ခြင်း
- သွင်းအားစုလိုအပ်ချက်များ
- သွင်းအားစုရရှိနိုင်သောနေရာနှင့်အရည်အသွေးများ
- စိုက်ပျိုးရေးပစ္စည်းအရောင်းကိုယ်စားလှယ်များနှင့်ဆွေးနွေးရန်အတွက်ပြင်ဆင်ခြင်း။
- ပျိုးပင်များအတွက်အုန်းဆံဖတ်မြေဆွေးပြုလုပ်ခြင်း
- စိုက်ပျိုးရေးပစ္စည်းအရောင်းကိုယ်စားလှယ်များဦးဆောင်သော အလုပ်ရုံ အစည်းအဝေး။

၂။ အဖွဲ့လိုက် ယခုသင်ခန်းစာ ခေါင်းစဉ်များကိုဖတ်ခိုင်းပါ။ သင်တန်းသားများအား ယခုသင်ခန်းစာတွင် အီးအမ် ဘိုကာရှီ မြေဆွေးပြုလုပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နောက်၄ပတ်ကြာလျှင် ဆွေးမြေ့ခြင်း ဖြစ်စဉ် ပြီးဆုံးပြီး ၄င်းတို့ကို ကွင်းထဲတွင် အသုံးပြုရန်အဆင်သင့်ဖြစ်မည်ကိုပြောပါ။ (၂မိနစ်)

**ပံ့ပိုးသူအားအကြံပေးခြင်း**

ယခင်ကအဖွဲ့အစည်းများသည် မှတ်စုစာအုပ်(သို့) တွက်ချက်မှုစာအုပ်များကို အကောင်းစား စာရွက်များဖြင့် ပုံနှိပ်ကာ လယ်သမားများ မှတ်တမ်းထားရန် ပေးခဲ့သည်။ လယ်သမားများသည် လုပငြီး ဈေးကြီးသော စာအုပ်တွင် ရေးခြစ်မှတ်သားရန် အမှားများပါမည်ကို စိုးရွံ့သဖြင့် ထိုစာအုပ်များကို အသုံးမပြုကြပါ။ ထိုပြဿနာကိုဖြေရှင်းရန် ရခိုင်ဆောင်းသီးနှံစီမံကိန်း (RWCP)သည် လယ်သမားများအား မိမိတို့ကိုယ်ပိုင် စာရင်းစာအုပ်အဖြစ် တန်ဘိုးနည်း ကျောင်းသုံးစာအုပ်ဖြင့် ပြုလုပ်မည်။ သင်တန်းသားများသည် ၎င်းစာအုပ်တွင် ဖြည့်ရန် မကြောက်ရွံ့ဘဲ အကယ်၍အမှားများစွာ ပြုလုပ်ခဲ့လျှင်လည်း စာအုပ်အသစ်ကို မိမိတို့ကိုယ်တိုင်ဝယ်ယူ လုပ်ဆောင်နိုင်သည်။ နောက်နှစ်အတွက်လည်း မိမိတို့ကိုယ်တိုင်ပင် စာအုပ်အသစ်ကိုဈေးကြီးသော သီးနှံမှတ်တမ်း စာအုပ်အစား အသုံးပြုနိုင်သည်။

လိုအပ်သောပစ္စည်းများ – ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီး၊ မာကာပင်၊ တိပ်၊ သင်တန်း တက်ရောက် စာရင်းပုံစံ၊ သင်တန်းသားများကိုပြရန် နမူနာစာရင်းစာအုပ်၊ မိတ်ဆက်မေးခွန်း ရေးထားသော စာရွက်ကြီး (လုပ်ဆောင်ချက်)၊ သင်တန်းသားတစ်ဦးစီအတွက်၊ ကျောင်းလေ့ကျင့်ခန်းစာအုပ် ဖြစ်နိုင်ပါက မျဉ်းကျယ်ဂရပ်(ဖ်) စာအုပ်ကဲ့သို့ အလျားလိုက်နှင့် ဒေါင်လိုက် မျဉ်းကြောင်း များပါသော စာအုပ်၊ ပေတံ၊ ကတ်ကြေးနှင့် ခဲဖျက်၊ မြေဆွေး လုပ်ရာတွင်လိုအပ်မည့် သွင်းအားစုများ (အီးအမ်၊ တင်လဲရည်ဖွဲ့နု)

## လုပ်ဆောင်ချက် (၂) သီးနှံမှတ်တမ်းစာအုပ်ဘာကြောင့်လိုသလဲ။ (၁၀မိနစ်)

၂ယောက်တစ်တွဲ (၅မိနစ်)

၁။ အောက်ပါမေးခွန်းများကိုသင်တန်းသားများကိုဖြေခိုင်းပါ။ စာရွက်ကြီးပေါ်ရေးချခိုင်းပါ။

- မနှစ်ကသီးနှံတစ်မျိုးစီ၏အထွက်နှုန်းဘယ်လောက်ရလဲ၊
- မနှစ်ကသီးနှံတစ်မျိုးစီ၏ ရသောဈေးနှုန်း အတိအကျဘယ်လောက်လဲ၊
- သီးနှံတစ်မျိုးအတွက်သွင်းအားစုဘယ်လောက်သုံးသလဲ၊
- သီးနှံတစ်မျိုးစီ၏ ကုန်ကျစရိတ်အတိအကျဘယ်လောက်လဲ၊
- သီးနှံတစ်မျိုးစီ၏ဝင်ငွေအတိအကျဘယ်လောက်လဲ၊
- အရှုံးအမြတ်ဘယ်လောက်ရှိသလဲ၊
- မနှစ်က သီးနှံစိုက်ပျိုးရာမှာ ဘာအခက်အခဲရှိခဲ့သလဲ၊
- သင်ပြဿနာကိုဘယ်လိုဖြေရှင်းခဲ့သလဲ၊

၂။ သင်တန်းသားများထံသွား၍အဖြေများရေးရန် တိုက်တွန်းပါ။ သူတို့အတွက် ဘယ်လောက် ခက်ခဲသလဲကြည့်ပါ။ မိနစ်အနည်းငယ်နေပြီးပြောပါ။ သင်တို့မေးခွန်းများဖြေရန် အခက်အခဲ ဖြစ်နေကြသည်ကို တွေ့ရသည်။ လေ့ကျင်ခန်း ၈.၁ တောင်သူစွဲစာအုပ်ကိုညွှန်းပါ။

## အားလုံးပါဝင်ဆောင်ရွက်ရန်

၃။ သင်တန်းသားများကို မေးခွန်းမေးပါ "သင်သည်သင်၏ သီးနှံစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် အမြတ်တို့၏ အသေးစိတ်ကို မည်ကဲ့သို့ သိရှိနိုင်မည်နည်း"

မျှော်လင့်သောအဖြေမှာ ဓစာရင်း ကောင်းကောင်းထားခြင်းဖြစ်သည်။ လေ့ကျင့်ခန်းစာအုပ်တွင် ဒီအဖြေကို သင်တန်းသား များအားရေးချခိုင်းပါ။

### လေ့ကျင့်ခန်း (၈.၁) ဘာကြောင့်မှတ်တမ်းစာအုပ်ထားရသလဲ၊

မေးခွန်း။ မိမိ၏သီးနှံစိုက်ပျိုးမှုအသေးစိတ်၊ ထုတ်လုပ်မှုနှင့်အမြတ်ကို မည်ကဲ့သို့သိရှိနိုင်မည်နည်း၊

အဖြေ။ .................................................................................................. ..............................

.....................................................................................................................................

အားလုံးပါဝင်ဆောင်ရွက်ရန်

၄။ သင်တန်းသားများအားရှင်းပြခိုင်းပါ။ "စာရင်းစာအုပ် "ဆိုသည်မှာ အဘယ်နည်း။ ။ ၄င်းတို့ထင်မြင်ချက် များကို စာရွက်ကြီးပေါ်ရေးခိုင်းပါ။"

၅။ သင်တန်းသားများအား မေးပါ။ "ဘယ်လိုမှတ်တမ်း အမျိုးအစားများကို လယ်ယာမှတ်စုစာအုပ်တွင် ထားရမည်နည်း"

၆။ သင်တန်းသားများအားတောင်သူလက်စွဲ စာအုပ် လေ့ကျင်ခန်း ၈.၂ ကို ညွှန်းပါ။ တောင်သူတို့ ၏ မှတ်တမ်းစာအုပ်တွင် သိမ်းထားသင့်သော မှတ်တမ်းစာအုပ်၏ အဓိပ္ပါယ်၊ မှတ်တမ်း အမျိုးအစား များကို ဖတ်ခိုင်းပါ။ သင်ခန်းစာတွင် ဖေါ်ပြမထားသေးသော၊ တောင်သူတို့ ၏ အကြံပြုချက် တို့ကို ဖြည့်စွက်ပါ။ သင်တန်းများအား ယခုသင်တန်းတွင် မှတ်တမ်း တစ်မျိုးစီ၏ အသေးစိတ် ကို သင်ယူလေ့လာရမည်ကိုပြောပါ။

## လေ့ကျင့်ခန်း (၈.၂) လယ်ယာမှတ်တမ်းစာအုပ်ဟာဘာလဲ၊

အဓိပ္ပါယ်ဖွင့်ဆိုချက်။ သင့်လယ်ယာတွင်ဘာဖြစ်ခဲ့သလဲဆိုသည်ကိုရေးမှတ်ထားသောသက်သေဖြစ်သည်။

မေးခွန်း။ လယ်ယာမှတ်တမ်းစာအုပ်တွင်ဘယ်လိုမှတ်တမ်းများထားသလဲ၊

၁။ သီးလှည့်မြေပုံဆွဲထားသောမှတ်တမ်း

၂။ သီးနှံကြီးထွားမှုအချက်အလက်မှတ်တမ်းများ

၃။ လုပ်အားပါဝင်မှုမှတ်တမ်း

၄။ ထုတ်လုပ်မှုမှတ်တမ်း

၅။ ကုန်ကျမှုမှတ်တမ်း

၆။ ဝင်ငွေ

၇။ အရှုံး၊ အမြတ်မှတ်တမ်း

............................................................................................................................................................

............................................................................................................................................................

............................................................................................................................................................

............................................................................................................................................................

............................................................................................................................................................

၇။ နောက်လေ့ကျင့်ခန်းတွင် ၄င်းမှတ်တမ်းအသေးစိတ်ကို ရှင်းပြမည့် အကြောင်း သင်တန်းသားများအား ပြောပါ။

၈။ သင်၏ကြိုတင်ပြင်ဆင်လာသော မှတ်တမ်းစာအုပ်ကို ဥပမာအဖြစ် သင်တန်းသားများအားပြသပါ။

၉။ သင်တန်းသားများအား ကိုယ်ပိုင်မှတ်တမ်းစာအုပ် လုပ်ဆောင်ရာတွင် လိုအပ်မည့် ကျောင်းသုံး လေ့ကျင့်ခန်း စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ကတ်ကြေးနှင့် ပေတံတို့ကိုထုတ်ပေးပါ။ မှတ်တမ်းစာအုပ်တွင် ခဲတံနှင့်ရေးရန်၊ အကယ်၍ မှားသွားလျှင် ဖျက်ပြီး မှန်ကန်သော အချက်အလက်များကို ပြန်ရေးနိုင်ကြောင်းပြောပါ။ ဤနည်းဖြင့် သေသပ်သော မှတ်တမ်း စာအုပ်တစ်အုပ်ရလာမည်။

၁၀။ မိမိတို့အမည်၊ နှစ်နှင့်ရာသီကိုမှတ်တမ်းစာအုပ်ပေါ်တွင်ရေးမှတ်ထားရန်ပြောပါ။

## လုပ်ဆောင်ချက် (၃) စိုက်ဘောင်များအကွက်ချခြင်းမှတ်တမ်း။ (၅မိနစ်)

အားလုံးပါဝင်ရန်

၁။ သင်တန်းသားများအား မှတ်တမ်းစာအုပ် ဖွင့်ရန် ပြောပါ။ ပထမဆုံးစာမျက်နှာ၏ အပေါ်တွင် "စိုက်ဘောင်များ အကွက်ချခြင်းမှတ်တမ်း" ဟုရေးခိုင်းပါ။

၂။ သင်ခန်းစာအပိုင်း၃တွင်စိုက်ကွက်နေရာချခြင်း(အထူးသဖြင့်သီးလှည့်စိုက်မည့်အစီအစဉ်)၏အရေးပါမှုကိုဆွေးနွေးခဲ့ကြကြောင်းပြောပါ။စိုက်ကွက်နေရာချမည့်အစီအစဉ်ကို စာအုပ်တွင် ရေးခိုင်းပြီး တစ်နှစ်နှင့်တစ်နှစ် နှိုင်းယှဉ်ခိုင်းပါ။ သို့မှသာ မှန်ကန်သော သီးလှည့်ပုံစံအတိုင်း လိုက်နာ။မလိုက်နာကို သေချာစွာ သိနိုင်မည်ဖြစ်သည်။

၃။ စိုက်ကွက် နေရာချထားမှုအတွက် ၂ မျက်နှာ ချန်ခိုင်းပါ။ လိုအပ်လျှင် နောက်ရာသီအတွက်ပါ သုံးနိုင်ရန် ဖြစ်သည်။

## လုပ်ဆောင်ချက် (၄) GAP သီးနှံကြီးထွားမှု အချက်အလက် မှတ်တမ်း။ (၁၀ မိနစ်)

### အားလုံးပါဝင်လုပ်ဆောင်ရန်

၁။ သင်တန်းသား များကိုမေးပါ။ သီးနှံကြီးထွားမှု မှတ်တမ်းအတွက် ဘယ်လို အချက်အလက်တွေကို ကောက်ဖို့ လိုအပ်သလဲ၊ အဖြေများကို စာရွက်ကြီးပေါ်ရေးချခိုင်းပါ။

၂။ စာရွက်ကြီးတွင်မရေးရသေးသောအကြံဉာဏ်စိတ်ကူးများကိုထပ်ထည့်ခိုင်းပါ။ လေ့ကျင့်ခန်း ၈.၃ တောင်သူလက်စွဲ စာအုပ်တွင် ကြည့်ပါ။

၃။ ယခု အချက်အလက်များကို မိမိတို့မှတ်တမ်းစာအုပ်တွင် ရေးရန်ပြောပါ။ မိမိတို့ သီးနှံဘောင်များတွင် ဘာတွေလုပ်ခဲ့သလဲဆိုသည်ကိုသိရန်နှင့် နောင်တွင် ယခုထက်ကောင်းအောင် မည်သို့ပြုလုပ်ရမည်ကို သိရှိ၍ ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။

၄။ သီးနှံများ ရောင်းချရာတွင်လည်း ဝယ်သူများအား သီးနှံကို GAP နည်းဖြင့် စိတ်ချရအောင် ထုတ်လုပ် ထားကြောင်းပြသနိုင်သည်။ ၎င်းမှတ်တမ်းအားဖြင့် ဈေးနှုန်းပိုမိုရရှိနိုင်သည်။

### လေ့ကျင့်ခန်း (၈.၃) GAP သီးနှံကြီးထွားမှု အချက်အလက်မှတ်တမ်း

၁။ စိုက်ပျိုးရက်

၂။ မျိုးစေ့ဝယ်ယူသည့်နေရာနှင့်အပင်ပေါက်နှုန်း

၃။ အပင်ပေါက်ရက် (ရက်များ)

၄။ အပင်ဖာရန်လိုအပ်မှု (%)

၅။ သဘာဝနှင့်ဓါတုပိုးသတ်ဆေးသုံးမှု

၆။ ပိုး၊ ရောဂါနှင့်ကာကွယ်နည်းများ

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

### လုပ်ဆောင်ချက် (၅) လုပ်အားမှတ်တမ်း။ (၂၀မိနစ်)

၁။ သင်ခန်းစာအခန်း ၁ က ကျွန်ုပ်တို့သည် အခမဲ့မိသားစု လုပ်အားနှင့် အငှား လုပ်အားလိုအပ်မှုကို ယခင်သင်ခန်းစာ အခန်း၁ တွင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း ပြောပါ။ စိုက်ပျိုးထုတ်လုပ်မှုတွင် မိမိ၊ မိသားစု၊ ကျား၊မ အလုပ်လုပ်သော အချိန်ကို မှတ်သားထားရန် အရေးကြီးကြောင်းနှင့် လယ်ယာလုပ်ကိုင်ခြင်းမှ ရရှိသော အကျိုးအမြတ်ကိုတွက်ရန် သို့မဟုတ် အခြားဝင်ငွေ ရသော လုပ်ငန်းမှဝင်ငွေနှင့် နှိုင်းယှဉ်ရန်ဖြစ်သည်။

၂။ မိမိတို့ လုပ်ကိုင်ထားသော အချိန်နာရီပေါင်း သို့မဟုတ် မိနစ်ပေါင်းကို မှတ်သားထားရန်ပြောပါ။ ဥပမာ – ၂ နာရီ ရေလောင်း၊ နာရီဝက်ပေါင်းသင်စသည်နှင့် ရာသီကုန်လျှင် မိသားစုမှ အခမဲ့လုပ်အား ဘယ်နှစ်ရက် (၁ရက် ၈နာရီ) ကို ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်သော ရာသီတွင် လုပ်ခဲ့သည်ကို သိရန်ဖြစ်သည်။ စုစုပေါင်းအားလုံးအမြတ်ကို စုစုပေါင်း မိသားစု လုပ်အားရက်များဖြင့်စားလျှင် လုပ်ခတစ်ရက်စာကို သိရှိမည်။ ထိုအမြတ်ကို နှိုင်းယှဉ်ပြီး လယ်သမားလုပ်ရန် အကျိုးရှိမရှိ သို့မဟုတ် အခြားအလုပ်ကို သွားလုပ်လျှင် ကောင်းမကောင်း ချင့်ချိန်နိုင်ရန်ဖြစ်သည်။

ဥပမာ။ ။ သီးနှံတစ်ရာသီအတွက် ၁,၅၀၀,၀၀၀ ကျပ် စုစုပေါင်းအမြတ်ကို အခမဲ့မိသားစုလုပ်အား ရက် ၁၀၀ နှင့် စားလျှင် ၁ရက် ၁၅,၀၀၀ ကျပ်ရမည်။ ၎င်းမှာအခြားဆောက်လုပ်ရေးတွင် သွားလုပ်လျှင် ရသောလစာ နှစ်ဆ (၇၅၀၀ ကျပ်) ဖြစ်သည်။

၃။ လယ်ယာ လုပ်ငန်းတွင်ကျား၊မ လုပ်အားကိုခွဲထားလျှင် ကောင်းသည်ကိုပြောပါ။ သို့မှသာ သူတို့ဘယ်လိုအလုပ်မျိုးကို လုပ်နိုင်သလဲ သိရသည်။ ကျားနှင့်မနှစ်ဦးစလုံးသည် သီးနှံစိုက်ပျိုးရေး၏ အရေးကြီးသောအခန်း ကဏ္ဍတွင် ပါဝင်သည်။ အသိအမှတ်ပြုရန်အရေးကြီးသည်။

မှတ်သားရန်။ ။ သင်တန်းသားများအား ပြောပါ – တောင်သူများအနေဖြင့် လုပ်အားငှားခရက်များကို သုံးငွေစာရင်းတွင် မှတ်ရန်၊ မိသားစုလုပ်အားစာရင်းတွင် မဟုတ်ပါ။

၄။ လုပ်အားမှတ်တမ်းထားရှိမှုဥပမာကိုပြပါ။

ဥပမာအားဖြင့်အလုပ်သမားမှတ်တမ်းများအပြင်အဆင် လေ့ကျင့်ခန်း ၆.၄ ကိုသူတို့၏စာအုပ်များတွင်ကြည့်ပါ။

၅။ သီးနံ့တစ်ရာသီအတွက် အနည်းဆုံး ရက် ၉၀ လုပ်အားမှတ်တမ်း ထားရန်၊ စာရွက် ၆မျက်နှာ (သုံးရွက်) ချန် ထားရန်ပြောပါ။

၆။ သင်တန်းသားများအား လေ့ကျင့်ခန်း၈.၄ အတိုင်း စာမျက်နှာမျဉ်းသားပါ။ ခေါင်းလိုက်အကျယ်ကိုသိရန် ခေါင်းစဉ်ကိုရေးပြီးမှ မျဉ်းသားခိုင်းပါ။ ဒီလေ့ကျင့်ခန်းပြီးလျှင် အခြားခေါင်းစဉ်များကို ပြီးအောင် အိမ်စာအတွက် လုပ်ခဲ့ရန်ပြောပါ။

### လေ့ကျင့်ခန်း (၈.၄) မိသားစု ကိုယ်ပိုင်လုပ် အားမှတ်တမ်း

မေးခွန်း။ ။ မိသားစုကိုယ်ပိုင်လုပ်အား မှတ်တမ်းဘာကြောင့်ထားရသလဲ၊

၁။ သီးနှံစိုက်ပျိုးရာတွင်မိသားစု ကျား / မဘယ်လောက်အချိန်ပေးရလဲသိရှိရန်။

၂။ ယခင်ရာသီ၊ အခြားလယ်သမားများနှင့် နှိုင်းယှဉ်ရန်။

၃။ အမြတ်ကို အခြားလုပ်ငန်းနှင့် နှိုင်းယှဉ်ပြီး လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းတို့မှ ရရှိသော လုပ်သားနေ့တွက် ကို နှိုင်းယှဉ်ရန်။

ဥပမာ။ တစ်ရာသီ သီးနှံအားလုံး အမြတ်ကျပ် ၁,၅၀၀၀,၀၀၀ ကိုလုပ်အားခရက် ၁၀၀ နှင့် စားလျှင် ၁၅,၀၀၀ ကျပ်။နေ့ ၎င်းမှာ အခြားဆောက်လုပ်ရေးလုပ်ငန်းမှရသော (ကျပ် ၇၀၀၀ / ရက်) ၏ နှစ်ဆဖြစ်သည်။

.................................................................................................................................................

.................................................................................................................................................

.................................................................................................................................................

.................................................................................................................................................

"လုပ်အားမှတ်တမ်းတွင် မည်သည့်အကြောင်းအရာများကိုမှတ်သားသင့်သနည်း"။

| ရက်စွဲ | လုပ်ငန်း | ကျားလုပ်အား (နာရီ) | မလုပ်အား (နာရီ) | စုစုပေါင်းနာရီ |
|---|---|---|---|---|
| ၁၂.၁၁.၁၇ | ပေါင်းသင် | ၁ | ၄ | ၅ |
| | | | | |
| | | | | |
| | | | | |

### လုပ်ဆောင်ချက် (၆) အခြားသီးနှံများအတွက် သီးသန့်မှတ်တမ်းများ လုပ်ဆောင်ခြင်း။ (၁၅မိနစ်)

၁။ သင်တန်းသားများအား မြေနေရာပြင်ဆင်မှုပုံစံအတွက် နှစ်မျက်နှာ (၁ရွက်)၊ လုပ်အားမှတ်တမ်းအတွက် ၆မျက်နှာ (၃ရွက်) ရေးဆွဲပြီး စာအုပ်ထဲတွင် စာမျက်နှာမည်မျှကျန်သည်ကို မေးပါ။ ကျန်သော စာမျက်နှာကို သီးနှံအလိုက် စာရွက်ရေအညီအမျှ ချန်ထားသင့်သည်။ ဥပမာ - ၂၅မျက်နှာကျန်လျှင် ရွေးချယ်ထားသော သီးနှံ ၅ မျိုးအတွက် ၂၅ကို ၅နှင့်စားလျှင် သီးနှံတစ်မျိုးအတွက် ၅ရွက်ကျန်မည်။

၂။ ၎င်းတို့အားစာအုပ်အလျားကိုတိုင်းပြီးသီးနှံအရေအတွက်နှင့်စားခိုင်းပါ။ ဥပမာ - ၁၀ လက်မ ကို ၅ နှင့် စားလျှင် သီးနှံတစ်မျိုး အတွက်နှစ်လက်မရမည်။

၃။ သီးနှံ ၁အတွက် ပထမစာမျက်နှာတွင် ၁/၄လက်မအနားကိုဆွဲပါ။ နောက် ၂လက်မတိုင်းပြီးမျဉ်းဆွဲပါ။ အောက်တွင်ကျန်သောအပိုင်း (၈x၁/၄လက်မ) ကိုသီးနှံ၁အတွက်ချန်ပြီးကတ်ကြေးနှင့်ဖြတ်ပါ။

၄။ မိမိတို့သီးနှံအမည်ကို ၁/၄လက်မ x ၂လက်မကျန်သော အနားသတ်တွင် ရေးခိုင်းပါ။

၅။ သီးနှံ ၂အတွက်ကိုလည်း အထက်ပါ အတိုင်းပြုလုပ်ရန်ရှင်းပြပါ။ သို့သော် ၄ လက်မ အောက်ကိုတိုင်းပြီး၊ တတိယသီးနှံအတွက် ၆လက်မစသဖြင့် သီးနှံ၅မျိုးကို အနားသတ်တွင်ဆန့်အောင် တိုင်းတာပါ။ (အိမ်စာ အတွက်)

### လုပ်ဆောင်ချက် (၇) ထုတ်လုပ်မှုမှတ်တမ်း။ (၁၅မိနစ်)

### အားလုံးပါဝင်ဆောင်ရွက်ရန်

၁။ ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီးပေါ်တွင် ရေးထားသောမေးခွန်းများက ကြည့်ရန် သင်တန်းသားများကို ပြောပါ။

"ထုတ်လုပ်မှုမှတ်တမ်းဘာကြောင့်ထားရသလဲ"

"ထုတ်လုပ်မှုမှတ်တမ်းအတွက်မည်သည့်အရာများကိုမှတ်သားမည်နည်း"

၂။ သင်တန်းသားများ၏ ထင်မြင်ချက်များကို စာရွက်ကြီးပေါ်တွင် ရေးချပါ။

၃။ တောင်သူ့လက်စွဲ စာအုပ်ပါ လေ့ကျင့်ခန်း ၈.၅ ကိုညွှန်း၍လည်းကောင်း တွင် ဖော်ပြထားသော အချက်များကို သုံးသပ်၊ မှတ်သားစေပါ။

၄။ သင်တန်းသားများအား မိမိတို့ထုတ်လုပ်မှုများကို စာမျက်နှာ ၂မျက်နှာပေါ် (၁ရွက်) တွင်လေ့ကျင့်ခန်း ၈.၅ တွင် ပြထားသာ ဥပမာအတိုင်း ဇယားဆွဲရန်ပြောပါ။

## လေ့ကျင့်ခန်း (၈.၅) ထုတ်လုပ်မှုမှတ်တမ်း

မေးခွန်း။ "ထုတ်လုပ်မှုမှတ်တမ်းဘာကြောင့်ထားရသလဲ"

၁။ သီးနှံဘယ်တော့ထွက်မည်ကိုသိရန်။

၂။ သင်ထုတ်လုပ်သော သီးနှံတွင်စားသုံးသော သီးနှံအပါအဝင်ရောင်း ချရသောသီးနှံမည်မျှရှိသည်ကို သိရန်။

၃။ ဧရိယာတစ်ခုမှ သီးနှံထုတ်လုပ်မှုသိရှိရန်။ ယခင်နှစ်၊ အခြားလယ်သမားများနှင့်နှိုင်းယှဉ်ရန်။

..............................................................................................................................................................

..............................................................................................................................................................

..............................................................................................................................................................

"သီးနှံထုတ်လုပ်မှုမှတ်တမ်းအတွက် မည်သည့်အရာများကိုမှတ်သားမည်နည်း"

| နေ့စွဲ | သီးနှံ | ယူနစ် | အရည်အသွေး | ဧရိယာ | စုစုပေါင်းအထွက်နှုန်း | တဧကအထွက်နှုန်း |
|---|---|---|---|---|---|---|
| ၁၂.၀၄.၁၇ | မုန်လာဥနီ | အစည်း | A | ၀.၀၆ | ၃၀၀ | ၄၈၀၀ စည်း / ဧက |
| | | | | | | |
| | | | | | | |
| | | | | | | |

### လုပ်ဆောင်ချက် (၈) အသုံးစရိတ်မှတ်တမ်း။ (၁၅မိနစ်)

၁။ စာရွက်ကြီးပေါ်တွင် ရေးထားသော မေးခွန်းများကို သင်တန်းသားများအား မေးပါ။ "ဘာကြောင့်အသုံးစရိတ် မှတ်တမ်း ထားရသလဲ" "အသုံးစရိတ်မှတ်တမ်းကို ဘယ်လိုတိုင်းတာရမလဲ"

၂။ သင်တန်းသားများ၏ထင်မြင်ချက်များကို စာရွက်ကြီးပေါ်ရေးချပါ။

၃။ တောင်သူလက်စွဲ စာအုပ်ပါ လေ့ကျင့်ခန်း ၆.၆ ကိုညွှန်း၍လည်းကောင်း တွင် ဖော်ပြထားသော အချက်များကို ပြန်လည် သုံးသပ်၊ မှတ်သားစေပါ။

၄။ သင်တန်းသားများအား အသုံးစရိတ်စာမျက်နှာ ၄ မျက်နှာပေါ်တွင် လေ့ကျင့်ခန်း ၈.၆ ဥပမာ အတိုင်း အကွက် ဖော်ရန်ပြောပါ။

## လေ့ကျင့်ခန်း (၈.၆) အသုံးစရိတ်မှတ်တမ်း

မေးခွန်း။ ။ "ဘာကြောင့်အသုံးစရိတ်မှတ်တမ်းထားရသလဲ"

၁။ သင်ဘယ်တုန်းကအသုံးပြုသည်ကိုသိရန်။

၂။ သင်ဘယ်လောက်သုံးသလဲသိရန်။

၃။ ယူထားသည့်ပစ္စည်းတစ်ခုချင်းစီ၏ ကုန်ကျစရိတ်ကိုသိရန်။

၄။ သွင်းအားစုအရည်အသွေးသိရန်နှင့် သင်အသုံးပြုသောကုန်ကျစရိတ်ကို တကယ်တန်မတန် ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

"သင်သည် အသုံးစရိတ်မှတ်တမ်းကို ဘာနှင့်တိုင်းတာသင့်သလဲ"

| နေ့စွဲ | အမျိုးအမည် | ယူနစ် | အရည်အသွေး | အရေအတွက် | ဈေးနှုန်း | စုစုပေါင်းကုန်ကျငွေ |
|---|---|---|---|---|---|---|
| ၁၂.၄.၁၇ | ၁၅း၁၅း၁၅ | အိတ်၅၀ကီလို | က | ၃ | ၃၀,၀၀၀ | ၉၀,၀၀၀ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**လုပ်ဆောင်ချက် (၉) ဝင်ငွေမှတ်တမ်း။ (၁၅မိနစ်)**

**အားလုံးပါဝင်ဆောင်ရွက်ရန်**

၁။ စာရွက်ကြီးပေါ်ရေးသားထားသော မေးခွန်းများကိုမေးရန်။ "ဘာကြောင့်ဝင်ငွေစာရင်း ထားရသလဲ"

"ဝင်ငွေစာရင်းကိုဘာနှင့်သင်တိုင်းတာသင့်သလဲ"

၂။ သင်တန်းသားများ ထင်မြင်ချက်များကိုစာရွက်ကြီးပေါ်ရေးပါ။

၃။ တောင်သူ့လက်စွဲ စာအုပ်ပါ လေ့ကျင့်ခန်း ၈.၇ ကိုညွှန်း၍ လည်းကောင်း တွင် ဖေါ်ပြထားသော အချက်များကို ပြန်လည် သုံးသပ် မှတ်သား စေပါ။

၄။ သင်တန်းသားများအား ဝင်ငွေစာရင်းကို လေ့ကျင့်ခန်း ၆.၇ ပုံစံအတိုင်း ဇယားအကွက်ချရန်ပြောပါ။

## လေ့ကျင့်ခန်း (၈.၇) ဝင်ငွေမှတ်တမ်း

မေးခွန်း "ဝင်ငွေစာရင်း ဘာကြောင့်ထားရသလဲ"

၁။ သင့်သီးနှံရောင်းလျှင်သိရှိအောင်။

၂။ သင်၏ သီးနှံမှ ဘယ်လောက်ရသလဲ သိရန်နှင့် ဈေးနှုန်းများကို ရက်စွဲအမျိုးမျိုးတွင်နှိုင်းယှဉ်နိုင်ရန်။

၃။ သီးနှံအတွက် စုစုပေါင်းဝင်ငွေသိရန်နှင့် စုစုပေါင်းဝင်ငွေ / ဧရိယာကို အခြားသီးနှံနှင့်နှိုင်း ယှဉ်ကြည့်ရန်။

၄။ ရောင်းချသောသီးနှံအရည်အသွေးကိုသိရှိရန်နှင့် ဈေးနှုန်းကိုနှိုင်းယှဉ်ရန်။

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

ဝင်ငွေမှတ်တမ်းကို မည်ကဲ့သို့မှတ်သားပြုလုပ်မည်နည်း၊

| နေ့စွဲ | အမျိုးအမည် | ယူနစ် | ဘယ်မှာ ရောင်းလဲ၊ အရည်အသွေး | အရေအတွက် | ဈေးနှုန်း | စုစုပေါင်း ကုန်ကျငွေ |
|---|---|---|---|---|---|---|
| ၁၂.၀၄.၁၇ | မုန်လာဥနီ | အစည်း | က | ၃၀၀ | ၃၀၀ | ၉၀၀၀၀ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

## လုပ်ဆောင်ချက် (၁၀) အမြတ် / အရှုံး။ (၁၅မိနစ်)

၁။ သင်တန်းသားများအားစာရွက်ကြီးပေါ်တွင် ရေးထားသောအောက်ပါမေးခွန်းများကိုမေးပါ။

"အရှုံး / အမြတ်ကို ဘာကြောင့် တိုင်းတာရသလဲ"

"အရှုံး / အမြတ်ကိုဘယ်လိုတိုင်းတာရမလဲ"

၂။ သင်တန်းသားများ၏စိတ်ကူးများကို စာရွက်ကြီးပေါ်တွင်ရေးချပါ။

၃။ သင်တန်းသားများ၏ လေ့ကျင့်ခန်းစာအုပ်မှ လေ့ကျင့်ခန်း၈.၈.ရှိ မှတ်သားထားသော အချက်များ ကိုညွှန်းပါ။

၄။ သင်တန်းသားများအား လေ့ကျင့်ခန်း ၈.၈ တွင် ပေးထားသော အရှုံး / အမြတ်ဇယားကိုဆွဲပါ။

## လေ့ကျင့်ခန်း (၈.၈) အမြတ်အရှုံးမှတ်တမ်း

မေးခွန်း။ ။ "ဘာကြောင့်အမြတ် / အရှုံးမှတ်တမ်းထားရသလဲ"

၁။ ဘယ်နှစ်တွင်အမြတ် / အရှုံးရှိသလဲနှင့်တစ်နှစ်နှင့်တစ်နှစ်ရလဒ်များကိုနှိုင်းယှဉ်ရန်။

၂။ သီးနှံတစ်မျိုးခြင်းဘယ်လောက်မြတ်သလဲသိရှိရန်။

၃။ ပြီးခဲ့သောရာသီ၏အမြတ် / အရှုံး အခြားလယ်သမားများနှင့်နှိုင်းယှဉ်ပါ။

၄။ သီးနှံစုစုပေါင်းအားလုံး၏စုစုပေါင်းအမြတ်ကိုသိရှိရန်။

.................................................................................................................................................................

.................................................................................................................................................................

.................................................................................................................................................................

.................................................................................................................................................................

"အမြတ် / အရှုံးမှတ်တမ်းကိုမည်ကဲ့သို့တွက်ချက်မည်နည်း၊"

| နေ့စွဲ | ဇရိယာ | စုစုပေါင်းဝင်ငွေ | စုစုပေါင်းသုံးငွေ | အမြတ် / အရှုံး / ဇရိယာ | မှတ်ချက်။ဘာကြောင့်အရှုံး / အမြတ် နည်း / များ ရသလဲ။ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

၅။ မှတ်တမ်းစာအုပ်ထားရှိမှုသင်တန်းပြီးဆုံးကြောင်းသင်တန်းသားများကိုပြောပါ၊အိမ်စာအဖြစ်မိသားစုနှင့်အတူတကွမှတ်တမ်းစာအုပ်ကိုပြုလုပ်ရန်ပြောပါ။ဤနည်းအားဖြင့် တောင်သူတို့မှတ်တမ်းများထားရှိခြင်း၊မိသားစုဝင်များငွေရေးကြေးရေးအခြေအနေ၊ငွေကြေးပြတ်တောက်မှု (သွင်းအားစုတွင် ကုန်ကျမှုများသောအခါ) နှင့်ငွေအမြောက် အများရရှိခြင်း ( ထွက်ကုန်တို့ ရောင်းချပြီးချိန် ) တို့ကို ပိုမိုနားလည် လာကြမည် ဖြစ်ပါသည်။ နောက်နှစ် သွင်းအားစုအတွက် ငွေအလုံအလောက် စုဆောင်းထားရန်နှင့် မိသားစု ဆက်လက် ရှင်သန် ရေးအတွက်လည်း ငွေ အလုံ အလောက် ရှိရန် ငွေကြေးစီမံ ခန့်ခွဲမှုကို လေ့လာသိရှိ ထားရန် ပြောပြပါ။

၆။ အပင် စိုက်ပျိုးချိန်တွင် အဆင်သင့်ဖြစ်ရန်၊ ဘိုကာရှီပြုလုပ်ရာတွင် စောင့်ဆိုင်းရမည့် အချိန် ၂ - ၃ ပါတ်ခန့် ကြာမည်ဖြစ်၍ ယခု အချိန်မှ စတင်ပြီး ဘိုကာရှီပြုလုပ်ရန် စဉ်းစား ထားရမည် ဖြစ်ကြောင်း ပြောပြပါ။

## လုပ်ဆောင်ချက် (၁၁) အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်ခြင်း။ (၄၅မိနစ်)

### အားလုံးပါဝင်ဆောင်ရွက်ရန်

၁။ အဖွဲ့နှင့် အကြံဉာဏ်ထုတ်ရန်။

(၁) မြေဆွေးဆိုတာဘာလဲ၊

(၂) မြေဆွေးဘာကြောင့်သုံးရသလဲ၊

(၃) သင်တန်းသားများမည်သည့်မြေဆွေးမျိုးကိုသိသလဲ၊

၂။ ၄င်းတို့ထင်မြင်ချက်ကိုစာရွက်ကြီးပေါ်တွင်ရေးပါ။

၃။ အချို့ထင်မြင်ချက်များကို သင်တန်းသားများ၏ လေ့ကျင့်ခန်းစာအုပ်မှ လေ့ကျင့်ခန်း ၈.၈ လေ့လာစေပါ။ (၁၀မိနစ်)

## လေ့ကျင့်ခန်း (၈.၉) မြေဆွေးပြုလုပ်ခြင်းနှင့်ဘာကြောင့်မြေဆွေးသုံးသလဲ၊

### မြေဆွေး၏အဓိပ္ပါယ်

မြေဆွေးသည်အစိုနှင့် အခြောက်ရောထားသော သဘာဝပစ္စည်းများကို အပူချိန်များများနှင့် အချိန်ကာလ အတိုင်းအတာ တစ်ခုထားပြီး အချဉ်ဖောက်ကာ ကောင်းစွာဆွေးမြေ့သော အရာဖြစ်သည်။ ၎င်းတွင်အာဟာရနှင့် အကျိုးပြုအဏုဇီဝ များပါဝင်ပြီး မြေတွင်ထည့်သွင်းအသုံးပြုနိုင်သည်။

မေးခွန်း - မြေဆွေးဘာကြောင့်သုံးရသလဲ၊

(၁) အာဟာရနှင့် မရှိမဖြစ်လိုအပ်သောအဏုဇီဝများပါဝင်သည်။

(၂) မြေသားကောင်းမွန်စေပြီး လေနှင့်ရေကိုထိန်းထားပြီး အပင်ကြီးထွားစေသည်။

(၃) ရေစီးရေလာကောင်းပြီး အစိုဓါတ်မများစေဘဲ သီးနှံမပျက်စီးစေပါ။

(၄) အပင်နှင့်မြေထဲတွင်ရောဂါနည်းစေသည်။

မေးခွန်း။ ။ မြေဆွေးအမျိုးအစားဘယ်လောက်ရှိသလဲ၊

အဓိက နှစ်မျိုးနှစ်စားရှိသည်။

(၁) အကျိုးပြုအဏုဇီဝ (EM)ဘိုကာရှီမြေဆွေး - လုပ်ဆောင်ပြီး ၃ပတ်ကြာလျှင် စတင်အသုံးပြုနိုင်သည်။

(၂) သဘာဝမြေဆွေး - လုပ်ဆောင်ပြီး (၃ - ၆)လကြာလျှင် စတင်အသုံးပြုနိုင်သည်။

အခြားအမျိုးအစားများ -

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

..........................................................................................................................................

### အားလုံးပါဝင်ဆောင်ရွက်ရန်

၄။ သင်တန်းသားများအား ဘိုကာရှီမြေဆွေးပြုလုပ်ရမည်ကို ပြောပါ။ မိမိတို့ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံ စိုက်ခင်းတွင်နောက် (၃ - ၄) ပတ်ကြာလျှင် သုံးနိုင်မည်ဖြစ်သည်။

၅။ လေ့ကျင့်ခန်း ၈.၁၀ တွင် ဘိုကာရှီမြေဆွေးပြုလုပ်နည်းကိုရှင်းပြပါ။

## လေ့ကျင့်ခန်း (၈.၁၀) အီးအမ် (EM) ဘိုကာရှီမြေဆွေးပြုလုပ်နည်း

၁။ ၁/၄ ဧက ( ၀.၀၆ဧက ) အတွက်အီးအမ်(EM) ဘိုကာရှီမြေဆွေးပြုလုပ်နည်းအဆင့်ဆင့်။

အချိန်ကာလ။ မြေဆွေးကို၃ပတ်ကြာဆွေးစေပြီးအသုံးပြုနိုင်မည်။

လိုအပ်သောပစ္စည်းများ

| | | |
|---|---|---|
| စပါးခွံ | - | ၂အိတ် |
| နွားချေး | - | ၂အိတ် |
| ဖွဲနု | - | ၁အိတ် |
| အသင့်သုံး EM | - | ၁လီတာ |
| တင်လဲရည် | - | ၁လီတာ |
| ရေ | - | ၄၀ % အစိုဓါတ် |

## ပြုလုပ်နည်း

၁။မြေဆွေးပုံမည့်နေရာသည် နေရာကျယ်ပြီး ရေမဝပ်ရ၊ အရိပ်ကျသောနေရာဖြစ်ရမည်။ တစ်ဧကအတွက် ပိဿာ ၆၀၀ မြေဆွေးလိုအပ်မည်။

၂။ မြေဆွေး မပြုလုပ်မီ မြေကြီးကို ရေဝအောင်လောင်းထားပါ။ မြေခြောက်ပါက မြေဆွေးမှ အစိုဓါတ်ကို စုပ်သွားပြီး မအောင်မြင်တတ်ပါ။

၃။ စပါးခွံကိုမြေပေါ်ဖြန့်ပါ။ နွားချေးနှင့်ဖွဲနုကိုရောနယ်ပါ။

၄။ အီးအမ်(EM)နှင့် တင်လဲရည်ရောပြီး အပုံပေါ်လောင်းပါ။ နှံ့စပ်အောင်မွှေပေးပါ။

၅။ ရေကို အစိုဓာတ် ၄၀% ရအောင်ထည့်ပါ။ ၎င်းအရောကိုလက်ဖြင့် ဆုပ်ကြည့်ပါက လက်ကြားမှရေစီးကျသည်အထိ ရေမများရ၊ လက်ဖျန့်လိုက်လျှင် မြေလုံးမကွဲရုံမျှသာ ရေထည့်ပါ။

၆။ မြေဆွေးပုံကိုပလပ်စတစ်အမဲ သို့မဟုတ် တာပေါ်လင်ဖြင့် လေလုံအောင်ဖုံးပါ၊ အဏုဇီဝများ သည် အလင်းရောင် မကြိုက်ပါ။ ပလပ်စတစ်သည် အာဟာရများဆုံးရှုံးမှုကို ကာကွယ်သည်။

၇။ လေမဝင်အောင်ပလပ်စတစ် သို့မဟုတ် တာပေါ်လင်စအနားများကို သေချာစွာဖုံးပါ။ အဏုဇီဝများသည် လေမဲ့ အချိန်တွင်ပိုပွားသည်။

၈။ ဘိုကာရှီမြေဆွေး ခြောက်လာပါက ၁၀ရက် တကြိမ် ရေဖျန်းပေးပါ။

၉။ ဘိုကာရှီသည် အချဉ်ဖောက်စဉ် ပူလာပြီးအဖြူရောင်။မီးခိုးရောင်နှင့် ဘီယာ အရက်အနံ့ထွက်လာမည်။

၁၀။ ဘိုကာရှီမြေဆွေးသည်၃ပတ်ပြည့်လျှင်အသုံးပြုရန်အဆင်သင့်ဖြစ်မည်။

၁၁။ ဘိုကာရှီကိုချက်ခြင်း အသုံးမပြုသေးလျှင် ပလပ်စတစ်အိတ်တွင်ထည့်ကာ အေး၍အရိပ်ရပြီး ခြောက်သွေ့သောနေရာတွင် ၆လ အထိထားနိုင်သည်။

၆။ သင်တန်းသား အားလုံးကို သဘာဝစွန့်ပစ်ပစ္စည်းဖြင့် မြေဆွေးပြုလုပ်ရမည်ကို ပြောပါ။ ၎င်းမြေဆွေးသည် ဆွေးမြေ့ရန် (၃-၆) လကြာမည်ဖြစ်ပြီး အလုပ်များသည်။ လယ်သမားအများစုသည် ဘိုကာရှီမြေဆွေးကိုပိုမို နှစ်သက် သည်။ အဘယ်ကြောင့်ဆိုသော် အချိန်ကုန်သက်သာသည်။ အကယ်၍ EM နှင့်အခြားပစ္စည်းများ မရှိပါက၊ သဘာဝမြေဆွေးကို မိမိတို့ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပြုလုပ်နိုင်ပြီး အခြားပစ္စည်းများကိုဝယ်ရန် မလိုပါ။

## လေ့ကျင့်ခန်း (၈.၁၁) သဘာဝစွန့်ပစ်ပစ္စည်းဖြင့် မြေဆွေးပြုလုပ်နည်း။

### အသုံးပြုရမည့် ပစ္စည်းများ

ကောင်းမွန်သောမြေဆွေးရရှိရန် ဟောင်းပြီးမာသော အပင်အကြွင်းအကျန်ပစ္စည်းများ (အညိုပစ္စည်း)ကို နုနယ်ပြီး အရည်ရွှမ်းသော (အစိမ်းရောင်ပစ္စည်း) နှင့်ရောပြီးသုံးပါ။ အစိမ်းရောင်နှင့် အညိုရောင် တစ်ဝက်စီ ထုထည်ပါရမည်။ သင့်တွင်ရှိသော ပစ္စည်းအရည်အသွေးနှင့် အရေအတွက်ပေါ် မူတည်ပြီးသုံးနိုင်သည်။

အသုံးပြုရန်အခြေကို(၆ပေ × ၆ပေ) ပတ်လည်မြေနေရာတွင်အမြင့် ၁ပေရအောင်တုတ်ချောင်းခံထားပါ။ ၄င်းသည် လေဝင်လေထွက်ကောင်းစေပြီး ရေမမြုပ်စေရန် ဖြစ်ပါသည်။

၁။ မြေဆွေးပုံကိုရေမဝပ်ရန်ဘောင်အမြင့်မှာပြုလုပ်ပါ။

၂။ သဘာဝပစ္စည်းများတစ်လွှာချင်းစီပါ။ တစ်လွှာလျှင် ၆'' - ၁၀'' အထူ ရှိသင့်သည်

၃။ ပထမအလွှာကို မာကြောပြီးအသားမာသော ပစ္စည်းများထားပါ။ လေဝင်လေထွက်နှင့် ရေစီးကောင်းစေရန် ဖြစ်သည်။ ဥပမာ - သစ်ကိုင်း။

၄။ လေဝင်လေထွက်ကောင်းအောင် နောက်တစ်လွှာကို မာပြီးမဆွေးလွယ်သော ပစ္စည်းများ (အညိုရောင်) ကို ပုံပါ၊ ဥပမာ။ ကောက်ရိုး၊ စပါးခွံ သို့မဟုတ် ပြောင်းရိုးနှင့်အရွက်

၅။ အပင်ပစ္စည်းများဖုံးအောင် တိရစ္ဆာန်ချေး(အစို) ထည့်ပါ။

၆။ အစိမ်းရောင်ပစ္စည်းများထည့်ပါ။ (အလွယ်တကူဆွေးနိုင်သော လတ်ဆတ်သောမြက်၊ အရွက်၊ ဟင်းသီး ဟင်းရွက် နှင့် အသီးခွံများ)။

၇။ ဆွေးမြေခြင်းမြန်စေရန်ပြာနှင့် နွား / ကြက် ချေး ကိုလည်း၄င်းအပေါ်ဖျန်းပေးနိုင်သည်။

၈။ ပထမအလွှာမှအပ အခြားပစ္စည်းအလွှာများကိုဆက်လက်ပြုလုပ်ပါ။ အပုံအမြင့် (၃ပေ - ၃ပေခွဲ) ရအောင်၊နောက်ဆုံး အလွှာကိုအစိမ်းရောင်ရှိအပင်အရွက် ပစ္စည်းများဖြင့် ဖုံးအုပ်ထားပါ။




မြေဆွေးပုံအလွှာများ

### လက်တွေ့လုပ် ဆောင်ချက် (၂၅ မိနစ်)

၁။ သင်တန်းသားများကို ၈ ယောက်ပါ သုံးအုပ်စုဖွဲ့ပါ။ တစ်ဖွဲ့လျှင် လယ်သမားကွင်းသင်တန်းကျောင်း (FFS) သရုပ်ပြ လယ်သမားတစ်ဦးစီ ဆောင်ရွက်ခိုင်းပါ။ သင်တန်းသားများသည် လယ်သမားကွင်း သင်တန်းကျောင်း (FFS) တစ်လျှောက်လုံး သရုပ်ပြအကွက်တွင် လက်တွေ့လုပ်ငန်းများပြုလုပ်ရမည်ကိုပြောပါ။ နောက်ဆုံး လယ်သမားကွင်းသင်တန်းကျောင်း (FFS) ဆန်းစစ်သောအခါ မည်သည့် သရုပ်ပြအကွက်က အကောင်းဆုံး ဆိုတာ ပြိုင်ရမည်ဖြစ်ကြောင်းပြောပါ။

ဘိုကာရှိမြေဆွေး လုပ်ဆောင်ချက်သုံးဖွဲ့အတွက် ပစ္စည်းများပေးရန် အဆင်သင့်ပြုလုပ်ထားပါ။ ပြုလုပ်နည်းကို လယ်သမားတစ်ဦးအား ဖိတ်ခိုင်းပါ။ ကျန်သော တောင်သူများမှ လက်တွေ့လုပ် ဆောင်စေပါ။

**လုပ်ဆောင်ချက် (၁၂) သင်ခန်းစာကိုအကျဉ်းချုံးပါ။ (၅မိနစ်)**

- သင်ခန်းစာ၏ အဓိက အချက်များ အတိုချုပ် ပြန်လည် သုံးသပ်ပါ။

**လုပ်ဆောင်ချက် (၁၃) သင်ခန်းစာကိုသုံးသပ်ပါ။ (၅မိနစ်)**

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

**လုပ်ဆောင်ချက် (၁၄) နောက်သင်ခန်းစာခေါင်းစဉ်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူ။ (၅ မိနစ်)**

**အားလုံး ပါဝင်ဆောင်ရွက်ရန်**

နောက်သင်ခန်းစာအချိန်အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာနှင့်အချိန်ကိုအသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းအချိန်နှင့် အမှန်တကယ် ကိုက်ညီသူသာ သင်တန်းလာတက်ရန်ပြောပါ။ အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသောသူများကိုသာ သင်တန်းသို့လာစေချင်ကြောင်း သင်တန်းသားများအား ပြောပါ။ သို့မှသာ သင်တန်းမှသင်လိုက်သော အချက်အလက်များကိုတိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာ အသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦး လက်တွေ့ လုပ်မည့်သူကတစ်ဦးဖြစ်နေပါက လက်တွေ့လုပ်မည့်တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက်အမှားများ ရရှိခြင်း စသော အခက်အခဲများ ကြုံတွေ့နိုင်သည်။

**မှတ်ချက်**

မှတ်စုစာအုပ်များတွင်အိမ်စာများကိုကြည့်ပြီးနောက်သင်တန်းအစည်းဝေးများသို့ယူလာပါ။သင်တန်းဆရာကိုပြပြီးအားလုံးမှန်မှန်ဖြည့်ပြီးကြောင်းနှင့်၎င်းတို့လုပ်ငန်းများ မည်ကဲ့သို့ ဆောင်ရွက်နေကြောင်းကိုပြပါ။

**သင်ခန်းစာအခန်း (၉) မစိုက်ပျိုးမီ ပြင်ဆင်ခြင်း**

အချိန် – ၃နာရီ (သင်တန်းခန်းမတွင်)

**ခေါင်းစဉ်များ**

ယခင်သင်ခန်းစာများကို ပြန်လည်သုံးသပ်ခြင်း၊ လွန်ခဲ့သည့်နှစ်မှစိုက်ပျိုးမှုရလဒ်များအား ပြန်လည်လေ့လာခြင်း၊

မြေပြုပြင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေအောင်းရောဂါပိုး ကာကွယ်နှိမ်နင်းခြင်း၊ ပျိုးခင်းပြင်ဆင်ခြင်း

**ရည်ရွယ်ချက်များ**

ဤသင်တန်းအပြီးတွင်သင်တန်းသားများသည် –

၁။ ယခင်သင်ခန်းစာများကို ပြန်လည်သုံးသပ်ရန်။

၂။ လွန်ခဲ့သည့်နှစ်မှ စိုက်ပျိုးမှုရလဒ်များ ပြန်လည်လေ့လာရန်။

၃။ မည်ကဲ့သို့ မြေပြုပြင်မည်ကို အစီအစဉ်ဆွဲထားရန်။

၄။ ပျိုးခင်းပြင်ဆင်ခြင်းနှင့် ပျိုးပင်ပြုစုနည်း သိရှိရန်။

လိုအပ်သောပစ္စည်းများ – သင်ပုန်း၊ မာကာပင်၊ တိတ်။

လုပ်ဆောင်ချက် ၁။ ယခင် သင်ခန်းစာ ခေါင်းစဉ်ကိုသုံးသပ်ရန်။ (၁၀မိနစ်)

၁။ သင်တန်းသားများအား ယခင်သင်ခန်းစာမှ ဘာတွေလေ့လာခဲ့သည်ကို မေးရန် ၄င်းတို့ထင်မြင်ချက်များကို စာရွက်ကြီးပေါ်ရေးခိုင်းပါ။ (၈မိနစ်)

(၁) မှတ်တမ်းစာအုပ် ရည်ရွယ်ချက်

(၂) မှတ်တမ်းစာအုပ်ထားရန် ဘယ်လိုပြုလုပ်မလဲ

(၃) မြေဆွေးပြုလုပ်ခြင်း

၂။ သင်တန်းသားများကို သူတို့စာအုပ်များမှ မာတိကာကို ဖွင့်ရန်နှင့် ဤသင်ခန်းစာမှအကြောင်းအရာများကို အသံ ကျယ်ကျယ်ဖြင့်ဖတ်စေပါ။ (၂မိနစ်)

**လုပ်ဆောင်ချက် (၂) မြေပြုပြင်ခြင်း။ (၃၀မိနစ်)**

**အားလုံးဆွေးနွေးရန်**

၁။ အဖြေရှာရန် – မတူညီသော ထွန်ယက်နည်းအမျိုးမျိုးကို သိပါသလား၊

ထင်မြင်ချက်များကို စာရွက်ကြီးပေါ်တွင် ရေးခိုင်းပါ။ (ဥပမာ – လူနှင့်နွား၊ လက်တွန်းထွန်စက်၊ လင်ဗန်းထယ်၊ ဓါးစက်၊ တိုက်ရိုက်ကြောင်းဆွဲခြင်း (၂မိနစ်)

အဖွဲ့ငယ်များ

၂။ အဖွဲ့ငယ်များဖွဲ့ပြီး (တဖွဲ့ကို) နည်းတစ်ခုစီ၏ အားနည်းချက် အားသာချက်များကို ဆွေးနွေးပါ။ ၁၀မိနစ် ကြာပြီး နောက် သင်တန်းသားအားလုံးကို တင်ပြရန်ပြောပါ။

၃။ တောင်သူ့လက်စွဲစာအုပ် လေ့ကျင့်ခန်း၉.၁ ကို ရည်ညွှန်း၍ စာရင်းထဲမပါလျှင် တောင်သူတို့၏ ထင်မြင်ချက်များ ထပ်ဖြည့်ခိုင်းပါ။ (၁၃မိနစ်)

လေ့ကျင့်ခန်း (၉.၁) ထွန်ယက်နည်းများ - အားသာချက်၊ အားနည်းချက်များ။

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| လက်ဖြင့်<br>တန်ဖိုးနည်းကိရိယာများ၊ ထွန်ယက်စဉ်မြေကို သေချာ လေ့လာနိုင်သည်။ | လက်ဖြင့်<br>လုပ်အားများစွာလို၊ အလုပ်ကြမ်း၊ အချိန်ကြာ၊ ထယ်ရေး နက်နက်မရ။ |
| နွားဖြင့်<br>မိသားစုအများစုတွင် နွားနှင့် ထယ်ထိုးထွန်မွှေရန် ကိရိယာများရှိသည်။<br>နွားချေးကို မြေဩဇာအဖြစ်သုံးနိုင်သည်။ | နွားဖြင့်<br>ထယ်ရေးပြင်ချိန်တွင် နွားထိန်းရတာ အလုပ်ခက်ခဲခြင်း၊<br>တိရစ္ဆာန်ကျွေးရတာအလုပ်များခြင်း တစ်နှစ်လုံးကျွေးပြီး ဓာတ်သာသုံးရခြင်း၊<br>နွားကို အိမ်နားထားလျှင် လူကျန်းမာရေး ထိခိုက်နိုင်ပြီး ယင်ကောင်၊ နွားချေး နှင့် သေးမှည့်စည်မ်းမှ ဖြစ်စေသည်။ |
| လက်တွန်းထွန်စက်<br>စီးပွားဖြစ်လယ်သမားအတွက်ဈေးမကြီးခြင်း၊ သယ်ယူရ လွယ်ခြင်း၊<br>မြန်မြန်လုပ်နိုင်ခြင်း၊ အကျိုးဖြစ်ထွန်းခြင်း၊ ပူးပေါင်း ဆောင်ရွက်ရန်ဈေးမကြီးခြင်း၊<br>ဈေးသက်သာစွာ နှင့် ငှားရမ်းနိုင်ခြင်း။ | လက်တွန်းထွန်စက်<br>အချို့လယ်သမားအတွက် ဈေးများခြင်း၊ ပြင်ဆင်ရန် အတွက်ငွေလိုအပ်ခြင်း၊<br>လောင်စာဆီအတွက်ငွေလို အပ်ခြင်း။ |
| လင်ဗန်းထယ်စက်<br>မြေကြီးတွင် ရေဆုံးရှုံးမှုနည်းစေရန် အပင်အကြွင်း အကျန်များထားရှိနိုင်ခြင်း။ | လင်ဗန်းထယ်စက်<br>မြေသားပျက်စီးသည်။<br>မြေစိုတွင်သိပ်သွားသည်။ |
| ဓါးစက်၊ ထွန်စက်<br>မာသောမြေသားကိုပွစေပြီး ကောင်းသော ပျိုးဘောင် ကိုကောင်းစွာပြင်ဆင်နိုင်သည်။<br>သစ်ဆွေးမြေဩဇာများ သမအောင်ကူညီပေးနိုင်သည်။<br>မြေအောင်းပိုးများကိုလျော့နည်းစေသည်။ | ဓါးစက်၊ထွန်စက်<br>မြေသားမကောင်းလျှင် မြေသိပ်သွားသည်။<br>မြေသားစိုချိန်တွင် ထယ်ရေးပြင်ပါက မြေသိပ်ပြီး အပေါ်ကြောတင်းသွားနိုင်သည်။ |
| တိုက်ရိုက်အစေ့စိုက်<br>မြေသားနှင့် အစိုဓါတ်ထိန်းနိုင်သည်။<br>ပေါင်းစေ့များ မျိုးစေ့ နှင့် အတူရောမပါ၍ ပေါင်းကို လျော့နည်း စေသည်။ | တိုက်ရိုက်အစေ့စိုက်<br>အပင်အကြွင်းအကျန်များဆွေးမြေ့မှုနှေးသဖြင့် ရောဂါများသည်။<br>မာသောအပေါ်ရှိမြေသားကြောင့် အမြစ်ထိုးဖောက်နိုင်မှု နည်း။ |



လင်ပန်းထွန်စက်



မြန်မာနွားထယ်



၂ ဘီး လင်ပန်းထွန်စက်



ဒါးစက်၊ ထွန်စက်



တိုက်ရိုက်စိုက် စက်ငယ်



တိုက်ရိုက်စိုက် စက်ကြီး

**၄။ အားလုံးပါဝင်ရန်လုပ်ငန်း။ မြေပြင်ခြင်းအဆင့်များ**

ထွန်ယက်ခြင်းအဆင့်များ အကြံပြုချက်နှင့် အကြောင်းပြချက်များကို ကြည့်ပြီး လေ့လာရန်နှင့်နည်းများကို အသေးစိတ် ဆွေးနွေးပါ။ လယ်သမားများအား ခေါင်းစဉ်များကို ဖတ်ခိုင်းခြင်းဖြင့် ၎င်းတို့ကိုတက်ကြွစွာပါဝင်စေပါ။ (၁၅မိနစ်)

**လေ့ကျင့်ခန်း ၉.၂။ မြေပြင်ခြင်းအတွက်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းအဆင့်များ**

| အကြံပြုချက်များ | ပြုလုပ်ရခြင်းအကြောင်းများ |
|---|---|
| ၁။ လယ်ယာသုံးကိရိယာများကို မသုံးမီသန့်ရှင်း ပါ။ | ၁။ ရောဂါများတစ်နေရာမှတစ်နေရာသို့ ကူးပြောင်းမှုကို တားဆီးပေးသည်။ |
| ၂။ ပေါင်းများကို ရှင်းပြီး တပတ်ခန့် အခြောက်ခံ ပါ။ | ၂။ တပတ်ခြားပြီးခြောက်သွေ့သော မြေသည် ထွန်ယက်ရန် လွယ်သည်။ |
| ၃။ အကယ်၍ ကောင်းမွန်သော အပေါ်ယံ မြေ ဖြစ်ပါက ထယ်မထိုးဘဲ တိုက်ရိုက် စိုက်နိုင်သည်။ | ၃။ ၎င်းနည်းသည် မြေဩဇာထက်သန်မှု နည်းသော အောက်ခံမြေသားနှင့်ရောမနေခြင်း ကြောင့် အပင်မှ အာဟာရများ ကို စုပ်ယူနိုင်သည်။ |
| ၄။ ပုံမှန်အားဖြင့် ထယ်ကို(၆ - ၈) လက်မ အကြမ်း ထိုးပြီး (၇ - ၁၄)ရက်မြေလုပ်ထားပါ။ | အပေါ်ယံမြေသည် အဏုဇီဝနှင့် အာဟာရများစွာ ရှိသော ကြောင့် အာဟာရနည်းသော အောက်ခံမြေနှင့် သမပြီး နေရောင်ပြခြင်းဖြင့် မြေထဲရှိ ပိုးရောဂါများကို သေစေသည်။ |

လုပ်ဆောင်ချက် ၃ စည်းရိုးကာခြင်း။
အားလုံးဆွေးနွေးရန်။

၁။ သင်တန်းသားများအား "စည်းရိုးကာခြင်းသည် ဘာကြောင့်အရေးကြီးသလဲ" ဟုမေးပါ။ ဆွေးနွေးပြီး နောက်စာရွက်ကြီးပေါ်တွင် ရေးချပါ။

၂။ လေ့ကျင့်ခန်း ၇.၄ နှင့် ၇.၅ ဇယားကို ကြည့်ပါ။ (၁၀မိနစ်)

## လေ့ကျင့်ခန်း (၉.၃) ဘာကြောင့်စည်းရိုးကာရန်အရေးကြီးသလဲ၊

စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အကြောင်းပြချက်များ၊

၁။ တိရစ္ဆာန်များဖျက်စီးခြင်းမှကာကွယ်ရန်။

၂။ တိရစ္ဆာန်များမှတစ်ဆင့် ပိုးရောဂါကူးစက်မှုကို ကာကွယ်ရန်။

၃။ ဆေးဖျန်းထားသောကွင်းသို့ ကလေးနှင့်အခြားသူများ ဝင်ရောက်ခြင်းကြောင့် ရောဂါကူးစက်မှု ဖြစ်ခြင်းမှ ကာကွယ်နိုင်ရန်။

၄။ ကလေးများအလွယ်တကူ မဝင်ရောက်နိုင်သောနေရာ၌ အမှိုက်များပစ်ရန် ပြုလုပ်ထားပါ။ (ပလပ်စတစ်အိတ်၊ ဆေးဘူးခွံစသည်)နှင့် လုပ်သားများကျန်းမာရေးနှင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်ကင်းအောင် ပုံမှန်အမှိုက်များ ကိုပစ်ပါ။

၅။ ---------------------------------------------------------------

၆။ ---------------------------------------------------------------

၇။ ---------------------------------------------------------------

၈။ ---------------------------------------------------------------

၉။ ---------------------------------------------------------------

၁၀။ ---------------------------------------------------------------

## လေ့ကျင့်ခန်း (၉.၄) စည်းရိုးကာရံနည်း နှင့် ၄င်းတို့၏ အားသာချက်၊ အားနည်းချက်များ။

| စည်းရိုးကာရံ ပစ္စည်းများ | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| ဝါးဖမ်းပိုက်အဟောင်း | ပိုက်စိပ်သည်ကောင်းစွာအကာအကွယ် ပေးသည်။ ကာရန် လွယ်ကူသည်။ | ရရှိရန်အနည်းငယ်ခက်သည်၊ ဈေးအနည်း ငယ်ကြီးသည်။ |
| ဝါး | တောတွင်းနှင့် အိမ်အနီးနားတွင် ရရှိ နိုင်သည်။ | ဖြတ်ရန်နှင့်ကာရန်အလုပ်ရှုပ်ပြီး အချို့နေရာတွင် ဈေးကြီးသည်။ |
| အပင်စည်းရိုး | အသီးအရွက်၊စားစရာ၊ မြေသြဇာ နှင့် ထင်းရသည်။ | ထိန်းသိမ်းရန် လိုအပ်သည်၊ အရိပ်ကျနိုင် သည်။ မြေမှအာဟာရများ စားသုံးသည်။ |
| အခြားအကြံပြုချက်များ | | |
| ကျေးလက်စည်းကမ်းနှင့် တိရစ္ဆာန်များဝင်ရောက်ခြင်းကို အရေးယူရန် | ဗီယက်နမ်မှာကဲ့သို့တိရစ္ဆာန်များ လွှတ်ကျောင်းခြင်းဆိုင်ရာ ဥပဒေများထားရှိရန်။ | |



ငါးစည်းရိုး



မြေနိမ့်ချယ်ရီပင်စိုက်၍ ကာရံထားခြင်း

မှတ်ချက် ။ ။ လယ်သမားများသည်မြေနိမ့်ချယ်ရီပင် ကဲ့သို့သောအကြီးမြန်ပြီး နိုက်ထရိုဂျင်ရသော အပင်ကိုစိုက်ရန် စဉ်းစားသင့်သည်။ ထိုအရွက်ကိုမြေဩဇာအဖြစ်လည်းကောင်း၊ အပွင့်ကိုစားသုံးရန်အဖြစ်လည်းကောင်း၊ ခုတ်ထားသော အကိုင်းများကို ထင်း အဖြစ်လည်းကောင်း သုံးနိုင်သည်။

**လုပ်ဆောင်ချက် (၄) မြေအောင်းရောဂါများကာကွယ်ရန်။ (၁၅မိနစ်)**

၁။ အားလုံးဆောင်ရွက်ရန်။ မြေဆောင်ရောဂါများကိုမိတ်ဆက်ခြင်း။

အောက်ဖော်ပြပါမေးခွန်း (၃) ခုအကြောင်းကိုအချင်းချင်း ပြန်လည်ဆွေးနွေးစေပါ။ အကြံဉာဏ်များကို စာရွက်ကြီး ပေါ်တွင်ချရေးစေပါ။

(၁) သင်မြေဆောင်ရောဂါအကြောင်း ဘာသိသလဲ၊

(၂) မြေဆောင်ရောဂါများသည် မည်သည့်ပြဿနာများ ဖြစ်စေသနည်း

(၃) မြေဆောင်ရောဂါများကို မည်ကဲ့သို့ကာကွယ်မည်နည်း။

၂။ GAP ကာကွယ်နည်းကို လေ့လာ၍သင်တန်းသားများ ဆွေးနွေးပြီး မပါသေးသောအချက်များရှိက ရေးထည့်ရန်။

**လေ့ကျင့်ခန်း (၉.၅) မြေဆောင်ရောဂါများကို GAP နည်းဖြင့်ကာကွယ်နည်း။**

**သဘာဝနည်းနှင့်ကာကွယ်ခြင်း**

၁။ မစိုက်မီ ၁၄ရက်တွင် ထယ်ထိုးပြီး နေရောင်ခြည်ဖြင့်ပိုးရောဂါများနှိမ်နင်းပါ။

၂။ နွေရာသီတွင် ပလပ်စတစ်အမည်း နှင့် ၂ပတ်ကြာဖုံးထားလျှင် အချို့ရောဂါပိုးများသေစေသည်။

၃။ ထရိုင်ကိုဒါးမားအဏုဇီဝများကို မြေတွင်ထည့်ပေးပြီး ဆိုးဝါးသော မှိုရောဂါများကို ကာကွယ်ပါ။

**ဘက်စုံနည်းဖြင့် – ရောဂါကာကွယ်ခြင်း**

၁။ ရောဂါကျရောက်နေသောဧရိယာမှ သန့်ရှင်းသောနေရာသို့သင့်ဖိနပ်များ၊ ကိရိယာများကို ရေမဆေးဘဲမသွားရ။

၂။ သီးနှံတွင်ပေါင်းကင်းစေပါ။ အချို့ပေါင်းများသည်စိုက်ပျိုးသီးနှံအတွက် ရောဂါလက်ခံပင် ဖြစ်စေသည်။

၃။ အပူချိန်မြင့်ဖြင့် ပြုလုပ်ထားသော မြေဆွေးများကိုသာသုံးပါ။

၄။ မြေဖုံးခြင်းအားဖြင့် ရေစင်ခြင်းကို ကာကွယ်ပေးသည်။

၅။ ရေစီးရေလာကောင်းအောင် ဘောင်အမြင့်များသုံးပါ။

၆။ တတ်နိုင်ပါက အစက်ချရေသွင်းနည်းသုံးပါ။

၇။ ရောဂါခံနိုင်သောမျိုးစေ့များသုံးပါ။ စပ်မျိုးများသည်ရောဂါဒဏ် ခံနိုင်သည်။

၈။ စံပြောင်းပေးခြင်းဖြင့် အချို့ရောဂါများ သက်သာစေသည်။ ဥပမာ – ဂေါ်ဖီထုပ်တွင် ကျရောက်သော တင်းပုတ်ရောဂါ နှင့် ခရမ်းချဉ်တွင်ကျရောက်သော ပင်ညိုးရောဂါ။

၉။ မြေသြဇာများလွန်း၊ နည်းလွန်းလျှင်လည်း အပင်တွင်ရောဂါပြဿနာဖြစ်နိုင်သည်။

### ဓါတုကာကွယ်နည်း

၁။ မျိုးစေ့ကို မှိုသတ်ဆေးလူးခြင်းဖြင့် အပင်ငယ်စဉ်ခါးရိရောဂါကို ကာကွယ်သော်လည်း အပင်ကြီးများ အတွက် မကာကွယ်နိုင်ပါ။

၂။ မှိုသတ်ဆေးဖြင့်မြေကို လောင်းခြင်းသည် အမြစ်ပုပ်နှင့် ခေါင်းပုပ်ရောဂါကာကွယ်သော်လည်း မကြာခဏပြုလုပ် ရမည်။

၃။ အချို့ဓါတုဆေးများသည် မြေတွင်း အငွေ့ပျံ့သွားတတ်သည်။ နီမတုတ်ကိုကာကွယ်ရန် သုံးသော်လည်း အလွန် အဆိပ်ပြင်းသည်။

### အခြားအကြံပြုချက်များ

..............................................................................................................................................................

..............................................................................................................................................................

### လုပ်ဆောင်ချက် (၅) ပျိုးဥယျာဉ်ပြင်ဆင်ခြင်း။ (၃၀မိနစ်)

### အားလုံးဆွေးနွေးပွဲ

၁။ အချင်းချင်းအကျေအလည် ဆွေးနွေးစေပါ။ လယ်သမားများသည် စိုက်ခင်းအတွင်း တိုက်ရိုက်စိုက်ခြင်းမှ ပျိုးပင်များ ပျိုးထောင်ခြင်းများကို ဘာကြောင့်ပြောင်းလဲ လုပ်ဆောင်ကြသလဲ၊ မိမိတို့ ယူဆချက်များကို စာရွက်ကြီးပေါ် ရေးချပါ။ (၅မိနစ်)

၂။ လေ့ကျင့်ခန်း ၉.၆ ကိုရည်ညွှန်းပါ။

### လေ့ကျင့်ခန်း (၉.၆) တိုက်ရိုက်စိုက်ခြင်းမှ ပျိုးခင်းတွင် ပျိုးထောင်စိုက်နည်းသို့ ပြောင်းရခြင်းအကြောင်းများ။

၁။ မျိုးစေ့လိုအပ်မှုနည်း၍ အရည်အသွေးကောင်းမျိုးစေ့ကို ဝယ်သုံးနိုင်သည်။

၂။ ပျိုးခင်းတွင် စိုက်ခင်းထက် ရေလိုအပ်မှုနည်း၍ ရေဖိုးသက်သာသည်။

၃။ ပူပြင်းသောရာသီတွင် ပျိုးပင်များကို အရိပ်၃၀% အောက်တွင်ထားခြင်းဖြင့် ကာကွယ်ပေးမှုကို အလွယ်တကူ လုပ်ဆောင်နိုင်သည်။

၄။ ပျိုးခင်းမှ ပျိုးပင်များကိုပိုးများဖျက်ဆီးခြင်းမှ လွယ်ကူစွာကာကွယ်ပေးနိုင်သည်။

၅။ အပင်ပေါက်ခြင်းနှင့်ကြီးထွားခြင်းကို ပိုကောင်းစေသည်။

၆။ မိုးရာသီတွင် သုံးပတ် ကြိုတင်ပျိုးထောင်ထားနိုင်ခြင်းကြောင့် စောစောရိတ်သိမ်းနိုင်ပြီး ဈေးကောင်းရသည်။

၇။ သန်မာသောပျိုးပင်များသာ ရွှေ့ပြောင်းသဖြင့် စိုက်ခင်းတွင်အောင်မြင်မှုပိုရသည်။

၂။ အောက်ပါဇယားတွင်မည်သည့်အပင်ကို တိုက်ရိုက်စိုက်နှင့် မည်သည့်အပင်ကို ရွှေ့ပြောင်းစိုက်နိုင်သည် (သို့မဟုတ်) နှစ်မျိုးလုံးစိုက်နိုင်သည်ကိုလေ့လာပါ။ (၅မိနစ်)

**လေ့ကျင့်ခန်း (၉.၇) အပင်များနှင့်သင့်တော်သောစိုက်ပျိုးနည်း။**

| အပင်များ | ရွှေ့ပြောင်း၊ တိုက်ရိုက်၊ နှစ်မျိုးလုံး |
|---|---|
| အုပ်စု - ၁ | |
| ၁။ ပဲတောင့်ရှည် | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၂။ ရုံးပတီ | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၃။ ကြက်သွန် | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၄။ မုန်လာဥနီ | တိုက်ရိုက် |
| အုပ်စု - ၂ | |
| ၅။ငရုပ် | ရွှေ့ပြောင်း |
| ၆။ခရမ်းချဉ် | ရွှေ့ပြောင်း |
| ၇။ခရမ်းသီး | ရွှေ့ပြောင်း |
| ၈။ခရမ်းကြွပ်သီး | ရွှေ့ပြောင်း |
| ၉။ နံနံပင် | တိုက်ရိုက် |
| အုပ်စု - ၃ | |
| ၁၀။ဂေါ်ဖီထုပ် | ရွှေ့ပြောင်း |
| ၁၁။ပန်းဂေါ်ဖီ | ရွှေ့ပြောင်း |
| ၁၂။ပန်းဂေါ်ဖီစိမ်း | ရွှေ့ပြောင်း |
| ၁၃။မုန်လာဥ | တိုက်ရိုက် |
| ၁၄။ကန်စွန်း | တိုက်ရိုက် |
| ၁၅။ပြောင်းချို | တိုက်ရိုက် |
| ၁၆။ မုန်ညှင်း | ရွှေ့ပြောင်း |
| အုပ်စု - ၄ | |
| ၁၇။ဘူး | တိုက်ရိုက် / ရွှေ့ပြောင်း |

| | |
|---|---|
| ၁၉။ခဝဲ | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၂၀။ကြက်ဟင်းခါး | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၂၁။သခွား | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၂၂။ဖရဲ | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၂၃။ဖရုံ | တိုက်ရိုက် / ရွှေ့ပြောင်း |
| ကွင်းသီးနှံ | |
| ၂၄။ မြေပဲ | တိုက်ရိုက် |
| ၂၅။ ငရုတ် | ရွှေ့ပြောင်း |
| ၂၆။ ပြောင်း | တိုက်ရိုက် |
| ၂၇။ ကြက်သွန် | တိုက်ရိုက် / ရွှေ့ပြောင်း |
| ၂၈။ ဖရဲ | ရွှေ့ပြောင်း |

အားလုံးပါဝင်ဆွေးနွေးရန်

၃။ လယ်သမားတစ်ဦးစီကို အောက်ပါဇယားမှ အပိုင်းအများကို ဖတ်ထားခိုင်းပါ။ (၂ မိနစ်)

လေ့ကျင့်ခန်း (၉.၈) ပျိုးဥယျာဉ်ကို မည်ကဲ့သို့တည်ထောင်ပြီး ထိန်းသိမ်းမည်နည်း

| အကြံပြုချက်များ | အကြောင်းပြချက်များ |
|---|---|
| ၁။ ရေရရန် သေချာသော၊ မြင့်သောနေရာ (သို့) အနည်းငယ် ဆင်ခြေလျောရှိသော နေရာကို ရွေးချယ် ပါ။ ပျိုးခင်းကို ခြံစည်းရိုးကာရံပေးပါ။ | ရေစီးလွယ်ပြီး ရေမဝပ်စေခြင်း၊ ခြံကာခြင်းဖြင့် အပင် ပျက်စီးမှုမှ ကာကွယ်ခြင်း၊ ရေသည် အပင်ကြီးထွား ရေးအတွက်မရှိမဖြစ်လိုအပ်ခြင်းတို့ကြောင့်ဖြစ်သည်။ |
| ၂။ ပျိုးဥယျာဉ်အနီးတွင် ငှက်ပျောနှင့် မာလကာပင်များ မရှိရ။ | ၄င်းအပင်များသည် ပိုးကောင်များအတွက် ခိုအောင်းရာ နေရာဖြစ်ပြီး ပျိုးပင်များကို ဖျက်ဆီးနိုင်သောကြောင့် ဖြစ်သည်။ |
| ၃။ ဒေသထွက်ပစ္စည်းများနှင့် ပျိုးစင်များ ပြုလုပ်ပါ။ |  |

<table>
<tr><td>၄။ အ၀တ်အရိပ် (သို့) မာလွန်စ (သို့) ထန်းလက်များ ကို အရိပ် ၃၀% ရအောင် မိုးပေးပါ။<br></td><td>တိုက်ရိုက်နေရောင်ခြည်သည် မြေကိုခြောက်သွေ့စေသည်။ အပူချိန်များပါက အပင်များကို နာစေသည်။ မိုးရေသည် ပျိုးပင်များအား လွင့်စင်စေနိုင်သည်။ အရိပ်များလွန်းလျှင် အပင်များ လိုပြီး အလင်းရောင် ကျရောက်မှုများလျှင် ပျိုးပင်များ ကောင်းစွာမကြီးထွားနိုင်ပါ။ လေ၀င်လေ ထွက်ကောင်းလျှင် အစိုဓာတ်နှင့် ရောဂါကျရောက်မှုကို လျော့နည်း စေသည်။<br><br>အရိပ်များလွန်း၍အပင်များခါးရှည်သည်။</td></tr>
<tr><td>၅။ ပျိုးခင်းပတ်လည်တွင် ပြာပက်ပေးပါ။</td><td>ပုရွက်ဆိတ်များသည် ပျိုးပင်များကို ဖျက်ဆီးနိုင်သည်။</td></tr>
<tr><td>၆။ ပျိုးပင်များကို အောက်တွင် ရေထွက်ပေါက်ပါ သော ပျိုးဗန်း၊ ပျိုးအိတ်၊ ၀ါးဆစ်ဘူး စသည်ဖြင့် ပျိုးပါ။</td><td>၎င်းနည်းဖြင့် အပင်များသည် အလင်းရောင်၊ အာဟာရနှင့် အမြစ်ကြီးထွား ရန် ယှဉ်ပြိုင်ခြင်းမရှိဘဲ ပျိုးပင်များကို အမြစ်မနာဘဲ စိုက်နိုင်သည်။</td></tr>
<tr><td>၇။ မြေဆွေးရောနှောခြင်းနှင့်မျိုးစေ့စိုက်ပျိုးခြင်း<br>(က) ကောင်းစွာဆွေးမြေ့နေသောနွားချေး၊ ဖွဲပြာနှင့် အပေါ်ယံမြေဆီလွှာ ကိုညီမျှစွာရောပါ။<br>(ခ) မြေဆွေးလုပ်ရန်ရောထားသော ပစ္စည်းများကို ပလပ်စတစ်အနက် ရောင်အိတ်ထဲတွင်ထည့်ပြီး နေရောင်ခြည်တွင် ၃-၄ နာရီခန့် အချဉ် ဖောက် အ ပူပေးပါ။<br>(ဂ) အရောအနှောကိုမျိုးစေ့ဗန်း သို့မဟုတ် အခြားထည့်စရာ တစ်ခုထဲ သို့ ညင်ညင်သာသာထည့်ပါ။ မြေဆီလွှာအရောအနှောကို မနှိပ်ပါနှင့်၊ ရောထားသော မြေများကို ထည့်ပြီးနောက် မျိုးစေ့ဗန်းကို ၃-၄ ကြိမ် လှုပ်ပါ။ ထို့နောက်မြေသားကို မျိုးစေ့ဗန်း အပေါ်ယံမှ ဖြူးပါ။<br>(ဃ) မြေဆွေးများအဆင်သင့်ဖြစ်ပြီဆိုပါက ချွန်ထက်သောတုတ်ဖြင့် မျက်နှာပြင်အောက်ရှိအချင်း (မျိုးစေ့) ၂ဆ ခန့်ရှိသောအပေါက်တစ်ခုကို ပေါက်ပါ။ ထို့နောက် စိုက်ပြီးမျိုးစေ့ကိုဖုံးအုပ်ပါ။<br>(င) အလွန်စိုစွတ်သည်အထိ ရေဖြန်းပေးပါ။<br>(စ) မျိုးစေ့ဗန်းများကို မျိုးစေ့စင်သို့ရွှေ့ပြီး အပေါ်ယံမှ အုန်းလက်၊ တာပေါ်လင်စ (သို့)သတင်းစာ စာရွက်များဖြင့် အပင်ပေါက်သည်အထိ ဖုံးအုပ်ပါ။ ထိုအခါပျိုးပင်ငယ်များအတွက်တစ်စိတ်တစ်ပိုင်း (၃၀%) အရိပ်ဖြင့်ဖုံးအုပ်ထားပါ။</td><td>အထူးပြုပြင်ထားသော မြေဆွေးသည် အပင်ပေါက်ရန်နှင့် ကျန်းမာသော ပျိုးပင်များကြီးထွားစေသည်။ မျိုးစေ့အတိမ်အနက်အလွန်အရေးကြီးသည်။ ဥပမာ နက်လွန်းခြင်း၊ တိမ်လွန်းခြင်းဖြင့် မျိုးစေ့များ ကောင်းမွန်စွာ မပေါက်နိုင်ပါ။ စိုစွတ်၊ ပူနွေးပြီး မှောင်မိုက်သော နေရာ သည် မျိုးစေ့အပင်ပေါက်မှု လှုံ့ဆော်ရန်အကောင်းဆုံးဖြစ်သည်။<br></td></tr>
</table>

| | |
|---|---|
|  |  |
| ၈။ ရာသီပေါ်ဟင်းသီးဟင်းရွက်ပင်များကို အပတ်စဉ် ဝင်ငွေရအောင်အချိန်ခြားပြီး ပျိုးထောင်ပါ။ ရာသီ ပေါ် ဟင်းသီးဟင်းရွက်များသည် ဈေးကွက်တွင် ပေါ်များမနေဘဲဈေး အတက်အကျ သိပ်မရှိဘဲ ဆုံးရှုံးနိုင်ခြေနည်းသည်။ | သင်အပတ်စဉ်၊အပတ်ပေါင်းများစွာကို လုံလောက်စွာ စားနိုင်ရန်သာ စိုက်ပျိုးခြင်းဖြင့်၊ အကြိမ်ကြိမ် ခူးဆွတ်ရအောင် စိုက်ပျိုးပါ။ |
| ၉။ ပျိုးပင်များအမြဲ အစိုဓာတ်ရှိရန် တစ်နေ့ ၂-၃ ကြိမ် ရေနည်းနည်း စီလောင်းပေးပါ။ ပျိုးပင်များ ရေများခြင်း၊ နည်းခြင်းမဖြစ်စေဘဲ၊ စွတ်စိုရန်သာ ဆောင်ရွက်ပါ။ ရောဂါပိုးများကိုကာကွယ်ပြီး ပိုးရောဂါကျရောက်နေသော အပင်အစိတ်အပိုင်း များကို ကောက်ယူမီးရှို့ပစ်ပါ။ | အပင်များရေ လုံလောက်စွာလိုအပ်ပြီး များလွန်းပါက အမြစ်နှင့် ပင်စည် ပုပ်ပြီး ရောဂါများကို ဖြစ်စေနိုင်သည်။ |
| ၁၀။ ပျိုးပင်များကို မှုမှန် ရွက်သုံးရွက်ထွက်လျှင် ရွှေ့ပြောင်းနိုင်သည်။ (အောက်ဆုံး အစေ့ရွက်ကို မရေတွက်ရ) | အကယ်၍ပျိုးပင်များကို စောစောစိုက်လျှင် အားနည်းပြီး အမြစ် မသန်ပါ။ အသက်ကြီးလွန်းပါကလည်း အမြစ်များ ရှည်ပြီး ကြီး ထွားမှုမကောင်းပါ။ |
| ၁၁။ မရွှေ့ပြောင်းမီ ၂ရက် အလိုတွင် ရေ ၁ ကြိမ်သာလောင်းပြီး အလင်းရောင်ပိုပေးပါ။ | ပျိုးခင်းအပြင်ဘက်တွင် ပျိုးပင်များကို ပတ်ဝန်းကျင် အခြေအနေ နှင့် ကျင့်သားရအောင် ပြုလုပ်ပေးခြင်း ဖြစ်သည်။ |

မှတ်ချက်။ ။ ပျိုးဗန်းဖြင့်ပျိုးထောင်ပြီး ရွှေ့ပြောင်းစိုက်လျှင်အထမြန်သည်။ အဘယ်ကြောင့်ဆိုသော် အမြစ်များ မနာသောကြောင့်ဖြစ်သည်။ အောက်ပါပုံများကိုကြည့်ပါ။



ပျိုးသေတ္တာပျိုးဗန်း

 

ပျိုးထောင်ရန် အပေါက်ပါပျိုးဗန်း



မြေပေါ်တွင်ပျိုးထောင်ခြင်း

**အားလုံးဆွေးနွေးပွဲ**

၄။ သင်တန်းသားအားလုံးကို လေ့ကျင်ခန်း (၉-၉) အား အတူတကွ ဖတ်စေပြီး ပျိုးပင်အတွက်မြေကိုပိုးသန့်စင်ခြင်း အကြောင်း ဆွေးနွေးစေပါ။

## လေ့ကျင့်ခန်း (၉.၉) ပျိုးပင်အတွက်မြေကိုပိုးသန့်စင်ခြင်း။

ကောင်းစွာပြုလုပ်ထားသော မြေဆွေးသည် ပိုးသန့်သော်လည်း သာမန်မြေဆွေးနှင့် ရောစပ်လျှင် တစ်စိတ်တစ်ဒေသ ပိုးသန့်ပြီး အန္တရာယ်ရှိသောသက်ရှိများနှင့် ပေါင်းစေ့များကို သတ်ရန်လိုသည်။ မြေကို သွပ်ပြားပေါ်တင်ပြီး အပူပေးခြင်း (သို့မဟုတ်) သတ္တုစည်ပိုင်းတွင် ထည့်၍အပူပေးနိုင်သည်။ စည်ပိုင်းအဖုံးကို အပေါက်အနည်းငယ်ဖောက်ပါ။ အုတ်ခဲသုံးလုံးကိုစည်ပိုင်းတွင်ထည့်ပါ။ အုတ်ခဲမြုပ်သည်အထိ စည်ပိုင်းထဲတွင် ရေထည့်ပါ။ အပေါက်ဖောက် ထားသော စည်ပိုင်းအဖုံးကို အုတ်ခဲပေါ်တင်ပါ။ စည်ပိုင်းထဲရှိ အပေါက်ဖောက်ထားသော အဖုံးပေါ်သို့ မြေကြီးများ ထည့်ပါ။ ထို့နောက် သစ်သားပြားနှင့်စည်ပိုင်းကိုဖုံးပါ။ စည်ပိုင်းကို တစ်နာရီကြာအပူပေးပါ။ ရေနွေးငွေ့သည် မြေကိုဖြတ်ပြီး ပိုးသန့်စေပါမည်။ ပိုးသန့်ရန်မြေမှာ အတော်အတန်ခြောက်ပြီး မှုန့်နေရမည်။ အစိုင်အခဲများပါလျှင် အပူ ဖြတ်သန်းရန်ကြာပြီးပိုး မသန့်သောနေရာများ ရှိနိုင်သည်။ ပီလောပီနံဥကို မြေတွင်ထည့်၍ မည်မျှကြာအောင် အပူပေးရမည်ကို စမ်းသပ်နိုင် သည်။ ပလောပီနံဥကျက်လျှင် မြေကြီးလည်းပိုးသန့်ပြီးဖြစ်မည်။




### လုပ်ဆောင်ချက် (၆) ကွင်းလက်တွေ့ (မိုးရွာလျှင်အခန်းတွင်း) (၂၅မိနစ်)

လက်တွေ့လုပ်နည်း။ သင်တန်းသားများကို သရုပ်ပြအုပ်စုလိုက် သုံးအုပ်စုခွဲပါ။ တစ်အုပ်စုကို ပံ့ပိုးသူမှ ဦးဆောင်ပါ။

အဖွဲ့တစ်ဖွဲ့စီသည် ပျိုးရန်ထည့်စရာများ ပြင်ဆင်ပါ။ ပျိုးမြေဖြင့်ဖြည့်ပြီး ပံ့ပိုးသူရွေးချယ်ထားသော မျိုးစေ့များကိုမှ လမ်းညွှန်ထားသည့် အတိုင်းစိုက်ပါ။

### ပံ့ပိုးသူအားလမ်းညွှန်ချက်

သရုပ်ပြရန်အဖွဲ့သုံးဖွဲ့အတွက် ပစ္စည်းများပြည့်စုံမှုရှိမရှိစစ်ဆေးပါ။ လယ်သမားကွင်းသင်တန်းကျောင်း (FFS) ပံ့ပိုးသူမှ ဘယ်လိုဆောင် ရွက်ရမည်ကိုသိရှိရမည်။ ၄င်းတို့ မှန်ကန်စွာ လုပ်ကိုင်မှုကို လှည့်လည် ကြည့်ပါ။

### လုပ်ဆောင်ချက် (၇) အကျဉ်းချုပ်

၁။ တစ်ရက်တာလုပ်ငန်းကို အကျဉ်းချုပ်ပြောပါ။ (၅မိနစ်)

### လုပ်ဆောင်ချက်(၈) သုံးသပ်ခြင်း။ (၅မိနစ်)

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

၎င်းတို့၏ သင်တန်းမှတ်စုနှင့် လုပ်ငန်းစဉ်များကို နောင်တစ်ချိန်တွင် ပြန်လည်အသုံးချနိုင်ရန် မှတ်စုစာအုပ်တွင်ရေးချခိုင်းပါ။

**လုပ်ဆောင်ချက် (၉) နောက်သင်တန်းချိန်အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်ကို အသိပေးပါ။ (၅မိနစ်)**

ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းအချိန်နှင့် အမှန်တကယ်ကိုက်ညီသူသာ သင်တန်းလာတက်ရန်ပြောပါ။ အမှန်တကယ် လက်တွေ့ လုပ်ကိုင်နေသောသူများကိုသာ သင်တန်းသို့ လာစေချင်ကြောင်း သင်တန်းသားများ အားပြောပါ။ သို့မှသာ သင်တန်းမှသင်လိုက်သော အချက်အလက်များကို တိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်း တွင် မှန်ကန်စွာ အသုံးချနိုင်မည် ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦး လက်တွေ့လုပ်မည့်သူကတစ်ဦး ဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူ အနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက်အမှားများရရှိခြင်း စသော အခက်အခဲများကြုံတွေ့နိုင်သည်။

သင်တန်းပြီးဆုံးချိန်တွင် သရုပ်ပြပစ္စည်းများရှိပါကပေးရန်။

**သင်ခန်းစာအခန်း (၁၀) စိုက်ဘောင်ပြုလုပ်ခြင်းနှင့် အပင်အာဟာရဓါတ်များ**

အချိန်  ။  ။  ၃နာရီ

**ရည်ရွယ်ချက်များ**

သင်တန်းပြီးလျှင် သင်တန်းသားများ ပြုလုပ်နိုင်မည့်အရာများ -

၁။ ဟင်းသီးဟင်းရွက်များကို ဘောင်မြင့်များဖြင့် ဘာကြောင့်ပြုလုပ်ရသည်နှင့် ဘယ်လိုပြုလုပ်ရသည်ကို ရှင်းပြနိုင်ရန်။

၂။ သီးနှံအာဟာရလိုအပ်ချက်များ၊ သဘာဝနှင့် ဓါတုပစ္စည်းများ ပါဝင်သာအာဟာရများ၏ ကောင်းကျိုးနှင့်ဆိုး ကျိုးကိုသိရှိရန်။

၃။ သီးနှံများရှိ အာဟာရချို့တဲ့မှု လက္ခဏာများအား သိရှိနိုင်ရန်

၄။ GAP သီးနှံစီမံချက်လမ်းညွှန်တွင် သီးနှံအာဟာရနှင့် ရေလိုအပ်မှုကို အကျဉ်းချုံးတတ်ရန်

လိုအပ်သောပစ္စည်းများ - သင်ပုန်း၊ မာကာပင်၊ စက္ကူတိတ်၊ စာရွက်ကြီး၊ ခြံကာရန်ပစ္စည်းများ၊ အားနည်းချက် - အားသာချက် ကြိုတင်ပြင်ဆင်ထားသည့် စာရွက်၊

**လုပ်ဆောင်ချက် (၁) ပြီးခဲ့သည့်သင်တန်းမှ ဆွေးနွေးထားခဲ့သည့် သင်ခန်းစာနှင့် နောက်သင်ခန်းစာ ခေါင်းစဉ် များကို ပြန်လည်သုံးသပ်ရန်။ (၁၀ မိနစ်)**

**အားလုံးပါဝင်ဆွေးနွေးရန်**

၁။ သင်တန်းသားများအား ပြီးခဲ့သည့် သင်ခန်းစာမှ မည်သည်တို့ကို လေ့လာခဲ့ရသည်ကိုမေးပြီး ၎င်းတို့၏ ထင်မြင်ချက်များကိုစာရွက်ကြီးပေါ်တွင်ချရေးစေပါ။ (၈မိနစ်)

(၁) လွန်ခဲ့သည့်နှစ်မှစိုက်ပျိုးမှုရလဒ်များပြန်လည်လေ့လာရန်။

(၂) စိုက်ခင်းနေရာအကွက်ချခြင်း။

(၃) မြေပြုပြင်ခြင်း။

(၄) မြေအောင်းရောဂါနှင့်ပိုးကာကွယ်ခြင်း။

(၅) မြေဆွေးပြုလုပ်ခြင်း။

(၆) ပျိုးဥယျာဉ်ထူထောင်ခြင်း

၂။ သင်တန်းသားများကိုတောင်သူလက်စွဲစာအုပ်မှမာတိကာကို ဖွင့်ရန်နှင့် ဤ သင်ခန်းစာအတွက် အကြောင်းအရာ များကို ဖတ်ရှုရန်သင်တန်းသားများကိုပြောပါ။

**လုပ်ဆောင်ချက် (၂) ဘောင်အမြင့်များပြုလုပ်ခြင်း (၁၀ မိနစ်)**

အားလုံးပါဝင်ဆွေးနွေးခြင်း - ဘောင်အမြင့်တွင်စိုက်ပျိုးခြင်းအရေးကြီးပုံ (၂မိနစ်)

၁။ အဖွဲ့အတွင်းအကြံဉာဏ် ထုတ်ဆွေးနွေးရန် မေးခွန်းများမှာ "ဘောင်အမြင့်များပြုလုပ်ရန် ဘာကြောင့် အရေးကြီးသလဲ" အဖြေများကို စာရွက်ကြီးပေါ်ရေးပြီးဆွေးနွေးစေပါ။

၂။ အဖြေများကိုစစ်ဆေးရန် အကြံပြုချက်များကို မိမိတို့မှတ်စုတွင်ထပ်ဖြည့်ရေးစေပါ။ (၈မိနစ်)

## လေ့ကျင့်ခန်း (၁၀.၁) စိုက်ဘောင်မြင့်များပြုလုပ်ရန် အဘယ်ကြောင့် အကြံပြုထားပါသလဲ။

ဘောင်မြင့်များထားရသည့်အကြောင်းရင်းများ -

၁။ ဘောင် လုပ်ခြင်းကြောင့် မြေများသည် မွသွားမည်။ မြေဆိုင်ခဲများကြားတွင် လေဝင်လေထွက် ကောင်းလာပြီး အပင်အမြစ် ဆင်းအားကောင်းလာသည်။

၂။ ဘောင်ပေါ်တွင် ပိုလျှံသောရေများသည် ဘောင်အတွင်းစီးဆင်းသွားပြီး ရောဂါ၊ ရေဝပ်ခြင်း၊ ပိုလျှံသောရေများ မြေတွင်းရှိလေ ဟာနယ် ကို ပိတ်ဆို့မှု မဖြစ်ခြင်းတို့ စသော အကျိုးတို့ ရရှိ နိုင်ပါသည်။

၃။ ပိုလျှံသောရေများသည် ဘောင်ဘေးသို့ စီးဆင်းသွားပြီး ဘောင်ခြေမှ တဖြေးဖြေးစုပ်ယူပြီး အမြစ်များရှိရာသို့တက်လာသည်။ ထို့ကြောင့် ပိုလျှံသော ရေမှာအလဟဿ မဖြစ်ခြင်း။

၄။ ရေရှိရာမြောင်းထဲရှိအမြစ်များသည်လျင်မြန်စွာကြီးထွားနိုင်သည်။ ရှည်သောအမြစ်သည် အာဟာရများစုပ်ယူမှု ကောင်းပြီးအပင်ကြီးထွားစေသည်။

၅။ ------------------------------------------------------------------------------------------



ခရမ်းချဉ်အတွက် ဘောင်မြင့်များ ပြုလုပ်ခြင်း



ဘောင်အမြင့်ပေါ်မှာ ပလတ်စတစ်အမည်းဖုံးထားခြင်း

**အားလုံးပါဝင်ဆွေးနွေးရန်**

၃။ ဘောင်အမြင့်အမျိုးမျိုးကို ဖော်ပြဆွေးနွေးပြီး အောက်တွင်ရေးဆွဲပြပါ။ (၁ မိနစ်)

## လေ့ကျင့်ခန်း (၁၀.၂) ဘောင်ပုံစံများ

မှတ်သားရန်မှာ - မတူညီသည့် အပင်အမျိုးမျိုးအတွက် သင့်တော်သည့် ဘောင်အမြင့်များဖြင့် စိုက်ပျိုးသည်။ တောင်သူများသည် ရေသွင်းနည်း(မြောင်းစနစ်)၊ အစက်ချ ခြင်း (သို့) ရေထမ်းလောင်းခြင်းနှင့် ဘောင်တစ်ခု လုပ်ဆောင်ချက် လုပ်အားတို့ ကိုထည့်သွင်းစဉ်းစားရမည်။

(က) ပြုလုပ်နည်း - ၁။ ဘောင်တစ်ဘောင်တွင် အတန်းတစ်တန်း၊ သခွားပင်ကဲ့သို့နွယ်တက်ပင်များ ဖြစ်သည့်ဘူးနှင့် ပဲတောင့်ရှည်အတွက် ဘောင်များကိုအပေါ် မျက်နှာပြင် ၁ လက်မ ထက်မကျယ်စေဘဲ အစေ့နှင့် ရေစက်ချပိုက် ထားရန်နေရာလုံလောက်ရမည်။ ဘောင်အခြေ မှာ ၃ပေနှင့် အမြင့်၁ပေရှိရမည်။

(ခ) ပြုလုပ်နည်း - ၂။ တစ်ဘောင်တွင် ၂တန်း(လိုင်း)၊ ပြောင်းဖူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ငရုတ်၊ ရုံးပတီသီး ကဲ့သို့ အပင်များအတွက် သင့်တော်သည်။ ဘောင်အပေါ်မျက်နှာပြင်မှာ ၂ပေမှ ၂ပေခွဲအကျယ်၊ အမြင့်၁ လက်မ နှင့် အောက်ခြေ ၃ပေ ရှိရမည်။ အကယ်၍ ရေစက်ချနည်းသုံးပါက အပင် ၂ တန်းခြား ကို ရေစက်ချလိုင်း တစ်ခုထားပါ။

(ဂ) ပြုလုပ်နည်း - ၃။ ဘောင်တစ်ခုတွင် အတန်း၃တန်းသည် တို့စားဟင်းရွက်များ အတွက် ဖြစ်ပြီး ဘောင်အပေါ် မျက်နှာပြင် ၂ ပေ မှ ၂.၅ ပေ၊ အမြင့် ၁၀ လက်မ၊ ဘောင်ခြေ ၃ပေရှိပြီး အကယ်၍ ရေစက်ချနည်းသုံးပါက အပင်တန်းနှစ်ခုကြား တစ်လိုင်းထားပါ။

(ယ) ပြုလုပ်နည်း - ၄။ တစ်ဘောင်၄တန်းသည်သေးငယ်သောသီးနှံများဖြစ်သော ကြက်သွန်ဥ၊ မိတ်စား ကြက်သွန်အတွက် သင့်တော်သည်။

**လုပ်ဆောင်ချက် ၃။ ပင်ကြားတန်းကြား အကွာအဝေး။ (၁၀မိနစ်)**

**အားလုံးပါဝင်ဆွေးနွေးရန်။**

၁။ အဖွဲ့အတွင်းအကြံဉာဏ်ထုတ်ဆွေးနွေးရန်။ "ပင်ခြားထားခြင်းသည် ဘာကြောင့်အရေးကြီးသလဲ" အဖြေများကို စာရွက်ကြီးပေါ်ရေးစေပါ။ ထို့နောက်အောက်ပါ ဇယားကိုကြည့်ပြီး၊ တစ်ဦးခြင်း (သို့မဟုတ်) အဖွဲ့အားလုံးကို ဖတ်ခိုင်းပါ။ (၁၅မိနစ်)

**လေ့ကျင့်ခန်း(၁၀.၃) GAP ပင်ကြားထားခြင်းလမ်းညွှန်များ။**

| လမ်းညွှန်ချက်များ | အကြောင်းပြချက်များ |
|---|---|
| ၁။ သင့်တော်သည့်အကွာအဝေးထားစိုက်ခြင်း။<br>(မျိုးစေ့ထုတ်ပေါ်ရှိ အညွှန်း အတိုင်း) | အပင်မှုန်းရန်နှင့်မျိုးစေ့သက်သာသည်။ |
| ၂။ သေးငယ်သောအစေ့များကို သဲနဖြင့်ရောချ၍စိုက်ပါ။ | မျိုးစေ့နှုန်းနှင့်မှုန်းရန် သက်သာသည်။ |
| ၃။ သန်မာသောပျိုးပင်များကို သင့်တော်သည့် အကွာ အဝေး ထားပြီးစိုက်ပါ။ | နေရာအလွတ်နည်းပြီး မှုန်းရန်မလိုပါ။ |
| ၄။ သင့်မြေဩဇာမှ အထွက်နှုန်းများများ ရအောင် သင့်အပင် အကွာအဝေးကိုတွက်ပါ။ | သင့်မြေဩဇာမှအထွက်နှုန်း ပိုရနိုင်သည်။ |
| ၅။ ဈေးကွက်လိုအပ်မှု အရွယ်အစားအရ သင့်တော်သော အပင် အကွာအဝေးကို ထားပါ။<br>ဥပမာ - ကြက်သွန်ပုံကို ကြည့်ပါ။ | ဈေးကွက်မှလိုအပ်သော အရွယ်အစားအတိုင်း စိုက်ပါ။ |
| ၆။ အပင်များကိုတူညီသော အကွာအဝေး ထားပေးမှ သာ အရွယ် တူညီသော ထုတ်ကုန်ရမည်။<br>ဥပမာ - ကြက်သွန်ဥကြီးကြီး လိုချင်လျှင် ၄ - ၅ လက်မ ထားစိုက်ပါ။ သေးငယ်သောဥလိုချင်လျှင် နီးနီးထားပြီး ၁.၅ - ၂ လက်မ ခွာစိုက်ပါ။(ပုံကြည့်ပါ) | ဝယ်သူများသည်တူညီသော အရွယ်အစားကို လိုချင်သည်။ အရွယ်အစား အမျိုးမျိုးရောနေသော ထုတ်ကုန်ကိုဝယ်သူမှ ဈေးနှိမ်မည်။ |
| ၇။ ရေစက်ချနည်းသုံးပါက ရေစက်ချ ပိုက်ခေါင်း အလိုက် အကွာအဝေး ထားစိုက်ပါ | သို့မှသာ အပင်များရေရနိုင်မည်။ ဥပမာ ရေပန်း မထိနိုင် သော နေရာတွင် အပင် မစိုက်သင့်ပါ |

အပင်အကွာအဝေးနှင့် ကြက်သွန်ဥအရွယ်အစားကွာခြားပုံကိုကြည့်ပါ။



**တူညီသောအကွာအဝေး**



**တူညီသောအကွာအဝေး = ညီညာသော ဥများ**



**မတူညီသောအကွာအဝေး = ဥအရွယ်အစား အမျိုးမျိုး**

### လုပ်ဆောင်ချက် (၄) မြေဩဇာအမျိုးအစားနှင့် ၎င်းတို့၏အသုံးဝင်ပုံ။ (၁၅ မိနစ်)

**အားလုံးပါဝင်ဆွေးနွေးခြင်း။**

၁။ သင်တန်းသားတစ်ဦးချင်း (သို့မဟုတ်) အားလုံးကိုအပင်များ၏ အဓိကလိုအပ်သော အာဟာရများနှင့် ၎င်းတို့သည် အပင်ကြီးထွားခြင်းအား မည်သို့အားပေးသည်ကို ကျယ်ကျယ်ဖတ်ခိုင်းပါ။ ဆွေးနွေးရန်ရှိသော အချက်များကို ရှင်းလင်းပြပါ။ (၁ မိနစ်)

### လေ့ကျင့်ခန်း (၁၀.၄) အပင်များအဓိကလိုအပ်သော အာဟာရများ။

အပင်များအဓိက လိုအပ်သောအာဟာရခြောက်မျိုးရှိသည်။ ပထမသုံးမျိုး – ကာဗွန်၊ ဟိုက်ဒရိုဂျင် နှင့် အောက်ဆီဂျင်ကို လေနှင့်ရေမှရသည်။ အခြားသုံးမျိုးမှာ – နိုက်ထရိုဂျင် (N)၊ဖော့စဖရပ် (P) နှင့် ပိုတက်စီယမ် (K) ကို မြေမှရသည်။

၁။ နိုက်ထရိုဂျင်သည် အရွက်အသစ်၊ ပင်စည်နှင့်အမြစ်များ လုပ်ဆောင်ချက်နှင့် တစ်သျှူးအသစ်များ လုပ်ဆောင်ချက်၊ လိုအပ်သောပရိုတင်းများ ပြုလုပ်ရန်အတွက် အသုံးပြုသည်။ နိုက်ထရိုဂျင်မှာ အစဉ်လိုအပ်နေသဖြင့် အပင်များမှ ရနိုင်သမျှစုပ်ယူသည်။ အကယ်၍ နိုက်ထရိုဂျင်လွန်ကဲနေပါက အရွက်များစွာထွက်ပြီး ပန်းပွင့် (သို့မဟုတ်) အသီးမသီးပါ။

၂။ ဖော့စဖရပ်သည်အမြစ်ကြီးထွားရန်အားပေးသည်။ သီးပွင့်မှုအားကောင်းသည်။ အပင်သန်မာပြီး အစေ့အရွယ်အစား ထွားကြိုင်းစေသည်။ အပင်မှဖော့စဖရပ် စုပ်ယူနိုင်ရန် မြေချဉ်ငံကိန်း (စံ) သည် ၆.၅ မှ ၆.၈ ရှိရန် လိုအပ်သည်။ သဘာဝမြေဆွေးနှင့်မြေတွင်းရှိ အဏုဇီဝများ၏ လုပ်ဆောင်မှုကြောင့် ဖော့စဖရပ်ကို အပင်များ စုပ်ယူနိုင်သည်။

၃။ ပိုတက်စီယမ်သည်အပင်များ သန်မာစေရန် လိုအပ်သည်။ အပင်များ သကြားလုပ်ဆောင်ချက်ကူညီပြီး ပိုးနှင့် ရောဂါဒဏ်ခံနိုင်ရန် ပြုလုပ်ပေးသည်။

အခြားအရေးကြီးသောအာဟာရများ

၁။ ထုံးဓါတ်ကို အပင်များ ကြီးထွားသည့်အပိုင်းအတွက် အသုံးပြုသည်။

၂။ မဂ္ဂနီစီယမ်ကိုအရွက်နှင့် ပင်စည်အစိမ်းရောင်အတွက်လိုအပ်ပြီး အပင်များနေရောင်ခြည်ကို စုပ်ယူ အသုံးပြု နိုင်အောင် ဆောင်ရွက်ပေးသည်။

၃။ ကန့်ကို အပင်များသန်မာရန် နှင့် မျိုးပွါးမှုအောင်ရန်တွက်လိုအပ်သည်။

အခြားအာဟာရများသည် အလွန်အရေးကြီးသော်လည်း အလွန်နည်းသော ပမာဏသာလိုအပ်သဖြင့် အများအား ဖြင့် ထည့်ပေးရန် မလိုပါ။

**အားလုံးပါဝင်ဆွေးနွေးရမည့် လေ့ကျင့်ခန်း။**

၂။ အဖွဲ့အတွင်းအကြံဉာဏ်ထုတ်ဆွေးနွေးရန် ၄င်းတို့သိသော အခြားရွေးချယ်နိုင်သည့် မြေဩဇာများက ဘာတွေဖြစ်မည်လဲ၊ ၄င်းတို့၏ စိတ်ကူးများကို စာရွက်ကြီးပေါ်ရေးပါ။ အဓိက သိလိုသော ခေါင်းစဉ်များမှာ၊ ဓါတ်မြေဩဇာ၊ သဘာဝမြေဩဇာနှင့် သီးလှည့်စိုက်ပျိုးခြင်းဖြစ်သည်။ (၂မိနစ်)

၃။ မြေဩဇာ အမျိုးမျိုးကို တောင်သူလက်စွဲ စာအုပ်တွင် ကြည့်ပါ။ တစ်ဦးချင်း (သို့) အုပ်စုအားလုံးကို ရေးသားထားသော အညွှန်းအချို့ဖတ်ခိုင်းပါ။ (၈မိနစ်)

## လေ့ကျင့်ခန်း (၁၀.၅) မြေဩဇာအမျိုးအစားအမျိုးမျိုး။

၁။ ဓါတ်မြေဩဇာအခဲ။ အာဟာရတစ်မျိုးတည်းချို့တဲ့သောအခါအာဟာရတစ်မျိုးချင်းပါသော ဓါတ်မြေဩဇာခဲများ ကိုအသုံးပြုနိုင်သည်။ ဥပမာ – ယူရီးယား၊ ၄င်းတွင်နိုက်ထရိုဂျင် ၄၆%၊ မြူရိတ်အော့ပိုတက်ရှ်သည် ပိုတက်စီယမ် ၅၀%၊ ဆားခါးသည် မဂ္ဂနီစီယမ်၅၀%၊ ပါဝင်သည်။ ၄င်းဓါတ်မြေဩဇာများကို အနည်းငယ်သာ သုံးပြီး အပင်အမြစ်၊ ပင်စည်တို့နှင့်တိုက်ရိုက်မထိစေရန်အရေးကြီးသည်။ ရေတွင်ဖျော်ပြီး သုံးလျှင် အကောင်းဆုံး ဖြစ်သည်။

၂။ ဓါတ်စုံမြေဩဇာ (N:P:K)။ ဓါတ်စုံမြေဩဇာ (ကွန်ပေါင်း)ကိုမြေခံအဖြစ်အသုံးပြုပြီး အဓိကအာဟာရဓာတ်သုံးမျိုး၏ အချိုးအမျိုးမျိုး ပါဝင်သည်။ ဥပမာ ၂း၁၅း၁ မြေဩဇာတွင်နိုက်ထရိုဂျင်၂၀%၊ ဖော့ဖရပ်၁၅% နှင့်ပိုတက်စီယမ်၁၀% ပါဝင်သည်။ ဓါတ်စုံမြေဩဇာသည်အားပြင်းပြီးရေတွင်လွယ်ကူစွာမပျော်ပါ။ အကောင်းဆုံးမှာ – ၄င်းမြေဩဇာကိုမြေနှင့် သမစေပြီးမျိုးစေ့(သို့)အပင်ငယ်ရွှေ့စိုက်လျှင် အပင်နှင့်မထိ စေရန် ဂရုစိုက်ပါ။

၃။ ဓါတ်မြေဩဇာအရည် (ရွက်ဖျန်း)။ ၄င်းတို့ကိုရေနှင့်ရောပြီး အပင်အရွက်ပေါ်(သို့) အမြစ်ကိုတိုက်ရိုက်ဖျန်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၄င်းတို့သည် ရေတွင်ပျော်ခြင်းအပင်မှချက်ခြင်း စုပ်ယူနိုင်ခြင်းတို့ကြောင့် အပင်ကိုအားဖြစ်စေသည်။ ပြင်းအားများသော ရွက်ဖျန်းဆေးများကို အရွက်ပေါ်ဖျန်းပါက အရွက်များ မလောင်စေရန် ရေနှင့်လောင်းချရန်လိုအပ်သည်။ ရွက်ဖျန်းမြေဩဇာများသည်ဖြည့်စွက်ရန်အတွက်သုံးရမည်။

**အဖွဲ့ငယ်အတွက် လေ့ကျင့်ခန်း**

၄။ သင်တန်းသားများကိုအုပ်စုသုံးခုခွဲပြီး (အဖွဲ့တစ်ခုအတွက်ခေါင်းစဉ်တစ်ခု) (၁) ဓါတုမြေဩဇာများ (၂) သဘာဝမြေဩဇာနှင့် (၃) သီးလှည့်စိုက်ပျိုးခြင်းများ၏ အားနည်းချက်နှင့် အားသာချက်များကို ဆွေးနွေးရန်။ (၁ မိနစ်)

၅။ အဖွဲ့ခေါင်းဆောင်များအားလုံးကို ပြန်စုပေးရန်ပြောပါ။ ၄င်းတို့ထင်မြင်ချက်များကို စာရွက်ကြီးသုံးခုတွင် ကော်လံ ၂ခု ခွဲပြီး (၁)အားသာချက် (၂) အားနည်းချက်များကို ရေးခိုင်းပါ။ (၁ မိနစ်)

**အားလုံးပါဝင်ဆွေးနွေးရန်အတွက် လေ့ကျင့်ခန်း**

၆။ အားလုံးပါဝင်လာစေရန်သင်တန်းသား တစ်ယောက်ချင်း(သို့) အဖွဲ့လိုက်ဖတ်ပြစေပါ။ ရေးထားသော စာရွက်ကြီးပေါ်တွင် ၄င်းတို့ဖော်ပြထားသော အကြောင်းအရာများအတွက်ဂုဏ်ပြုရန်နှင့် GAP နည်းများတွင်မပါသေးသောအဓိကအချက်များကိုဆွေးနွေးစေးပါ။ သင်တန်းပြီးလျှင်၄င်းတို့အားမပါသေးသောအချက်များကိုပေးထားသော ကွက်လပ်တွင် ဖြည့်ခိုင်းပါ။ (၁၅ မိနစ်)

လေ့ကျင့်ခန်း(၁၀.၆) မြေသြဇာအမျိုးမျိုး – ၎င်းတို့၏အားသာချက်၊အားနည်းချက်နှင့် GAP အသုံးပြုနည်း ထောက်ခံချက်များ။

| ဓါတ်မြေသြဇာ အမျိုးအစားများ၏ အားသာချက် | အားနည်းချက် | GAP ထောက်ခံချက်များ |
|---|---|---|
| ဓါတ်မြေသြဇာ | | |
| အများအားဖြင့် ဓာတ်မြေသြဇာ အမျိုးမျိုးကို လွယ်ကူစွာ ဝယ်ယူရ ရှိနိုင်သည်။ | အချို့ဈေးကွက်တွင်အရည်အသွေးကောင်းသော ဓာတ်မြေသြဇာ အမျိုးမျိုးကို မရနိုင်ပါ။ | အရည်အသွေးကောင်းများကိုပေးနိုင်သောသူများနှင့် အဆက်အသွယ် ပြုလုပ်ထားခြင်းဖြင့် မိမိလိုချင်သော မြေသြဇာကို ရနိုင်သည်။ |
| လယ်သမားများ အချိန်ကုန်ခံပြီး ဓာတ်မြေသြဇာ ပြုလုပ်ရန် မလိုပါ။ ၎င်းတို့ကို ဝယ်ယူနိုင်သည်။ | အများအားဖြင့်ဈေးကြီးသည်။ | သီးနှံနှင့်မြေအတွက် အနည်းဆုံးလိုအပ်သည့် ပမာဏသာ အသုံးပြုပါ။ ဓာတ်မြေသြဇာအတွက် မလိုအပ်ဘဲ ငွေကြေးအကုန်ကျ မခံပါနှင့်။ |
| မှန်သောအချိန်နှင့် မှန်ကန်သော ပမာဏကိုသုံးလျှင် အလွန်ထိရောက်သည်။ | လယ်သမားများသည် ဓာတ်မြေသြ ဇာသုံးရမည့် အချိန်နှင့်သုံးရမည့်ပမာဏကို မသိကြပါ။ | ကွန်ပေါင်း သို့မဟုတ် တစ်မျိုးချင်း ဓာတ်မြေသြဇာကို စိုက်ချိန်မှန်တွင် သုံးခြင်းဖြင့် အမြစ်၊ အရွက်နှင့် အသီးကြီးထွားမှုကို လှုံ့ဆော်ပေးသည်။ သီးနှံတစ်မျိုးစီ အတွက် လိုအပ်မှုကို ကြည့်ပါ။ |
| ရခိုင်မြေသည် အချဉ်ပေါက်သည်။ (pH ၅.၅ ထက်နည်း) ထို့ကြောင့် ထုံးထည့်ရန် လိုအပ်သည်။ | ထုံးဝယ်ရမည်။ | ၀.၅ pH ယူနစ်တက်ရန် ၂၅ ကိုက် ပတ်လည်အတွက် ထုံး၃ – ၅ပေါင် လိုအပ်သည်။ |
| ဓာတ်မြေသြဇာသည် အပင်ကို ကျွေးခြင်းဖြစ်သည်။ မြေကြီး အတွက် မဟုတ်ပါ။ | ဓာတ်မြေသြဇာသည် မြေသားတည်ဆောက်မှု ကောင်းမွန်လာစေရန်နှင့် အကျိုးပြု အဏုဇီဝများ အတွက် နေစရာနှင့် ကောင်းမွန် စွာရှင်သန်နိုင်စေရန် အားမပေးပါ။ | ဓာတ်မြေသြဇာနှင့် မြေဆွေးကိုရောသုံးလျှင် မြေဆီလွှာကောင်းမွန်စေပြီး ဓါတ်မြေသြဇာများကို ပိုမိုထိရောက် အကျိုးရှိစေသည်။ |
| ဓာတ်မြေသြဇာ အများစု ဥပမာ – ဖော့စဖိတ်၊ ထုံးနှင့် ပိုတက်စီယမ်တို့ကို သတ်မှတ်ချက် နှုန်းထားအတိုင်း အသုံးပြုပါက မြေကို အန္တရာယ်မဖြစ်စေပါ။ | အချို့မြေသြဇာများမှာ သဘာဝအတိုင်းရခြင်း မဟုတ်ပါ။ ဥပမာ – ယူရီးယားသည် မြေအောက် ဓါတ်ငွေ့ သန့်စင်နည်းဖြင့် ပြုလုပ်ထားသည့်အတွက် မြေတွင်းရှိ သဘာဝပစ္စည်းများ ရေရှည်တွင် အန္တရာယ်ရှိနိုင်သည်။ ဓာတ်မြေသြဇာများသည် ချောင်းထဲစီးဝင်ပြီး ငါးနှင့် အခြားရေနေသတ္တဝါများကို အန္တရာယ်ဖြစ်စေသည်။ | ဖန်တီးပြုလုပ်ထားသောဓာတ်မြေသြဇာများကိုအသုံးမပြုပါနှင့်၊ အထူးသဖြင့် မြစ်ချောင်းနှင့် နီးသောနေရာများတွင် ဓာတ်မြေသြဇာ များများ မသုံးရ။ |
| သဘာဝမြေသြဇာ | | |
| သဘာဝမြေသြဇာများ သုံးစွဲခြင်းဖြင့် မြေကြီးသည် မိမိကိုယ်ပိုင် အာဟာရများကို ကြာရှည်ထုတ် ပေးနိုင်သည်။ | အပင်လိုအပ်သော ပမာဏ အတိုင်းသဘာဝမြေဆွေးများကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရန် ခက်ခဲ သည်။ | သဘာဝမြေဆွေးများကို တတ်နိုင်သမျှထုတ်လုပ်ပြီး လိုအပ်ပါက ဓာတ်မြေသြဇာနှင့် ရောသုံးပါ။ |
| အစိုင်အခဲပုံစံမြေဆွေးပြုလုပ်ဂုန်ကျင်းထဲတွင်စဉ်းထားသော သဘာဝအပင်များကို တိရစ္ဆာန်ချေး၊ ရေနှင့် လေရောပြီး ပြုလုပ်နိုင်သည် | ပြုလုပ်ရန်။ အချိန်နှင့်လုပ်အားကုန် သည်။ (၃လမှ ၆လ) | ကျွမ်းကျင်စွာ (အနံ့ကောင်း၊ မွပြီး ခြောက်သွေ့မှုရှိသော) သဘာဝမြေ ဆွေးပြုလုပ်ရန် GAP နည်းကို သုံးပါ။ နွားချေးအစိမ်းနှင့် လူ့မစင်များကို အပင်အား မကျွေးပါနှင့်။ အပင်များနှင့်လူတို့အတွက်အန္တရာယ်ဖြစ်စေသော ဘက်တီးရီးယားပိုးများပါတတ်သည်။ |

| | | |
|---|---|---|
| စဉ်းထားသော အပင်အစိတ် အပိုင်းအရောကို အရည်ပုံစံ လုပ်ရန် ပုံးကြီးကြီးထဲ အချိန်ကာလ အတိကျထား၍ အချဉ်ဖေါက်ပါ။ ၎င်းကို ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုနိုင်သည်။ | ပြုလုပ်ရန်အချိန်ကြာပြီး လယ်သမားမှ လေလုံသော ပုံးဝယ်ရမည်။ | သဘာဝမြေသြဇာကို လွယ်ကူစွာပြု လုပ်ရန် GAP နည်းကိုသုံးပါ။ သဘာဝမြေဆွေးကို ကောင်းစွာ ဆွေးမြေ့ပြီးမှ အသုံးပြုပါ။ |
| အစိုင်အခဲပုံစံနှင့်အရည်ပုံစံဓာတ်မြေသြဇာများသည်အဆိပ် ဖြစ်တတ်ပါသည်။ | သဘာဝပစ္စည်းများသည် ဆွေးမြေ့ စဉ်ကာလ တစ်စိတ် တစ်ပိုင်းတွင် အဆိပ်ဖြစ်စေသဖြင့် တစ်ခါ တစ်ရံ အဆိပ်ရည်များ ဥယျာဉ်တွင်း သို့မဟုတ် ချောင်းထဲ စီးဝင်သွားနိုင်သည်။ | မြေဆွေးကျင်းကို စိုက်ကျင်းနှင့် ဝေးဝေးထားပါ။ လူမစင်မသုံးရ။ ကလေးနှင့်တိရစ္ဆာန်များကို မြေဆွေး ကျင်းနှင့် ဝေးဝေးထားပါ။ အဆိပ်ရှိသော အရည်ကို ဟင်းသီးဟင်းရွက်ခင်းနှင့် ရေလမ်းကြောင်းထဲ မဝင်ပါစေနှင့်။ |
| **အကျိုးပြုအဏုဇီဝများ (EM)** | | |
| လယ်သမားများသည်အီးအမ် အပြင်း( CEM )ကိုဝယ်ယူနိုင်သည်။ EM အပြင်းတွင် အကျိုးပြု အဏုဇီဝများဖြစ်သော လက်တစ်အက်စစ်နှင့် တဆေးတို့ ပါဝင်သည်။ | ဝယ်ယူရန် အခက်ခဲရှိနိုင်သည်။ | ထုတ်လုပ်သူ (သို့) စိုက်ပျိုးရေးဆေးဆိုင်များနှင့် ချိတ်ဆက်ထားလျှင် ဝယ်ယူရန်လွယ်သည်။ လက်ကားဝယ်လျှင် ဈေးသက်သာသည်။ |
| EM အပြင်းကိုရေနှင့်အဆ ၁၀၀ ရောလျှင် အသင့်သုံး EM ရနိုင်သည်။ | ၎င်းအချိုးထက် ရေပိုရောလျှင် အာနိသင်လျော့နည်းသွားသည်။ | EM အသုံးပြုနည်းစနစ်ကို သေချာစွာ လိုက်နာပါ။ |
| EM ဘိုကာရှီသည် ပိုမိုထိရောက်သော ဇီဝမြေသြဇာ ဖြစ်သည်။ | လယ်သမားများသည် ပြုလုပ်နည်း စနစ်တကျ မလိုက်နာသဖြင့် ထိရောက်မှု မရှိပါ။ | EM ဘိုကာရှီ လုပ်နည်း စနစ် အတိုင်းလိုက်နာပါ။ |
| EM နှင့်ရော၍ FPJ (အချဉ်ဖောက်ထားသော အရွက်အရည်) ကိုပြုလုပ်ပြီး ပိုးမွှားကာကွယ်ဆေးပြုလုပ်နိုင်သည်။ | လယ်သမားများသည် ပြုလုပ်နည်း စနစ်တကျ မလိုက်နာသဖြင့် ထိရောက်မှုမရှိပါ။ | EM အသုံးပြုနည်းစနစ်ကို သေချာစွာ လိုက်နာပါ။ |
| **သီးလှည့်စိုက်ခြင်း** | | |
| သီးနှံများကို၁ - ၂နှစ်တစ်ခါသီးလှည့်စိုက်ခြင်းဖြင့် မြေဆီလွှာမှ အာဟာရတစ်မျိုးတည်း နှစ်တိုင်း ဆုံးရှုံးမသွားခြင်းနှင့် သီးနှံကို ရောဂါ တစ်မျိုးတည်း မကျရောက် နိုင်ပါ။ | လယ်သမားများသည်သီးနှံမှတ်တမ်းနှင့်စိုက်ခဲ့သော ဧရိယာကို မှတ်ထားလေ့မရှိကြပါ။ | GAP နည်းစနစ်ဖြင့် သီးနှံကိုမှတ်တမ်းထားပြီး ဘယ်အချိန်နှင့် ဘယ်နေရာတွင် စိုက်သည်ကို မှတ်တမ်း ထားပြီး ၁ - ၂ နှစ် တိုင် သီးလှည့်စိုက် ပါ။ |
| အာဟာရနှင့် မြေဆီလွှာ ကောင်း မွန်စေရန် ပဲမျိုးရင်းဝင်ပင်များ စိုက်ပါ။ (မြေပဲ၊ ပဲတီ စိမ်း၊ ပဲပုပ်) ၎င်းတို့သည် မြေတွင်း နိုက်ထရိုဂျင်တိုးစေသည်။ | ၎င်းအပင်များစိုက်ရန်အချိန် နှင့် ငွေကုန်သည်။ | GAP သည် မြေပဲနှင့် ပဲများ စိုက်ရန် ထောက်ခံထားပြီး အမြတ်လည်းရ၊ မြေဆီလွှာလည်း ကောင်းမွန်စေသည်။ |
| မြေကာပင်ကိုစိုက်ခြင်းဖြင့် အစိုဓါတ် နှင့် မြေအပူချိန်ကို ထိန်းပေးသည်။ ၎င်းတို့ မရင့်မီမြေမြှပ်ပေးလျှင် လအနည်းငယ်တွင် ဆွေးမြေ့ သွားမည်။ | မြေကာပင်စိုက်ပြီး မြေတွင်းထယ်ထိုးရန်အချိန်နှင့် ငွေကုန်ပြီး ချက်ချင်း အကျိုးမခံစားရ။ | မြေကာပင်၏ အကျိုးကျေးဇူးကို မတွေ့ရသော်လည်း ရေရှည်တွင် မြေဆီလွှာနှင့် သီးနှံအထွက်နှုန်းအတွက် အကျိုး ရှိမည်ဖြစ်သည်။ |
| မှတ်တမ်းများထားပါ။ | လယ်သမားများ မှတ်တမ်းထားလေ့ မရှိပါ။ | ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကျွေးခြင်း၊ သီးလှည့်စိုက်ခြင်း မှတ်တမ်းများထားခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ |

**အားလုံးပါဝင်ဆွေးနွေးခြင်း**

၇။ သင်တန်းသားများအားလုံးအား မိမိတို့သည် အပင်များတွင် လိုအပ်သည့်အာဟာရများ အကြောင်းအားဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း တစ်ခါတစ်ရံအပင်များ လိုအပ်သော အာဟာရများကို ပေးသော်လည်း ၎င်းတို့ ကောင်းစွာမကြီးထွားပါ။

၆။ အကြံကောင်းထွက်ရန်မေးခွန်း "အပင်များအာဟာရစုပ်ယူမှုကို မည်သည့်အကြောင်းအချက်များကြောင့် ထိခိုက်စေနိုင်ပါသလဲ၊" ၄င်းတို့အဖြေများကို စာရွက်ကြီးပေါ် ရေးစေပါ။ (၁၅ မိနစ်)

## လေ့ကျင့်ခန်း (၁၀.၇) အပင်များအာဟာရစုပ်ယူမှုကို ထိခိုက်စေသောအချက်များ

| | pH | မြေသား | မြေအစိုဓါတ် | အပူချိန် | ဆားပါဝင်မှု |
|---|---|---|---|---|---|
| အပင်အတွက်မကောင်း | အချဉ် (သို့) အငန် | နုန်းများ | မထိန်းနိုင် | ၃၅°C အထက် | ဆားများ |
| အပင်အတွက်မကောင်း | သမ | သဲဆန် - သဲနုန်းမြေ | ထိန်းနိုင် | ၃၅°C အောက် | ဆားနည်း |

၉။ အကြံဉာဏ်ထုတ် ဆွေးနွေးရန်။ အထက်ပါဇယားအရ အာဟာရစုပ်ယူမှု ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းများအား စုပေါင်းဆွေးနွေး အဖြေရှာပါ။ ၄င်းတို့အဖြေများကို စာရွက်ကြီးပေါ်ရေးချစေပါ။ (၅ မိနစ်)

## လေ့ကျင့်ခန်း (၁၀.၈) အပင်များမှ အာဟာရများစုပ်ယူမှု အားကောင်းရန် ပြုပြင်နည်း။

၁။ မြေချဉ်မှုလျော့ရန် အတွက် ထုံးထည့်ပါ။

၂။ မြေသားကောင်းမွန်စေရန် အတွက် သဘာဝမြေဆွေးသုံးပါ။

၃။ မြေအစိုဓါတ်ကောင်းစေရန်အတွက် ရေကိုနည်းစနစ်မှန်မှန် လောင်းပါ၊

၄။ မြေအပူချိန်လျော့စေရန် မြေဖုံးပေးပါ။

၅။ ဆားဓါတ်လျော့အောင် ဆားဓါတ်နည်းသောမြေကိုရွေးပါ။ ဆားငန်ရေကိုမသုံးသင့်ပါ။

သင်တန်းသားများအား အထက်ပါ ၁ - ၅ ချက်များကို စိုက်ခင်းလက်တွေ့တွင် အပင်များအာဟာရ စုပ်ယူမှု ကောင်းစေရန် အသုံးပြုခြင်းဖြစ်သည်ကိုရှင်းပြပါ။

### အားလုံးပါဝင်ဆွေးနွေးရန်။

၁၀။ မေးခွန်းများမေးခြင်းဖြင့်အကြံဉာဏ်များ ထွက်လာစေရန် ဆွေးနွေးပါ၊ စိုက်ခင်းထဲတွင်တွေ့ရသည့် အပင်များ၏ အာဟာရချို့တဲ့သောလက္ခဏာများအား ဆွေးနွေးစေပါ။ ၄င်းတို့အဖြေများကို စာရွက်ကြီးပေါ်တွင်ရေးချစေပါ။

၁၁။ အပင်များအာဟာရချို့တဲ့သော လက္ခဏာပြဓါတ်ပုံများကို တောင်သူလက်စွဲ စာအုပ်နှင့် အောက်ပါဇယားတွင် အားလုံးဖတ်စေပါ။ (၁၅မိနစ်)

### ပံ့ပိုးသူအတွက်လမ်းညွှန်ချက်

သင်တန်းသားများအားပြသရန် ပုံမှန်ကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့် အာဟာရ ချို့တဲ့နေသော ဟင်းသီးဟင်းရွက် နမူနာများကို ဥပမာအဖြစ်ပြရန် ယူခဲ့ပါ။

## လေ့ကျင့်ခန်း (၁၀.၉) အပင်များတွင်အာဟာရချို့တဲ့သောလက္ခဏာများ။

### နိုက်ထရိုဂျင်ချို့တဲ့သောလက္ခဏာများ

၁။ အရွက်များ အစိမ်းနရောင်မှ အဝါရောင် ပြောင်းသွားသည်။

၂။ အရွက်များပင်စည်နှင့်အကိုင်းများကြီးထွားမှုရပ်သွားသည်။

၃။ အမြစ်၊အကိုင်းနှင့်အသီးများသေးသွားသည်။

**ဖော့စဖရပ်ချို့တဲ့သောလက္ခဏာများ**

၁။ အကိုင်းနှင့်အမြစ်ကြီးထွားမှုရပ်တံ့သွားသည်။

၂။ ဘေးကိုင်းနှင့်အညွန့်များပုံမမှန်။

၃။ အပွင့်နည်းပြီးအညွန့်နှင့်အရွက်ထွက်မှုနောက်ကျမည်။

၄။ ရောဂါခံနိုင်စွမ်းကျသွားသည်။

၅။ ရွက်အောက်မျက်နှာပြင်တွင်စိမ်းပြာရောင်ပြောင်းသွားသည်။

**ပိုတက်စီယမ်ချို့တဲ့မှုလက္ခဏာများ**

၁။ အရွက်များဆွေးပြီး အရွက်အပေါ်မျက်နှာပြင်မှာတွန့်နေမည်။

၂။ အနည်းငယ်အညိုရောင် (လောင်သော) ရှိသည့် အရွက်ရင့်များမှစဖြစ်သည်။

၃။ ကြီးထွားမှုနည်းပြီးရပ်တန့်သွားသည်။ဆစ်ကြားတိုပြီး ပင်မပင်စည်သည် မြေသို့ကိုင်းကျသည်။

၄။ အသီးရင့်မှည့်မှုမညီညာ။

၅။ ပိုးနှင့်ရောဂါကျလွယ်သည်။

အောက်ပါဓါတ်ပုံများတွင်အာဟာရချို့တဲ့မှုလက္ခဏာများကိုကြည့်ပါ။




**ခရမ်းချဉ် - နိုင်ထရိုဂျင် ချို့တဲ့မှု**




**ခရမ်းချဉ် - ဖော့စဖိတ် ချို့တဲ့မှု**



ခရမ်းချဉ် - မဂ္ဂနီဆီယမ် ချို့တဲ့မှု



ဂေါ်ဖီထုပ် - ဖော့စဖိတ် ချို့တဲ့မှု



ဂေါ်ဖီထုပ် - ပိုတက်စီယမ် ချို့တဲ့မှု



ဂေါ်ဖီထုပ် - နိုင်ထရိုဂျင် ချို့တဲ့မှု



ပြောင်းဖူး - နိုင်ထရိုဂျင် ချို့တဲ့မှု



ပြောင်းဖူး - ဖော့စဖရပ် ချို့တဲ့မှု



ပြောင်းဖူး - ပိုတက်စီယမ် ချို့တဲ့မှု



**သခွားသီး - နိုင်ထရိုဂျင် ချို့တဲ့မှု**



**သခွားသီး - ပိုတက်စီယမ် ချို့တဲ့မှု**

**အားလုံးပါဝင်သောလေ့ကျင့်ခန်း**

၁၂။ အောက်ပါဇယားမှ အာဟာရချို့တဲ့မှုအတွက် ဓာတ်မြေသြဇာဖြင့် ပြုပြင်နည်းအကြောင်း ဆွေးနွေးပါ။

### လေ့ကျင့်ခန်း (၁၀.၁၀) အာဟာရချို့တဲ့မှုအတွက် ပြုပြင်ခြင်းများ

၁။ နိုက်ထရိုဂျင် - နိုက်ထရိုဂျင်သည်မြေတွင်းမှ လွယ်ကူစွာစီးဆင်းသွားနိုင်သဖြင့် မကြာခဏ ထည့်ပေးရမည်။ ကွန်ပေါင်းမြေသြဇာသည် တဖြည်းဖြည်းပျော်ဝင်သည်။ အချိန်တိုတွင်း အားဖြည့်ရန် မြေသြဇာအရည် ဖျန်းပေးနိုင်သည်။ သဘာဝမြေဆွေးဖြင့်ဖုံးပေးခြင်းဖြင့် နိုက်ထရိုဂျင် ဆုံးရှုံးမှုသက်သာသည်။

၂။ ပိုတက်စီယမ် - ပိုတက်စီယမ်ချို့တဲ့မှုသည် သဲဆန်သောမြေတွင် ဖြစ်တတ်သည်။ မြူရိတ်အော့ ပိုတက်ကျွေးပါ။ ပိုတက်စီယမ် ဆာလ်ဖိတ်လ်ကို မသုံးပါနှင့်။ မြေတွင်းအချဉ်ဓါတ်ပိုဖြစ်လာမည်။

၃။ ဖော့စဖိတ် - ဖော့စဖိတ်သည်ပျော်ဝင်မှုနည်းသည်။ ထို့ကြောင့် မစိုက်မီ စူပါဖော့စဖိတ်ကို မြေခံထည့်လျှင် ပိုကောင်းသည်။

၄။ မဂ္ဂနီစီယမ် - (ဆားခါး)စားပွဲ ဇွန်း ၂ဇွန်း/ရေ ၁ လီတာနှင့်ရောပြီးအပင်ကိုလောင်းပါ။

**အားလုံးပါဝင်ရန် လေ့ကျင့်ခန်း**

၁၃။ ရွာအလိုက် အုပ်စုငယ်များခွဲပြီး ဓါတ်မြေသြဇာများကို ဘယ်လိုသုံးမည်လဲ စသည်တို့အား ရေးချစေပါ။ (၅မိနစ်)

၁၄။ အဖွဲ့ခေါင်းဆောင်များကို အားလုံးပါဝင်သာဆွေးနွေးပွဲတွင် ၄င်းတို့အဖြေများကိုတင်ပြရန်ဖိတ်ခေါ်ပါ။ (၅မိနစ်)

### လေ့ကျင့်ခန်း (၁၀.၁၁) တောင်သူများအား မြေသြဇာကိုအပင် မည်သည့်အရွယ်တွင် ကျွေးနိုင်ပါသလဲ၊

| ဓါတ်မြေသြဇာ | ကျွေးနည်း | ဘယ်အချိန်မြေသြဇာကျွေးသလဲ<br>(အပင်ကြီးထွားသည့်ဘယ်အဆင့်လဲ) |
|---|---|---|
| ၁ | | |
| ၂ | | |
| ၃ | | |

**အားလုံးပါဝင်ရန်လေ့ကျင့်ခန်း**

၁၅။ မြေသြဇာကျွေးနည်းကို ကြည့်ပါ။ သင်တန်းသားတစ်ဦးချင်း (သို့မဟုတ်) အားလုံးကိုပါဝင်ပြီး နားထောင်ရုံသာ မက ဖတ်ခိုင်းပါ။ (၅မိနစ်)

## လေ့ကျင့်ခန်း ၁၀.၁၂။ မြေသြဇာကျွေးခြင်း။

၁။ မြေခံကျွေးခြင်း

မြေခံဓါတ်မြေသြဇာကို မစိုက်မီ မြေတွင်ထည့်ပေးသည်။ အကယ်၍ ထုံးကိုချဉ်ငန်ဓာတ်မြင့်ရန် သုံးပြီး စူပါဖော့စဖိတ်ကိုသာမန် အာဟာရအဖြစ်သုံးလျှင်၄င်းတို့ကိုမစိုက်မီ ၂ပတ် မှ ၁လ ကြိုထည့်ပါ။

ဓါတ်မြေသြဇာများကွန်ပေါင်းမြေသြဇာ (N:P:K) နှင့်တစ်မျိုးချင်းကိုမြေတွင်းမြှုပ်ပေးခြင်းဖြင့် နေရောင်အပူချိန် အငွေ့ပျံခြင်းမှကာကွယ်ပေးသည်။ မြေအစိုဓါတ်ရှိရန် အရေးကြီးသည်။ မြေကြီးစိုနေလျှင် အာဟာရများ ဆုံးရှုံးမှု မရှိပါ။ ဓါတ်မြေသြဇာများကိုကြဲပက်ပြီး (သို့မဟုတ်) ကြောင်းဆွဲပြီး ထည့်ပေးနိုင်သည်။ အမြစ်နှင့် တိုက်ရိုက်ထိပါက အပင်လောင်တတ်သည်။

## ၂။ ထပ်ဆောင်းထည့်ပေးခြင်း

အာဟာရများမထိန်းနိုင်သော သဲဆန်သောမြေတွင် အပင်များအာဟာရ ထပ်လိုသည့်အခါ ဥပမာ – ပန်းပွင့်ချိန်တွင် အပင်အတန်းဘေး မြောင်းငယ်ပြုလုပ်ပြီး ထည့်ပေးခြင်း(သို့မဟုတ်) အပင်အခြေ ပတ်ပတ်လည်မှ ၆ – ၈လက်မခွာပြီး ထည့်ပေးနိုင်သည်။ ထပ်ဆောင်းထည့်ပေးခြင်းကိုလည်း မြေတွင်းမြှုပ်ပေးခြင်းဖြင့် အာဟာရများဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။ N:P:K ၁၅း၁၅း၁၅ ပတ်လည်သည်သာမန်အသီးပင်များအတွက်ဖြစ်သည်။ ထမင်းစားဇွန်း ၁ ဇွန်း (သို့မဟုတ်) ၂ဇွန်း။တစ်ပင် (သို့မဟုတ်) ၁ – ၂ပေါင်ကို ၂၅ပင်အတန်းအတွက် သုံးပါ။ အရွက်စား ဟင်းသီးဟင်းရွက်များ အတွက် နိုက်ထရိုဂျင်များ သော ဓါတ်မြေသြဇာ N:P:K ၂၀း၅း၁၀ ကိုသုံးပါ။

## ၃။ အရေးကြီးသောလမ်းညွှန်ချက်များ

၁။ ဓါတ်မြေသြဇာများလွန်းခြင်းမှာ နည်းလွန်းခြင်းထက်အန္တရာယ်ရှိသည်။ ပိုလျှံသောဓာတ်မြေသြဇာသည် မြေထဲတွင်ဆားဓါတ်အဖြစ်ရှိနေပြီး အပင်အမြစ်များကို ပျက်စီးစေသည်။

၂။ ခြောက်သွေ့ချိန် ရေသွင်းမပေးနိုင်လျှင် ဓါတ်မြေသြဇာမထည့်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် အစိုဓာတ် လုံလောက် စွာမရှိလျှင် အမြစ်မှအာဟာရများမစုပ်ယူနိုင်ပါ။

**အားလုံးပါဝင်ဆွေးနွေးရန်**

**၁၆။ ဓါတ်မြေသြဇာကျွေးချိန်ကို လေ့လာစေပါ။ (၅မိနစ်)**

## လေ့ကျင့်ခန်း (၁၀.၁၃) မြေသြဇာကျွေးရန်အချိန်

၁။ နိုက်ထရိုဂျင် – ကြီးထွားချိန်အစတွင် နိုက်ထရိုဂျင်ကိုများများကျွေးပါ။ အရွက်နှင့်အမြစ်ကြီးထွားရန်ဖြစ်သည်။ နိုင်ထရိုဂျင်များများပေးခြင်းဖြင့် အပင်များစိမ်းလန်းစိုပြေလာမည်။နိုက်ထရိုဂျင်သည်အပင်ကိုလည်းလောင်စေနိုင်သည်။အရွက်နှင့်ပင်စည်ကိုမထိအောင်ဂရုစိုက်ပါ။နိုက်ထရိုဂျင်နည်းလွန်းပါကလည်းအသီးအပွင့်နည်းခြင်း၊ နောက်ကျခြင်းတို့ဖြစ်စေသည်။ နိုက်ထရိုဂျင်များလွန်းလျှင် အပင်ဟုန်ခြင်း၊ အပင်လောင်ပြီး ညှိုးနွမ်းစေသည်။

၂။ ဖော့စဖရပ် – မြေခံအဖြစ် ကျွေးပါ။ ပန်းပွင့်ရန်နှင့်အမြစ်ကြီးထွားရန်အတွက် အရေးကြီးသည်။ အပင်လောင်ခြင်း နှင့်ထိခိုက်မှုကိုမဖြစ်စေပါ။

၃။ ပိုတက်စီယမ် – အသီးမသီးခင်အချိန်တွင် ကျွေးပါ။ အပင်ကိုမလောင်စေပါ။ သို့သော်များလွန်းလျှင် အခြား အာဟာရများစုပ်ယူခြင်းကို လျော့နည်းသွားစေနိုင်သည်။

**လုပ်ဆောင်ချက် (၅) သီးနှံစိုက်ပျိုးနည်းလမ်းညွှန်ချက်များ။ (၁၅ မိနစ်)**

**အားလုံးပါဝင်ရန်လေ့ကျင့်ခန်း**

၁။ သီးနှံစိုက်ပျိုးနည်းလမ်းညွှန်ချက်များစာအုပ်ကို ဝေပါ။

၂။ သီးနှံစီမံချက်လမ်းညွှန်တစ်ခု ကိုကြည့်စေပါ။ အခြားသီးနှံ စီမံချက်များ ကိုသင်တန်းအပြီး မိမိတို့ကိုယ်ပိုင်အချိန်တွင်ဖတ်နိုင်သည်ကို ရှင်းပြပါ။အကြံပေးချက်နှင့် လမ်းညွှန်ချက်များကို အားလုံးနားလည်။ မလည်ကို ဆန်းစစ် နိုင်ရန်အတွက် မေးခွန်းများ မေးစေရန်ဖိတ်ခေါ်ပါ။ တောင်သူများအား ယခု လမ်းညွှန်ချက်များသည် ကွင်းလက်တွေ့တွင် အသုံးပြုမည်ဖြစ်၍ သင်ခန်းစာတစ်ခုချင်းစီကို ပို၍နားလည်လာမည် ဖြစ်ကြောင်းရှင်းပြပါ။

**လုပ်ဆောင်ချက် (၆) သင်ခန်းစာကိုအကျဉ်းချုပ်ပါ။ (၅မိနစ်)**

**လုပ်ဆောင်ချက် (၇) သင်ခန်းစာကိုသုံးသပ်ခြင်း။ (၅မိနစ်)**

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များက စိတ်ဝင်စား စရာ ကောင်း၊ အားနည်း သနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

**အကြံပြု လိုသည်များကို ရေးချရန် နှင့် နောက်တွင် ဆွေးနွေးရန်**

**လုပ်ဆောင်ချက် (၈) နောက်သင်ခန်းစာချိန်အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာနှင့်အချိန်ကိုအသိပေးပါ။ (၅ မိနစ်)**

နောက်သင်တန်းချိန် အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်ကို အသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းအချိန်နှင့် အမှန်တကယ် ကိုက်ညီသူသာ သင်တန်းလာတက်ရန်ပြောပါ။ အမှန်တကယ် လက်တွေ့ လုပ်ကိုင်နေသော သူများကိုသာ သင်တန်းသို့ လာစေချင်ကြောင်း သင်တန်းသားများအားပြောပါ။ သို့မှသာ သင်တန်းမှသင်လိုက်သောအချက်အလက်များကိုတိုက်ရိုက်ရရှိပြီးကွင်းလုပ်ငန်းတွင် မှန်ကန်စွာအသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦးလက်တွေ့လုပ်မည့်သူကတစ်ဦးဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက် အမှားများရရှိခြင်း စသော အခက်အခဲများကြုံတွေ့နိုင်သည်။

## သင်ခန်းစာအခန်း (၁၁) မြေဖုံးခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း။

အချိန် ။ ။ ၃နာရီ၊ (သင်တန်းခန်းမအတွင်း မိနစ် ၉၀၊ စိုက်ကွင်းအတွင်း မိနစ် ၉၀)

### ရည်ရွယ်ချက်များ

ဤသင်ခန်းစာပြီးဆုံးချိန်တွင်သင်တန်းသားများသည်

၁။ မြေဖုံးခြင်းအကျိုးကျေးဇူးနှင့် အသုံးပြုပုံကို ရှင်းပြတတ်လာမည်။

၂။ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းနှင့် ရွှေ့ပြောင်းစိုက်ခြင်းတို့၏ အားသာချက်၊အားနည်းချက်များကို သိရှိလာမည်။

၃။ အပင်အတွက် ရေလိုအပ်မှုနှင့် ကုန်ကျစရိတ် တွက်ချက်မှု

၄။ ခြံစည်းရိုး ကာရံပုံ စံနစ် အမျိုးမျိုးကို သိရှိရန်

၅။ EM ပိုးနှင့်ဆေး။သဘာဝမြေသြဇာပြုလုပ်နည်းကို သိရှိလာမည်။

လိုအပ်သောပစ္စည်းများ - သင်ပုန်း၊ မာကာပင်၊ တိပ်၊ ကြိုတင်ပြင်ဆင်ထားသောစာရွက်ကြီး၊ မြေဖုံးခြင်းနှင့် စင်တင်ခြင်း အကြောင်းများ ရေးထားသော လက်ကမ်းစာစောင်များ၊ EM ပွားရန်ပစ္စည်းများ။

### လုပ်ဆောင်ချက် (၁) ယခင်သင်ခန်းစာနှင့် ယခုသင်ခန်းစာပါ အကြောင်းအရာများအားလုံးကို သုံးသပ်ရန်။ (၁၀ မိနစ်)

၁။ သင်တန်းသားများအား ပြီးခဲ့သည့်သင်ခန်းစာမှ လေ့လာခဲ့သောအကြောင်းအရာများကို ဆွေးနွေးရန်ဖိတ်ခေါ်ပါ။ ၎င်းတို့ထင်မြင်ချက်များကိုစာရွက်ကြီးပေါ်ရေးချစေပါ။ (၈မိနစ်)

**အားလုံးပါဝင် ဆွေးနွေးရန်**

**အကြောင်းအရာများ**

- ဟင်းသီးဟင်းရွက်နှင့် ကွင်းသီးနှံစိုက်ပျိုးရန်အတွက်စိုက်ဘောင်အမြင့်များပြုလုပ်ခြင်း၊
- ဘောင်များနေရာချခြင်း၊
- ပင်ကြား၊တန်းကြားအကွာအဝေး။
- သဘာဝနှင့်ဓါတုအပင်အာဟာရများ။
- သီးနှံ ၂၈ မျိုးအတွက် ဗဂက သီးနှံစိုက်ပျိုးနည်းဆိုင်ရာလမ်းညွှန်ချက်များ၊

၂။ သင်တန်းသားများကို တောင်သူလက်စွဲစာအုပ်မှ မာတိကာကို ဖွင့်ရန်နှင့် ဤသင်ခန်းစာအတွက် အကြောင်းအရာများကို ဖတ်ရှုရန်သင်တန်းသားများကိုပြောပါ။

### သင်တန်းပို့ချသူများအတွက်လမ်းညွှန်များ

သင်တန်းသားများအား မာတိကာသုံးပြီး အချက်အလက်များကို တောင်သူလက်စွဲ စာအုပ်တွင် ရှာဖွေနိုင်ခြင်းသည် နောက်ပိုင်း မိမိတို့ အိမ်တွင်ဖတ်လိုပါက ရှာဖွေရ လွယ်စေရန်ဖြစ်သည်။

## လုပ်ဆောင်ချက် (၂) မြေဖုံးပေးခြင်း။ (၁၅မိနစ်)

အဖွဲ့ငယ်အတွင်းဆွေးနွေး၍ သင်တန်းသားအားလုံးရှေ့တွင် တင်ပြခြင်း။

၁။ ကျေးရွာတူအဖွဲ့ငယ်များမှ သင်တန်းသာများအား အောက်ပါမေးခွန်းများကို ဖြေဆိုစေပြီး စာရွက်ကြီးတွင် ရေးချခိုင်းပါ။

(၁) မြေဖုံးပေးခြင်းဆိုသည်မှာအဘယ်နည်း၊

(၂) အဘယ်ကြောင့် မြေဖုံးခြင်းလုပ်ငန်းကို လိုက်နာဆောင်ရွက်သင့်သနည်း၊

(၃) မြေဖုံးနည်း အမျိုးအစားမည်မျှသိကြသနည်း၊

၂။ အဖွဲ့ငယ်ခေါင်းဆောင်များအား ၄င်းတို့အဖြေများကို သင်တန်းသားအားလုံးရှေ့တွင် တင်ပြခိုင်းပါ။ ၄င်းတို့၏ သဘောထား ကောက်နုတ်ချက်များကို စာရွက်ပေါ်တွင် ရေးချပါ။ (၅မိနစ်)

၃။ ၄င်းတို့ဆွေးနွေးထားချက်များသည် မြေဖုံးခြင်း အဓိပ္ပါယ်ဟူသည့် ခေါင်းစဉ်အောက်တွင် မပါဝင်သေးပါက လွတ်နေသောစာကြောင်းများတွင် ဖြည့်ခိုင်းပါ။ မြေဖုံးနည်း အမျိုးမျိုးကို ဖော်ပြထားသောဓာတ်ပုံများကိုလည်း ကြည့်ခိုင်းပါ။ မြေဖုံးပေးခြင်းနှင့် စင်ပြုလုပ်နည်း ဆိုင်ရာ လက်ကမ်းစာစောင်ကို ပေးပါ။ (၅မိနစ်)

၄။ ၄င်းတို့ကိုယ်တိုင်လည်း ဤသင်ခန်းစာပြီးပါက သင်တန်းသရုပ်ပြစိုက်ကွက်တွင် မြေဖုံးခြင်းလေ့ကျင့်ခန်း ပြုလုပ်ရမည် ဖြစ်ကြောင်းပြောပါ။

## လေ့ကျင့်ခန်း (၁၁.၁) မြေဖုံးပေးခြင်း

မြေဖုံးခြင်းအဓိပ္ပာယ်။

မြေဖုံးခြင်းဆိုသည်မှာ အပင်များမထိခိုက်စေရန် မြေကိုတစ်ခုခုဖြင့် ဖုံးကာပေးခြင်းဖြစ်သည်။

မေးခွန်း။လယ်သမားများမြေဖုံးခြင်းကိုဘာကြောင့်လုပ်ဆောင်သင့်သနည်း၊

၁။ မြေတွင်းအပူချိန်မြင့်တက်ပြီး အပင်များကိုထိခိုက်မှုမရှိစေရန်၊ အပင်အာဟာရများဆုံးရှုံးမှု လျှော့နည်းစေရန်။

၂။ ရေငွေ့ပျံပြီး အစိုဓာတ်ဆုံးရှုံးမှုမဖြစ်အောင်ကာကွယ်ရန်။

၃။ မြေဆီလွှာကို လေနှင့်ရေတိုက်စားမှုမှ ကာကွယ်ရန်။

၄။ ပေါင်းပင်များ ပေါက်ရောက်မှုမှ ကာကွယ်ခြင်းအားဖြင့် အာဟာရနှင့်အလင်းရောင်ကို အပင်နှင့်ယှဉ်ပြိုင် စားသောက်မှု မရှိအောင်ကာကွယ်ရန်။

၅။ မြေကြီးမှ ရေဖြင့် စင်ပြီး ရောက်လာမည့် ရောဂါ များ အပင်သို့ ကူးစက်ခြင်းမှ ကာကွယ်ပေးခြင်း။

၆။ ------------------------------------------------------------------------------------------

၇။ ------------------------------------------------------------------------------------------

သတိ - မြေဖုံးပစ္စည်းကို အပင်ခြေနှင့်ခွာထားပါ။ အဘယ်ကြောင့်ဆိုသော် မြေဖုံးပစ္စည်းမှအစိုဓါတ်သည် ရောဂါဖြစ်စေရန်ဆွဲဆောင်ပြီး ပင်စည်နှင့်ထိနေပါက အပင်ကိုရောဂါ ကူးနိုင်သည်။

မြေဖုံးပစ္စည်းအမျိုးအစားများကိုလေ့လာစေပါ။



ကောက်ရိုးဖြင့်မြေဖုံးထားပုံ



ကြံရွက် ဖြင့်မြေဖုံးထားပုံ



ပလတ်စတစ်ဖြင့် မြေကိုဖုံးထားပုံ



သတင်းစာစက္ကူဖြင့် မြေကို ဖုံးအုပ်ထားပုံ

လုပ်ဆောင်ချက် (၃) တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း(သို့)ရွှေ့ပြောင်းစိုက်ပျိုးနည်းကို ရွေးချယ်ခြင်း။

(ကြာချိန် စုစုပေါင်း ၁၅မိနစ်)

**အားလုံးပါဝင်ဆွေးနွေးရန်**

၁။ ရွှေ့ပြောင်း စိုက်ပျိုးခြင်းနှင့် တိုက်ရိုက်စိုက်ခြင်းအကျိုးကျေးဇူးကို လေ့လာရန်ဖိတ်ခေါ်ပါ။ (၅မိနစ်)

လေ့ကျင့်ခန်း (၁၁.၂) တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းနှင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့၏ အားသာချက်၊ အားနည်း ချက်များ။

| အကြောင်းအရာ | ရွှေ့ပြောင်းစိုက်ပျိုးခြင်း | | တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း |
|---|---|---|---|
| ၁။ ကုန်ကျစရိတ် | များ | အလွန်နည်း | |
| ၂။ ရေလိုအပ်ချက် | နည်း | များ | |
| ၃။ ရာသီဥတု၊ရောဂါပိုးဒဏ် | ကာကွယ်ရန်လွယ်၊ထိခိုက်မှုနည်း | ကာကွယ်ရန်ခက်ခဲ၊ ထိခိုက်မှုများ | |
| ၄။ သီးနှံထုတ်လုပ်မှု | အထွက်ကောင်း၊ အရည်အသွေးညီညာ | | အထွက်မညီညာ၊ အရည်အသွေးမကောင်း |
| ၅။ စိုက်ခင်းအတွင်းပြုစုစောင့်ရှောက်ရသည့် ကြာချိန် | တိုသည် | ရှည်သည် | |

၂။ ပျိုးပင်များရွှေ့ပြောင်းခြင်းနှင့်တိုက်ရိုက်အစေ့ချစိုက်ခြင်းကိုကြည့်ခိုင်းပါ။လယ်သမားတစ်ဦးခြင်း(သို့မဟုတ်) လယ်သမားအားလုံးကိုကျယ်ကျယ်ဖတ်ခိုင်းခြင်းဖြင့်ပူးပေါင်းပါဝင်စေပါ။(၁ မိနစ်)

၃။ တောင်သူအားလုံး သရုပ်ပြစိုက်ကွက်တွင် ပျိုးပင်များရွှေ့ပြောင်းစိုက်ပျိုးနည်းကို လက်တွေ့လေ့လာရမည့် အကြောင်းရှင်းပြပါ။

## လေ့ကျင့်ခန်း (၁၁.၃) ပျိုးပင်များ စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးခြင်းအဆင့်ဆင့်။

### ရွှေ့ပြောင်းစိုက်ခြင်း

၁။ ရွှေ့ပြောင်းမစိုက်မီနစ်ရက်အလိုတွင် စိုက်ဘောင်ကို ရေဝအောင်ပေးပြီး မြေခံသြဇာကို သီးနှံစိုက်ပျိုးနည်းစနစ် လမ်းညွှန်အတိုင်း ထည့်ပါ။

၂။ ထရိုင်ကိုဒါးမား(၇)ဂရမ်ကိုရေ (၁၀)လီတာနှင့်ဖျော်ပါ။ ထို့နောက် ပျိုးပင်စိုက်မည့်ခွက်တစ်ခွက်လျှင် ထရိုင်ကိုဒါးမား အရည် (၄၀) စီစီ (ထမင်းစားဇွန်း ၄ ဇွန်း)ကို ဖြည်းဖြည်းချင်း လောင်းထည့်ပါ။ ပျိုးပင်စိုက်မည့်ခွက်အတွင်းမှ ထရိုင်ကိုဒါးမား အရည် များ လျှံထွက်လာသည်အထိ မများ ပါစေနှင့်။





၃။ စိုက်ကျင်းတစ်ကျင်းစီတွင် ဘိုကာရှိမြေဆွေးနှင့်ထရိုင်ကိုဒါးမားကို သီးနှံစိုက်ပျိုးနည်းလမ်းညွှန်စာအုပ်ပါ ညွှန်ကြားချက်များအတိုင်း ထည့်ပါ။

၄။ ပျိုးပင်များကိုစိုက်ခင်းသို့ဂရုတစိုက်သယ်ယူပါ။သန်မာသောအပင်များကိုသာ ရွေးပြီးစိုက်ပါ။

၅။ ပျိုးပင်ချစိုက်ရန်စိုက်ကျင်းများကို သီးနှံစိုက်ပျိုးနည်းလမ်းညွှန် စာအုပ်ပါ ညွှန်ကြားချက်အတိုင်းပြုလုပ်ပါ။ တစ်ပင်နှင့် တစ်ပင် နီးကပ်လွန်းလျှင် အပင်များသေးလိုနေမည်ဖြစ်သည်။ ကျဲကျဲစိုက်လျှင်ပေါင်းများ လျင်မြန်စွာပေါက်ပြီး အပင် အာဟာရနှင့် အလင်းရောင်ကို အပင်နှင့်ပြိုင်၍ လုယူစားသောက်ပေလိမ့်မည်။

၆။ ပျိုးခွက်အောက်ခြေမှ လက်ဖြင့်ဖြစ်၍ပျိုးပင်များကိုမနာအောင် ပျိုးဗန်းမှထုတ်ယူပါ။ အားစိုက်၍မဖိရ။ ပျိုးပင်ကို ကျင်းထဲ ချပါ။ပျိုး မြေများကို ရိုးရိုးမြေကြီးနှင့် သေချာစွာဖုံးပါ။ ပျိုးပင်ကိုမြေကြီးထဲသို့ အရမ်းဖိမထည့်ပါနှင့်။ ဖို့လိုက်သော မြေကိုလည်း ပျိုးပင်မြေလုံး ကွဲသွားသည်အထိမဖိပါနှင့်။ အပင်ခြေရှိ မြေကိုသိပ်သွားအောင် လုပ်ပေးပါ။သို့သော် နာနာမဖိပါနှင့်။ ထိုသို့မဟုတ်ပါက အမြစ်ကို လေနှင့်ရေမရောက်နိုင်ပါ။

၇။ ရွှေ့စိုက်ပြီးပြီးချင်း ရေလောင်းပါ။

### လမ်းညွှန်ချက်များ

၁။ ပျိုးပင်များကို ပျိုးအိတ်နှင့်ပျိုးဘောင်တွင်ရှိစဉ်က အနက်အတိုင်းမြေချစိုက်ပါ။

၂။ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ခရမ်းသီးနှင့် ငရုပ်သီးများကို အမြစ်ကြီးထွားမှုကောင်းမွန်အောင်နက်နက်ထားစိုက်ပါ။

၃။ အမြစ်အနီးမြေကိုဖိပေးခြင်းဖြင့် အမြစ်များခြောက်သွေ့ခြင်းမှ ကာကွယ်ပေးသည်။

၄။ ရေခမ်းခြောက်မှုသက်သာရန် အပင်များကို ညနေ ၃း၃၀ ကျော်မှ ရွှေ့စိုက်နိုင်အောင်ကြိုးစားပါ။

## လေ့ကျင့်ခန်း (၁၁.၄) တိုက်ရိုက်မျိုးစေ့ချခြင်းဆိုင်ရာ လမ်းညွှန်ချက်များ။

၁။ အတန်းဖြောင့်ရအောင်ကြိုး (သို့မဟုတ်) အခြားနည်းဖြင့်မှတ်ပါ။

၂။ မြေတွင်မြောင်းတိမ်တိမ်ပြုလုပ်ပါ။ N:P:K မြေသြဇာ၊ မြေဆွေးနှင့်ထရိုင်ကိုဒါးမားတို့ကို သီးနှံစိုက်ပျိုးနည်း လမ်းညွှန်စာအုပ်ပါညွှန်ကြားချက်အတိုင်းထည့်ပါ။

၃။ အပေါ်ရံမြေတွင် စိုက်ကြောင်းငယ်ပြုလုပ် ပြီး မျိုးစေ့ အရွယ် ၏ ၂ဆ ခန့် အနက် မျိုးစေ့ထည့် စိုက်ပါ။

၄။ မျိုးစေ့များကိုသီးနှံစိုက်ပျိုးနည်း လမ်းညွှန်စာအုပ်ပါ ပင်ကြားတန်းကြား အကွာအဝေးအတိုင်းထားပါ။

၅။ အစေ့များကိုမြေဖြင့်ညင်ညင်သာသာဖုံးပေးပါ။ အစေ့စိုက်ပြီးပြီးချင်း ရေလောင်းပါ။

၆။ ------------------------------------------------------------

၇။ ------------------------------------------------------------

၈။ ------------------------------------------------------------



ပြောင်းစေ့ကို တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေပုံ

**လုပ်ဆောင်ချက် (၄) သုံးပါတ်အတွင်း အသုံးပြုနိုင်သော သဘာဝ EM ပိုးနှင့်ဆေး။ ရှက်ဖျန်းပြုလုပ်ခြင်း။ (၁၅မိနစ်)**

၁။ ပတ်ဝန်းကျင်ကိုကာကွယ်ရန်၊ လယ်သမားများ၏ကျန်းမာရေးကို အထောက်အကူပြုရန်နှင့် ကျန်းမာရေးနှင့် ကိုက်ညီသော အစားအစာများရရှိရန် ဓါတုဆေးသုံးခြင်းထက် သဘာဝပိုး။ရောဂါသတ်ဆေးများကို ပိုသုံးသင့်ကြောင်း သင်တန်းသားများအားပြောပါ။ လာမည့်သင်ခန်းစာတွင် သဘာဝနှင့် ဓါတုရောဂါပိုးကာကွယ်နည်းများကို အသေးစိတ်သင်ကြားရမည်ဖြစ်ကြောင်းပြောပါ။ သို့သော်ယခုအချိန်တွင်သဘာဝပိုးနှင့်ဆေးကိုသာပြုလုပ်ရမည်ဖြစ်ကြောင်းပြောပါ။ သို့မှသာအချဉ်ဖောက်ချိန် ၂ - ၃ပတ် ရမည်ဖြစ်ပြီး နောက်လာမည့် ၂ပတ်၊ ၃ပတ် အချိန်အတွင်း အဆင့်သင့် အသုံးပြုနိုင်မည်ဖြစ်သည်။

၂။ သဘာဝပိုးနှင့်ဆေးပြုလုပ်နည်းလမ်းညွှန်ကို တောင်သူလက်စွဲစာအုပ်စာမျက်နှာ(xxx)တွင်ကြည့်ခိုင်းပါ။

## လေ့ကျင့်ခန်း (၁၁.၅) သဘာဝပိုးသတ်ဆေးပြုလုပ်ပုံ

ရွေးချယ်ရန် - ၁။ ဥယျာဉ်ခြံစွန့်ပစ်ပစ္စည်းဖြင့်ပိုးနှင့်ဆေးပြုလုပ်ခြင်း (၂လကြာသည်)

သဘာဝစွန့်ပစ်ပစ္စည်း၁၀ပေါင်(စားဖိုချောင်စွန့်ပစ်ပစ္စည်းများ၊ နွားချေး၊ အနံ့ပြင်းသောအပင်များ)နှင့် ကျောက်တုံးတစ်တုံးကို၊ နိုင်လွန်အိတ်တစ်လုံးအတွင်းထည့်ပြီး အိုးအောက်ခြေတွင်ထားပါ။

ရေ၂၀လီတာ (၅ဂါလံ) ကိုအိုးထဲထည့်ပါ။

အိုးကိုယင်ကောင် မဥရန်နှင့် အနံ့ဆိုး မထွက်စေရန် သစ်သားအဖုံးဖြင့်ဖုံးထားပါ။

အိုးကိုတစ်ရက် နှစ်ကြိမ်နှုန်းဖြင့် ၂လအကြာ (အနံ့ဆိုးများမထွက်တော့သည့်အချိန်) အထိ မွှေပေးပါ။

ပိုးနှင့်ရောဂါကာကွယ်ဆေးရည်ကိုသီးနှံသက်တမ်းတစ်လျှောက်တွင်၄ - ၅ရက်တစ်ခါဖျန်းပေးပါ။အပင်ငယ်များအတွက် (ရေ၂၀ဆး ဆေး၁ဆ) ရောဖျန်းပါ။အပင်ကြီးများ အတွက် (ရေ၁၀ဆ း ဆေး ၁ဆ) ရောဖြန်းပါ။




ရွေးချယ်ရန် - ၂။ အကျိုးပြုအဏုဇီဝ (EM) အသုံးပြုရန်။ (ကြာချိန် ၂ - ၃ ပတ်)

၁။ အချဉ်ဖေါက်ခြင်းကို (၂ - ၃) ပတ်အထိမြန်စေရန်နှင့် အနံ့ကောင်းစေရန် အကျိုးပြုအဏုဇီဝ (EM) နည်းကို သုံးပါ။

၂။ EM (၅၀၀ စီစီ)၊ တင်လဲရည် (၅၀၀ စီစီ) နှင့်လတ်ဆတ်ပြီး နုတ်နုတ်စဉ်းထားသော အပင်အပိုင်းအစများကို ရေ ၂၀ လီတာ (၅ဂါလံ) နှင့်ရောပြီး လေလုံသောပုံးတွင် အချဉ်ဖောက်လျှင် ၃ပတ်အတွင်း သဘာဝမြေသြဇာရည် နှင့် ပိုးသတ်ဆေးကို ရနိုင်သည်။

၃။ ဤ EM ပိုးသတ်ဆေးအရောအနှောကို ၄ - ၅ ရက်ခြားတစ်ကြိမ်နှုန်းဖြင့် သီးနှံရာသီတလျှောက်တွင် ဖျန်းပါ။ EMဆေးနှင့် ရေကို ၁း၁၀၀ အချိုးဖြင့် ရောစပ်ပြီး အပင်ငယ်များကို ဖျန်းပါ။ အပင်ကြီးအတွက် ဆေး၁ ဆ း ရေ ၂၀ ဆနှုန်းဖျော်၍ ဖျန်းပါ။

EM - ၅ ပိုးနှင်ဆေးပြုလုပ်ခြင်း

**လိုအပ်သောပစ္စည်းများ**

| | | |
|---|---|---|
| ၁။ အရက်ပြင်း | - | ၁၀၀ စီစီ |
| ၂။ ရှာလကာရည် | - | ၁၀၀ စီစီ |
| ၃။ တင်လဲရည် | - | ၁၀၀ စီစီ |
| ၄။ EM အပြင်း | - | ၁၀၀ စီစီ |
| ၅။ ရေ | - | ၆၀၀ စီစီ |

- ၁ လီတာ ပုလင်းတွင် အထက်ပါပစ္စည်းများကို အစဉ်လိုက်ထည့်ပြီး လေလုံအောင်ပိတ်ထားပါ။
- အေး၊ မှောင်ပြီးခြောက်သွေ့သော နေရာတွင်ထားပါ။
- ၂ ပတ်ကြာပြီးလျှင် ပိုးနှင်ဆေးအဖြစ် သုံးနိုင်သည်။ -
- ရေနှင့်ရောရမည့် ဆေးနှုန်းမှာ ၁ း ၅၀၀ မှ ၁ း ၁၀၀၀ အထိ ဖြစ်သည်။ ပိုးတွေ့ပါက ဆေးနှင့်ရေ ၁ း ၁၀၀ အချိုးရောပြီးဖျန်းပါ။
- ဤဆေးသည် ပိုးသတ်ဆေးမဟုတ်ပါ။ ပိုးနှင်ဆေးမျှသာဖြစ်သည်။
- ၃ လကြာ အထိ ထားပြီးသုံးနိုင်သည်။

**လုပ်ဆောင်ချက် (၅)   GAP  ကွင်းလုပ်ငန်းကို အသေးစိတ် ဆက်လက်ဆွေးနွေးရန်နှင့် လက်တွေ့လုပ်ဆောင်ချက် သရုပ်ပြလယ်သမား စိုက်ကွင်းသို့ သွားပါ။**

**(၉၀မိနစ်)**

၁။   သီးနှံစိုက်ပျိုးနည်းလမ်းညွှန်ကို ကွင်းလက်တွေ့လုပ်ငန်း လမ်းညွှန်အဖြစ် အသုံးပြုရန်ပေးပါ။ သီးနှံစိုက်ပျိုးနည်း လမ်းညွှန်စာအုပ်သည် တောင်သူလက်စွဲစာအုပ်တွင် ဖော်ပြထားသော လေ့ကျင့်ခန်းများကို အကျဉ်းချုံးဖော်ပြပေးထားသည့် စာအုပ်ဖြစ်ကြောင်း သင်တန်းသားများအားပြောပါ။ လယ်သမား ကွင်းသင်တန်းကျောင်း (FFS) သင်တန်းပြီးလျှင် တောင်သူလက်စွဲစာအုပ်များကို အိမ်တွင် လေ့ကျင့်နိုင်ရန် သိမ်းထားနိုင်ပြီး ပလပ်စတစ်လောင်းထားသော စာအုပ်ကိုသာ စိုက်ကွင်းသို့ယူလာလျှင် လေ့ကျင့်ခန်း စာအုပ်များသည် ကွင်းထဲတွင် မိုးရေ၊ မြေကြီးတို့နှင့် ထိတွေ့ခြင်းဖြင့် မပျက်စီးနိုင်ကြောင်းပြောပါ။

သင်တန်းသားများအား သရုပ်ပြစိုက်ကွက်တွင် အောက်ပါတို့ကို ယခုပင်လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောပါ။

၁။   မြေခံဓါတ်မြေသြဇာနှင့် ဘိုကာရှီသဘာဝမြေဆွေး ထည့်သွင်းခြင်း၊

(သီးနှံစိုက်ပျိုးနည်းလမ်းညွှန်အသစ်ကိုကြည့်ခိုင်းပါ)။

၂။   မြေဖုံးပေးခြင်း။

၃။   ပျိုးပင်များရွှေ့ပြောင်းခြင်းနှင့် (အဆင်ပြေပါက) တိုက်ရိုက်မျိုးစေ့ချခြင်း။

၄။   အပင်ငယ်များပြုစုနည်း (အထူးသဖြင့်) သီးနှံစိုက်ပျိုးနည်း လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော ရေပေးခြင်းနှင့် ဓါတ်မြေသြဇာ ထည့်သွင်းခြင်း။

၅။   ၂-၃ပတ်တွင်အသုံးပြုနိုင်သော EM ပိုး။ ရောဂါနှင်ဆေး ပြုလုပ်ခြင်း။

**လုပ်ဆောင်ချက် (၆) သင်ခန်းစာကိုနိဂုံးချုပ်ပါ။ အဓိကအချက်များကိုအကျဉ်းချုံး ဆွေးနွေးပါ။ (၅ မိနစ်)**

**လုပ်ဆောင်ချက် (၇) သင်တန်းကိုသုံးသပ်ခြင်း။ (၅ မိနစ်)**

သင်တန်းသားများကိုအောက်ပါမေးခွန်းများမေးပြီးမှတ်တမ်းတင်ပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

**လုပ်ဆောင်ချက် (၈) နောက်သင်ခန်းစာချိန်အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊နေရာနှင့်အချိန်ကိုအသိပေးပါ။ (၅မိနစ်)**

**အားလုံးဆွေးနွေးရန်**

နောက်သင်တန်းချိန် အတွက်ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်ကို အသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည်ဖြစ်စေ သင်တန်းအချိန်နှင့် အမှန်တကယ် ကိုက်ညီသူသာ သင်တန်းလာတက်ရန်ပြောပါ။ အမှန်တကယ် လက်တွေ့လုပ်ကိုင်နေသော သူများကိုသာ သင်တန်းသို့လာစေချင်ကြောင်း သင်တန်းသားများအားပြောပါ။ သို့မှသာ သင်တန်းမှသင်လိုက်သောအချက်အလက်များကိုတိုက်ရိုက်ရရှိပြီးကွင်းလုပ်ငန်းတွင်မှန်ကန်စွာအသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦးလက်တွေ့လုပ်မည့်သူက တစ်ဦးဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာမရရှိခြင်း၊ အချက်အလက် အမှားများရရှိခြင်း စသော အခက်အခဲများကြုံတွေ့နိုင်သည်။

သင်တန်းကိုအဆုံးသတ်ပြီး သင့်လျော်သည့် သရုပ်ပြပစ္စည်းများ၊ လက်ကမ်းစာစောင်များ ပေးပါ။

### သင်ခန်းစာအခန်း (၁၂) ရေအသုံးပြုပုံ၊ ရေအသုံးပြုရမည့် အချိန်၊ ရေသွင်းနည်းများနှင့် သီးနှံအတွက်ရေလိုအပ်မှုကို တွက်ချက်ပုံ

အချိန် ။ ။ သင်တန်းခန်းမအတွင်း (၃နာရီ)

### ရည်ရွယ်ချက်များ

ဤသင်တန်းအပြီးတွင်သင်တန်းသားများပြုလုပ်နိုင်သည်မှာ -

၁။ စိုက်ခင်းမှ ဘယ်လို ရေရရှိ၊ ဆုံးရှုံးမှု ကို ရှင်းပြနိုင်ရန်၊

၂။ သီးနှံကြီးထွားချိန်ကာလတွင် ရေ ဘယ်လိုအသုံးပြုလဲရှင်းပြနိုင်ရန်၊ အခြေခံရေလောင်းနည်းများရှင်းပြနိုင်ရန်၊

၃။ သီးနှံအမျိုးမျိုးအတွက် ရေလိုအပ်မှုကိုသိရှိနိုင်ရန်၊

၄။ ရေပေးနည်းအမျိုးမျိုး၏ အားနည်းချက်၊အားသာချက်ကို ရှင်းပြနိုင်ရန်၊

၅။ စိုက်ပျိုးစနစ်အရ ရေလိုအပ်မှုကိုတွက်ပြနိုင်ရန်၊

၆။ မိမိတို့သီးနှံအတွက် ရေလိုအပ်မှုကိုတွက်နိုင်ရန်၊

၇။ သီး နှံများ အတွက် တစ်နာရီ ရေလိုအပ်မှု ကို တွက်ချက် တတ်ရန်

### အစီခံတ်တိုင်းရန် နှင့် ကွင်းထဲရှိ ရေ ရရှိ မှု အခြေအနေ ကို စစ်ဆေးရန်

လိုအပ်သောပစ္စည်းများ။ သင်ပုန်း၊ မာကာပင်၊ စာရွက်ကြီး၊ တိပ်၊ အုပ်စုလိုက် အစိုဓါတ်တိုင်းရန် မြေနမူနာများ။

လုပ်ဆောင်ချက် ၁။ နောက်ဆုံးသင်ခန်းစာနှင့် ယခုသင်ခန်းစာခေါင်းစဉ်ကို အားလုံးသုံးသပ်ရန်။ (၁၀ မိနစ်)

### အားလုံးပါဝင်ဆွေးနွေးရန်

၁။ နောက်ဆုံးသင်တန်းမှ သူတို့ ဘာလေ့လာခဲ့သည်ကို ပြောရန်ဖိတ်ခေါ်ပါ။ ၎င်းတို့ထင်မြင်ချက်များကို စာရွက်ကြီးပေါ်ရေးပါ။ (၈မိနစ်)

ဉပမာ။

၁။ မြေဖုံးခြင်းအကျိုးများနှင့်အသုံးပြုပုံ။

၂။ တိုက်ရိုက်အစေ့ချစိုက်ခြင်းနှင့်ပျိုးပင်ရွှေ့ပြောင်းစိုက်ခြင်းတို့၏အားနည်းချက်၊အားသာချက်များ။

၃။ EM ပိုးနှင်ဆေး။ရွက်ဖျန်းပြုလုပ်နည်း။

### ယခု သင်တန်းခေါင်းစဉ်ကို သုံးသပ်ရန်။ (၂မိနစ်)

## သင်တန်းပံ့ပိုးသူများအတွက်လမ်းညွှန်များ

သင်တန်းသားများအားမာတိကာသုံးပြီးအချက်အလက်များကိုတောင်သူလက်စွဲစာအုပ်တွင်ရှာဖွေနိုင်းခြင်းသည်နောက်ပိုင်းမိမိတို့အိမ်တွင်ဖတ်လိုပါကရှာဖွေရလွယ်စေရန်ဖြစ်သည်။

လုပ်ဆောင်ချက် (၂) ရေကိုမည်ကဲ့သို့အသုံးပြုသနည်း။ (၅ မိနစ်)

အားလုံးဆွေးနွေးရန်။

၁။ တောင်သူ့လက်စွဲ စာအုပ် လေ့ကျင့်ခန်း(၁၂.၁) တွင်ပါသော ပုံ တွင် စိုက်ခင်း နှင့် သီးနှံမှ သဘာဝအတိုင်း ရေမည်သို့ ရရှိမှု၊ ဆုံးရှုံးမှု ကို သင်တန်းသားများအားမေးရန်၊

၂။ ၂မိနစ်ကြာပြီးနောက် အချို့ဖြေခိုင်းပြီး ၄င်းတို့ထင်မြင်ချက်များကို စာရွက်ကြီးပေါ်ရေးပြီး ဆွေးနွေးစေပါ။

(အဖြေ။ မြင့်သောအပူချိန်သည် အရွက်နှင့်မြေကြီးမှ ရေငွေ့ပျံစေသည်။ မိုးရွာပြီးနောက် အပင်နှင့်မြေကို ရေရစေသည်။ နေအပူချိန်မြင့်လျှင် အပင်နှင့်မြေမှ ရေငွေ့ပျံစေသည်။ ပူသောလေသည် အပင်နှင့်မြေကို ခြောက်သွေ့စေသည်။) (၅မိနစ်)

လေ့ကျင့်ခန်း (၁၂.၁) စိုက်ခင်းမှရေ ရရှိခြင်းနှင့် ဆုံးရှုံးစေသည့်အကြောင်းရင်းများ



လုပ်ဆောင်ချက် (၃) လယ်သမားများတွင် စိုက်ပျိုးရေမည်မျှရှိသနည်း။ (၁၅ မိနစ်)

အားလုံးပါဝင်ခြင်း

၁။ အဖွဲ့အတွင်းအကြံဉာဏ်ထုတ်ဆွေးနွေးရန် - သူတို့သိထားသော စိုက်ပျိုးရေအရင်းအမြစ်များကို ဆွေးနွေးခိုင်းပါ။ သူတို့၏အဖြေများကို စာရွက်ကြီးတွင်ရေးပါ။ သူတို့၏ အဖြေများကိုအောက်ပါလေ့ကျင့်ခန်း ၁၂.၂ ၏ ပထမကော်လံ တွင်နှိုင်းယှဉ်ပါ။ (၅ မိနစ်)

လုပ်ဆောင်ချက် (၄) တောင်သူများ ရှိ ရေအရင်းအမြစ်အမျိုးမျိုးကို စာရွက်ကြီး ပေါ်တွင် ရေးချခိုင်းပါ။ အောက်ပါ အချက်တို့ နှင့်နှိုင်းယှဉ် ပြပါ။ (၁၀ မိနစ်)

လေ့ကျင့်ခန်း (၁၂.၂)ရေ အရင်းအမြစ်များ

| ရေ ရရှိနိုင်သော နေရာ | ဘယ်လအထိ ရေရနိုင်သလဲ | ရေရရှိနိုင်မှုသေချာ၊ မသေချာ |
|---|---|---|
| ၁။ မြစ်၊ ချောင်း | | |
| ၂။ ရေကန် | | |
| ၃။ ရေတွင်း | | |
| ၄။ အဝီစိတွင်း | | |
| ၅။ စိမ့်စမ်းရေ | | |
| ၆။ | | |

| | | |
|---|---|---|
| ၇။ | | |
| ၈။ | | |
| မှတ်ချက်။ | | |

**တစ်ဦးချင်းလေ့ကျင့်ခန်း**

၁။ လယ်သမားများအနေဖြင့်၎င်းတို့၏လယ်ယာမြေများတွင်သီးနှံစိုက်ပျိုးရန်သင့်တော်သောအရည်အသွေးရှိသောရေကိုရရှိနိုင်သည့်အချိန်ကိုအလယ်ကော်လံတွင်ရေးရန် ပြောပါ။ (ဥပမာ – အောက်တိုဘာလလယ်မှ ဖေဖော်ဝါရီလ လယ်အထိ။ (၅ မိနစ်)

၂။ ထို့နောက်၎င်းတို့သည်ရေအရင်းအမြစ်၏ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်၍မည်မျှယုံကြည်မှုရှိကြောင်းပြသရန်လက်ျာဘက်၌ "သေချာ" သို့မဟုတ် "မသေချာ" ရေးစေပါ။ အောက်တိုဘာမှ ဖေဖော်ဝါရီလ (သေချာ)၊ မတ်လနှင့် ဧပြီလ (သေချာ)။ (၅ မိနစ်)

၃။ အရေးကြီးသောမှတ်ချက် – အကယ်၍ ၎င်းတို့၏ ရေလုံလောက်မှု ယုံကြည်စိတ်ချရမှုနှင့် ပတ်သက်၍မသေချာလျှင် ၎င်းတို့သည် ဤအချိန်ကာလအတွင်းမစိုက်ပျိုးရန် သို့မဟုတ်သီးနှံများဆုံးရှုံးသွားနိုင်သည်ဟု အကြံပေးပါ။

**လုပ်ဆောင်ချက် (၅) လယ်သမားများတွင်ရေမည်မျှလိုအပ်သနည်း။ (၆၀ မိနစ်)**

**အားလုံးပါဝင်ခြင်း**

ပြောင်းဖူးပင်ကို လေ့လာစေပြီး၊ ဘာကို ဆိုလိုသလဲဆိုတာကို လယ်သမားတစ်ဦးအား ပြောခိုင်းပါ။ (အဖြေ။ အပင်များသည် ကြီးထွားချိန် အဆင့်ဆင့်တွင် ရေလိုအပ်မှု မတူပါ။ အပင်ငယ်အဆင့်မှ သက်တမ်းအလတ်အထိ ရေလိုအပ်မှုတိုးလာပြီး ရင့်မှည့်ချိန်မှ ပန်းပွင့်ချိန်နှင့် အစေ့တည်ချိန်တွင် ရေလိုအပ်မှုမှာ တသမတ်တည်းနှင့် ဆွတ်ခူးချိန်တွင် ရေလိုအပ်မှု လျော့ကျသွားသည်။ (၅မိနစ်)

**လေ့ကျင့်ခန်း ၁၂.၃။ အပင်များကြီးထွားမှုအဆင့်လိုက်ရေလိုအပ်မှု။**




| | | | | | |
|---|---|---|---|---|---|
| ၆၀ | ၅ | ၂၀ | ၆၀ | ၆၅ | ၁၀ |
| မစိုက်မီ၊ | အပင်ပေါက်ချိန်၊ | ကြီးထွားချိန်၊ | ပန်းပွင့်ချိန်၊ | အစေ့ထည့်ချိန်၊ | ရင့်မှည့်ချိန်၊ |

**နှစ်ယောက် တတွဲ ဆွေးနွေးရန်။**

၁။ တောင်သူ လက်စွဲ စာအုပ်မှ – လေ့ကျင့်ခန်း အခြေခံ ရေလောင်းနည်း လမ်းညွှန် ကို ဖတ်ခိုင်းပါ။

၂။ ပံ့ပိုးသူမှ ပထမအပိုဒ်အား ရှင်းပြပြီး မတူသောလယ်သမားများအား ရေပေးနည်းတစ်မျိုးစီကို ဖတ်ပြီး လိုအပ်လျှင် အဖွဲ့နှင့်ဆွေးနွေးခိုင်းပါ။ (၂၀ မိနစ်)

အားလုံးဆွေးနွေးရန်။

ပံ့ပိုးသူမှ အုပ်စုလိုက် – အခြေခံ ရေလောင်းနည်း လမ်းညွှန် ကို ဖတ်ခိုင်းပါ။ မေးခွန်းများကို တဆင့်ပြီး တိုင်း မေးပြီး ဆွေးနွေးခိုင်းပါ။ မြေအစိုဓါတ် တိုင်းတာမှု အကြောင်းကိုလဲ ဆွေးနွေးပါ။ (၂၀ မိနစ်)

## လေ့ကျင့်ခန်း (၁၂.၄) အခြေခံရေလောင်းနည်းများ။

ရေပမာဏ။

သီးနှံတစ်မျိုးထုတ်လုပ်ရန် လိုအပ်သောရေပမာဏသည် ကြီးထွားချိန်နှင့် မြေဆီလွှာအမျိုးအစားပေါ် မူတည်သည်။ လိုက်နာရန်စည်းကမ်းများရှိသော်လည်း လယ်သမားများသည်အပင်များနှင့်မြေအခြေအနေကိုကြည့်ပြီးရေလိုအပ်ချိန် နှင့်ရေပမာဏကို ဆုံးဖြတ်တတ်ရန်လိုသည်။

**အပင်ရေပေးရန်လမ်းညွှန်များ**

၁။ နံနက်စောစောတွင်ရေလောင်းလျှင် အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နေပူလာချိန်တွင် အပင်သည်မြေတွင်းမှ ရေစုပ်ယူချိန်တွင် ရေလုံလောက်စွာရရှိနိုင်သောကြောင့် ဖြစ်သည်။

၂။ လက်တစ်ဆုပ်စာမြေကို မြေအနက် ၂လက်မ မှယူပြီး ဆုပ်ကြည့်ပါ။ မြေပြင်အထက် ၁၀လက်မအကွာမှ လွှတ်ချကြည့်ပါ။ အကယ်၍မြေလုံးမပျက်ပါက ရေလုံလောက်စွာရှိသည်။ အကယ်၍ ကွဲသွားပါက ရေလိုအပ်သည်။

၃။ သဲမြေသည် ရွံ့မြေထက် ရေပိုလိုသည်။

၄။ အကယ်၍ တိုက်ရိုက်မျိုးစေ့စိုက်လျှင် မျိုးစေ့ကိုရေတစ်ညစိမ်ပါ။

၅။ မျိုးစေ့မစိုက်မီ (သို့မဟုတ်) ရွှေ့ပြောင်းမစိုက်မီ မြေကြီးကို ကြိုတင်ရေလောင်းထားပါ။

၆။ အပင်စိုက်ပြီးစ တွင် ရေလောင်းပေးခြင်းဖြင့် အမြစ်နားတွင် မြေကြီး များ သိပ်နေစေသည်။

၇။ အပင်ငယ်များသည်ရေလိုအပ်မှုနည်းပြီးအပင်ကြီးလာသည်နှင့်အမျှရေလိုအပ်မှုများလာသည်။ယေဘူယျအားဖြင့်အရွက်ကြီးလေရေပိုလိုလေဖြစ်ပါသည်။သီးနှံစိုက်ပျိုးမှု လမ်းညွှန်ချက် စာအုပ်တွင် ကြည့်ပါ။

၈။ အပင်ခြေ မြေကြီး မွနေပါက ရေကို အလွယ်တကူ စုတ်ယူနိုင်သည်။

၉။ သီးနှံများ ရိတ်သိမ်းခါနီးတွင်ရေဖြတ်ထားရမည်။

၁၀။ အသီးပင်များပန်းပွင့်ချိန်တွင် ရေများများ လောင်းပါက အသီးများ ကွဲတတ်သည်။

၁၁။ အချို့အပင်များတွင် အရွက်ကိုရေလောင်းပါက ပုပ်တက်သည်။ (ဥပမာ – ရုံးပတီ)

၁၂။ မြောင်းဖြင့်ရေသွင်းလျှင် ဘောင်များသိပ်မကျယ်စေရပါ။ ရေပေးမြောင်းမှ စိမ့်ဝင်သော ရေ အပင်ခြေ အရောက်လွယ်စေရန် ဘောင်သိပ်မကျယ်လွန်းရပါ။

၁၃။ အကယ်၍သိပ်ခြောက်လျှင် အရွက်များညှိုးမည်။ သို့သော် ရေပြန်လောင်းပေးလျှင်၊ လျှင်မြန်စွာလန်းလာမည်။

၁၄။ အကယ်၍အပင်များရေများသွားလျှင်အရွက်လည်းညှိုးသွားမည်။အကြောင်းမှာအမြစ်များပုပ်သွားသောကြောင့်ဖြစ်သည်။အကယ်၍အမြစ်များပုပ်နေလျှင်ရေပြန်လောင်းပေးသော်လည်း ပြန်မလန်းပါ။ ရေလောင်းလွန်ခြင်းကိုရှောင်ရှားပါ။

## လေ့ကျင့်ခန်း (၁၂.၅) မြေအစိုဓါတ် စမ်းသပ်ခြင်း

### မြေအစိုဓါတ်စမ်းသပ်ခြင်း



(က) အနည်းဆုံး၆နေရာ (မြောင်းအမျိုးမျိုး) မှမြေအစိုဓါတ်စမ်းသပ်ရန် ကျပန်းနမူ နာယူပါ။

(ခ) အပင်နှစ်ပင်ကြား၊အပင်မှ၈လက်မအကွာအပင်တန်းမှရွေးယူပါ။

(ဂ) ၄လက်မအနက် ကျင်းတူးပြီး လက်ချောင်းတွင်းနမူနာကိုယူပါ။

(ဃ) မြေနမူနာကို နာနာဖိညှစ်ပါ။ (မပွတ်ပါနှင့်)

(င) အခြားလက်ပေါ်သို့ ၄ လက်မ အမြင့်မှချလိုက်ပါ။ အကယ်၍နမူနာသည် -

- အမှုန့်ကဲ့သို့ကွဲသွားလျှင် ချက်ခြင်း ရေပေးရန်လိုသည်။
- အတုံးငယ်များကဲ့သို့ကွဲသွားလျှင် ၄ နာရီ အတွင်း ရေပေးရန်လိုမည်။
- မကွဲဘဲအလုံးလိုက်ကျလျှင် နောက် ၂၄ နာရီ အထိ ရေလုံလောက်သည်။

### အားလုံးလုပ်ဆောင်ချက်

- လယ်သမားတစ်ဦးစီကိုဖိတ်ခေါ်ပြီး စာရင်းတွင် ပါသော သီးနှံ၏ကြီးထွားမှုအဆင့်ဆင့်တွင် အရေးကြီးသော ရေလောင်းရန် လမ်းညွှန်ချက်များကို ကျယ်ကျယ် ဖတ်ခိုင်းပါ။ (မှတ်ချက်။ တိကျသောရေလိုအပ်ချက်ကို ၄င်းတို့ GAP သီးနှံစိုက်ပျိုးနည်းလမ်းညွှန်စာအုပ်ကို လေ့လာပါ။) (၅ မိနစ်)

### လုပ်ဆောင်ချက် (၆)အပင်အမျိုးအစားပေါ်မူတည်၍ ရေလိုအပ်ချက်များကိုတွက်ချက်ခြင်း။ (မိနစ် ၃၀)

### အုပ်စုငယ်များ

၁။ သင်တန်းသားများကိုအုပ်စုငယ်များခွဲ၍၎င်းတို့အသုံးပြုသည့်ရေပေးစနစ် – အစက်ချစနစ်၊ရေပန်းစနစ်၊ရေပန်းခရားများ၊ထွန်ကြောင်းတွင်ထည့်၍ရေလောင်းခြင်းစသည့် အမျိုးအစားများအရခွဲခြားရန်ပြောပါ။ အကယ်၍ အုပ်စုတစ်ခုတွင် ၅ ယောက်ထက်ပိုပါက ၎င်းတို့ကို ၅ ယောက်အထိအုပ်စုငယ်များ ခွဲပါ။ (၂ မိနစ်)

၂။ အောက်ပါမေးခွန်းကိုစာရွက်ကြီးဇယားတွင်ရေးပြီးလယ်သမားများအား "သင်၏ရေသွင်းနည်းစနစ်ကိုအသုံးပြု၍တစ်နေ့လျှင်အပင်အမျိုးအစားပေါ်မူတည်၍ရေလိုအပ်ချက်များကို သင်မည်သို့ တွက်ချက်မည်နည်း" ဟုမေးပါ။ အဖွဲ့များကို ဤမေးခွန်းများကိုဆွေးနွေးရန်နှင့် အဖွဲ့ဝင်တစ်ဦးအားအားလုံးပါဝင်သော အစည်းအဝေးသို့ ပြန်လည်ပြောပြရန်ပြောပါ။ (၅ မိနစ်)

၃။ ထို့နောက် ၎င်းတို့ကို အောက်ပါဇယားရှိလေ့ကျင့်ခန်း ၁၂.၆ ကိုရည်ညွှန်းပါ။ ၎င်းအမျိုးအစားအတွက် မည်မျှလိုအပ်သည်ကိုတွက်ချက်ရန်သူတို့ကိုပြောပါ။ သူတို့၏ အဖြေများကိုအားလုံးပါဝင်သောအစည်းအဝေးသို့ တင်ပြရန်ပြောပါ။ (၂၃ မိနစ်)

## လေ့ကျင့်ခန်း (၁၂.၆) အပင်အမျိုးအစားပေါ်မူတည်၍ ရေလိုအပ်ချက်များ။

| | |
|---|---|
| ပဲစောင်းလျားသီး | အပင်အားလုံးကြီးထွားချိန်တွင် ရေကိုတစ်လျှောက်လုံးမှန်မှန်နှင့် ညီညာစွာ လောင်းပေးပါ။ အပင်များရေများခြင်းကို မနှစ်သက်ပါ။ |
| ပန်းမုံလာစိမ်း | အပင်အားလုံးကိုရေမှန်မှန်လောင်းပါ။ အထူးသဖြင့်သေးငယ်သော ပန်းများစောစော မပွင့်ရန် အတွက်ဖြစ်သည်။ |
| ဂေါ်ဖီထုပ် | အပင်များရေခြောက်မသွားစေရ။ အထုပ်ဖြစ်ချိန်ရေမှန်မှန် မလောင်းလျှင် အထုပ်ကွဲသွား တတ်သည်။ |

| | |
|---|---|
| ပန်းမုံလာ | အပင်အားလုံးကိုရေမှန်မှန်လောင်းပါ။ အထူးသဖြင့် သေးငယ်သော ပန်းများ စောစော မပွင့်ရန်အတွက်ဖြစ်သည်။ |
| ငရုပ်သီး | စိုက်ချိန်မှအသီးကြီးထွားချိန်အထိ ရေမှန်မှန်တိုးလောင်းပေးပါ။ |
| ပြောင်းဖူး | ပြောင်းပင်သည်ကြီးထွားချိန်မှအဖူးရင့်သည်အထိ ရေငတ်ဒဏ်ခံနိုင်သည်။ ပန်းပွင့်ချိန်တွင် ရေပြတ်လျှင်အထွက်နှုန်းကျမည်။ အဘယ်ကြောင့်ဆိုသော် အမပွင့်ခြောက်သွေ့သဖြင့် ဝတ်မှုံမကူးနိုင်ပါ။ အဖိုပွင့်လည်း ဝတ်မှုံကိုစောစောထုတ်ပေးသည်။ |
| သခွားသီး | ရွှေ့ပြောင်းစိုက်ချိန်မှ အဖူးဝင်ချိန်၊ ပန်းပွင့်ချိန်၊ အသီးကြီးထွားချိန်အထိ ရေမှန်မှန် တိုးလောင်း ပေးပါ။ပန်းပွင့်ချိန်နှင့် အသီးကြီးထွားချိန်တွင် ရေမပြတ်ရန်အရေးကြီးသည်။ |
| ခရမ်းသီး | ရွှေ့ပြောင်းစိုက်ချိန်မှ အသီးတင်ချိန်အထိရေ တိုးလောင်းပေးရမည်။ အသီးများကြီးထွားရန် ရေမှန်မှန်လိုအပ်သည်။ |
| ကန်ဇွန်း | တစ်ရာသီလုံးရေအမြဲညီညာစွာရှိရမည်။ ရွက်စားပင်များသည် အမြစ်တိမ်သဖြင့် မကြာခဏ ရေသွင်းပေးရမည်။ |
| သုပ်စားဟင်းရွက်များ | တစ်ရာသီလုံးရေအမြဲညီညာစွာရှိရမည်။ ဆလပ်ရွက်သည် အမြစ်တိမ်သဖြင့် မကြာခဏ ရေသွင်းပေးရမည်။ |
| ကြက်သွန်နီ၊ မိတ်စားကြက်သွန် | ကြက်သွန်နီနှင့်မိတ်စားကြက်သွန်ပင်သည် အမြစ်သေးငယ်သောကြောင့် ရေမှန်မှန်လောင်းရမည်။ ဉဆင်းချိန်တွင်ရေခြောက် မသွားစေရန် အရေးကြီးသည်။ ကြက်သွန်ဉကို အမိတ်များကျသွားလျှင်ရေဖြတ်ပါ။ |
| ရွှေဖရုံသီး | အညွှန့်ထွက်ချိန်၊ ပန်းပွင့်ချိန်နှင့် အသီးကြီးထွားချိန်များတွင် ရေတိုးလောင်းပေးပါ။ |
| ခရမ်းချဉ်သီး | ပန်းပွင့်ချိန်၊ အသီးတင်ချိန်၊ အသီးကြီးထွားချိန်ရေမှန်မှန်ပေးရန် လိုအပ်သည်။ မြေမဖုံးထားသော အပင်အတွက်ရေပိုလိုမည်။ သက်ကြီးမျိုးများသည် ဆွတ်ခူးချိန်တွင် ရေလိုအပ်မှု နည်းသွားသည်။ အသီးများကြီးထွားချိန်တွင်ရေမှန်မှန် မလောင်းလျှင် အသီးကွဲတတ်သည်။ |
| မျိုးစေ့များ အညှောင့် ဖောက်ခြင်း | မြေကိုအစိုဓါတ်ရှိရန် မကြာခဏရေလောင်းပေးပါ။ သို့သော် အစေ့များ မျောပါမသွားရန် သတိပြုပါ။ |
| ပျိုးပင်များ | ပျိုးပင်များ အမြဲတမ်းအစိုဓါတ်ရှိပါစေ။ သို့သော်များလွန်းပါက ခါးရိရောဂါကျနိုင်သည်။ အပင်ငယ်စဉ် မညှိုးနွမ်းပါစေနှင့်။ |
| ပြောင်းရွှေ့ပင်များ | ပြောင်းရွှေ့ပင်များအစိုဓါတ်တစ်သမတ်တည်းရှိပါစေ။ မညှိုးနွမ်းအောင် ရေလောင်းပါ။ သို့မှသာ အမြစ်များမြန်မြန်စွဲမည်။ ပထမ၅ရက်သည်အရေးကြီးသည်။ |

## လုပ်ဆောင်ချက် (၇) ရေကိုမည်သည့်အချိန်လောင်းရမည်နည်း။ (၂၅ မိနစ်)

အားလုံးအတွက်လေ့ကျင့်ခန်း။

၁။ လယ်သမားများအားငင်းတို့၏ အပင်များ ရေဘယ်အချိန် လိုအပ်မည်ကို သိရှိရန်အပင်များကို လေ့လာတတ် ရန် လိုအပ်သည်ကို ပြောပါ။

၂။ ၄င်းတို့နှင့်အတူ အောက်ဖော်ပြပါ ဇယားကိုကြည့်ပြီး၊ ရောဂါပြဿနာများသည် ရေပြဿနာများနှင့် တူတတ်သဖြင့် ၄င်းတို့ခြားနားချက်ကို သိရှိရမည်။ (၅မိနစ်)

လေ့ကျင့်ခန်း (၁၂.၇) ရေပြဿနာများကိုသိရှိရန်။

| လက္ခဏာ | ပြဿနာ |
|---|---|
| ၁။ နံနက်တွင်အပင်များလန်း။ သို့သော်တစ်နေ့လုံး အရွက်များညှိုးနွမ်းသည်။ | ရေလိုအပ်သည်။ |
| ၂။ နံနက်တွင်အပင်များလန်း။ သို့သော် တစ်နေ့လုံး အရွက်များညှိုးနွမ်း။ | ညနေပိုင်းတွင်အပင်များ ပြန်မလန်းလာလျှင် အမြစ်များ ပုပ်ခြင်းကြောင့်ဖြစ်သည်။ |
| ၃။ ပန်းပွင့်များကြွေကျ။ | ရေများလွန်းခြင်း၊ နည်းလွန်းခြင်းကြောင့်ဖြစ်သည်။ |
| ၄။ အသီးကွဲ။ | ရေငတ်ပြီးနောက် ရေများသွားခြင်းကြောင့်ဖြစ်သည်။ |
| ၅။ အပင်အပေါ်ပိုင်းအရွက်များမှစတင် ဝါလာသည်။ | ရေများလွန်း၊နည်းလွန်းခြင်းကြောင့်ဖြစ်နိုင်သည်။ |

အဖွဲ့ငယ်နှင့်အားလုံးအတွက်လေ့ကျင့်ခန်း။

၃။ အဖွဲ့ငယ်များဖွဲ့၍ ပံ့ပိုးသူမှပေးသော မြေနမူနာကို အောက်ပါစမ်းသပ်နည်းဖြင့် အစိုဓာတ်စမ်းသပ်ခြင်း လုပ်ဆောင်ချက် ပြောပါ။ ၎င်းတို့တွေ့ရှိချက်များအားလုံးကို တင်ပြရန်ပြောပါ။ (၂၀ မိနစ်)

## လုပ်ဆောင်ချက် (၈) ရေသွင်းနည်းများ။ (၂၅ မိနစ်)

အဖွဲ့ငယ်များနှင့် စုပေါင်းဆွေးနွေးခြင်း

၁။ အကြံဉာဏ်ထုတ်ရန်မေးခွန်း။ "သင်တန်းသားများသိသော ရေပေးနည်းအမျိုးမျိုး ဆိုတာ ဘာလဲ" မိမိတို့ ထင်မြင်ချက်များကို စက္ကူကပ်ပေါ် ရေးချပါ။ (၂မိနစ်)

၂။ သင်တန်းသားများကို အဖွဲ့ငယ်ဖွဲ့ပြီး တစ်ဖွဲ့ကို ရေသွင်းနည်းတစ်မျိုးချပေးပါ။ စာရွက်ကြီးပေါ် ကော်လံ နှစ်ခု ဆွဲခိုင်းပါ။ အားသာချက်နှင့် အားနည်းချက်ရေးရန်။ အဖွဲ့၏ ရေသွင်းနည်း အားနည်းချက်၊ အားသာချက်များကို စာရွက်ကြီးပေါ်စာရင်းပြုစုခိုင်းပါ။

၃။ ၎င်းတို့တွေ့ရှိချက်များကို တင်ပြခိုင်းပါ။ သူတို့၏တွေ့ရှိချက်များကို အောက်ပါဇယားနှင့် ယှဉ်ကြည့်ပါ။ (၁၃မိနစ်)

လေ့ကျင့်ခန်း (၁၂.၈) ရေသွင်းနည်းများ။

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| မြောင်းဖြင့်ရေသွင်းနည်း | |
| လုပ်ငန်းကုန်ကျစရိတ်သက်သာ။<br>မိုးရေကိုထိရောက်စွာအသုံးပြု။<br>အစိုဓါတ်ထိန်းသောမြေတွင်ရေဖြန့်ဖြူးရန်လွယ်ကူ။<br>စီးဆင်းသွားမှုမရှိ။ | ကနဦးမြောင်းဖော်စရိတ်ကုန်ကျမှုများ။<br>ရေငွေ့ပျံခြင်းကြောင့်ဆားဓါတ်တိုးလာနိုင်သည်။<br>ရေများစွာသုံးရသည်။ |

| | |
|---|---|
| ရေဖျန်းစနစ် | |
| လည်ပတ်ရန်စရိတ်သက်သာ၊ နေရာများများရောက်။<br>အစိုဓါတ်မထိန်းသော မြေတွင်မကြာခဏ အချိန်တို သုံးနိုင်သည်။<br>စျေးနှုန်းပစ္စည်းအရည်အသွေးပေါ်မူတည်သည်။<br>ရွှေ့ပြောင်းရလွယ်ကူ၍ ကုန်ကျစရိတ်သက်သာ သည်။ | တပ်ဆင်ရန်ကုန်ကျမှုများ။<br>ရေစုပ်စက်ဖိအားများများလို။<br>ရေငွေ့ပျံခြင်းကြောင်းရေဆုံးရှုံးမှုများ။<br>အပင်နှင့်မြေမှအာဟာရများဆုံးရှုံး။<br>အရွက်ပေါ်ရေတင်ခြင်းကြောင့် ရောဂါအန္တရာယ်များ သည်။<br>အသေတတ်ထားသော ရေဖျန်း ကိရိယာကြောင့် လုပ်အားနည်း၊ သို့သော်ရေရောက်မှု ဧရိယာတူ အတွက် ကုန်ကျမှုများ။<br>ပေါင်းများသည်။ |
| ရေစက်ချနည်း | |
| ရေအသုံးချမှု အလွန်ထိရောက်သည်။<br>ပေါင်းပင်ပေါက်မှု နည်းသည်။<br>မညီညာသောကွင်းတွင်သုံးနိုင်သည်။<br>ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီးစျေးကွာသည်။<br>ရွှေ့ပြောင်းရလွယ်ကူသောကြောင့်ကုန်ကျမှု သက်သာ သည်။ | တပ်ဆင်စရိတ်များသည်။<br>ပိုက်များပိတ်နိုင်သည်။<br>ရေပျံ့နှံ့မှုကျဉ်းမြောင်းသည်။<br>သီးနှံပုံစံအမျိုးမျိုးကြောင့် ပြောင်းလဲရန်ခက်ခဲသည်။<br>မြေဖုံးမထားလျှင်နေရောင်ကြောင့် ပိုက်များပျက်ဆီး နိုင်သည်။ |
| ရေထမ်းလောင်းနည်း | |
| ကနဦးစရိတ်နည်း။<br>ရေအသုံးချမှုထိရောက်သည်။<br>အနည်းအများနှင့် ရေပေးလိုသည့်နေရာ ချိန်ဆနိုင် သည်။<br>မညီညာသောကွင်းတွင် အသုံးပြုနိုင်သည်။<br>ပေါင်းသက်သာသည်။ | လုပ်အားကုန်ကျမှုများ။ |



မြောင်းဖြင့်ရေသွင်းနည်း



ရေဖျန်းစက်သုံးနည်း



အစက်ချရေပေးနည်း



ရေထမ်းလောင်းနည်း

## လုပ်ဆောင်ချက် (၉) သီးနှံတစ်ခုအတွက် ရေလိုအပ်မှုတွက်ချက်ခြင်း။ (၆၀ မိနစ်)

အုပ်စုငယ်လေ့ကျင့်ခန်း။

၁။ သင်တန်းသားများအားအုပ်စု ၅စုခွဲပြီး GAP သီးနှံစိုက်ပျိုးနည်း လမ်းညွှန်စာအုပ်မှ သီးနှံတစ်မျိုး (ခရမ်းချဉ်မှ အပ) ကိုရွေးခိုင်းပါ။

၂။ ခရမ်းချဉ် ဥပမာဖြင့် တစ်ပတ်စာနှင့် စုစုပေါင်းရေလိုအပ်မှုကို အပင် ၁၀၀၀ အတွက်၊ တွက်ရန်ပြောပါ။ (၂၅မိနစ်)

### လေ့ကျင့်ခန်း (၁၂.၉) ခရမ်းချဉ်ပင် ရေလိုအပ်မှုတွက်ချက်ခြင်း

| သီတင်းပတ်များ | ခန့်မှန်းရေသုံးစွဲမှု/အပင် | စုစုပေါင်းရေလိုအပ်မှု/တစ်ပတ် (အပင်၁၀၀၀အတွက်) |
|---|---|---|
| ၁ - ၃ ပတ် | ၂၀ လီတာ/၁၀၀၀ ပင် (နေ့စဉ်) | ၄၂၀ လီတာ |
| ၄ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၂လီတာ | ၇၀၀၀ လီတာ |
| ၅ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၂လီတာ | ၇၀၀၀ လီတာ |
| ၆ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၂လီတာ | ၇၀၀၀ လီတာ |
| ၇ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၂လီတာ | ၇၀၀၀ လီတာ |
| ၈ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၃.၅လီတာ | ၁၂၂၅၀ လီတာ |
| ၉ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၄လီတာ | ၁၄၀၀၀ လီတာ |
| ၁၀ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၄လီတာ | ၁၄၀၀၀ လီတာ |
| ၁၁ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၄လီတာ | ၁၄၀၀၀ လီတာ |
| ၁၂ - ၁၅ ပတ် | တစ်ပင် နှစ်ရက်တစ်ကြိမ် ၃လီတာ | ၃၁၅၀၀ လီတာ |
| စုစုပေါင်း ရေလိုအပ်မှု | | ၁၁၃၇၅၀ လီတာ |

အားလုံးဆွေးနွေးခြင်း

၃။ သင်တန်းသားများအား ၎င်းတို့အဖြေနှင့် ဆွေးနွေးမှုများတင်ပြရန် ပြောပါ။ ၎င်းတို့အဖြေများကို စာရွက်ကြီးပေါ်ရေးချပါ။ (၁၀ မိနစ်)

အဖွဲ့ငယ်များနှင့် အားလုံးအတွက် လေ့ကျင့်ခန်း။ ရေတန်ဘိုးကိုတွက်ချက်ခြင်း။

၄။ သင်တန်းသားများအား အဖွဲ့ခွဲပါ။ ကြိုတင်ရေးပြီး ဥပမာပေးထားသော စာရွက်ကြီးကိုပေးပါ။

၅။ သင်တန်းသားများအား မိမိတို့ရွေးချယ်ထားသော သီးနှံများနှင့်ပတ်သက်ပြီး မေးခွန်းမှ အဖြေများကို ကွက်လပ် တွင်ဖြည့်ခိုင်းပါ။ (၈မိနစ်)

၆။ အဖွဲ့ဝင်တစ်ဦးအား ဖိတ်ခေါ်ပြီး မိမိထင်မြင်ချက်များကို အဖွဲ့အားလုံးသို့တင်ပြပြီး ဆွေးနွေးပါ။ (၁၅မိနစ်)

လေ့ကျင့်ခန်း (၁၂.၁၀) ရေရရှိမှုစာရင်းပြုစုခြင်း

| သီးနှံ | ရာသီတစ်ရာသီအတွက် ရေမည်မျှလိုမလဲ (လေ့ကျင့်ခန်း ၁၀.၈ မှ) | ရေမည်မျှ ရရှိနိုင်သလဲ၊ | မည်သည့်ရေသွင်းနည်းကအကောင်းဆုံးလဲ ဘာကြောင့်လဲ၊ | တစ်ရာသီအတွက် မည်မျှကုန်ကျသလဲ ? |
|---|---|---|---|---|
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |
| ၅။ | | | | |

လေ့ကျင့်ခန်း (၁၂.၁၁) ရေဝင်ရောက်မှုကို တိုင်းတာခြင်း

| ရေသွင်းနည်းစနစ်များ | သွင်းရေပမာဏကိုတိုင်းတာခြင်း |
|---|---|
| ၁။ ဘောင်ကြားရေသွင်းခြင်း | ဝင်ဆန့်ပမာဏသိသည့် ရေပုံးတစ်ပုံးပြည့်ရန် ကြာမြင့်သည့်အချိန်ကို မှတ်ထားပါ။ ၄င်းအပေါ်မူတည်ပြီး တစ်နာရီလျှင် ရေလီတာမည်မျှ ရရှိမည်ကို တွက်ချက်ပါ။ ထို့နောက် အပင်၏ ရေလိုအပ်ချက်အရ တစ်နာရီလျှင် အပင်မည်မျှ ရေပေးသွင်းနိုင်မည်ကို ခန့်မှန်းပါ။ ဤဘောင်ကြားရေသွင်းခြင်းစနစ်တွင် ရေငွေ့ပျံခြင်း၊ စိမ့်ဝင်ခြင်းနှင့် အလေအလွင့်အတွက် ရေ၅၀% ပိုမို လိုအပ်သည်ကို သတိပြုပါ။ |
| ၂။ ရေဖြန်းစနစ် | ဝင်ဆန့်ပမာဏသိသည့် ရေပုံးတစ်ပုံးပြည့်ရန် ကြာမြင့်သည့်အချိန်ကို မှတ်ထားပါ။ ၄င်းအပေါ်မူတည်ပြီး တစ်နာရီလျှင် ရေလီတာမည်မျှ ရရှိမည်ကို တွက်ချက်ပါ။ ထို့နောက် အပင်၏ ရေလိုအပ်ချက်အရ တစ်နာရီလျှင် အပင်မည်မျှ ရေပေးသွင်းနိုင်မည်ကို ခန့်မှန်းပါ။ ဤရေဖြန်းစနစ်တွင် ရေငွေ့ပျံခြင်း၊ လူသွားလမ်း အပါအဝင် မြေတစ်ပြင်လုံးကို ဖြန်းရခြင်း၊ ရေစိမ့်ငြိမ်းခြင်းနှင့် အလေအလွင့်ကြောင့် ရေ ၃၀% ပိုမိုလိုအပ်သည်ကို သတိပြုပါ။ |
| ၃။ ရေပန်းစနစ် | ဝင်ဆန့်ပမာဏသိသည့် ရေပုံးတစ်ပုံးပြည့်ရန် ကြာမြင့်သည့်အချိန်ကို မှတ်ထားပါ။ ၄င်းအပေါ်မူတည်ပြီး တစ်နာရီလျှင် ရေလီတာမည်မျှ ရရှိမည်ကို တွက်ချက်ပါ။ ထို့နောက် အပင်၏ ရေလိုအပ်ချက်အရ တစ်နာရီလျှင် အပင်မည်မျှ ရေပေးသွင်းနိုင်မည်ကို ခန့်မှန်းပါ။ ဤစနစ်တွင် ရေငွေ့ပျံခြင်း၊ စိမ့်ဝင်ခြင်းနှင့် အလေအလွင့်ကြောင့် ရေ ၂၀% ပိုမိုလိုအပ်သည်ကို သတိပြုပါ။ |
| ၄။ စိုက်တန်းကြား(ဘောင်အပေါ်) မြောင်းဖြင့်ရေသွင်းခြင်း | ဝင်ဆန့်ပမာဏသိသည့် ရေပုံးတစ်ပုံးပြည့်ရန် ကြာမြင့်သည့်အချိန်ကို မှတ်ထားပါ။ ၄င်းအပေါ်မူတည်ပြီး တစ်နာရီလျှင် ရေလီတာမည်မျှ ရရှိမည်ကို တွက်ချက်ပါ။ ထို့နောက် အပင်၏ ရေလိုအပ်ချက်အရ တစ်နာရီလျှင် အပင်မည်မျှ ရေပေးသွင်းနိုင်မည်ကို ခန့်မှန်းပါ။ ဤစနစ်တွင် ရေငွေ့ပျံခြင်း၊ စိမ့်ဝင်ခြင်းနှင့် အလေအလွင့်ကြောင့် ရေ ၁၀% ပိုမိုလိုအပ်သည်ကို သတိပြုပါ။ |
| ၅။ ရေပန်းခရားဖြင့် ရေလောင်းခြင်း | ဝင်ဆန့်ပမာဏသိသည့် ရေပန်းခရားကို ရေပြည့်ရန် ကြာမြင့်သည့်အချိန်ကို မှတ်ထားပြီး အပင်များ၏ ရေလိုအပ်ချက်အရ တစ်နာရီအတွင်း အပင်အရေအတွက်မည်မျှ လောင်းနိုင်မည်ကို မှတ်ထားပါ။ ဤစနစ်တွင် အပင်ခြေသို့ ရေကို ဂရုတစိုက်လောင်းနိုင်သောကြောင့် ရေ၁၀% ခန့်သာ အလေအလွင့် ရှိပါသည်။ |

| | |
|---|---|
| ၆။ ဘေကာရေသွင်းစနစ်(ဖိအား ၀.၄ ဘား) | အစက်ချပိုက်များ၏ အရင်းပိုင်း၊ အလယ်ပိုင်း၊ အဖျားပိုင်းနားရှိ ရေထွက်ပေါက်များအောက်တွင် ပန်းကန်ပြားငယ်များ ချထားပါ။ တစ်နာရီအတွင်း ခံယူရရှိသည့် ရေပမာဏကို သိရန် ပန်းကန်ပြားငယ်အတွင်း ခံယူရရှိသည့်ရေများကို ပုံးတစ်ပုံးအတွင်းသို့ လောင်းထည့်ပါ။ ထို့မှတစ်ဆင့် တစ်နာရီအတွင်း အပင်ရေမည်မျှလောင်းနိုင်သည်ကို တွက်ချက်ပါ။ ဤစနစ်တွင် အလေအလွင့်အနည်းငယ်ရှိသည် (သို့မဟုတ်) စိုက်ဘောင်များကို ဖုံးထားလျှင် အလေအလွင့်လုံးမရှိပါ။ ထို့ကြောင့် ရေပိုလိုအပ်မှုကို ထည့်သွင်းတွက်ချက်ရန် မလိုပါ။ |

**လုပ်ဆောင်ချက် (၁၀) ကွင်းလုပ်ငန်း။ (၅၀ မိနစ်)**

အုပ်စုငယ်များ ဖွဲ့ခြင်း။

၁။ အုပ်စုငယ်များ ခွဲ ပြီး မြေအစိုဓါတ် စမ်းသပ်မှု ပြုလုပ်ခိုင်းပါ။ (အထက်ပါ လေ့ကျင့်ခန်း ၁၂.၅ မြေ အစိုဓါတ် စမ်းသပ်နည်း အတိုင်း)

၂။ အပင် ၏ အစိုဓါတ် ရှိ မှု အခြေအနေကို ဆွေးနွေးခိုင်းပါ။ (အစိုဓါတ် နည်းလွန်း (သို့) များလွန်း )

**လုပ်ဆောင်ချက် (၁၁) သင်ခန်းစာကိုနိဂုံးချုပ်ပါ။ (၅ မိနစ်)**

**လုပ်ဆောင်ချက် (၁၂) သင်ခန်းစာကို ပြန်လည်သုံးသပ်ခြင်း။ (၅ မိနစ်)**

သင်ခန်းစာတွင်ဘာကကောင်းသလဲ ?

ဘယ်ဟာကသိပ်မကောင်းသလဲ ? နှင့်

သင်ခန်းစာကိုဘယ်လိုကောင်းအောင်ပြုပြင်နိုင်သလဲ ?

**လုပ်ဆောင်ချက် (၁၃) နောက်သင်တန်းချိန်အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်။ (၅ မိနစ်)**

အားလုံးဆွေးနွေးခြင်း

နောက်သင်တန်းချိန်အတွက် ဆွေးနွေးမည့် ခေါင်းစဉ်၊ နေရာနှင့်အချိန်ကို အသိပေးပါ။ ခင်ပွန်းသည်ဖြစ်စေ၊ ဇနီးသည် ဖြစ်စေ သင်တန်းအချိန်နှင့် အမှန်တကယ်ကိုက်ညီသူသာ သင်တန်းလာတက်ရန်ပြောပါ။ အမှန် တကယ် လက်တွေ့ လုပ်ကိုင်နေသောသူများကိုသာ သင်တန်းသို့ လာစေချင်ကြောင်း သင်တန်းသားများအား ပြောပါ။ သို့မှသာ သင်တန်းမှ သင်လိုက်သော အချက်အလက်များကိုတိုက်ရိုက်ရရှိပြီး ကွင်းလုပ်ငန်းတွင် မှန်ကန်စွာ အသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းတက်သူကတစ်ဦး၊ လက်တွေ့လုပ်မည့်သူကတစ်ဦး ဖြစ်နေပါက လက်တွေ့လုပ်မည့် တောင်သူအနေဖြင့် သင်တန်းမှသင်လိုက်သော အချက်အလက်များ မှန်ကန်စွာ မရရှိခြင်း၊ အချက်အလက်အမှားများရရှိခြင်း စသောအခက်အခဲများ ကြုံတွေ့နိုင်သည်။

**သင်ခန်းစာအခန်း (၁၃) စင်တင်ခြင်း၊ ပေါင်း၊ ရောဂါနှင့်ပိုးမွှားများကာကွယ်နှိမ်နင်း**

အချိန် ။ ။ ၃ နာရီ (စာသင်ခန်းတွင်း ၉၀ မိနစ်နှင့် ကွင်းထဲတွင် ၉၀ မိနစ်)

ရည်ရွယ်ချက်များ

ယခုသင်ခန်းစာအဆုံးတွင် သင်တန်းသားတောင်သူများအားလုံး

၁။ ပေါင်းနှင့် ပေါင်းနှိမ်နင်းနည်းအကြောင်း သိရှိရန်၊

၂။ အပင်မှုန်းခြင်း၏ အရေးပါပုံကို သိရှိရန်၊

၃။ စင်တင်ခြင်းနည်းအမျိုးမျိုးကို သိရှိရန်၊

၄။ အဓိက သီးနှံများတွင်ကျရောက်သော ပိုးနှင့်ရောဂါများကို ခွဲခြားတတ်ရန်၊

၅။ ပိုးနှင့်ရောဂါကာကွယ်ရန် သဘာဝနှင့်ဓါတုပိုးသတ်ဆေးများအကြောင်း သိရှိရန်၊

၆။ EM နှင့် ဓာတုဆေးများကို သုံးပြီး ကာကွယ်နှိမ်နင်းသည့် နည်းများကို လုပ်ပြတတ်စေရန် ရည်ရွယ်သည်

လိုအပ်သောပစ္စည်းများ။ သင်ပုံး၊ မာကာပင်၊တိပ်၊ကြိုတင်ပြင်ဆင်ထားသောစာရွက်ကြီး၊ ပိုးနှင့်ရောဂါ ခွဲခြားသည့် ဗီနိုင်းများ၊ ဆေးဖျန်း ကိရိယာများ။

အားလုံးပါဝင်လုပ်ဆောင်ရန်

**လုပ်ဆောင်ချက် (၁) ယခင်သင်ခန်းစာ နှင့် ယခုသင်ခန်းစာခေါင်းစဉ်ကို သုံးသပ်ရန်။ (၁၀ မိနစ်)**

၁။ သင်တန်းသားများအား ဖိတ်ခေါ်၍ ယခင်သင်ခန်းစာမှ မိမိတို့ ဘာလေ့လာခဲ့သလဲဆိုတာမေးပါ။ ၎င်းတို့ ထင်မြင်ချက်များကို စာရွက်ကြီးပေါ်ရေးချပါ။ (၈ မိနစ်)

ဥပမာ -

၁။ ရေကိုဘယ်လိုအသုံးချသလဲ။

၂။ ရေကိုမည်သည့်အချိန်တွင် လောင်းရမလဲ။

၃။ ရေသွင်းနည်းများ။

၄။ သီးနှံတစ်မျိုးအတွက် ရေလိုအပ်မှုတွက်ချက်ခြင်း။

ယခုသင်ခန်းစာခေါင်းစဉ်ကိုအားလုံးဆွေးနွေးရန်။

၂။ တောင်သူလက်စွဲစာအုပ်ထဲမှာ မာတိကာကို လှန်ခိုင်းပြီး ယခုသင်ခန်းစာတွင် သင်မည့် ခေါင်းစဉ်များကို ဖတ်ခိုင်းပါ။ (၂မိနစ်)

**လုပ်ဆောင်ချက် (၂) ပေါင်းရှင်းခြင်း။ (၃၅ မိနစ်)**

အားလုံးနှင့် ပါဝင်လုပ်ဆောင်ရန်

၁။ သင်တန်းသားများအား ပေါင်းပင်ဆိုတာဘာလဲမေးပါ။ ၎င်းတို့ထင်မြင်ချက်များကို စာရွက်ကြီးပေါ် ရေးချပါ။ (၂မိနစ်)

၂။ တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၃.၁ရှိ ပေါင်းပင်အမိပွါယ်ကို ညွှန်းပါ။(၂မိနစ်)

၃။ ပေါင်းရှင်းခြင်းသည် ဘာကြောင့်အရေးကြီးသလဲ၊ ဆိုသည်ကို ဝိုင်းဝန်းအကြံထုတ် ဆွေးနွေးပါ။ ၄င်းတို့ ထင်မြင်ချက်များကို စာရွက်ကြီး ပေါ်ရေးပါ။ (၂မိနစ်)

၄။ ကျေးရွာတူ အုပ်စုငယ်များကို မိမိတို့သီးနှံကို မည်သို့ပေါင်းရှင်းသလဲဆိုတာ ဆွေးနွေးပြီး မိမိတို့တောင်သူလက်စွဲ စာအုပ် လေ့ကျင့်ခန်းဇယား ၁၃.၁ကို ဖြည့်ခိုင်းပါ။ (၉မိနစ်)

## လေ့ကျင့်ခန်း (၁၃.၁) လက်ရှိလယ်သမားများပေါင်းရှင်းနည်း။

### ပေါင်းပင်အမိပွါယ်

ပေါင်းပင်ဆိုသည်မှာ မိမိရည်ရွယ်စိုက်ပျိုးထားသောအပင် မဟုတ်ပဲ မပေါက်သင့်သောနေရာ မပေါက်သင့်သော အချိန်တွင် ပေါက်ရောက်နေသောအပင်များကိုခေါ်သည်။ ဥပမာ – ပြောင်းခင်းထဲတွင် ပေါက်နေသော စပါးပင်သည် ပေါင်းပင်ဖြစ်ပြီး စပါးခင်းထဲ ပေါက်နေသော ပြောင်းပင်သည်လည်း ပေါင်းပင်သာဖြစ်သည်။

ပေးထားသောကွက်လပ်များတွင်မေးခွန်းများကိုဖြေဆိုပါ။

၁။ သင့်သီးနှံကိုသင်ဘယ်လိုပေါင်းသင်သလဲ၊

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

၂။ ၀.၂၅ ဧကအကွက်တွင် ပေါင်းဘယ်နှစ်ကြိမ်ရှင်းသလဲ၊ ဘယ်နှစ်နာရီ (သို့မဟုတ်လုပ်အား ဘယ်နှစ်ယောက်) သုံးသလဲ၊

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

၃။ မည်သည့်နည်းများသည်အထိရောက်ဆုံးလဲ၊ အဘယ်ကြောင့်ဟုထင်သလဲ၊

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

မှတ်ချက်။ ပေါင်းသတ်ဆေးမသုံးရန် အကြံပြုပါ။ လက်ပေါင်း သို့မဟုတ် ပေါက်ပြားဖြင့် ပေါင်းပင်များ နိမ်နင်းပါက ပန်းမပွင့်ခင် ပြုလုပ်ပါ။ လက်ပေါင်းလိုက်လျှင် မြေကြီး စိုနေရန် လိုအပ်သည်။ ပေါင်းပင်ကို အမြစ်ပါအောင် ဆွဲနှုတ်ရန်လိုသည်။ သီးနှံပင်ကို မနှုတ်မိရန် သို့မဟုတ် မထိခိုက်ရ န်သတိပြုပါ။

၅။ တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၃.၂တွင် ပြထားသော လမ်းညွှန်ချက်များနှင့် ဘာကြောင့်ပြုလုပ်ရသည်ကို လေ့လာပါ။ သင်တန်းသားများအားစာစဉ်တွင် မပါသေးသော မိမိတို့ထင်မြင်ချက်များကို ကွက်လပ်တွင် ဖြည့်စေပါ။ (၂၀မိနစ်)

၆။ ၄င်းတို့ကွင်းသို့သွား၍ လက်တွေ့ပေါင်းသင်မည်ကို ပြောပါ။

၇။ လက်ပေါင်းလိုက်ခြင်းကြောင့် မြေတွင်း လေဝင်လေထွက်ကောင်းကြောင်းပြောပါ၊ တတ်နိုင်လျှင် ပေါင်းသတ်ဆေးများ မသုံးရန်နှင့်ဓါတုဆေးများသည် လယ်သမား ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အတွက် မကောင်းကြောင်းပြောပါ။

၈။ ပေါင်းသင်ကိရိယာများပုံကို ကြည့်ပြီး၊ မည်ကဲ့သို့အသုံးပြုနိုင်သလဲဆိုတာ ဆွေးနွေးပါ။ (၅ မိနစ်)

လေ့ကျင့်ခန်း (၁၃.၂)  **GAP** ပေါင်းသင်နည်းလမ်းညွှန်များ။

| လမ်းညွှန်နည်းများ | အကြောင်းပြချက်များ |
|---|---|
| ၁။ အဓိပ္ပါယ် - ပေါင်းပင်သည် မရှိသင့်သည့်နေရာ၊ မရှိသင့်သောအချိန်တွင်ရှိသောအပင်။ (သို့) စိုက်ခင်းထဲတွင်ရည်ရွယ်ပြီး မစိုက်ထားသောအပင်များကို ခေါ်သည်။ | သင်သီးနှံရောင်းချလျှင် ထုတ်ကုန်တစ်မျိုးတည်းသာဝယ်သူက လိုချင်သည်။ အခြားပစ္စည်းများနှင့်ရောနှောနေသည်များကိုမဝယ်လိုပါ။ ထို့ကြောင့်သင်သည် မလိုချင်သောနေရာ၊ မလိုချင်သော အချိန်တွင်ရှိသောအပင်ကို နှုတ်ပစ်ရမည်။ |
| ၂။ ပေါင်းသင်ရန်ဘာကြောင့် အရေးကြီး သလဲ၊ | ပေါင်းပင်သည်အလင်းရောင်၊ အာဟာရနှင့်အစိုဓါတ်ကိုလုစားပြီး ပိုးနှင့်ရောဂါတို့အတွက် လက်ခံပင်ဖြစ်သည်။ |
| ၃။ ပေါင်းကိုလက်ဖြင့်နှုတ်ပါ၊ ပေါက်ပြား သို့မဟုတ် အခြားကိရိယာသုံးပါ။ အမြစ်နက်သော ပေါင်းကို အမြစ်ပါ အောင်နှုတ်ယူရန် သတိပြု ပါ။ | လက်ပေါင်းသည်မြေပွစေပြီး လေဝင်လေထွက်ကောင်းစေသဖြင့် အပင်ကြီးထွားမှုကောင်းသည်။ ပေါင်းသင်ခြင်းဖြင့် ဟင်းသီး ဟင်းရွက်အတွက်လိုအပ်သော အာဟာရနှင့်အလင်းရောင် လုယူ ခြင်းကို သက်သာစေသည်။ |
| ၄။ မျိုးပင်နှင့်ပေါင်းပင်မငြိရန်သတိပြုပါ။ | ပေါင်းပင်နှုတ်လျှင်မျိုးပင်ပါနှုတ်မိနိုင်သည်။ |
| ၅။ အစေ့မတည်သေးသော ပေါင်းပင်ကိုနှုတ်ပြီး မြေအပေါ်ချထားပါ။ အစေ့တည်သော ပေါင်းကို ဖယ်ရှားမီးရှို့ပစ်ပါ။ | နေရောင်ကြောင့်ပေါင်းပင်ကို သေစေပြီး၊ မြေကိုဖုံးပေးထား သဖြင့်၊ ရေဆုံးရှုံးမှုနှင့် မြေအပူချိန်တက်ခြင်းကို ကာကွယ်ပေးသည်။ အချိန်ကြာလျှင် ပေါင်းပင်ဆွေးပြီး မြေဆီလွှာကောင်းမွန် စေသည်။ |
| ၆။ အနုံပြင်းသော ပေါင်းပင်ကိုစဉ်းပြီးအီးအမ် EM ဖြင့်သဘာဝပိုးနင်ဆေး ပြုလုပ်နိုင်ရန်ထားပါ။ | အနံ့ပြင်းသောပေါင်းပင်သည် ပိုးနင်ဆေးအတွက် ကောင်းသည်။ |
| ၇။ ဓါတုကာကွယ်နည်း။ အခြားနည်းများ သုံးပြီး နှိမ်နင်းရန် မဖြစ်နိုင်လျှင် ရွေးချယ်ပေါင်းသတ် ဆေးဖျန်းပါ။ | ဇရိယာကျယ်တွင် လက်ပေါင်းလိုက်ရန်မလွယ်ပါ။ ဆေးသုံးရန်နှင့်စပ်ရန် အညွှန်းကိုဆေးပုံးပေါ်မှာ သေချာဖတ်ပြီး လိုက်နာပါ။ ဆေးကိုအန္တရာယ်ကင်းစွာအသုံးပြုပါ။ |
| ၈။ အချို့အပင်များသည်အမြစ်ကို ထိခိုက်မှု မခံနိုင်သဖြင့်ပေါင်းသင်လျှင် သတိထားပါ။ | အပင်ခြေတွင်လက်ပေါင်းလိုက်ပါ။ |
| ၉။ အပင်ငယ်များ ပေါင်းပင်နှင့်မယှဉ်နိုင်ပါ။ | ပထမ ၂ - ၄ ပတ်တွင် ပေါင်းရှင်းပေးရန် အလွန်အရေးကြီးသည်။ |



ပေါက်တူး



ဂေါ်ပြား



သံထွန်ခြစ်



ရခိုင်ဒေသသုံး

### လုပ်ဆောင်ချက် (၃) အပင်မှုန်းခြင်း။ (၁၀ မိနစ်)

အားလုံးပါဝင်ဆွေးနွေးခြင်း

၁။ သင်တန်းသားများမေးရန် "အပင်မှုန်းခြင်းသည် ဘာကြောင့်အရေးကြီးသလဲ" မေးပါ။ မိမိတို့အဖြေများကို စာရွက်ကြီး ပေါ်ရေးချပါ။

၂။ တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၃.၃တွင် ပြထားသော လမ်းညွှန်ချက်များကိုကြည့်ခိုင်းပါ။ စာအုပ်တွင် မပါသေးသော ၎င်းတို့အဖြေများကို တိုက်ကြည့်၍ မပါသေးပါက စာရွက်ကြီးပေါ်ရေးချစေပါ။

#### လေ့ကျင့်ခန်း (၁၃.၃) အပင်မှုန်းခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရန်နည်းများ။

| လမ်းညွှန်ချက်များ | အကြောင်းပြချက်များ |
|---|---|
| ၁။ အပင်မှုန်းခြင်းသည်အရေးကြီးသည်။ | အဘယ်ကြောင့်ဆိုသော် ဈေးကွက် လိုအပ်သော၊ အရွယ်အစားညီသော ထုတ်ကုန်များရခြင်း၊ (ဈေးကောင်း) အထွက်နှုန်း ပိုကောင်းပြီး ဝင်ငွေ ပိုရနိုင်သည်။ |
| ၂။ အကွာအဝေးမမှန်သော အပင်များကို နှုတ်ပစ်ပါ။ ကျန်ခဲ့သော အပင်များကို မထိခိုက်စေရန် သတိပြုပါ။ | အကွာအဝေးနီးသော အပင်များသည် သေးလှီသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်တစ်ပင်နှင့်တစ်ပင် အာဟာရ၊ ရေနှင့် အလင်းရောင်ကို လုယူရသောကြောင့် ဖြစ်သည်။ |
| ၃။ အပင်ကြီးအရွယ်တွင်ရှိသော အကွာအဝေးအတိုင်း အပင်များကိုချန်ထားပါ။ | ထို့အတွက် ပင်ကောင်းစွာကြီးထွားရန် လုံလောက်သော နေရာ၊ အာဟာရ၊ အလင်းရောင်နှင့် ရေတို့ကိုရရှိနိုင်သည်။ |
| ၄။ကွက်လပ်များ(အပင်အသေ အပျောက်။ လစ်ဟာ)တွင် အပင်သစ်နှင့် အစားထိုးပါ။ | အထွက်နှုန်းနှင့် တူညီသော အကျယ်အဝန်းရှိစေရန်။ |



တစ်ပင်နှင့်တစ်ပင် အရမ်းနီးကပ်လွန်း၍ အပင်များလှီနေပုံ



သင့်တော်သော အကွာအဝေးကြောင့် အပင်များသန်မာနေပုံ

### လုပ်ဆောင်ချက် (၄) စင်တင်ခြင်း။ (၁၀ မိနစ်)

အားလုံးနှင့်အဖွဲ့ငယ်လေ့ကျင့်ခန်း

၁။ သင်တန်းသားများနှင့် အကြံဉာဏ်ထုတ်ရန် မေးခွန်း "သီးနှံအချို့အတွက် စင်တင်ရန် ဘာကြောင့်အရေးကြီးသလဲ၊ နှင့်ဘယ်သီးနှံများစင်တင်ရန်သင့်တော်သလဲ" ၎င်းတို့ အဖြေများကိုစာရွက်ကြီးပေါ်ရေးချပါ။

၂။ မေးရန် "ငှင်းတို့စင်ဘယ်နှစ်မျိုးသိသလဲ" ငှင်းတို့အဖြေများကို စာရွက်ကြီးပေါ်ရေးချပါ။

၃။ စင်အမျိုးမျိုးကိုလေ့လာစေပါ။ငနည်းများ၏အားသာချက်၊အားနည်းချက်များကိုဆွေးနွေးခိုင်းပါ။သင်ခန်းစာနောက်ပိုင်းတွင်ငှင်းတို့ကွင်းထဲတွင်စင်ပြုလုပ်နည်းလက်တွေ့ပြုလုပ်ရမည်ကို ပြောပါ။

လေ့ကျင့်ခန်း (၁၃.၄) စင်ပုံစံများ



ဂါးချောင်းပေါ်သခွားစင်



ဂါးချောင်းဖြင့်ခရမ်းချဉ်စင်



ဂါးစင်ပေါ်ကျောက်ဖရုံပင်



ဂါးနှင့်ကြိုးထောင်လိုက်စင်



ထောင်မတ်သောပိုက်စင်



ပြင်ညီပိုက်စင်

လုပ်ဆောင်ချက် ၅။ ပိုးနှင့် ရောဂါကာကွယ်ခြင်း။ (၂၅ မိနစ်)

အရေးကြီးမှတ်ချက်

၁။ ဖြစ်နိုင်ပါကကြိုတင်ကာကွယ်ခြင်းနှင့်သဘာဝကာကွယ်နည်းသုံးပါ။ဓါတုဆေးများကိုနောက်ဆုံးမဖြစ်မနေမှသုံးပါ။အဘယ်ကြောင့်ဆိုသော်ဓါတုဆေးများသည်လယ်သမား၏ ကျန်းမာရေးကိုထိခိုက်စေသည်။ စားသုံးသူ များ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိသည်။

၂။ ဖျက်ပိုးနှင့်မိတ်ဆွေပိုးကို သိအောင်လေ့လာပါ။ ဖျက်ပိုးကိုသာ နှိမ်နင်းပါ။

၃။ အပင်တွင်ပိုးနှင့်ရောဂါကျရောက်မှုကို စောစောသိအောင်လေ့လာပါ။ မည်သို့ကာကွယ်ရမည်ကို ရောဂါပိုးကာကွယ် နည်း စာအုပ်ကိုသုံးပါ။

အားလုံးဆွေးနွေးရန်။

၁။ ပိုးနှင့် ရောဂါ စာအုပ်ကို ရှိလျှင် ပေးပြီးမြန်မြန်လေ့လာပါစေ။(DoA သို့မဟုတ် အခြားတစ်နေရာရာမှ ရနိုင်သည်)

၂။ ဦးစားပေးသီးနှံများ၏ အရေးကြီးပိုး နှင့် ရောဂါကိုခွဲခြားတတ်ရန်မှာ ပထမဆုံး အရေးကြီးအဆင့်ဖြစ်ကြောင်း နှင့် သို့မှသာ မည်သို့ကာကွယ်ရမည်ကိုသိမည်။

အောက်ပါပုံများကို ကြည့်ပြီး ဆွေးနွေးပါ။ အောက်ပါ ရောဂါများနှင့် ပိုးများကို သိပါသလား။ (၁၀ မိနစ်)



**စိန်ကွက်ဖလံ၊ ဂေါ်ဖီထုပ်**



**ပင်စည်ထိုးပိုး၊ ခရမ်းသီး**



**ပျပိုး ၊ ခရမ်း**



**ရွက်ထွင်းပိုး ၊ ခရမ်းချဉ်**



**မှိုဒေါင်းနီရွက်ခြောက်၊ သခွား**



**လည်ပုပ်/အူပုပ်၊ ကြက်သွန်**

အားလုံးအတွက်လေ့ကျင့်ခန်း

၃။ သင်တန်းသားများနှင့် အကြံဉာဏ်ထုတ်ရန်မေးခွန်း၊ "ပိုးနှင့်ရောဂါကာကွယ်နည်းများမှာ ဘာလဲ " မိမိတို့အဖြေများကို စာရွက်ကြီးပေါ်ရေးချခိုင်းပါ။ (၅မိနစ်)

အားလုံးဆွေးနွေးခြင်း (၁၀ မိနစ်)

တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း၁၃.၅သို့သွားပါ။ တောင်သူအချို့ကို ဖတ်ခိုင်းပြီး မှတ်ချက်ပေးခိုင်းပါ (သို့) တစ်ဖွဲ့လုံးကို ဖတ်ခိုင်းပြီး တစ်ဦးဦးကို မှတ်ချက်ပြုစေပါ။ သင်တန်းသားများကို မေးခွန်းများများမေးခိုင်းပါ။ (၁၀မိနစ်)

### လေ့ကျင့်ခန်း (၁၃.၅) ပိုးနှင့်ရောဂါကာကွယ်နည်းများ

| |
|---|
| သဘာဝနည်းများ<br>၁။ သန့် စင်သောမျိုးစေ့နှင့် ပင်ပိုင်းများကိုသုံးပါ။<br>၂။ မစိုက်မီမျိုးစေ့ကိုနေလှန်းပါ။<br>၃။ မြေကြီးသိပ်မစိုခင်အပင်စိုက်ပါ။<br>၄။ သီးလှည့်စိုက်ပါ။ |
| လက်ဖြင့်ကာကွယ်နည်းများ<br>၁။ ရောဂါရ အပင်များကို ဖယ်ရှားပြီး မီးရှို့ပစ်ပါ။<br>၂။ ပိုးဥ၊ပိုးလောက်ကောင်၊ပိုးရုပ်ဖုံးများကိုလက်ဖြင့်ဖယ်ရှားပါ။<br>၃။ တွားသွားပိုးများမှ ကာကွယ်ရန် ပြာသုံးပါ။<br>၄။ ဘောင်မြင့်ပေါ်စိုက်ပါ။<br>၅။ ပိုးကောင်ထောင်ချောက်သုံးပါ။<br>၆။ အသီးများကိုပိုက်ဖြင့်ထုပ်ပေးပါ။ |
| ဇီဝနည်းများ<br>၁။ သဘာဝပိုးသတ်ဆေးသုံး။ ဥပမာ EM နှင့်ထရိုင်ကိုဒါးမား။တမာပိုးပြေးဆေး သုံးပါ။<br>၂။ ဇီဝကပ်ပါးကို ပိုးကာကွယ်ရန်သုံးပါ။<br>၃။ ထောင်ချောက်ပင်နှင့်တွဲစိုက်ပါ။ ဥပမာ – ချစ်တီးပန်း။ကြက်သွန်နီ၊ ကြက်သွန်ဖြူ များနှင့်ကြားညှပ်စိုက်ခြင်း။ |

### လုပ်ဆောင်ချက် (၆) ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း (IPM)။ (၁၀ မိနစ်)

အားလုံးပါဝင်လုပ်ဆောင်ကြရန်

၅။ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းဆိုသည်မှာ တောင်သူများ အမြဲတမ်း ဆေးဖျန်းနေရခြင်းမျိုး မဖြစ်စေရန်အတွက် ၎င်းတို့၏ စိုက်ပျိုးသီးနှံများတွင် ကျရောက်သော ပိုးမွှားရောဂါများကို ဖြစ်နိုင်သမျှ နည်းလမ်းများစုပေါင်းအသုံးပြုကာ ကာကွယ်နှိမ်နင်းသည့် နည်းပညာတစ်ခုဖြစ်ကြောင်း ပြောပါ။

သင်တန်းသားတစ်ဦးချင်း (သို့မဟုတ်) အားလုံးကိုအောက်ဖော်ပြပါလေ့ကျင်းခန်းပါ ဇယားကိုဖတ်ခိုင်းပါ။ (၁၀ မိနစ်)

### လေ့ကျင့်ခန်း (၁၃.၆) ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်း (IPM) အခြေခံသဘောတရားများ။

၁။ ဖျက်ပိုးများအတွက်ရန်သူပိုးများ သဘာဝတွင်ရှိသောကြောင့် ပိုးအားလုံးကို နှိမ်နင်းရန်မလိုပါ။ ဖျက်ပိုးများ ကိုမိတ်ဆွေပိုးများကသတ်နိုင်သည်။

၂။ ဖျက်ပိုး အနည်းငယ်ကို လယ်သမားအနေဖြင့် လက်ခံနိုင်ပြီး လယ်သမားသည်အား လုံးသတ်ရန်မလိုပါ။

၃။ ကာကွယ်နည်းကျင့်သုံးခြင်း – ပိုးရောဂါကျအပင်များဖယ်ရှားခြင်း၊ရေစီးရေလာကောင်းစေခြင်း၊ရောဂါကင်းမျိုးစေ့သုံးခြင်း၊ပိုးရောဂါကျအပင်များအားမီးရှို့ခြင်း၊အပင်စိပ်စိပ်မစိုက်ခြင်း။

၄။ စောင့်ကြည့်ခြင်း – ပိုးနှင့်ရောဂါပြန့်မှုကို မှန်မှန်စောင့်ကြည့်ပါ။

၅။ လက်ဖြင့်ကာကွယ်နည်း – လက်ဖြင့် ကောက်ယူခြင်း၊ အတားအဆီး (ပြာ)၊ ပိုးထောင်ချောက်။

၆။ ဇီဝနည်းဖြင့်ကာကွယ်နည်း – ကပ်ပါးပိုးနှင့် အဏုဇီဝများ သုံးပါ။

၇။ ဓာတုဆေးများကို သတိရှိစွာအသုံးပြုပါ။ အလွန်အဆိပ်ပြင်းသော ဓာတုဆေးများရှောင်ကြဉ်ပါ။။ ဆေးဘူးပါအညွှန်းအတိုင်းတိကျစွာ ဖော်ပြထားသည့်ပိုးနှင့်ရောဂါများကို ထောက်ခံထားသည့် ၁ ဧက နှုန်းထားအတိုင်း အသုံးပြုပါ။ အလွန်အကျွံ မသုံးရ။ သဘာပစ္စည်းများဖြင့် အခြေခံသော ဆေးများကိုသုံးပါ။ ဥပမာ– နီကိုဒင်း (ဆေးရွက်ကြီးမှုရ) နှင့် ဆေးဂန္ဓမာ

၈။ ပိုး၊ရောဂါများ စီးပွားရေးထိခိုက်အောင်ကျမှသာ ဓါတုဆေးများ အသုံးပြုရန်ရှင်းပြပါ။ ၄င်းမှာဆေးဖျန်းခြင်း ကုန်ကျငွေသည်ပျက်စီးမှုထက်လျော့နည်းမှသာ၊ ဥပမာငွေ ၂၀၀၀၀ သုံးပြီး ငွေ၁၀၀၀၀၀ ရလျှင်၊ သို့မှသာ သင်သည် ငွေ ၈၀၀၀၀ မြတ်မည်။ အကယ်၍ အပင်အနည်းငယ်သာပိုးကျပါက ၄င်းအပင်ပေါ်ရှိပိုးများကို လက်ဖြင့်သာ ဖျက်ဆီးပြီး ရောဂါကျအပင်ကိုနုတ်ယူဖယ်ရှားပစ်ပါ။ တစ်ခင်းလုံးဆေးဖျန်းရန်မလိုပါ။ ထို့ကြောင့် သင့်ကျန်းမာရေး နှင့် ပတ်ဝန်းကျင်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

## လုပ်ဆောင်ချက် ၇။ ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာသုံးရန်။ (၁၀ မိနစ်)

အားလုံးဆွေးနွေးခြင်း

၁။ သင်တန်းသားများနှင့်အကြံဉာဏ်ထုတ်ရန်။ "ပိုးသတ်ဆေးများအန္တရာယ်ကင်းအောင်သုံးစွဲရာတွင် "ဆောင်ရန်" နှင့် "ရှောင်ရန်" အချက်များက ဘာတွေလဲ" အဖြေများကို စာရွက်ကြီးပေါ်ရေးပါ။

၂။ ထို့နောက် ၄င်းတို့အဖြေများကို့ အောက်ပါစာရွက်ကြီးပေါ်ရေးထားသည့်အချက်များနှင့် တိုက်ကြည့်ပါ။

**လေ့ကျင့်ခန်း (၁၃.၇) ပိုးသတ်ဆေးသုံးစွဲရာတွင် "ဆောင်ရန်" နှင့် "ရှောင်ရန်" အချက်များ**

| ဆောင်ရန် | ရှောင်ရန် |
|---|---|
| တားမြစ်ထားသော ပိုးသတ်ဆေးစာရင်းကို ပို့ပိုးသူ ကွင်းတာဝန်ခံနှင့်စစ်ဆေးပါ။ | ထောက်ခံထားသည့်နှုန်းထက်ပိုသုံးခြင်း။ တားမြစ်ထားသော ပိုးသတ်ဆေးများကို အသုံးပြုခြင်း။ |
| ပိုးသတ်ဆေးထည့်ထားသောသေတ္တာကိုသော့ခတ်ပြီး အိမ်နှင့် ဝေးဝေးထားပါ။ | ဆေးဖျန်းပြီး သတ်မှတ်ထားသည့် အချိန်မတိုင်မီ ရိတ်သိမ်း ခြင်း။ |
| ဆေးဖျော်ရန်အညွှန်းကို သေချာဖတ်ပြီးလိုက်နာပါ။ | ပိုးသတ်ဆေးစပ်သည့်အချိန်တွင် လက်ကိုအကာကွယ် မပါပဲပြုလုပ်ခြင်း။ |
| ပထမဦးစွာ ဆေးဖျန်းပုံးကောင်း/ မကောင်းကိုမသုံးမီ စစ်ဆေးပါ။ မယိုရန်။ | ပိုးသတ်ဆေးရောစဉ်၊ ဖျန်းစဉ်အတွင်း ဆေးလိပ်သောက် ခြင်း၊ ရေသောက်ခြင်း နှင့် အစာစားခြင်း။ |
| တစ်ကိုယ်လုံး လုံအောင်ဝတ်ထားပါ၊ ဆေးစပ်ချိန်နှင့် ဆေးဖျန်းချိန်တစ်လျှောက်လုံးလက်အိတ်နှင့်နှာခေါင်းစွပ် သုံးပါ၊ ဦးထုပ်ဆောင်းပါ၊ လည်ရှည်ဖိနပ်စီးပါ၊ | နေပူပြီးလေတိုက်ချိန်တွင်ဆေးဖျန်းခြင်း။ |
| ပိုးသတ်ဆေးကိုသေချာရောပါ။ ပိုးသတ်ဆေးကို -<br>- ဆေးဖျန်းပုံးထဲရေအရင်ထည့်ပါ။<br>- သီးသန့်ပုံးတွင် မှန်ကန်သော ဆေးပမာဏကို ရေနဲနဲ နှင့်ရောပြီး၄င်းဆေးရည်ကိုဆေးဖျန်းပုံးတွင်ထည့်ပါ။ | ကန်ထဲ (သို့မဟုတ်) မြစ်ထဲသို့ ဆေးဖျန်းပုံးကို ဆေးခြင်း (သို့မဟုတ်) ဆေးဘူးကို စွန့်ပစ်ခြင်း။ |
| ကိုယ်ပေါ်ဆေးဖိတ်လျှင်ချက်ခြင်းဆေးကြောပါ။ | |
| ဆေးဖျန်းပြီးဆပ်ပြာဖြင့်သန့်စင်ပါ။ အဝတ်အစား အသစ်လဲပါ။ ဆေးဖျန်းစဉ်ဝတ်သောအဝတ်ကို သီးသန့် လျှော်ဖွတ် ပါ။ | |

**အရေးကြီးသည်**

ဆေးဖျန်းစဉ် အရေပြားယားယံလျှင်၊ မူးလျှင်၊ ဗိုက်နာလျှင်နှင့် နာရည်ယိုလျှင် ရေဖြင့် သေချာဆေးကြောပြီး ကျန်းမာရေးဌာနနှင့်ပြပါ။






လုပ်ဆောင်ချက် (၈) ကွင်းလုပ်ငန်းပြင်ဆင်ခြင်း။

**အားလုံးဆွေးနွေးခြင်း**

၁။ စာသင်ခန်းတွင် သဘာဝကကွယ်နည်းများကို ဆွေးနွေးပါ။

## လေ့ကျင့်ခန်း (၁၃.၈) ဖား၃၊ မှိုနှင့် ဒေါင်းနီးမှိုရောဂါများကိုကာကွယ်နည်း။

**ပါဝင်သောပစ္စည်းများ**

ဒုတ္တာ - ၂၈ ကျပ်သား
ထုံး - ၂၈ ကျပ်သား
ရေ - ၁၀ ဂါလံ

ပြုလုပ်နည်း

- ဒုတ္တာ ၂၈ ကျပ်သားကို ရေ၅ ဂါလံနှင့် ပုံးတစ်ပုံးတွင်ဖျော်ပါ။
- နောက်ထပ် ပုံးတစ်ပုံးတွင် ထုံး ၂၈ ကျပ်သားကို ရေ၅ ဂါလံတွင် ဖျော်ပါ။
- ထိုသို့ဖျော်စပ်ပြီးနောက် ဖျော်ရည်နှစ်မျိုးကို ပေါင်းစပ်လိုက်လျှင် ဘော်ဒိုဆေးရည်ရရှိမည် ဖြစ်သည်။
- အခဲတုံးများမပါရန် အရောကို ဇကာဖြင့် စစ်ပါ။ မဖျန်းမီအထိ ဆေးကို နှံစပ်အောင် မွှေပါ။
- ဆေးရည်ကို ၂၄ နာရီအတွင်း အသုံးပြုရမည်။

မှတ်ချက်။ ဆေးရည်မွှေရာတွင် သစ်သားတုတ်၊ ပလပ်စတစ်ချောင်းတို့ဖြင့်သာ မွှေပေးရန်။ သံ၊ သွပ်ပုံး များတွင် မဖျော်ရပါ။ အဘယ့်ကြောင့်ဆိုသော် ဒုတ္တာနှင့် ဓာတ်ပြုနိုင်သောကြောင့် ဖြစ်သည်။

## လေ့ကျင့်ခန်း (၁၃.၉) စုပ်စားပိုးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်ခြင်း။

**ပါဝင်သောပစ္စည်းများ**

ငရုတ်သီးစိမ်း - ၁၀ ကျပ်သား
ကြက်သွန်ဖြူ - ၁၀ ကျပ်သား
ဂျင်း - ၁၅ ကျပ်သား
ရွှေဝါဆပ်ပြာ - ၁၀ ကျပ်သား
မုံညင်းဆီ - ၅ဇွန်း
ရေ - ၅ဂါလံ

**ပြုလုပ်နည်း**

၁။ ကြက်သွန်ဖြူထောင်းပြီးမုံညင်းဆီ တွင်တစ်ညစိမ်ပါ။
၂။ နောက်နေ့ဂျင်း + ငရုတ်သီးထောင်း၍အားလုံးရောစပ်ပါ။
၃။ ရေထည့်ပြီးမွှေပါ။

**သုံးနည်း**

- ရေမရောမီအရည်စစ်ပါ။ ကျောပိုးဆေးဖျန်းပုံးနှင့်ဖျန်းပါ။
- ပြီးခဲ့သော သင်ခန်းစာတစ်ခုတွင် အီးအမ် ၅ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သင်တန်းသားများကို ပြောပါ။
- ၎င်းတို့၏ တောင်သူလက်စွဲစာအုပ် လေ့ကျင်ခန်း ၁၃.၁၀ရှိ အီးအမ် ၅ ပြုလုပ်ပုံကို ခပ်မြန်မြန် ထပ်ကြည့်ခိုင်းပါ

## လေ့ကျင့်ခန်း (၁၃.၁၀) အထွေထွေပိုးနှင့်ရောဂါ ကာကွယ်ရန်အတွက် EM-5 ပိုးနှင်ဆေးပြုလုပ်ခြင်း။

**ပါဝင်သောပစ္စည်းများ**

အရက်ပြင်း - ၁၀၀ စီစီ
ရှာလကာရည် - ၁၀၀ စီစီ
တင်လဲရည် - ၁၀၀ စီစီ
EM အပြင်း - ၁၀၀ စီစီ
ရေ - ၆၀၀ စီစီ

### ပြုလုပ်နည်း
၁။ အထက်ပါပစ္စည်းများကို အစဉ်လိုက် ဂလီတာပုလင်းတွင်ထည့်ပြီး လေလုံအောင်ပိတ်ထားပါ။
၂။ အေး၍အရိပ်ရပြီး ခြောက်သွေ့သော နေရာတွင်ထားပါ။
၃။ ၂ပတ်ကြာလျှင် အသုံးပြုနိုင်သည်။
၄။ အသုံးပြုရန်နှုန်းမှာ (EM-5 : ရေ) ၁း၅၀၀ - ၁း၁၀၀၀။ ပိုးတွေ့က ဆေး ၁ဆ း ရေ အဆ ၁၀၀ ရောပြီးဖျန်းပါ။
၅။ ပိုးသတ်ဆေးမဟုတ်ပါ။ ပိုးနှင်ဆေးသာဖြစ်သည်။
၆။ ၃ လကြာထားပြီး အသုံးပြုနိုင်သည်။

### အသုံးပြုနည်း
- ဆေးဖျန်းပုံး သို့မဟုတ် အပေါက်ကျဉ်းသော ရေပန်းခရားဖြင့်ထည့်ပြီး ပက်ဖြန်းနိုင်သည်။
  အထူးမှတ်ချက်။ တစ်ရက်အတွင်း အသုံးပြုရန်။

## လေ့ကျင့်ခန်း ၁၃.၁၁။ အသင့်သုံး EM ပြုလုပ်နည်း။ (Making Instant EM ; IEM)

### ပါဝင်သောပစ္စည်းများ
EM အပြင်း (CEM) Concentrated EM - ၁ဆ
တင်လဲရည် - ၁ ဆ
ရေ - ၁၈ ဆ
၁။ အထက်ပါတို့ကို နှံ့စပ်အောင်ရောမွှေပြီး လေလုံအောင်ပိတ်ပါ။
၂။ အေး၍အရိပ်ရပြီး ခြောက်သွေ့သော နေရာတွင်ထားပါ။
၃။ ပထမ၃ရက်တွင် လေထုတ်ရန် ခဏဖွင့်ပြီး ပြန်ပိတ်ပါ။
၄။ ၃ရက်ကြာပြီး လေလုံအောင်ပိတ်ထားပါ။ ၃ ရက်ကြာလျှင် စသုံးပါ။ အေး၍အရိပ်ရပြီး ခြောက်သွေ့သော နေရာတွင်ထားပါက ၆လအထိ အသုံးပြုနိုင်သည်။။ အဝါ (ကောက်ရိုးအရောင်) မှ အမည်းရောင် ပြောင်းလျှင် နှင့် ပုပ်အဲ့အဲ့ အနံ့ရလျှင် အသုံးမပြုရပါ။

### အပင်များဖျန်းရန်
- အပင်ကြီးအတွက် ရေဂါလံလျှင် အသင့်သုံး EM တစ်ဇွန်းနှုန်းထည့်ဖြန်းပါ။
- အပင်ငယ်အတွက် ရေဂါလံလျှင် အသင့်သုံး EM ၁ / ၂ဇွန်းနှုန်းထည့်ဖြန်းပါ။

## လေ့ကျင့်ခန်း (၁၃.၁၂) အကြေးခွံပါ အင်းဆက်ပိုးများအတွက် ဆီဖျန်းဆေး ပြုလုပ်ခြင်း(ဒေသယူနစ်သုံးပါ)

### ပြုလုပ်နည်း
၁။ အဝတ်လျှော်ဆပ်ပြာ (ရွှေဝါဆပ်ပြာ) ကို ရေပုံးထဲတွင် ဆပ်ပြာတောင့်ကို ရေတွင် အမြှုပ်ထွက်အောင် ပွတ်ပြီး ဖျော်ပါ။ ၄င်းကို ပုလင်းထဲတွင် သိမ်းထားပါ။
၂။ ဆေးဖျန်းပုံးကိုသေချာဆေးပါ။ ပေါင်းသတ်ဆေးသုံးထားသော ဆေးဖျန်းပုံးကိုမသုံးရ၊ သေချာဆေးသော်လည်း အပင်များကို သေစေနိုင်သည်။
၃။ ဆေးဖျန်းပုံးတစ်ဝက်ကို ရေဖြည့်ပါ၊ ဆပ်ပြာရေ၁၀၀ စီစီထည့်ပြီး ပုံးကိုလှုပ်ပေးပါ။ ဆီ(စားသုံးဆီ) ၅၀၀ စီစီကို ဆေးဖျန်းပုံးတွင် ထည့်ပြီး ၂ မိနစ်ခန့်သေချာလှုပ်ပါ။ ရေကို လည်ပင်းနား အထိထည့်ပါ။ (တစ်လက်မနေရာလွတ်ချန်ထားပြီး သေချာလှုပ်ပါ)
၄။ ဆေးမဖျန်းမီပုံးကိုထပ်လှုပ်ပါ၊ ပုံးကိုလေဖိအားများများထိုးပါ။ ဤအဆင့်သည်ရေတွင် ကောင်းစွာပျော်ဝင်စေရန် အလွန်အရေးကြီးသည်။
၅။ အပင်ငယ်ပေါ်ပါးပါးဖျန်းပါ။ မပိုပါစေနှင့်၊ ဆေးထွက်သည့် ပမာဏကို မသေချာလျှင်သိအောင် မြေပေါ် အရင်ဖျန်းကြည့်ပါ။

### ဆီဖျန်းဆေးသုံးရာတွင် -
၁။ ဆီဖျန်းဆေးကိုညနေ၅နာရီနောက်ပိုင်းဖျန်းလျှင် ထိရောက်သည်။
၂။ ဆီဖျန်းဆေးကိုအပူချိန် ၅ $^0$C အောက် (အေးလွန်း) နှင့် ၃၂ $^0$C အထက် (ပူလွန်း) တွင်မဖျန်းပါနှင့်။
၃။ အပင်များနာနေလျှင်မဖျန်းပါနှင့်။
၄။ ရွှေ့ပြောင်းပြီး ၂ပတ်သားအောက်ငယ် သောအပင်များကိုဆီဆေးမဖျန်းရ။
၅။ ဆီမုန်ညှင်းဆီကိုသုံးလျှင်ပိုမိုထိရောက်သည်။
၆။ အဝတ်လျှော်ဆပ်ပြာကိုသာသုံးပါ။ကိုယ်တိုက်ဆပ်ပြာကိုမရှိမှသုံးပါ။ဂျီးချွတ်ဆေးမသုံးရ။

**ဆေးဖျန်းခြင်း**

- အပင်ကြီးများတွင်ပိုးကောင်အရေအတွက်များလျှင်တစ်လီတာပုံးတွင်ဆီ ၈ စီစီအထိတိုး၍အသုံးပြုနိုင်သည်။

**လုပ်ဆောင်ချက် (၉) ကျောပိုးဆေးဖျန်းပုံးတစ်ခု အသုံးပြုပုံနှင့် ဆေးရောစပ် ပက်ဖျန်းပုံကို လက်တွေ့ပြသခြင်း။ (၃၅ မိနစ်)**

**ကွင်းထဲတွင်အုပ်စုဖြင့်လုပ်ဆောင်ရန်**

၁။ သရုပ်ပြကွင်းသို့သွားပါ။

၂။ လယ်သမားကိုလုံခြုံသော အဝတ်အစားဝတ်ပေးပါ။

၃။ ဆေးပုလင်းပေါ်ရှိဆေးညွှန်း၏ဖတ်နည်းကို ပြပါ။

၄။ ဆေးကို ဘယ်လိုရောစပ်ပြီး ဘယ်လိုမွှေရတယ်ဆိုတာကိုပြပါ။

၅။ ဆေးနှုန်းထား တွက်ချက်နည်းကို ပြသည်။

၆။ ဆေးကို ဘယ်လိုစနစ်တကျ ဖြန်းရလဲဆိုတာ ပြပါ။

၇။ မှန်ကန်သောသိုလှောင်နည်း၊ ကိရိယာများဆေးကြောနည်းနှင့် အသုံးပြုပြီးသော ဘူးခွံများစွန့်ပစ်နည်း များကို ပြပါ။

**လုပ်ဆောင်ချက် (၁၀) သင်ခန်းစာကိုနိဂုံးချုပ်ပါ။**

- အဓိက အချက်များကို အသားပေးအနှစ်ချုပ်ပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။ မေးရန်ရှိပါက မေးခိုင်းပါ။

**လုပ်ဆောင်ချက် (၁၁) သင်ခန်းစာကိုသုံးသပ်ပါ။**

"ဤသင်ခန်းစာတွင် မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင် မည်သည့်အချက်များက အားနည်းသနည်း" မေးပါ။

"သင်တန်းကို ပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

**လုပ်ဆောင်ချက် (၁၂) နောက်သင်ခန်းစာအတွက် ဆွေးနွေးမည့်ခေါင်းစဉ်၊ အချိန်၊ နေရာနှင့် မည်သူလာတက်သင့်သည်ကို ဆွေးနွေးခြင်း**

**အားလုံးပူးပေါင်းပါဝင်ကြရန်**

နောက်ထပ်သင်မည့် သင်ခန်းစာ၊ အချိန်နှင့်နေရာတို့ကို ပြောပါ။ သင်တန်းချိန်နှင့်နေရာကို အထူးသဖြင့် အမျိုးသမီးများလာတက်ရန် အခက်အခဲမရှိသည့် အချိန်နှင့်နေရာမျိုးဖြစ်အောင် စီစဉ်ထားသင့်သည်။ သင်တန်းမှသင်လိုက်သည်များကို အပြည့်အဝ မှန်ကန်စွာ သင်ယူရရှိနိုင်ရန်အတွက် ခင်ပွန်းဖြစ်စေ၊ ဇနီးသည်ဖြစ်စေ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မည့်သူများသာ သင်တန်းသို့လာရန်ဖိတ်ပါ။ သို့မှသာ မိမိသင်ယူခဲ့သည်များကို မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေချောမွေ့စွာ အသုံးချနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သင်တန်းလာတက်သူက တခြား၊ လက်တွေ့လုပ်ဆောင်သူကတခြားဖြစ်နေပါက လက်တွေ့စိုက်ပျိုးလုပ်ကိုင်နေသူအနေဖြင့် အချက်အလက်အမှားများကို ရရှိလုပ်ကိုင်နေမည်သာဖြစ်သည်။

သင်ခန်းစာကို အပြီးသတ်ပါ။ အဆက်ပြေပါက သရုပ်ပြလုပ်ဆောင်ရာတွင် လိုအပ်မည့် ပစ္စည်းများကို ပေးဝေပါ။

## သင်ခန်းစာအခန်း (၁၄) ရိတ်သိမ်းချိန်လွန်သီးနှံများ ထိန်းသိမ်းခြင်းနှင့်ထုတ်ကုန်အရည်အသွေး

အချိန် ။ ။ ၃ နာရီ (သင်တန်းခန်းမတွင်း)

ရည်ရွယ်ချက်များ

ယခုသင်ခန်းစာအပြီးတွင် သင်တန်းသားများသည်

၁။ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှု လုပ်ငန်းအဆင့်ဆင့်ကို နားလည်လာမည်။
၂။ ဈေးကွက် လိုအပ်မှု အရည်အသွေးကို နားလည်လာမည်။
၃။ ရိတ်သိမ်းပြီးသီးနှံအရည်အသွေးကိုထိခိုက်စေသောအကြောင်းများသိရှိလာမည်။

လိုအပ်သောပစ္စည်းများ ။ ။ သင်ပုန်း၊ မာကာပင်များ၊ တိပ်၊ စာရွက်ကြီး ၄ရွက်

### လုပ်ဆောင်ချက် (၁) ယခင်သင်ခန်းစာနှင့်ယခုသင်ခန်းစာခေါင်းစဉ်ကို အားလုံးပါဝင်သုံးသပ်ရန်။ (၁၀ မိနစ်)

၁။ သင်တန်းသားများအား ယခင်သင်ခန်းစာမှ ဘာတွေလေ့လာခဲ့သလဲ မေးပါ။ ၎င်းတို့အဖြေများကို စာရွက်ကြီး ပေါ်ရေးချခိုင်းပါ။ (၈မိနစ်)

### ပါဝင်သောခေါင်းစဉ်များ

၁။ ပေါင်းသင်ခြင်း
၂။ အပင်မှုန်းခြင်း
၃။ စင်တင်ခြင်း
၄။ ပိုးနှင့်ရောဂါ ခွဲခြားခြင်း
၅။ ပိုးနှင့်ရောဂါ ကာကွယ်ရန်သဘာဝနှင့်ဓါတုဆေးရွေးချယ်ခြင်း (IPM နည်း)
၆။ ပိုးသတ်ဆေးများအန္တရာယ်ကင်းစွာအသုံးပြုခြင်း
၇။ သဘာဝနည်းဖြင့် ပိုးမွှားရောဂါကာကွယ်နည်းများ

### လက်ရှိသင်ခန်းစာခေါင်းစဉ်ကို အားလုံးပြန်သုံးသပ်ရန်။ (၂မိနစ်)

တောင်သူလက်စွဲစာအုပ် မာတိကာကိုလှန်ခိုင်းပြီး ယခုသင်ခန်းစာတွင် သင်မည့်ခေါင်းစဉ်များကို တောင်သူတစ်ယောက်စ နှစ်ယောက်စကို ဖတ်ခိုင်းပါ။

## သင်တန်းပို့ပိုးသူများအတွက်လမ်းညွှန်များ

သင်တန်းသားများအား မာတိကာသုံးပြီး အချက်အလက်များကို တောင်သူလက်စွဲ စာအုပ်တွင် ရှာဖွေခိုင်းခြင်းသည် နောက်ပိုင်း မိမိတို့အိမ် တွင် ဖတ်လိုပါက ရှာဖွေရ လွယ်ကူစေရန် ဖြစ်သည်။

### လုပ်ဆောင်ချက် (၂) သီးနှံထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုလုပ်ငန်း ကွင်းဆက်ကိုနားလည်ရန်။ (၄၀ မိနစ်)

### အားလုံးပါဝင်လုပ်ဆောင်ရန်

၁။ သင်တန်းသားများနှင့် ဝိုင်းဝန်းစဉ်းစား အကြံဉာဏ်ထုတ်ရန်မေးခွန်း။ "မိမိတို့သည် အဘယ်ကြောင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများကို အလေးထားဆောင်ရွက် နေကြသလဲ"။ အဖြေများကို စာရွက်ကြီးပေါ်ရေးခိုင်းပါ။ (၅မိနစ်)

၂။ တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၄.၁တွင်ဖော်ပြထားသော မေးခွန်းနှင့် အဖြေများကို ကြည့်ခိုင်းပါ။ မိမိ၏ အဖြေသည် ဖော်ပြထားသည့် အဖြေထဲတွင် မပါဝင် သေးပါက ကွက်လပ်နေရာများတွင် ဖြည့်ခိုင်းပါ။(၅မိနစ်)

## လေ့ကျင့်ခန်း (၁၄.၁) ရိတ်သိမ်းချိန်လွန်ဆောင်ရွက်ခြင်းအရေးကြီးပုံ။

မေးခွန်း။ ရိတ်သိမ်းချိန်လွန်ဆောင်ရွက်ခြင်းသည် ဘာကြောင့်အရေးကြီးသလဲ၊

ဈေးကွက်မှ တောင်းဆိုသောအချက်များတွင် ပါဝင်သည့်အချက်အချက်များမှာ

၁။ အရည်အသွေး

၂။ အန္တရာယ်ကင်းသောအစားအစာ

၃။ ဆွတ်ခူးချိန်၊ သယ်ယူချိန်တို့တွင် အလေအလွင့်နည်းပြီး အမြတ်ပိုရရှိရန်။

၄။ ---------------------------------------------------------------------------------------

၅။ ---------------------------------------------------------------------------------------

၆။ ------------------------------------------------------------------------------ တို့ဖြစ်သည်။

### တစ်ဦးချင်းရော အဖွဲ့ငယ်များဖြင့်ပါ လုပ်ဆောင်ရန်

၃။ သင်တန်းသားများကိုအုပ်စု၅စုခွဲပါ။သီးနှံဖြန့်ဖြူးမှုအဆင့်ဆင့်ပြသရုပ်ဖော်ပုံဆွဲခိုင်းပါ။သီးနှံတွေဖြန့်ဖြူးမှုအဆင့်ဆင့်မှာအဓိကပါဝင်လုပ်ဆောင်နေသူတွေကဘယ်သူတွေဖြစ်မလဲဆိုတာကိုဝိုင်းဝန်းအကြံထုတ်စဉ်းစားခိုင်းပါ။ထိုသူများကိုစာရွက်လွတ်ပေါ်တွင်ရေးချခိုင်းပါ။(မှတ်ချက် – သရုပ်ပြပုံသည်သီးနှံထုတ်လုပ်သူများ၊ သီးနှံကောက်သူများ၊လက်ကားရောင်းချသူများနှင့်ဈေးအတွင်းပြန်လည်ရောင်းချသူများကိုလေးဒေါင့်ကွက်တစ်ခုစီအတွင်းထည့်သွင်းရေးဆွဲထားသည့်ပုံမျိုးဖြစ်သင့်သည်။) ဆွေးနွေးပြီးရလာသည်များကို စာရွက်ကြီးပေါ်တွင် ရေးခိုင်းပါ။ ထိုနောက် တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၄.၂ တွင်ရှိသော အကွက်များတွင်း ဖြည့်ခိုင်းပါ။ ထို့နောက် အောက်ပါမေးခွန်းများကို အဖွဲ့ငယ်အတွင်း ဖြေခိုင်းပါ။ အဖြေများကို စာရွက်ကြီးပေါ်တွင် ချရေးခိုင်းပါ။ (၁၅ မိနစ်)

၄။ အောက်ပါမေးခွန်းများကို အဖွဲ့ငယ်အတွင်း ဖြေခိုင်းပါ။ အဖြေများကို စာရွက်ကြီးပေါ်တွင် ချရေးခိုင်းပါ။
  (၁) လယ်ယာသီးနှံများသည် စိုက်ပျိုးသူမှစားသုံးသူသို့ ဘယ်လိုရောက်သွားသလဲ။ (ဥပမာ၊ ကွင်းထဲမှ သီးနှံများကို အိတ်ဖြင့်လည်းကောင်း၊ လက်ကားရောင်းသူထံ မော်တော်ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ဈေးသို့ကုန်ကားဖြင့် လည်းကောင်း။)
  (၂) လမ်းခရီးတစ်ခုနှင့် တစ်ခုကြားတွင် ကြာသောအချိန်ကို ရက်နှင့်ရေးပါ။
  (၃) မည်သည့်အဆင့်တွင် သီးနှံဆုံးရှုံး သို့မဟုတ် ပျက်စီးမှုအများဆုံးဖြစ်သည်ဟု ၄င်းတို့ထင်သလဲ၊

၅။ သင်တန်းသားများအား မိမိတို့မြေပုံနှင့်အဖြေများကို အုပ်စုအားလုံးအား တင်ပြပြီးဆွေးနွေးပါ။) (၁၅မိနစ်)
သင်တန်းသားများ အိမ်ရောက်လျှင် ကိုးကားရန်အတွက် အဖြေများကို တစ်ဦးချင်းစီ၏ တောင်သူလက်စွဲစာအုပ်တွင်လည်း ဖြည့်ခိုင်းပါ။ (၁၅ မိနစ်)

## လေ့ကျင့်ခန်း (၁၄.၂) ဖြန့်ဖြူးမှု ကွင်းဆက်တွင် ဆုံးရှုံးမှုများ။

၁။ ထုတ်ကုန်ဖြန့်ဖြူးမှုကွင်းဆက်

၂။ စိုက်ခင်းမှစားသုံးသူ ထံဘယ်လိုရောက်သလဲ၊

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

-------------------------------------------------------------------------------------------

၃။ ကွင်းဆက်တစ်ခုချင်း အကြား၊ ကြာသောအချိန်၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၄။ ဖြန့်ဖြူးသော ကွင်းဆက်တွင် ပျက်စီးသော သို့မဟုတ် ထိခိုက်သော ထုတ်ကုန်ပမာဏ၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

## လုပ်ဆောင်ချက် (၃) ဈေးကွက်အရည်အသွေး လိုအပ်မှုကိုနားလည်ရန်။ (၂၅ မိနစ်)

**အားလုံးပါဝင်လုပ်ဆောင်ရန်**

၁။ ဦးစားပေးသီးနှံများကို စာရွက်ကြီးပေါ် စာရင်းပြုစုပါ။ "သီးနှံတစ်မျိုးအတွက် ဈေးကွက် လိုအပ်မှုများကဘာလဲ၊" ဆိုသည်ကို ဝိုင်းဝန်းအကြံထုတ် စဉ်းစားခိုင်းပါ။(၅မိနစ်)

၂။ တစ်ဦးချင်းစီ လုပ်ဆောင်ရန်။ အဖြေများကို တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း၁၄.၃တွင် ရေးချခိုင်းပါ။ (၁၀ မိနစ်)

### လေ့ကျင့်ခန်း (၁၄.၃) စာရင်းပြုစုထားသော သီးနှံများအတွက် ဈေးကွက်လိုအပ်ချက်များ

| သီးနှံ | ဈေးကွက်လိုအပ်ချက်များ |
|---|---|
| ၁။ ပဲတောင့်ရှည် | |
| ၂။ ရုံးပတီ | |
| ၃။ ကြက်သွန် | |
| ၄။ မုန်လာဥနီ | |
| ၅။ ငရုတ် | |
| ၆။ ခရမ်းချဉ် | |
| ၇။ ခရမ်းသီး | |
| ၈။ ခရမ်းကြွပ်သီး | |
| ၉။ နံနံ | |
| ၁၀။ ဂေါ်ဖီထုပ် | |
| ၁၁။ ပန်းဂေါ်ဖီ | |

| | |
|---|---|
| ၁၂။ ပန်းဂေါ်ဖီစိမ်း။ ပန်းမုန်လာစိမ်း | |
| ၁၃။ မုန်လာဥ | |
| ၁၄။ ကန်ဇွန်း | |
| ၁၅။ ပြောင်းဖူး | |
| ၁၆။ မုံညှင်းရွက် | |
| ၁၇။ ဘူး | |
| ၁၈။ ပဲလင်းမြွေ | |
| ၁၉။ ခဝဲ | |
| ၂၀။ ကြက်ဟင်းခါး | |
| ၂၁။ သခွား | |
| ၂၂။ ဖရဲ | |
| ၂၃။ ဖရုံ | |
| ၂၄။ ပြောင်းဖူး | |
| ၂၅။ မြေပဲ | |
| ၂၆။ ငရုတ် | |
| ၂၇။ ကြက်သွန်နီ | |
| ၂၈။ ဖရဲ | |

၃။ ၄င်းတို့ဖြည့်ထားသော အဖြေများကို တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၄.၄တွင် ပြထားသော အဖြေများနှင့် တိုက်ဆိုင်စစ်ဆေးစေပါ။ (၁၀ မိနစ်)

## လေ့ကျင့်ခန်း (၁၄.၄) ဟင်းသီးဟင်းရွက်များကို အဆင့်သတ်မှတ်ခြင်း

၁။ ပြင်ပရုပ်သွင်

- အခွံအနာအဆာများ (အစက်၊ အပြောက်၊ ပွန်းပဲ့ဒဏ်ရာများ) ရှိ၊မရှိ
- မျက်နှာပြင်တွင်မြေကြီး၊ ၄က်၊ ပိုးကောင်အညစ်အကြေးများ စွန်ထင်းနေမှု ရှိ၊မရှိ
- အရွက်စားသီးနှံဖြစ်ပါက အရွက်များကျိုးပဲ့နေမှု ရှိ၊မရှိ

၂။ ပုံသဏ္ဍာန်

- သခွားကဲ့သို့သောသီးနှံများတွင် အသီးပုံစံမှန်၊မမှန်၊ အသီးဟာ ဖြောင့်တန်းနေသလား၊အနည်းငယ် ကောက်နေသလား

၃။ အရောင်

- သီးနံ့ကောင်းစွာရင့်မှည့်သည့်အရွယ်တွင် ရှိသင့်သော အရောင်ရှိ/မရှိ၊ ဥပမာ – ခရမ်းချဉ်သီးအရွယ်နှင့် အရောင် ကိုက်/မကိုက်၊
- ခရမ်းသီးအတွက်ခရမ်းရောင်ရင့်ရင့် ရှိ/မရှိ

၄။ အခြေအနေ

- ဟင်းရွက်များတွင်ညှိုးနွမ်းသောအရွက်မပါရ။
- ရုံးပတီသီးတွင်အဝါရောင်မရှိစေရ။ထိပ်ပိုင်းလွယ်ကူစွာချိုးနိုင်ရမည်။

၅။ အရွယ်အစား

- အရွယ်အစားတူညီရမည်။

၆။ အနံ့/အကြမ်းနှင့်အရသာ

၇။ ဓါတုဆေးသုံးစွဲထားမှု

မှတ်ချက်။ အကယ်၍သင်ဓါတုဆေးဖျန်းထားလျှင်၊ဆေးသုံးထားသောအချိန်မှတ်ထားပြီးဝယ်သူအားမဆွတ်ခူးမီစောင့်ရမည့်ကြားကာလ (PHI) ပြည့်အောင်းစောင့်ပြီးမှခူးထား ကြောင်း ဝယ်သူသိအောင် ဖော်ပြထားပါ။

---

---

---

၈။ အောက်ပါဓါတ်ပုံများတွင် ပါသော ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဖြစ်နိုင်ချေ ဈေးနှုန်းတို့ အပေါ်သင်တန်းသားများကို မှတ်ချက်ပေးခိုင်းပါ။



ကြက်ဟင်းခါးသီးကို ကောင်းစွာ အဆင့်အတန်းခွဲထားပုံ



ပဲတောင့်ရှည်နှင့်ခရမ်းသီး ကောင်းစွာအဆင့်အတန်း ခွဲထားပုံ



အဆင့်အတန်းကောင်းစွာ ခွဲမထားသော ခရမ်းချဉ်သီးပုံ



အဆင့်အတန်းကောင်းစွားခွဲမထားသော သခွားသီးပုံ

လုပ်ဆောင်ချက် (၄) ဆွတ်ခူးပြီးအရည်အသွေးထိခိုက်စေသော အကြောင်းရင်းများ။ (၉၀ မိနစ်)

အားလုံးပါဝင်ဆွေးနွေးရန်

၁။ သင်တန်းသားများအား တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၄.၅ရှိ ထုတ်ကုန်များ ပျက်စီးစေသော အကြောင်းအရာများကိုကြည့်ခိုင်းပါ။ သင်တန်းသား တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်ကို ဇယားအား ဖတ်ခိုင်းပြီး တစ်ချက်ချင်း ဆွေးနွေးစေပါ။ (၁၀ မိနစ်)

လေ့ကျင့်ခန်း (၁၄.၅) ဆွတ်ခူးပြီးဟင်းသီးဟင်းရွက်အများ၏ အရည်အသွေးကိုလွှမ်းမိုးသောအချက်များ

| အရည်အသွေးကိုလွှမ်းမိုးသောအချက်များ | ကာကွယ်ခြင်း |
|---|---|
| ထိခိုက်ပျက်စီးမှုများ | |
| သီးနှံခူးဆွတ်စဉ်နှင့် သယ်ယူပို့ဆောင်စဉ်တွင် အကိုင်အတွယ်ကြမ်းပါက အတွင်းကြေခြင်း (ဉပမာ ခရမ်းချဉ်)၊ အရွက်များကျိုးပဲ့ခြင်း (ဉပမာ - အရွက်စားဟင်းသီးဟင်းရွက်များ) နှင့် ရောဂါတက်ဆုံးရှုံးမှုတို့ကို ဖြစ်စေသည်။ | ဓားကိုသုံးပြီး ခူးဆွတ်ရိတ်သိမ်းပါ။ |
| | သန့်ရှင်းတောင့်တင်းကာ ချွန်ထက်သော အစိတ်အပိုင်းများ မပါသည့် သေတ္တာများဖြင့် ထုပ်ပိုးပါ။ |
| | ကားပေါ်တွင် ထိခိုက်မှု မရှိစေရန်သေတ္တာများအောက်တွင် အရွက်များခံပေးပါ။ |
| အပူချိန် | |
| အပူချိန်မြင့်မားခြင်းသည် သီးနှံများကို အလျင်အမြန် ရင့်မှည့်စေကာ ရောဂါတက်ဆုံးရှုံးမှုကြောင့် အရွက်များညှိုးပြီး အလေးချိန်ကို လျော့ကျစေသည်။ | နံနက်စောစောတွင်ရိတ်သိမ်းပါ။ |
| | အရိပ်အောက်တွင် ထုပ်ပိုးပါ။ |
| | အပူချိန်လျော့ကျစေရန်နှင့် စိုထိုင်းဆ မြင့်မားစေရန် စိုစွတ်သောအိတ်များဖြင့် ထည့်ပါ။ |
| | ကုန်တင်ကားများပေါ်ရှိ သီးနှံထည့်ထားသော သေတ္တာများကို ဖုံးထားပါ။ |
| | အရိပ်အောက်ရှိ အပူချိန်သည် တိုက်ရိုက်နေရောင်အောက်ရှိ အပူချိန်ထက် ၁၀ - ၁၅ ဒီဂရီ စင်တီဂရိတ်ခန့် ပိုအေးသည်ကို သတိပြုပါ။ |
| သီးနှံရင့်မှည့်မှု | ခူးဆွတ်ရန်အချိန် |
| သီးနှံကိုပုံမှန်ခူးဆွတ်ရမည့်အချိန်ထက်စောလျင်စွာခူးဆွတ်မိလျှင် ရင့်မှည့်မှု အပြည့်အဝရရှိမည်မဟုတ်ပါ။ နောက်ကျခူးဆွတ်ပြန်လျှင်လည်း ဈေးကွက်မရောက်ခင် ပျက်ဆီးစေမည်ဖြစ်သည်။ | ခူးဆွတ်ချိန်အမှန်ကို သိအောင်လုပ်ပါ။ |
| သီးနှံပုပ်ခြင်းနှင့် ဖျက်ပိုးများ | |
| ရိတ်သိမ်းပြီးနောက် သီးနှံများပုပ်ပါက သီးနှံများ အလျင်အမြန် ပျက်စီးမည်ဖြစ်သည်။ သိုလှောင်ချိန်တွင်လည်း ပိုးမွှားများ ကျရောက်ဖျက်ဆီးမည်ဖြစ်သည်။ | သတ်မှတ်ထားသော ဆေးရည်တစ်မျိုးမျိုးတွင် စိမ်ခြင်းဖြင့် သီးနှံများ ပုပ်ခြင်းမှ ကာကွယ်နိုင်မည် ဖြစ်သည်။ |
| | သီးနှံသိုလှောင်ရုံတွင် ခြင်လုံဇကာများဖြင့် ကာထားပါ။ |

အားလုံးပါဝင်လုပ်ဆောင်ရန်

၂။ ဗိုင်းဝန်းစဉ်းစားအကြံဉာဏ်ထုတ်ရန် မေးခွန်း။ "ဟင်းသီးဟင်းရွက်တွေကို သယ်ယူပို့ဆောင်ဖို့အတွက် ဘယ်လိုထုတ်ပိုးရင် အသင့်တော်ဆုံးလဲ" မိမိတို့အဖြေများကို စာရွက်ကြီးပေါ်ရေးပါ။ (၅မိနစ်)

၃။ တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၄.၆ရှိ ဇယားကို ပြန်သုံးသပ်ပြီးအောက်ပါပုံများကို ဆွေးနွေးပါ။ (၁၅မိနစ်)

## လေ့ကျင့်ခန်း (၁၄.၆) ထုတ်ပိုးပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များ

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| **စက္ကူချပ်ပုံးများ** | |
| - လွယ်ကူစွာရရှိနိုင်သည်။<br>- ကိုင်တွယ်ရလွယ်ကူသဖြင့်ထပ်၍ထားနိုင်သည်။<br>- ထွက်ကုန်အမျိုးမျိုးအတွက်အသုံးပြုနိုင်သည်။ | - စိုလျှင်မခိုင်ပါ။<br>- လေပေါက်များလိုသည်။<br>- ပြန်သုံး၍မရပါ။ |
| **ဂုန်လျှော် (သို့မဟုတ်) ကြိုးအိတ်များ** | |
| - တန်ဖိုးနည်း။<br>- ပြန်သုံးလို့ရ။<br>- ရေနှင့်ဆွတ်ပြီး အစိုဓာတ်ရအောင် လုပ်လို့ရသည်။ | - ပျော့သော ကုန်များအတွက် အကာအကွယ် မရှိ။<br>- လေးပြီးကိုင်တွယ်ရကြမ်းတမ်းသည်။ |
| **ဝါးခြင်းများ** | |
| - တန်ဖိုးနည်း။<br>- ပြန်သုံးနိုင်။<br>- ရေနှင့်ဆွတ်လို့ရသည်။<br>- ခိုင်ခံ့သည်။ | - အကာအကွယ်အဖြစ်ခံထားရန်လိုအပ်သည်။<br>- ကျုံ့သွားတတ်သည်။<br>- ထပ်လို့မရပါ။ |



ဝါးနီးတောင်းထဲတွင် ဟင်းသီးဟင်းရွက်များကို ပြည့်လျှံအောင်ထားပါက မကောင်းပါ။



အာလူးများကို ဂုန်နီအိတ်ဖြင့် ထုပ်ပိုးခြင်းသည် မကောင်းပါ။



ပြန်သုံးနိုင်သောပလက်စတစ်ပစ္စည်းများဖြင့် ထည့်ရန်



သိုလှောင်ခန်းတွင် ချပ်စက္ကူပုံးနှင့် သိုလှောင်ရန်

လမ်းညွှန် – ၁။ စက္ကူချပ်များသည် အလွန်အဆင်ပြေသည်။ သို့သော်လည်း မြင့်မြင့်မထပ်ရန်နှင့် ပြည့်လျှံအောင် မထည့်ရန်အရေး ကြီးသည်။




**အားလုံးအတွက်လေ့ကျင့်ခန်း**

၄။ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အားလုံးကို ဟင်းသီးဟင်းရွက်များကို အအေးခံခြင်းနှင့် အအေးခံရသည့် အကြောင်းရင်းကို လေ့ကျင့်ခန်း ၁၄.၇ရှိ အောက်ပါ ဇယားတွင် ဖတ်ခိုင်းပါ။ (၁၅မိနစ်)

**လေ့ကျင့်ခန်း (၁၄.၇) မရိတ်သိမ်းမီ နှင့် ရိတ်သိမ်းချိန်လွန် GAP လုပ်ကိုင်နည်းများ**

| GAP လမ်းညွှန်များ | ဘာကြောင့်လဲ၊အကြောင်းပြချက် |
|---|---|
| ၁။ ရိတ်သိမ်းခြင်း | |
| ၁.၁။ နံနက်အေးသောအချိန်တွင်ရိတ်သိမ်းပါ။ | ထုတ်ကုန်များလတ်ဆတ်ပြီးမနွမ်းပါ။ |
| ၁.၂။ ညနေတွင်မရိတ်သိမ်းပါနှင့်။ | နေ့အပူချိန်ကြောင့်ထုတ်ကုန်များနွမ်းမည်။ |
| ၁.၃။ ထုတ်ကုန်များစိုနေပါက အရိပ်တွင် အခြောက်ခံပါ။ | အစိုဓါတ်သည် ရောဂါဖြစ်စေပြီး သင့်ထုတ်ကုန် ပျက်စီးစေမည်။ |
| ၂။ သန့်စင်ခြင်းနှင့်ရွေးချယ်ခြင်း | |
| ၂.၁။ သန့်စင်ခြင်းနှင့်ရွေးချယ်ခြင်းကို အရိပ်တွင် ပြုလုပ်ပါ။ | အပူဒဏ်မှကာကွယ်ရန်။ |
| ၂.၂။ မထုပ်ပိုးမီညီညာသောနေရာတွင် အပူထွက်ရန် ဖြန့်ထားပါ။ | အပူရှိန်သည် အစိုဓါတ်ခမ်းခြောက်ပြီး အရည်အသွေး ကို ညံ့စေသည်။ |
| ၃။ ထုပ်ပိုးခြင်း | |
| ၃.၁။ ထုတ်ကုန်များကို ကာကွယ်ရန် ငှက်ပျောရွက် (သို့မဟုတ်) သတင်းစာစက္ကူဖြင့် ခံ၍တောင်းထဲထည့်ပါ။ | ထုတ်ကုန်များသယ်ယူရာတွင် (သို့မဟုတ်)သိုလှောင် ရာတွင် ထိခိုက်ဒဏ်ရာရ၍ ရောဂါပိုးများဝင်နိုင်ပြီး အလေအလွင့် များသဖြင့် ဈေးကျသွားနိုင် သည်။ |
| ၃.၂။ တာပေါ်လင် (သို့မဟုတ်) ပလပ်စတစ်အိတ်များကို ရှောင်ရှားပါ။ ၄င်းတို့သည် လေဝင်လေထွက်မကောင်းပါ။ ကျယ်ပြီးယက်လုပ်ထားသော ထည့်စရာများသည် လေဝင် လေထွက်ကောင်းသည်။ | အပိတ်ယက်လုပ်ထားသော ထည့်စရာများသည် အပူချိန်တက်ပြီး လျင်မြန်စွာ ပျက်စီးသွားမည်။ |

| | |
|---|---|
| ၃.၃။ ထည့်စရာများ ထည့်ရာတွင် သိပ်ပြီးမထည့်ပါနှင့်။ | လေဝင်လေထွက်ညံ့ပြီး၊ အပူချိန်တက်ပြီး ထုတ်ကုန် များ ပျက်စီးကုန်မည်။ |
| ၄။ သယ်ယူပို့ဆောင်ရေး | |
| ၄.၁။ ကားတွင်အမိုး (သို့မဟုတ်) ထုတ်ကုန်များကို ဖုံးထား ပေး ရမည်။ | အရိပ်ရသည်။ |
| ၄.၂။ သယ်ယူယာဉ်များတွင် စင်များပါရှိခြင်းဖြင့် ထုတ်ကုန် များကို တစ်ခုပေါ်တစ်ခု တင်ထားနိုင်သည်။ | ထပ်ထားလျှင် ထုတ်ကုန်များပျက်စီးပြီး တန်ဖိုးကျနိုင်သည်။ |
| ၄.၃။ သယ်ယူပို့ဆောင်သူများသီးနှံကို သေချာစွာကိုင်တွယ် ရမည်။ | ပျက်စီးခြင်းနှင့်အခြားဒဏ်ရာများမရစေရန် |
| ၄.၄။ ရိတ်သိမ်းပြီး အေးသော နေ့အချိန် (သို့မဟုတ်) ညအချိန်တွင်သယ်ပါ။ | အစိုဓါတ်ဆုံးရှုံးခြင်းနှင့် သီးနှံပျက်စီးမှုနည်းစေသည်။ |
| ၄.၅။ သီးနှံများကိုအခြား ညစ်ညမ်းစေတတ်သော အရာများ နှင့်ရောမထားရ။ | |
| ၅။ သိုလှောင်ခြင်း | |
| ၅.၁။ သိုလှောင်ထားသောတောင်းပေါ်အဝတ်အစို ဖုံးပေးခြင်းဖြင့် အပူချိန်လျော့သွား သည်။ | ရေဆုံးရှုံးမှုမှကာကွယ်သည်။ |

၅။ သင်တန်းသားများ အောက်ပါပုံများကို ကြည့်ခိုင်းပြီး ဆွေးနွေးစေပါ။



နေပူထဲတွင် ထုပ်ပိုးက မကောင်းပါ



အရိပ်ထဲတွင် ထုပ်ပိုးက ကောင်းသည်



ကားပေါ်တွင် ထုတ်ကုန်များ ဖုံးမထားပါက မကောင်းပါ



အထုပ်အပိုးများကို လေဝင်လေထွက် ကောင်းအောင် ဖုံးအုပ်ထား၍ ကောင်းသည်





## အဖွဲ့ငယ်လေ့ကျင့်ခန်း

၆။ သင်တန်းသားများအား အုပ်စုငယ် ၅ ဖွဲ့ခွဲခိုင်းပါ။ တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၅.၈ရှိ အချက်များကို ဆွေးနွေးပြီး "စာရင်းပါသီးနှံများ မည်သည့်အချိန် ရိတ်သိမ်းရမည်နည်း၊" ဆိုသည့်မေးခွန်းကို ဖြေခိုင်းပါ။ အဖြေများကို ရေးချခိုင်းပါ။ တစ်ဖွဲ့လျှင် သီးနှံနှစ်မျိုးစီ ချပေးပါ။ (၅မိနစ်)

### လေ့ကျင့်ခန်း (၁၄.၈)အချိန်ကိုက်ရိတ်သိမ်းခြင်း။

| သီးနှံ | ရိတ်သိမ်းရန်အဆင်သင့်ဖြစ်လျှင် သီးနှံ၏ အခြေအနေသည် မည်သည့်ပုံစံ ဖြစ်မည်နည်း |
|---|---|
| ပဲမျိုးစုံ(ပဲတောင့်ရှည်နှင့်ပဲဖောင်းလျား၊) | |
| ငရုတ် | |
| ရုံးပတီသီး | |
| ခရမ်းချဉ်သီး | |
| ခရမ်းသီး | |
| နံနံ | |
| သခွားသီး | |
| ဘူးသီး | |
| ရွှေဖရုံသီး | |
| ဖရဲသီး | |
| ဂေါ်ဖီထုပ် | |
| ပန်းမုန်လာ | |
| ပန်းမုန်လာစိမ်း | |
| မုံညင်း | |
| ပြောင်းဖူး | |
| ရွက်စားဟင်းရွက်များ | |
| မုန်လာဥနီ | |
| အာလူး | |

| | |
|---|---|
| ကြက်သွန်နီ၊ ရွက်စားကြက်သွန်မိတ် | |
| ကြက်သွန်ဖြူ | |
| ချင်း | |
| မုန်လာဉ | |
| ဟင်းနုနယ် | |
| ခရမ်းကြွပ်သီး | |

**အားလုံးပါဝင်ဆွေးနွေးရန်**

၇။ အဖွဲ့များ မိမိတို့တွေ့ရှိချက်များကို တင်ပြပြီး မိမိတို့ ထင်မြင်ချက်များကို ကြိုတင်ပြင်ဆင်ထားသည့် စာရွက်ကြီး ပေါ်မှာရေးချပါ။ (၁၀ မိနစ်)

၈။ သင်တန်းသားများအား ၁၀ မိနစ် အချိန်ပေးပြီး ၄င်းတို့လေ့ကျင့်ခန်း စာအုပ်တွင် ကူးရေးစေပါ။ (၁၀ မိနစ်)

၉။ အောက်ပါ ဓါတ်ပုံများပေါ်ဆွေးနွေးပါ။ (၅ မိနစ်)

လမ်းညွှန်ချက်။ ဆွတ်ခူးပြီးနောက် အရည်အသွေး တက်မလာနိုင်ပါ။ ထို့ကြောင့်ထုတ်ကုန်များကို မှန်ကန်သော အချိန်တွင် ဆွတ်ခူးရမည်။



အနေတော် ရုံးပတီသီး



အရင့်လွန် ရုံးပတီသီး







၁ ၂ ၃ ၄

၁။ ဆွတ်ခူးရန် အချိန်မကျသေး။

၂။ ခရီးဝေးအတွက် ဆွတ်ခူးနိုင်

၃။ အနီးအနားဈေးကွက်အတွက် ဆွတ်ခူးနိုင်

၄။ ဒေသဈေးကွက်အတွက်သာ

**အားလုံးပါဝင်ဆွေးနွေးရန်**

၁၀။ သင်တန်းသားများအား မိမိတို့သီးနှံများ ရိတ်သိမ်းပြီး ပျက်စီးသွားသည်ကို တွေ့ကြုံဘူးသလားနှင့် ဘာကြောင့် ပျက်စီးသည်ကို သိသလားလို့မေးပါ။ မိမိတို့အဖြေများကို စာရွက်ကြီးပေါ်ရေးခိုင်းပါ။ (၂မိနစ်)

၁၁။ အောက်ပါဓါတ်ပုံများကိုပြပြီး မိမိတို့သီးနှံများကို မပျက်စီးအောင် ဆေးရည်စိမ်ခြင်း သဘောတရားကိုကိုးကားခိုင်းပါ။ (၃မိနစ်)။

သီးနှံများကို ဆေးရည်စိမ်ခြင်းဖြင့်ပုပ်ခြင်းမှ ကာကွယ်နိုင်သည်ကို အဖွဲ့အားရှင်းပြပါ။ အောက်ပါဓါတ်ပုံ များတွင် ဆေးရည်စိမ်ခြင်းဖြင့် ခြားနားသွားမှုကိုဆွေးနွေးပါ။



ချွတ်ဆေးသုံးထားသော ခရမ်းသီး (အပေါ်ပုံ)နှင့် မည်သည့်ချွတ်ဆေးမျှ သုံးမထားသော ခရမ်းသီး (အောက်ပုံ)




ထုံးမသုတ်သည့်ဂေါ်ဖီထုပ် (အပေါ်)နှင့် ထုံးသုတ်သည့် ဂေါ်ထုပ်(အောက်)

၁၂။ သီးနှံများကို ဆေးစိမ်ရန် ဆေးရည်ဖျော်စပ်ပုံကို တောင်သူလက်စွဲစာအုပ် လေ့ကျင့်ခန်း ၁၄.၉တွင် ကြည့်ခိုင်းပါ။

## လေ့ကျင့်ခန်း (၁၄.၉) မပုပ်ရန်ကာကွယ်ဆေးစိမ်ခြင်း

၁။ ချေးချွတ်ဆေး စာပွဲတင်ဇွန်း ၄ – ၈ဇွန်းကို ရေ ၄လီတာနှင့်ရောပါ။ ထိုဆေးရည်သည် ခရမ်းသီးများ ခူးဆွတ်ပြီး ပုပ်မသွားစေရန် အကူအညီပေးသည်။

၂။ မုန့်ဖုတ်ဆော်ဒါ ထမင်းစားဇွန်း ၁ဇွန်းကို ရေတစ်လီတာနှင့် ရောပါ။ ၎င်းသည်ဆွတ်ခူးပြီး ခရမ်းချဉ်သီးများ မပုပ်အောင် ထိရောက်စွာ ကာကွယ်ပေးသည်။

၃။ ထုံး၊ ထုံးမှုန့်ကိုရေဖြင့် ကော်ဖြစ်အောင်ရောပါ။ ၎င်းကိုဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီအရိုးကို သုတ်ထားခြင်း ဖြင့် ပုပ်ခြင်းမှ ထိရောက်စွာကာကွယ်သည်။

**လုပ်ဆောင်ချက် (၅) သင်ခန်းစာကိုနိဂုံးချုပ်ပါ။ (၅ မိနစ်)**

**လုပ်ဆောင်ချက် (၆) သင်ခန်းစာကိုသုံးသပ်ပါ။ (၅ မိနစ်)**

"ဤသင်ခန်းစာတွင်မည်သည့်အချက်များ ကောင်းသနည်း" မေးပါ။

"ဤသင်ခန်းစာတွင်မည်သည့်အချက်များကအားနည်းသနည်း" မေးပါ။

"သင်တန်းကိုပိုမိုကောင်းမွန်အောင် မည်သို့ ပြောင်းလဲဆောင်ရွက်သင့်သနည်း" မေးပါ။

**လုပ်ဆောင်ချက် (၇) နောက်ထပ်သင်မည့် သင်ခန်းစာ၊ အချိန်၊ နေရာနှင့် သင်တန်းကို မည်သူတက်သင့်သည်တို့ကို ဆွေးနွေးခြင်း။ (၅ မိနစ်)**

နောက်ထပ်သင်မည့်သင်ခန်းစာ၊အချိန်နှင့်နေရာတို့ကိုပြောပါ။သင်တန်းချိန်နှင့်နေရာကိုအထူးသဖြင့်အမျိုးသမီးများလာတက်ရန်အခက်အခဲမရှိသည့်အချိန်နှင့်နေရာမျိုး ဖြစ်အောင် စီစဉ်ထားသင့်သည်။ သင်တန်းမှသင်လိုက်သည်များကို အပြည့်အဝ မှန်ကန်စွာ သင်ယူရရှိနိုင်ရန်အတွက် ခင်ပွန်းဖြစ်စေ၊ ဇနီးသည်ဖြစ်စေ အမှန်တကယ် စိုက်ပျိုး လုပ်ကိုင်မည့်သူများသာ သင်တန်းသို့လာရန် ဖိတ်ပါ။ သို့မှသာ မိမိသင်ယူခဲ့သည်များကို မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေချောမွေ့စွာ အသုံးချနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သင်တန်းလာတက်သူက တခြားလက်တွေ့လုပ်ဆောင်သူကတခြား ဖြစ်နေပါက လက်တွေ့စိုက်ပျိုးလုပ်ကိုင်နေသူအနေဖြင့် အချက်အလက်အမှားများကို ရရှိ လုပ်ကိုင်နေမည်သာဖြစ်သည်။

## သင်ခန်းစာအခန်း (၁၅) သီးနှံ ဝယ်သူများဦးဆောင်သော အလုပ်ရုံ အစည်းအဝေး

အချိန် ။ ။ ၃နာရီ (သင်တန်းခန်းမအတွင်း၊ ကွင်းလုပ်ငန်းမပါ)

လိုအပ်သောပစ္စည်းများ ။ ။ ကြိုတင်ပြင်ဆင်ထားသော စာရွက်ကြီးများ၊မာကာပင်၊ တိပ် သင်တန်းတက်မှတ်တမ်းပုံစံစာရွက်။ သီးနှံစိုက်ချိန်ပြပြက္ခဒိန်။

**ရည်ရွယ်ချက်များ**

- ဖိတ်ကြားထားသောဝယ်သူများကမည်သည့်သီးနှံများကို မည့်သည့်အချိန်တွင် ဝယ်ယူလိုသည်ကိုသိရှိရန်။
- ဝယ်သူများအားစာချုပ် (သို့မဟုတ်) ကြိုတင်ငွေပေးခြင်းကို အားပေးရန်။
- ဝယ်သူများမှ တောင်သူများအား အကြံဉာဏ်များပေးမှုကို အားပေးရန်။
- ဈေးကွက်နှင့်သင့်တော်သောမျိုးစေ့များကို ညွှန်းပေးဖိုကို ဝယ်သူများအား အားပေးရန်။
- ဝယ်သူများ ဦးဆောင်သော အလုပ်ရုံအစည်းအဝေးလုပ်ငန်းစဉ် အဆင့်ဆင့်

**လုပ်ဆောင်ချက် (၁) အလုပ်ရုံအစည်းအဝေးမတိုင်မီ ဦးစွာပြုလုပ်ထားရမည် အကြိုလုပ်ငန်းများ။**

၁။ လက်တွဲလုပ်ကိုင်ကြမည့် ကုန်ပစ္စည်း ဝယ်ယူသူများကို စီစစ်ရွေးချယ်ပါ။ ။ဝယ်ယူသူများတွင်ကျေးရွာများအတွင်းဟင်းသီးဟင်းရွက်လိုက်ကောက်သူ၊လက်ကားရောင်းချသူ၊ ဈေးအတွင်း ပြန်လည်ရောင်းချသူ စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ လက်ကားရောင်းချသူများသည် ဟင်းသီးဟင်းရွက်ပေါင်းများစွာကို ဝယ်ယူပြီး လက်လီပြန်လည်ရောင်းချသူပေါင်း များစွာထံသို့ နေ့စဉ်ပြန်လည်ရောင်းချနေသူများ ဖြစ်သောကြောင့် ယေဘုယျဈေးကွက် အခြေအနေကို ကောင်းစွာသဘောပေါက်သည်။ လက်ကားရောင်းချသူများသည်တောင်သူများထံမှသီးနှံများကိုဝယ်ယူရာတွင်ဒေသတွင်းပေါက်ဈေးထက်ဈေးနှုန်းကိုနှိမ့်ပြီးဝယ်ယူသောကြောင့်၎င်းတို့ကိုတောင်သူများကသဘောမကျခြင်းမျိုးလည်း ရှိပေသည်။ ထို့ကြောင့် ဒေသတွင်းဈေးများတွင် ပြန်လည်ရောင်းချမည့် သူ၂ဦးကို ၎င်းတို့ဝယ်လိုသော သီးနှံ၊ ဝယ်လိုသော အချိန်ကာလ စသည်တို့ကိုတောင်သူများထံပြောပြပေးရန်ကြိုးစားဖိတ်ပါ။၎င်းတို့မလာနိုင်မှသာလက်ကားဝယ်သူများကိုဖိတ်ခေါ်ပါ။မည်သူကိုဖိတ်သင့်သည်ကိုတောင်သူများကသာရွေးချယ်သင့်သည်။ဝယ်သူများလာရောက်ဆွေးနွေးရမည့်အချိန်များကိုမတူအောင်စီစဉ်ထားပါ။ဆိုလိုသည်မှာပထမတစ်ဦးအတွက်နာရီဝက်စီစဉ်ထားပြီးဒုတိယတစ်ဦးအတွက်နောက်ထပ် နာရီဝက်စာအချိန်ကို ကြိုတင်စီစဉ်ထားခြင်းဖြင့် တစ်ချိန်တည်း နှစ်ယောက်ပြိုင်တူ ရောက်မလာအောင်စီစဉ်ပါ။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သီးနှံဝယ်သူများအနေဖြင့် တစ်ဦးရှေ့တွင် တစ်ဦးက ယှဉ်ပြိုင်နေခြင်းမျိုး မဖြစ်တော့ဘဲ တောင်သူများအတွက် ပိုမိုလွတ်လပ်စွာ ပြောဆိုဆွေးနွေးပေးနိုင်မည်ဖြစ်သည်

၂။ ဝယ်ယူသူများကို စီမံကိန်းလယ်သမားများနှင့် မည်သို့ဆက်သွယ်ရမည်ကို ဆွေးနွေးပါ။ - နှစ်ဦး နှစ်ဘက် အတွက် အကျိုးရှိစေရန်စီစဉ်ပါ။ - အကျိုးတူစိုက်ပျိုးခြင်း၊ ကြိုတင်ငွေပေးခြင်း၊ပြုလွယ်ပြင်လွယ်ဖြစ်စေရန်နှုတ်ကတိထားရှိခြင်းတို့အပြင်မည်သည့်စာချုပ်မှမပြုလုပ်ဘဲတောင်သူများမည်သူ့ထံတွင်ရောင်းချနိုင်ကြောင်းလမ်းညွှန်ပေးခြင်းဖြင့်လည်း ဆောင်ရွက်နိုင်သည်။

၃။ ဝယ်ယူသူများအားအဖွဲ့လိုက်ရောင်းချရန်အဆင်ပြေ၊မပြေမေးပါ။အဆင်ပြေပါက CCBG (ကျေးရွာအစုအဖွဲ့စိတ်တူကိုယ်တူတောင်သူများ) နှင့်ဆောင်ရွက်ရန်၊တစ်ဖွဲ့လုံး၏သဘောထားကိုမေးပါ။အဆင်ပြေပါကတောင်သူအစုအဖွဲ့များပိုမိုကျယ်ပြန့်စွာပါဝင်အောင်ဆောင်ရွက်ပါ။CCBGမရှိပါက FFSတောင်သူများစုပေါင်းပြီးလုပ်ဆောင်ပါ။ ဝယ်သူများကို တစ်ဖွဲ့လုံးထံမှ စုပြီးဝယ်ယူရန် အားပေးခြင်းသည် တစ်ကြိမ်တည်းတွင် သီးနှံပမာဏများများ ဝယ်ယူနိုင်သည့်အတွက် ဈေးပိုရခြင်းမျိုးရှိနိုင်သည်။ ဥပမာ – RWCPတောင်သူများနှင့် 999 company ကြား contract farming စနစ်ဖြင့် ဆောင်ရွက်သော အရည်အသွေးမြင့် မြေပဲမျိုးစေ့ထုတ်လုပ်ငန်းတွင် တောင်သူများသည် သာမန်ထက်ဈေး ၂ဆပိုရရှိခဲ့သည်။ ထို့အပြင် ငရုတ်တောင်သူများစုဖွဲ့ကာ ရောင်းချသဖြင့် အလယ်အလတ်နှင့် တည်ငြိမ်သောဈေးနှုန်းကို ရရှိခဲ့ကြသည်။

၄။ သီးနှံထုတ်ကုန် ဝယ်ယူသူများဖိတ်ခေါ်ပြီး အောက်ပါမေးခွန်းများ၏ အဖြေကို ဗီနိုင်း (သို့မဟုတ်) စက္ကူကာဒ်ပြား ပေါ်ရေးချရန်ပြောပါ။

**လုပ်ဆောင်ချက် (၂) အလုပ်ရုံ အစည်းအဝေးတွင်ဆွေးနွေးရန်မေးခွန်းများ**

၁။ တက်ရောက်သောတောင်သူများအား ဝယ်သူများ ဦးဆောင်သောအလုပ်ရုံ အစည်းအဝေးပွဲ၏ ရည်ရွယ်ချက်များကို ပြောပါ။ ရခိုင်ဆောင်းသီးနှံ စီမံကိန်း (RWCP) လုပ်ဆောင်နေသည့် လုပ်ငန်းများထဲမှ စီမံကိန်းကဏ္ဍကြီး – ၄ တွင်ပါသည့်အရေးကြီးသော လုပ်ငန်းတစ်ခုမှာ လယ်သမားနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်ဖြန့်ချိရေး ကွင်းဆက်တွင် ပါဝင်သူများကို ချိတ်ဆက်ပေးခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်သည်ကို သင်တန်းသားများအား ပြောပြပါ။ ဤနည်းအားဖြင့် စီမံကိန်းပြီးသည့် နောက်ပိုင်းအထိ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ ဤအလုပ်ရုံဆွေးနွေးပွဲသည် တောင်သူများနှင့်

သီးနှံဝယ်ယူသည့် ကိုယ်စားလှယ်များအား စနစ်တကျ (သို့) အလွတ်သဘော ချိတ်ဆက်ပေးပြီး တောင်သူများ ၎င်းတို့၏ သီးနှံများကို မည်သည့်နေရာတွင် ရောင်းချနိုင်ကြောင်း လမ်းညွှန်ပေးနိုင်သည့်အပြင် နောင်နှစ်များတွင်လည်း မည်သည့်ဈေးကွက်ဝင် သီးနှံများကို စိုက်သင့်ကြောင်းကို အကြံဉာဏ်များပေးနိုင်ကြောင်း ပြောပြပါ။

၂။ လေ့ကျင့်ခန်း၁၅.၁တွင်ပါသော မေးခွန်း၏ အဖြေများကို FFS လယ်သမားအုပ်စုနှင့် ဆွေးနွေးရန် ဝယ်သူများကိုပြောပါ။ (ပြင်ပမှတောင်သူများလည်း ပါကောင်းပါနိုင်သည်။) အရောင်းအဝယ် သဘောတူညီချက် ပြုလုပ်ရာတွင် တောင်သူများများပါလေ၊ နှစ်ဘက်စလုံးအတွက် ကောင်းလေဖြစ်သည်။

၃။ ဝယ်သူများအား၎င်းတို့၏အဖြေများရေးသားထားသော စာရွက်များကို လယ်သမားများထံတွင် ထားခဲ့ရန်ပြောပါ။ သို့မှသာ လယ်သမားများ နောက်ပိုင်းတွင် လေ့လာနိုင်ပြီး ဝယ်သူများထံသို့ အလွတ်သဘော သို့မဟုတ် တရားဝင် သဘောတူစာချုပ်ပြုလုပ်ရန် ထပ်မံဆက်သွယ်နိုင်မည်ဖြစ်သည်။

## လေ့ကျင့်ခန်း (၁၅.၁) ရောင်းဝယ်ချင်းဆိုင်ရာ သဘောတူညီချက်တွင် ထည့်သွင်းစဉ်းစားသင့်သောအချက်များ

၁။ ဘာသီးနှံ ဝယ်ချင်တာလဲ။ ဝယ်ချင်တဲ့သီးနှံအကြောင်းရှင်းပြပါ။

၂။ သီးနှံဘယ်လောက်ဝယ်နိုင်မလဲ၊ ဥပမာလယ်သမားတစ်ဦးမှ၅တင်း သို့မဟုတ် တအုပ်စုလုံးမှတင်း၁၀၀။

၃။ သူတို့သည်ဘယ်အချိန်ကာလတွင်သီးနှံများကိုဝယ်ယူလိုသလဲ၊

၄။ ဘယ်လိုအရည်အသွေး စံချိန်နဲ့ ဝယ်လိုသလဲ၊ လိုအပ်သော အရည်အသွေးများက ဘာလဲ၊ ဥပမာ – အရွယ် အစား၊ အရောင်၊ အစိုဓါတ်ပါဝင်မှုနှင့်အဆင့်သတ်မှတ်ချက်။

၅။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (ဂျီအေပီ) GAP အဆင့်ထုတ်ကုန်အတွက် ဘယ်လို(ဂျီအေပီ) GAP စိုက်ပျိုးနည်းကိုသုံးရမလဲ၊ ထုတ်ကုန်ကို ဘယ်လိုထုတ် လုပ် ထားသလဲ၊ (ဥပမာ – (၁) စားသုံးသူအတွက် အန္တရာယ်ကင်းမှု ပိုးသတ်ဆေးသုံးပြီး စောင့်ရမည့်ကာလကုန်လွန်ပြီးမှရောင်းချခြင်း၊ (၂)ဓာတုဆေး လျှော့သုံး ပြီး သဘာဝဆေးပိုသုံးခြင်း (၃)အစိုးရထောက်ခံထားသော ဆေးသာအသုံးပြုခြင်း (၄) ပတ်ဝန်းကျင်အန္တရာယ်ကင်းမှု (၅) လယ်သမားနှင့်အလုပ်သမားများ အန္တရာယ်ကင်းရှင်းမှု (၆) အရည်အသွေးကောင်းသော မျိုးကောင်း မျိုးသန့်သာသုံးခြင်း (၇) တာရှည်ခံရန်အတွက် စနစ်တကျဆွတ်ခူးခြင်း၊ သိုလှောင်ခြင်းနှင့် စနစ်တကျ သယ်ယူပို့ဆောင်ခြင်း)။ အစိုးရမှ သတ်မှတ်ထားသော GAP ဆိုင်ရာလိုအပ်ချက်များကိုလည်း တောင်သူ့လက်စွဲစာအုပ်ရှိ လေ့ကျင့်ခန်း ၁.၃တွင် ဖော်ပြထားကြောင်းကိုလည်း ပြောပါ။

၆။ သီးနှံများကိုဘယ်အချိန်ပို့ရမလဲ၊ဘယ်လိုပို့ရမလဲ။ ဥပမာ – နေရာအတိအကျ၊ အချိန်၊ သယ်ယူပို့ဆောင်နည်း ထုပ်ပိုးခြင်း၊ သယ်ယူခကိုမည်သူပေးမည်နည်း။ ပျက်စီးလွယ်သောသီးနှံများသည် အထူးထုပ်ပိုးမှုပုံစံ လိုအပ်ခြင်း၊ ရင့်မှည့်မှု၊ သိုလှောင်မှုနှင့်သယ်ယူခြင်းအတွက် လိုအပ်ချက်များရှိနိုင်သည်။

၇။ ဘယ်အခြေအနေမှာ ဘယ်ဈေးပေးမလဲ (ဥပမာ – ဈေးနှုန်းသည် အရေအတွက်နှင့် အရေအသွေးပေါ် မူတည်ပြီး အပြောင်းအလဲရှိသည်)။ တောင်သူတစ်ဦးခြင်းဈေးနှုန်းကရော ဘယ်လောက်လဲ၊ ဈေးကောင်းရဖို့ အဖွဲ့လိုက် ပမာဏများများ ရောင်းရင်ကော ဈေးက ဘယ်လောက်လဲ။

၈။ ငွေပေးချေမည့် နည်းလမ်းတွေကကော ဘယ်လိုလဲ။ ဘယ်အချိန်မှာ ဘယ်လိုပေးချေမလဲ။ ဥပမာ – ပစ္စည်းရောက်ငွေချေစနစ်၊ ပစ္စည်းရောက်ပြီး ရက်အနည်းငယ် (သို့) လအနည်းငယ်ကြာမှ ငွေချေခြင်း၊ ချက်လက်မှတ်ဖြင့် ငွေချေခြင်း စသည်။

၉။ ဝယ်သူမှနည်းပညာအကူအညီပေးနိုင်မလား၊ ဥပမာလက်ကမ်းစာစောင်ဝေမှာလား၊ သို့မဟုတ် ကိုယ်တိုင် လာပြီး အရည်အသွေးကိုအကြံပေးမှာလား။

၁၀။ အခြားမက်လုံးများ – ဝယ်သူသို့မဟုတ်ရောင်းသူမှပေးနိုင်သောအပိုအခွင့်အရေးများ၊ ဥပမာ – အရေအတွက် ၁၀၀၀၀ ရောင်းပေးလျှင် မော်တော်ဆိုင်ကယ်ပေးမလား၊ မိမိမှသွင်းအားစုဖိုးငွေကြိုပေးပေးမည် စသည်။ ထို့အပြင် မော်တော် ဆိုင်ကယ်အခမဲ့ပေးခြင်း သို့မဟုတ် အခြားရောင်းအားမြှင့်တင်နည်းများ၊ (၎င်းမှာအများအားဖြင့် အုပ်စုလိုက် ဝယ်ယူခြင်း တွင်သာ အကျုံးဝင်သည်။)

၁၁။ အကယ်၍ရောင်းသူနှင့် ဝယ်သူအငြင်းပွားလျှင် ၎င်းပြဿနာများကို ဘယ်လိုဖြေရှင်းမလဲ၊

၁၂။ သီးနှံများကို ဘယ်လိုအာမခံထားမလဲ၊ ဥပမာ – မီး၊ ရေကြီးခြင်း၊ ရေပြတ်ခြင်း၊ သယ်ယူစဉ်ပျက်စီးခြင်း၊ မည်သူက တာဝန်ယူမလဲ၊လျော်ပေးမလဲ၊စသည်၊

၁၃။ တစ်ဖက်ဖက်မှသဘောတူညီချက်ကို ဖောက်ဖျက်လျှင် အပြစ်ပေးခြင်း ဒဏ်ရိုက်ခြင်းရှိ၊မရှိ။

**လုပ်ဆောင်ချက် (၃) ဆွေးနွေးပွဲကို အကျဉ်းချုပ်ခြင်း။**

၁။ ကွင်းအရာရှိသည် ဝယ်သူများ၏ အမည်နှင့် ဆက်သွယ်ရမည့်လိပ်စာတို့ကို စာရွက်ကြီးပေါ်တွင် ရေးထားသင့်သည်။ တောင်သူများ၎င်းတို့၏ တောင်သူလက်စွဲစာအုပ်တွင် ကူးယူထားနိုင်ရန် ဖြစ်သည်။

၂။ အစည်းအဝေးကို တက်ရောက်လာခြင်းနှင့် ၎င်းတို့၏ တင်ပြချက်များအတွက် ကျေးဇူးတင်ကြောင်း ဝယ်သူများအားပြောပါ။

၃။ လယ်သမားများကိုလည်း အစည်းအဝေးသို့ တက်ရောက်လာခြင်းနှင့် ၎င်းတို့တင်ပြခဲ့သော ဈေးကွက်ဆိုင်ရာရွေးချယ်မှုများအတွက် ကျေးဇူးတင်ကြောင်းပြောပါ။

၄။ ဝယ်ယူသူများနှင့်လယ်သမားများအားရောင်းဝယ်ရေးဆိုင်ရာသဘောတူညီချက်ကိုအလွတ်သဘောဆွေးနွေးရန်ဖိတ်ပါ။အစည်းအဝေးပြီးချိန် (သို့) အခြားအချိန်များတွင်လည်း ဝယ်သူများနှင့် ဆက်သွယ်ခြင်း၊ တွေ့ဆုံခြင်းများ ပြုလုပ်နိုင်ကြောင်း ပြောပါ။

၅။ လယ်သမားများကို ဒီနေ့ဘာတွေ လေ့လာသင်ယူခဲ့ရသလဲဆိုတာ မေးပါ။ ၎င်းအချက်အလက်များကို မိသားစုနှင့် ဆွေးနွေးခိုင်းပါ။ ထို့နောက် ၎င်းတို့၏ သီးနှံများကို ရောင်းချရာတွင် မည်သို့သော အစီအစဉ်နှင့်ရောင်းချမည်ဆိုသည့် (ဗျူဟာ) ဆုံးဖြတ်ခိုင်းပါ။

**မှတ်ချက်**

၁။ သီးနှံတစ်မျိုးတည်းကို တပြိုင်တည်းစိုက်ပါက လိုအပ်သည်ထက် ပိုလျှံပြီး ဈေးနှုန်းကျဆင်းနိုင်ကြောင်း တောင်သူများကို အသိပေးပါ။ သီးနှံဈေးကျသည့် အခက်အခဲကို ဖြေရှင်းရန်မှာ သီးနှံအမျိုးအစားကို များများစိုက်ရန်သာဖြစ်ကြောင်းနှင့် လက်တွေ့တွင် ဈေးနှုန်းတက်ပြီး ဝယ်လိုအားများကာ သီးနှံအထွက်ပါးသည့် ကာလများတွင်သာ စိုက်ရန် အကြံပေးပါ။

၂။ သီးနှံဝယ်သူများကို အခြားဒေသမှ ဝယ်သူများနှင့် အချိတ်အဆက်ရှိသလားမေးပါ။ သို့မှသာ မိမိဒေသအတွင်း သီးနှံဈေးနှုန်းများ ကျဆင်းလာပါက ဈေးပိုကောင်းနိုင်မည့် အခြားဒေသများသို့ ရောင်းချနိုင်မည်ဖြစ်သည်။

**လုပ်ဆောင်ချက် (၄) သင်ခန်းစာကို အကဲဖြတ်သုံးသပ်ခြင်း။ (၅ မိနစ်)**

- ယခုဆွေးနွေးပွဲတွင် ကောင်းတဲ့အချက်တွေက ဘာတွေလဲမေးပါ။
- မကောင်းတဲ့ (အဆင်မပြေတဲ့ အချက်တွေကရော) ဘာတွေလဲ မေးပါ။
- ဆွေးနွေးပွဲကို ဒီထက်ပိုကောင်းအောင် ဘယ်လိုလုပ်သင့်သလဲမေးပါ။

**လုပ်ဆောင်ချက် (၅) နောက်ထပ်သင်မည့် သင်ခန်းစာ၊ အချိန်၊ နေရာနှင့် သင်တန်းကို မည်သူတက်သင့်သည်တို့ကို ဆွေးနွေးခြင်း။ (၅မိနစ်)**

**အားလုံးပူးပေါင်းပါဝင်လုပ်ဆောင်ရန်**

၁။ နောက်ထပ်သင်မည့် သင်ခန်းစာ၊ အချိန်နှင့် နေရာတို့ကို ပြောပါ။ သင်တန်းချိန်နှင့် နေရာကို အထူးသဖြင့် အမျိုးသမီးများ လာတက်ရန်အခက်အခဲမရှိသည့် အချိန်နှင့် နေရာမျိုးဖြစ်အောင် စီစဉ်ထားသင့်သည်။ သင်တန်းမှသင်လိုက်သည်များကို အပြည့်အဝ မှန်ကန်စွာ သင်ယူရရှိနိုင်ရန်အတွက် ခင်ပွန်းဖြစ်စေ၊ ဇနီးသည်ဖြစ်စေ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မည့်သူများသာ သင်တန်းသို့လာရန် ဖိတ်ပါ။ သို့မှသာ မိမိသင်ယူခဲ့သည်များကို မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေချောမွေ့စွာ အသုံးချနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သင်တန်းလာတက်သူက တခြား၊ လက်တွေ့လုပ်ဆောင်သူကတခြား ဖြစ်နေပါက လက်တွေ့စိုက်ပျိုးလုပ်ကိုင်နေသူအနေဖြင့် အချက်အလက်အမှားများကို ရရှိလုပ်ကိုင်နေမည်သာဖြစ်သည်။

## သင်ခန်းစာအခန်း (၁၆) လယ်သမားကွင်းသင်တန်း၏ရလဒ်များကို အကဲဖြတ်သုံးသပ်ခြင်း

အချိန် ။ ။ ၃ နာရီ (စာသင်ခန်းတွင်း)

ရည်ရွယ်ချက်များ

၁။ သင်တန်းမှ ရလဒ်များကိုတိုင်းတာရန် (တောင်သူများမျှော်မှန်းထားသောရလဒ်များ ရ၊မရ တိုင်းတာရန်)။

၂။ စီမံကိန်း၏ မျှော်မှန်းချက်များ ရ၊မရ တိုင်းတာရန်၊

၃။ စီမံကိန်း၏ အနာဂတ် လုပ်ငန်းအစီအစဉ်များကို သိရှိစေရန်နှင့် လက်ရှိပါဝင်လုပ်ကိုင်နေသောရွာများ

အနာဂတ်ကာလတွင် မည်သို့ဆက်လက်ပါဝင်နိုင်မည်ကို အသိပေးရန်။

၄။ လာမည့် မိုးရာသီနှင့် ဆောင်းရာသီတွင် ပြုလုပ်မည့် တောင်သူများ၏ အစီအစဉ်များကို သိရှိရန်။

သင်တန်းအတွက် လိုအပ်သောပစ္စည်းများ – စာရွက်ကြီးများ၊ မာကာပင်၊ တောင်သူမျှော်မှန်းချက်များရရှိမှုပြ ပုံစံ (၇.၁) စာရွက်၊ စီမံကိန်းမျှော်မှန်းရလဒ်များပြ ပုံစံ (၇.၂) စာရွက်။

### လုပ်ဆောင်ချက် ၁။ မိတ်ဆက်ခြင်း။ (၁၅ မိနစ်)

အားလုံးပူးပေါင်းပါဝင်ရန်

၁။ တက်ရောက်လာသူများကို ကြိုဆိုပါ။

၂။ သင်တန်းချိန် ၈၀% တက်ရောက်နိုင်ခဲ့သူများ သင်တန်းပြီးဆုံးကြောင်း သင်တန်းဆင်းလက်မှတ် ရရှိသည့်အတွက် ဂုဏ်ယူကြောင်းပြောပါ။

၃။ လယ်သမားကွင်းသင်တန်းလျှောက် သင်တန်းသားရွေးချယ်ခြင်း၊ သင်တန်းပေးခြင်း၊ အခြားလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေ့လာရေးခရီးများ သွားရောက်ခြင်း၊ စိုက်ကွင်းပြပွဲများကျင်းပခြင်းအစရှိသောသင်တန်းလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံကိုရှင်းပြပါ။သွင်းအားစုများဖြန့်ဝေပေးခြင်းအပြင်သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ခြင်းများကိုလည်း ဆက်လက်ရှင်းပြပါ။

၄။ တောင်သူများအနေဖြင့် သင်တန်းနှင့် ဆက်စပ်လုပ်ငန်းများမှ ၎င်းတို့မျှော်မှန်းချက်များ ရရှိခဲ့ပါက သင်ယူလိုကြောင်းပြောပါ။ ထို့အပြင် သင်တန်းဆရာများအနေဖြင့်လည်း အနာဂတ်ကာလတွင် မိမိတို့၏သက်ဆိုင်ရာ လုပ်ငန်းများတွင် ပိုမိုကောင်းမွန်စွာ လုပ်ကိုင်နိုင်ရန်အတွက် အကြံဉာဏ်ကောင်းများကိုလည်း တောင်သူများထံမှ ရရှိလိုကြောင်းကိုလည်း ပြောပါ။

### လုပ်ဆောင်ချက် (၂) လယ်သမားကွင်းသင်တန်းမှ ရလဒ်များကို တောင်သူများကိုယ်တိုင် အကဲဖြတ်ခြင်း (၄၀မိနစ်)

တစ်ဦးချင်းလုပ်ဆောင်ရန်

၁။ တောင်သူများကို ၎င်းတို့၏ တောင်သူလက်စွဲစာအုပ်မှ လေ့ကျင့်ခန်း ၁.၁ကိုကြည့်ခိုင်းပါ။ (တောင်သူမျှော်မှန်းချက်များ ရရှိမှု အမှတ်ပေးဇယားကို အောက်တွင်ပြထားသည်)။ သင်တန်းအစပိုင်း သင်ခန်းစာအခန်း ၁တွင် တောင်သူလက်စွဲစာအုပ်တွင် ၎င်းတို့ကိုယ်တိုင် ရေးထားခဲ့သော မျှော်မှန်းချက်များကို ကြည့်ခိုင်းပြီး ၎င်းမျှော်မှန်းချက်များကို တောင်သူမျှော်မှန်းချက်များ ရရှိမှု အမှတ်ပေးဇယားတွင် ဖြည့်ခိုင်းပါ။ မိမိတို့၏ မျှော်မှန်းချက် တစ်ခုချင်းစီ၏ ရရှိမှုကို တောင်သူမျှော်မှန်းချက်များ ရရှိမှု အမှတ်ပေးဇယားတွင် ၁မှ ၁၀ အထိဂဏန်းများအား ဝိုင်းပေးခြင်းဖြင့် အမှတ်ပေးစေပါ။ မိမိတို့၏ မျှော်မှန်းချက်များရရှိမှုမှာ အလွန်နည်းပါက ၁နှင့်၂ကိုလည်းကောင်း၊ မျှော်မှန်းချက်များ ရရှိမှုမှာ အလယ်အလတ်ဖြစ်ပါက ၄နှင့်၆ကိုလည်းကောင်း၊ မျှော်မှန်းချက်များ ကောင်းစွာရရှိပါက ၉နှင့် ၁၀ ကိုလည်းကောင်း ဝိုင်းပြီး အမှတ်ပေးခိုင်းပါ။ သင်တန်းသားများ ကောင်းစွာနားလည်စေရန်နှင့် မိမိတို့၏ မျှော်မှန်းချက်များ မည်မျှ ရရှိသည်ကို မှန်ကန်စွာ အကဲဖြတ်နိုင်စေရန်အတွက် သင်တန်းဆရာများအနေဖြင့် သင်တန်းခန်းမအတွင်း လှည့်လည်သွားလာကာ ကူညီပေးပါ။ (၁၀မိနစ်)

၂။ သင်တန်းသားတစ်ဦးချင်းစီ၏ အချက်အလက်များကို မှတ်တမ်းတင်ရေးသွင်းခဲ့စဉ်က ဖြည့်သွင်းခဲ့သော စီမံကိန်းမတိုင်မီ ဝင်ငွေကို ကြည့်ခိုင်းပါ။ (နမူနာဇယားကို အောက်တွင်ပြထားသည်)။ ပြီးခဲ့သည့် စိုက်ရာသီက ရရှိခဲ့သည့် "စီမံကိန်းဝင် ပြီးနောက်ဝင်ငွေ" ကိုလည်း ထိုဇယား၏အောက်ခြေတွင်ပင် ၎င်းတို့၏မှတ်တမ်းစာအုပ်မှ တိုက်ရိုက်ကူးယူပြီးဖြည့်ခိုင်းပါ။ ပြီးလျှင် အောက်ပါမေးခွန်းများကို မေးပါ။

၁။ GAPနည်းစနစ်အတိုင်းစိုက်ပျိုးတာနဲ့ စီမံကိန်းမတိုင်မီက စိုက်ပျိုးတာကို နှိုင်းယှဉ်ကြည့်ရင် ဝင်ငွေရလဒ်က ဘယ်လိုရှိသလဲ။။ (ရှုံးသလား၊ မြတ်သလား၊)

၂။ မိမိမျှော်မှန်းထားသလိုကော ဖြစ်ရဲ့လား။။

၃။ ဖြစ်ရင်လဲ ဘာကြောင့်ဖြစ်တယ်၊ မဖြစ်ရင်လဲ ဘာကြောင့်မဖြစ်တာလဲ စသည်ဖြင့်မေးပါ။ (၂၀မိနစ်)

၄။ အချုပ်အနေဖြင့် တောင်သူ တစ်ဦး နှစ်ဦးခန့်ကို မိမိတို့၏ မျှော်မှန်းချက်များ ရ၊မရ ထပ်မေးပါ။

ရလျှင်ဘာကြောင့်ရသည်၊ မရလျှင် ဘာကြောင့်မရသည်ကိုလည်း အားလုံးပါဝင်ဆွေးနွေးစေပါ။.

၄။ လိုအပ်မှသာပြုလုပ်ရန်

၄.၁။ စီမံကိန်းအနေဖြင့်တောင်သူမျှော်မှန်းချက်များရရှိမှုအမှတ်ပေးဇယားကိုသိမ်းဆည်းထားချင်ပါကတောင်သူမျှော်မှန်းချက်ရရှိမှုဇယားပုံစံစာရွက်နှင့်ဝင်ငွေပုံစံစာရွက်ကို ပေးပါ။ (အောက်တွင်ပေးထားသော ပုံစံစာရွက်ကို ကြည့်ပါ။)

၄.၂။ ဖြည့်သွင်းထားပြီးဖြစ်သော မျှော်မှန်းချက်များနှင့် ဝင်ငွေကို ယခုပေးလိုက်သည့် ပုံစံတူစာရွက်တွင် ကူးရေးခိုင်းပါ။ အားလုံးပြီးပါက ပုံစာရွက်များကို လိုက်လံသိမ်းဆည်းပါ။

## လုပ်ဆောင်ချက် (၃) လယ်သမားကွင်းသင်တန်း လုပ်ငန်းစဉ်များကို ချိုင်ငုံသုံးသပ်ခြင်း

## အဖွဲ့ငယ်များဖြင့် လုပ်ဆောင်ရန်

၁။ သင်တန်းသားများကို အဖွဲ့ငယ်များဖွဲ့ခိုင်းပြီး အောက်ပါမေးခွန်းများကို ဖြေခိုင်းပါ။

(က) သင်တန်းမှာသင်လိုက်တဲ့ထဲမှာ ဘယ်အကြောင်းအရာက အရေးအကြီးဆုံးလဲ။ ဘာကြောင့်လဲ။

(ခ) သင်တန်းကနေ ထွက်ခွာသွားရလောက်အောင် အဆင်မပြေတဲ့ အကြောင်းအရာတွေက ဘာတွေလဲ။ ဘာကြောင့်လဲ။

(ဂ) သင်တန်းကို ပိုမိုကောင်းမွန်အောင် ဘယ်လိုပြောင်းလဲမှုတွေလုပ်ဖို့ အကြံပေးချင်သလဲ။

၂။ ၎င်းတို့၏ အကြံပြုချက်များကို အဖွဲ့ငယ်ခေါင်းဆောင်များအား သင်တန်းရှေ့တွင်ထွက်ခိုင်းပြီး တင်ပြစေပါ။

သင်တန်းဆရာသည် ၎င်းအကြံပြုချက်များကို နောင်လာမည့်သင်တန်းများ ပိုမိုကောင်းမွန်ရေးအတွက် သင်ခန်းစာအနေဖြင့် ပြန်လည်အသုံးပြုရန်အတွက် မှတ်တမ်းအနေဖြင့် သိမ်းထားသင့်သည်။

## လုပ်ဆောင်ချက် (၄) စီမံကိန်းမှ သတ်မှတ်ထားသော အညွှန်းကိန်းများ ရရှိမှု (၃၀ မိနစ်)

## တစ်ဦးချင်းလုပ်ဆောင်ရန်

လယ်သမားသင်တန်းပြုလုပ်ခြင်းဖြင့် စီမံကိန်းမှသတ်မှတ်ထားသောအညွှန်းကိန်းများရရှိမှုမည်မျှရှိသည်ကိုအလှူရှင်နိုင်ငံမှဝန်ထမ်းများအားတိုင်းတာခိုင်းထားကြောင်း သင်တန်းသားများကို ရှင်းပြပါ။

နောင်ဆက်တွဲပုံစံ ၃(စီမံကိန်းမှ သတ်မှတ်ထားသော အညွှန်းကိန်းများ ရရှိမှု ပုံစံ) စာရွက်ကိုပေးပါ။ အညွှန်းကိန်း တစ်ခုချင်းစီကို အားလုံး နားလည်အောင် ရှင်းပြပါ။ အညွှန်းကိန်းတစ်ခုချင်းစီတွင် မည်မျှရရှိသည်ကို (နည်း၊ တူ၊ များ စသည်ဖြင့်) ဝိုင်းပြီး အမှတ်ပေး ဖြည့်သွင်းခိုင်းပါ။ သင်တန်းသားများ ကောင်းစွာအမှတ်ပေး ဖြည့်သွင်းနိုင်ရန်အတွက် ဘေးမှ လှည့်လည်ကြည့်ရှုပြီး အကူအညီပေးပါ။

မှတ်ချက် - ဖြစ်နိုင်လျှင် သင်တန်းသားများအား အညွှန်းကိန်းတစ်ခုချင်းစီတွင် မည်မျှရရှိသည်ကို အသေးစိတ်မှတ်ခိုင်းပြီး ရှင်းပြခိုင်းပါ။ ဥပမာ - (အထွက်နှုန်းသည် ၄၅တင်းမှ ၆၅တင်းအထိတိုးလာသည်၊ အစားအစာလုံလောက်မှု တိုးတက်လာသည်(သို့)ကျဆင်းလာသည် စသည်ဖြင့်) အသေးစိတ် ရေးမှတ်ခိုင်းပြီး အဘယ့်ကြောင့် တိုးရသည် ဆိုသည်ကိုပါ ရေးမှတ်ခိုင်းပါ။

လိုအပ်သလို သင်တန်းအတွင်း လှည့်လည်ပြီး အကူအညီပေးပါ။

**လုပ်ဆောင်ချက် (၅) စီမံကိန်း၏ အနာဂတ်လုပ်ငန်းအစီအစဉ်များကို ရှင်းပြခြင်း။ (လိုအပ်မှသာ ရှင်းပြရန်) (၁၅ မိနစ်)**

**အားလုံးပါဝင်လုပ်ဆောင်ရန်**

စီမံကိန်း၏ အနာဂတ်လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်သည့် အဓိကအချက်များကို စာရွက်ကြီးပေါ်တွင် ရေးချပါ။ ယင်းအစီအစဉ်များတွင် သင်တန်းသားများအနေဖြင့် မည်သို့ပါဝင်နိုင်သည်ကိုရှင်းပြပါ။ (ဤသို့ပြုလုပ်ခြင်းအားဖြင့် လက်ရှိအချိန်တွင် စီမံကိန်းကိန်းမထွက်ခွာသေးကြောင်း ပြသနိုင်သည့်အပြင် တောင်သူများကိုလည်း စီမံကိန်း၏ အနာဂတ်လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ကြောင်း ဖိတ်ခေါ်ပြီးသား ဖြစ်သွားမည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းများနှင့် သက်ဆိုင်ရာ အစိုးရဌာနများမှ စီမံကိန်း၏ အနာဂတ် လုပ်ငန်းများတွင် မည်သို့ဆက်လက်လုပ်ဆောင်သွားမည်ကို ရှင်းပြပြီးသား ဖြစ်စေမည်ဖြစ်သည်။)

**လုပ်ဆောင်ချက် (၆) လက်ရှိသင်တန်းသားများရဲ့အနာဂတ်လုပ်ငန်း အစီအစဉ်တွေက ဘာတွေလဲ။ (၃၀ မိနစ်)**

**အားလုံးပါဝင်လုပ်ဆောင်ရန်**

တောင်သူ့လက်စွဲစာအုပ် လေ့ကျင့်ခန်း (x)ရှိ သီးနှံစိုက်ပျိုးချိန်ပြဇယားကို ကိုးကားခိုင်းပါ။ လာမည့်ရာသီများတွင် စိုက်မည့်သီးနှံများကို ဝိုင်းခိုင်းပါ။

**လုပ်ဆောင်ချက် (၇) သင်တန်းကို အနှစ်ချုပ်ခြင်းနှင့် အမေးအဖြေ။ (၁၅ မိနစ်)**

၁။ သင်တန်းကို အနှစ်ချုပ်ပါ။

၂။ သင်တန်းသားတောင်သူများကို နောက်ထပ်ဘာမေးချင်သေးလဲမေးပါ။ ဖြေနိုင်ပါက ဖြေပေးပါ။

၃။ သင်တန်းကို လာတက်သည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။ အဆင်ပြေပါက သင်တန်းဆင်းလက်မှတ်များကို ပေးပါ။

အနာဂတ်လုပ်ငန်းစဉ်များ အဆင်ပြေရေး ဆန္ဒပြုလျက် သင်တန်းကို အပြီးသတ်လိုက်ပါ။

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

နောက်ဆက်တွဲ (၁)။ တောင်သူမျှော်မှန်းချက်များ ရရှိမှု အမှတ်ပေးဇယား

| ဦးဆောင်လယ်သမား၏ လယ်သမားကွင်းသင်တန်းကျောင်းမှ ရရှိလိမ့်မည်ဟု ထားရှိခဲ့သော မျှော်မှန်းချက်များ | မျှော်မှန်းချက်များ၏ ပြည့်ဝမှုအဆင့် | | |
|---|---|---|---|
| ၁ ------------------------------------------ | ကွင်းဝိုင်းပါ<br>၁း၂း၃<br>နည်း | ကွင်းဝိုင်းပါ<br>၄၊၅၊၆၊၇<br>သင့် | ကွင်းဝိုင်းပါ<br>၈၊၉၊၁၀<br>များ |
| ၂ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၃ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၄ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၅ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၆ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၇ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၈ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၉ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |
| ၁၀ ------------------------------------------ | ၁း၂း၃<br>နည်း | ၄၊၅၊၆၊၇<br>သင့် | ၈၊၉၊၁၀<br>များ |

နောက်ဆက်တွဲ (၂) စီမံကိန်းမတိုင်မီဝင်ငွေနှင့် စီမံကိန်းဝင်ပြီးနောက်ဝင်ငွေနှိုင်းယှဉ်ချက်

| စီမံကိန်းသို့ မဝင်မီ စိုက်ပျိုးခဲ့သော သီးနှံများ | အကျယ်အဝန်း | အထွက်နှုန်း (စား၊ လှူ၊ ရောင်းနှင့် တွင်းတွင်းကျန် သီးနှံအားလုံး ပေါင်းရန်) | ယူနစ် | ပျှမ်းမျှဈေးနှုန်း | ခန့်မှန်းဝင်ငွေ | အသုံးစရိတ် | ပြင်ပလုပ်သား ငှားရမ်းမှု ကုန်ကျစရိတ် | အသားတင် ဝင်ငွေ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| ပြီးခဲ့သည့် စိုက်ရာသီ အတွင်း စီမံကိန်းဝင်ပြီး စိုက်ပျိုးခဲ့သော သီးနှံများ | အကျယ်အဝန်း | အထွက်နှုန်း (စား၊ လှူ၊ ရောင်းနှင့် တွင်းတွင်းကျန် သီးနှံအားလုံး ပေါင်းရန်) | ယူနစ် | ပျှမ်းမျှဈေးနှုန်း | ခန့်မှန်းဝင်ငွေ | အသုံးစရိတ် | ပြင်ပလုပ်သား ငှားရမ်းမှု ကုန်ကျစရိတ် | အသားတင် ဝင်ငွေ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

နောက်တက်တွဲ (၃) စီမံကိန်းမှ သတ်မှတ်ထားသော အညွှန်းကိန်းများ ရရှိမှု ပုံစံ

| အညွှန်းကိန်းများ | ပြောင်းလဲလာမှု (ဝိုင်းပါ (သို့) အမှန်ခြစ်ပါ) | | | ဖြစ်နိုင်လျှင် ဘယ်လောက်ထိ ပြောင်းလဲလာသလဲဆိုတာကို တိတိကျကျ ဖော်ပြပါ။ (သို့) မိမိပေးထားသော အဖြေနှင့် ပတ်သက်ပြီး ဘာကြောင့် ဒီလိုပေးရသလဲ ဆိုတာကို ရှင်းပြပါ။ (ဥပမာ – အထွက်နှုန်းများမှာ ၄၅ တင်းမှ ၆၅ တင်းအထိ တိုးတက်ရရှိသည်/အစားအစာ လုံလောက်မှု ၂လအတွင်း တိုးတက်လာသည်/ ဘာကြောင့် တိုးတက်လာသည် စသည်) |
|---|---|---|---|---|
| ကုန်ကျစရိတ်များ နှုတ်ပြီး အသားတင်ဝင်ငွေ | နည်း | သင့် | များ | |
| အစားအစာ လုံလောက်သည့်လများ | | | | |

| | | | | |
|---|---|---|---|---|
| သီးနံ့စိုက်ပျိုးထုတ်လုပ်မှု ပမာဏ | | | | |
| စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်သားလိုအပ်မှု | | | | |
| စိုက်ဧရိယာ ပြောင်းလဲလာမှု | | | | |
| သီးနံ့ရောင်းချရမှု ပမာဏ | | | | |
| သီးနံ့အထွက်နှုန်း | | | | |
| ကျင့်သုံးနေသည့် စိုက်ပျိုးရေး နည်းစနစ်ပေါင်းအရေအတွက် | | | | |
| ပုဂ္ဂလိကပိုင်းမျ သွင်းအားစု ရောင်းချမှု၊ နည်းပညာပေးဝေမှု စသည့် ဝန်ဆောင်မှုများ ပေးနေမှု | | | | |
| သက်ဆိုင်ရာ အစိုးရဌာနမှ ဝန်ဆောင်မှုများ ပေးနေမှု အခြေအနေ | | | | |

နောက်ဆက်တွဲ (၄) လာမည့်ရာသီအတွက် စိုက်ပျိုးချိန်ပြဇယား

| သီးနံ့ | လများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် |
| | သီ | တန် | နတ် | ပြာ | ပို့ | ပေါင်း | ခူး | ဆုန် | ယုန် | ဝါ | ခေါင် | တော် |
| အုပ်စု - ၁ | | | | | | | | | | | | |
| ၁။ တိုင်တောင်ပဲ | | | | | | | | | | | | |
| ၂။ ရုံးပတီ | | | | | | | | | | | | |
| ၃။ ကြက်သွန်နီ | | | | | | | | | | | | |
| ၄။ မုန်လာဥနီ | | | | | | | | | | | | |
| အုပ်စု - ၂ | | | | | | | | | | | | |
| ၅။ ငရုတ် | | | | | | | | | | | | |
| ၆။ ခရမ်းချဉ် | | | | | | | | | | | | |
| ၇။ ခရမ်းသီး | | | | | | | | | | | | |
| ၈။ ခရမ်းကြွပ်သီး | | | | | | | | | | | | |
| ၉။ နံ့နံ့ပင် | | | | | | | | | | | | |
| အုပ်စု - ၃ | | | | | | | | | | | | |
| ၁၀။ ဂေါ်ဖီထုပ် | | | | | | | | | | | | |
| ၁၁။ ပန်းဂေါ်ဖီ | | | | | | | | | | | | |
| ၁၂။ ပန်းဂေါ်ဖီစိမ်း | | | | | | | | | | | | |
| ၁၃။ မုန်လာဥဖြူ | | | | | | | | | | | | |
| ၁၄။ ကန်စွန်း | | | | | | | | | | | | |
| ၁၅။ ပြောင်းဖူး | | | | | | | | | | | | |
| ၁၆။ မုန်ညင်း | | | | | | | | | | | | |
| အုပ်စု - ၄ | | | | | | | | | | | | |
| ၁၇။ ဘူးသီး | | | | | | | | | | | | |
| ၁၈။ ဖုံလုံ (ပဲလင်းမြွေ) | | | | | | | | | | | | |
| ၁၉။ ခဝဲ | | | | | | | | | | | | |
| ၂၀။ ကြက်ဟင်းခါး | | | | | | | | | | | | |
| ၂၁။ သခွား | | | | | | | | | | | | |
| ၂၂။ ဖရဲ | | | | | | | | | | | | |
| ၂၃။ ဖရုံ | | | | | | | | | | | | |
| ကွင်းသီးနံ့ | | | | | | | | | | | | |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၄။ ပြောင်းဖူး | | | | | | | | | | | | |
| ၂၅။ ငရုတ် | | | | | | | | | | | | |
| ၂၆။ မြေပဲ | | | | | | | | | | | | |
| ၂၇။ ဖရဲ | | | | | | | | | | | | |
| ၂၈။ ကြက်သွန်နီ | | | | | | | | | | | | |

မှတ်ချက်။ စိုက်ပျိုးရန်ကောင်းသောကာလ

စိုက်ပျိုးရန်ခက်ခဲသောကာလ



RAKHINE WINTER
CROPS PROJECT

NEW ZEALAND
FOREIGN AFFAIRS & TRADE
Aid Programme